The Commerce Journal

http://www.commercejournal.com.mm

စီးပွားရေးသတင်းဂျာနယ်

စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ

VOL . 15, NO . 46 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | November 30 , 2015




# ပြည်သူတွေကို တစ်ဖက်လှည့်နဲ့ ခြိမ်းခြောက်လာနေပြီဖြစ်တဲ့ အွန်လိုင်းပေါ်က အန္တရာယ်များ

မယ်သီတာ ၁၇

## ရောဝတီတိုင်းဒေသကြီးတစ်တိုင်းလုံးတွင် ညှော့မထမိုးစပါးသစ်များ ထွက်ပြီ ၄

## ပြည်ကြက်သွန်နီဈေးကွက်တွင် အသစ်ဝင်ရောက်မှုရှိလို့ ဈေးကျ ၇



ဖက်စပ်လုပ်ငန်းများ၏ **အရေးပါမှု** ၁၂


PYI PHYO TUN INTERNATIONAL COMPANY LIMITED.
PYI PHYO TUN INTERNATIONAL CO.LTD.
1000 Tons Cold Storage
No.15,11st Street,Lanmadaw Township,Yangon,Myanmar.
Tel-951-1-2300460,951-2300480 E-mail:manageppt@yangon.net.mm
Fax:951-1-2300475,2300481


C.P. Medicine စီ ပီ ဆေး ဝါး များ
选择 CP 药是您成功之路
အောင် မြင် မှု များ ရရှိ ဖို့ စီ ပီ ဆေး ကို သုံး ကြ စို့
Available on every dealer shop,medicine shop and CP branches, စီပီလက်ကားဆိုင်တိုင်းတွင်ရရှိနိုင်ပါသည်
HEAD OFFICE
Pyinmabin Factory,
Mingalardon Township, Yangon
Ph : 095121606,095162536,095133968
OFFICE (Mandalay)
Pa/25 No.902,78xTheik Pan street,
Near Mokeoo,Chanayetharzan Tsp,
Ph : 092052533, 092166146
OFFICE (Taunggyi)
West Myo Pat Street,
Yadanathiri Quarter,Taunggyi
Ph : 081 22759, 092029044
BRANCHES
Taungoo, Pyinmana,Pyay, Pathein,
Mawlamyine, Pyinoolwin, kyaukmae,
Lashio, Meiktila, Monywa, Myitkyina,Bamaw


စန္ဒာမင်း
သွင်းကုန်ထုတ်ကုန်
ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့။
ဖုန်း ၊ ၀၁–၃၇၉၅၈၈



# Training Programme on Intellectual Property Rights & WTO Trade Remedies သင်တန်းဖွင့်ပွဲကျင်းပ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ Centre for WTO Studies & India နဲ့ EU Trade Development Programme for Myanmar တို့ ပူးပေါင်းဖွင့်လှစ်တဲ့ Training Programme on Intellectual Property Rights & WTO Trade Remedies သင်တန်းဖွင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၃ရက် နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ ကမ်းနားလမ်းရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးရုံး ပဉ္စမထပ် ညီလာခံခန်းမမှာ ကျင်းပခဲ့ပါတယ်။

သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်း၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး HE Mr.Gautam Mukhopadhaya နဲ့ Centre for WTO Studies India မှ Professor Mr. Mukesh Bhatnagar နှင့် သင်တန်းသား/သူများ တက်ရောက်ခဲ့ကြပါတယ်။

မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘက်ပေါင်းစုံပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်နေပြီး အပြည်ပြည်ဆိုင်ရာနဲ့ ဒေသဆိုင်ရာ အသိုင်းအဝိုင်းမှာ ပိုမိုတက်ကြွစွာ ပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကုန်သွယ်မှုဆိုင်ရာ မူဝါဒသစ်များချမှတ်၍ အပြည်ပြည်ဆိုင်ရာကုန်သွယ်မှု ချဲ့ထွင်မြှင့်တင်ရေးအတွက် အလေးပေးဆောင်ရွက်နေပြီး စီးပွားရေးပြုပြင်ပြောင်းလဲရေး လုပ်ငန်းများဖြစ်တဲ့ ဗဟိုချုပ်ကိုင်မှုများ ဖြေလျှော့ခြင်း၊ ပြန်လည်ပြင်ဆင်ဖွဲ့စည်းခြင်းနဲ့ ပုဂ္ဂလိကပိုင်ပြုလုပ်ခြင်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ စီးပွားရေးကို ပိုမိုဖွင့်လှစ်ပေးလိုက်ခြင်းကြောင့် မိမိတို့အနေနဲ့ ကုန်သွယ်မှုနဲ့ ဆက်စပ်တဲ့ဥပဒေများကို ပြန်လည်ပြင်ဆင်ရေးဆွဲလျက်ရှိကြောင်း IP Law နဲ့ Safeguard Law များလည်း ရေးဆွဲနေကြောင်း၊ ဒါ့ကြောင့် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုဥပဒေ၊ စည်းမျဉ်းစည်းကမ်းနဲ့ အလေ့အကျင့်များကို ပိုမိုသိရှိရန်လိုအပ်လာကြောင်း၊ အထူးသဖြင့် အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ဆိုင်ရာများ၊ ကုန်သွယ်မှု အကာအကွယ်ပေးခြင်းနဲ့ ကုစားမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်း စည်းကမ်းများသည်လည်း WTO မှ ချမှတ်ထားသော စည်းမျဉ်းများနဲ့ ကိုက်ညီရန်လိုအပ်ကြောင်း၊ သင်တန်းမှာ TRIPS နဲ့ Trade Remedies ဆိုင်ရာ ဘာသာရပ်များကို သင်ကြားပို့ချပေးသွားမှာဖြစ်တဲ့အတွက် သင်တန်းသားများအနေနဲ့ ပိုမိုသိရှိနိုင်မယ့် အခွင့်အလမ်းကောင်းများကိုရယူပြီး သင်တန်းမှ ရရှိတဲ့အတွေ့အကြုံ ဗဟုသုတများကို မိမိတို့ဌာနများမှာ ပြန်လည်ဆင့်ပွားမျှဝေပေးကြဖို့ လိုအပ်ပါကြောင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရန်မှာ လူ့စွမ်းအားအရင်းအမြစ် တိုးတက်ရေးဟာ အရေးပါတဲ့အတွက် လိုအပ်ချိန်မှာ အချိန်ကိုက် သင်ကြားပို့ချပေးခြင်းဖြစ်ကြောင်း၊ ကျွမ်းကျင်သူပညာရှင်များကလည်း ၎င်းတို့ရဲ့ အတွေ့အကြုံ ဗဟုသုတများကို ဝေမျှပေးကြမှာဖြစ်ကြောင်း ပြောကြားပါတယ်။

အဆိုပါသင်တန်းမှာ TRIPS နဲ့ Trade Remedies ဆိုင်ရာ ဘာသာရပ်များဖြစ်တဲ့ Introduction to TRIPS Agreement, Protection of IP under TRIPs Agreement, Access to Affordable Medicine & TRIPS India's Experience on Geographical Indication , Linkages between IP Protection and Development, Overview of Trade Remedies, Introduction to Anti-dumping Agreement, Introduction to Agreement on Safeguards, Institutional Mechanisms for Implementing Trade Remedies ဘာသာရပ်များကို သင်တန်းမှာ ပို့ချပေးသွားမယ်လို့ သတင်းရရှိပါတယ်။ သင်တန်းသို့ ဆက်စပ်ဌာနများမှ သင်တန်းသား ၄၀ ဦး တက်ရောက်ခဲ့ကြပါတယ်။

MIRT

# ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနရဲ့ ၁၆ ကြိမ်မြောက် ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲကျင်းပ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန (ရန်ကုန်တိုင်းဒေသကြီး)၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်နှင့် ဇနီး၊ ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်းနဲ့ ဇနီးတို့အား အမှူးထား၍ (၁၆) ကြိမ်မြောက် ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း၊ မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း၊ ဝါးတန်းကုန်စည်ဒိုင်၊ ဘုရင့်နောင်ကုန်စည်ဒိုင်တို့နဲ့ပူးပေါင်းကာ နိုဝင်ဘာလ ၂၁ ရက်နေ့က ရန်ကုန်တိုင်းဒေသကြီး သယ်န်းကျွန်းမြို့နယ်၊ စစ်ကိုင်းစာသင်တိုက်တွင် ကျင်းပခဲ့ရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးတိုးအောင်မြင့်နဲ့ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံး



သူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှမော်ဦးတို့တက်ရောက်ပြီး ဆရာတော်အရှင်သူမြတ်များအား ကထိန်လျာသင်္ကန်းများ ဆက်ကပ်လှူဒါန်းခဲ့ကြပါတယ်။

ကထိန်လျာ ဥတ်သင်္ကန်းကို ညွှန်ကြားရေးမှူးချုပ်နှင့် ဇနီးကလည်းကောင်း၊ အမြဲတမ်းအတွင်းဝန်နဲ့ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များ၊ အရာထမ်း၊ အမှုထမ်းများနဲ့ ဝန်ထမ်းမိသားစုများက သံဃာတော်များအား ကထိန်သင်္ကန်းများ ဆည်းကပ်လှူဒါန်းခဲ့ကြပါတယ်။

ဆက်လက်၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေပြီးနောက် ဆရာတော်အရှင်သူမြတ်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြပါတယ်။ (၁၆) ကြိမ်မြောက် စုပေါင်းဘုံကထိန် ဆက်ကပ်လှူဒါန်းမှုအစုစုရဲ့ တန်ဖိုးမှာ ကျပ် ၅၅၉၀၀၀၀ ကျော်ဖြစ်ပြီး ဆရာဒကာကျောင်းအဖြစ်စတင် ဆည်းကပ်စဉ် ၁၉၉၈ ခုနှစ်မှ ယနေ့ထိ လှူဒါန်းမှုအစုစုရဲ့ စုစုပေါင်းတန်ဖိုးမှာ ကျပ် ၁၆၁၄ ဒသမ ၈၀၃ သိန်းရှိပြီးဖြစ်ကြောင်း သိရပါတယ်။

ကထိန်သင်္ကန်းကပ်လှူပွဲ အခမ်းအနားသို့ ဖိတ်ကြားထားသော ဧည့်သည်တော်များနဲ့ အရာထမ်းအမှုထမ်းမိသားစု ၁၀၀ ခန့် တက်ရောက်ခဲ့ကြပါတယ်။

MIRT

Commerce
JOURNAL

**အတိုင်ပင်ခံစာတည်း**
ဒေါက်တာမောင်အောင်
အောင်စိုး(MPM)၊ သန်းအောင်ကျော်
ကျော်စိုးလင်း
မြတ်ထွန်းကျော်
ဝင်းမြင့်

**စာတည်းမှူးချုပ်**
ဉာဏ်တင်

**တာဝန်ခံစာတည်း**
ခင်သီတာအေး

**အုပ်ချုပ်ရေးမှူး**
ဒေါ်မြင့်မြင့်ထွန်း

**စာတည်းအဖွဲ့**
မောင်ရွှေ၊ ကြည်ကြည်ချယ်ရီမောင်၊ နီလာသိန်း၊
ခင်မောင်မောင်အုန်း၊ ချိုသက်မူ၊ သန်းအေး

**လက်ထောက်စာတည်း**
ချောစုမာ၊ နင်းပန်းဖြူ
ယဉ်ယဉ်အေး၊ ခင်ခင်သော်

**သတင်းထောက်များ**
ခင်မြင့်မြင့်သန်း(မန္တလေး)၊
ထွန်းလှိုင်(မုံရွာ)၊ ရီလင်းထွဋ်(မုံရွာ)၊ မင်းမင်းဦး(ပုသိမ်)
စိုးဦး(ကျုံပျော်)၊ မင်းဇော်မွန်(ဖျာပုံ)၊ မြင့်ဦး(ပခုက္ကူ)
ခင်ဆွေဝင်း(ပြည်)၊ ဝေဝေမင်း(ပြည်)၊ ဆုမွန်ဆွေ(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)
စိုးအောင်(မန္တလေး)၊ မောင်မောင်အေး(လှိုင်ကော်)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်

**ကြော်ငြာတာဝန်ခံ**
မြင့်ဇင်ညွန့်(ဖုန်း-၀၉-၇၃၀၅၃၅၃၁)

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်၃၈၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း - ၂၅၂၀၁၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
တင်တင်အေး၊ ခင်မြတ်မွန်၊
အုန်းခင်

**ကွန်ပျူတာ**
မြင့်မြင့်ကြည်၊ အေးအေးနွဲ့၊ တင်နီလာကျော်
သီရိဝင်း၊ မြတ်ဆုလှိုင်၊ သင်းသီရိအောင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

Rice Market News
Vol: 15, No.46 Monday November 30 2015

# ဆန်သစ်ကို စားသုံးသူလက်ခံလာလို့ အရောင်းအဝယ်သွက်ပြီး ဆန်ဟောင်းဈေးအေးလာ

နိုဝင်ဘာ ၂၇ ရက် ဆန်စပါးကုန်စည်ဒိုင် (ဝါးတန်း)ရဲ့ လက်ကားဆန်ဈေးနှုန်းများအရ ဖျာပုံပေါ်ဆန်း၊ ဆန်ဟောင်းဈေး ထိပ်စ တစ်အိတ် ၃၈၅၀၀ ကျပ်၊ လတ်စ တစ်အိတ် ၃၆၀၀၀ ကျပ်ဖြစ်လို့ ယခင်တစ်ပတ်ထက် တစ်အိတ်ကို ကျပ် ၁၅၀၀ ခန့်ဈေးကျလာပြီး မြောင်းမြ၊ ပုသိမ်၊ ပေါ်ဆန်းဆန်ဟောင်းဈေး ထိပ်စ တစ်အိတ် ၄၁၀၀၀ ကျပ်၊ လတ်စ တစ်အိတ် ၃၉၀၀၀ ကျပ်ဖြစ်လို့ ယခင်တစ်ပတ်ထက် တစ်အိတ်ကျပ် ၁၀၀၀ ခန့် ဈေးကျလာပြီး နယ်စုံပေါ်ဆန်း ဆန်ဟောင်းဈေးကတော့ ထိပ်စတစ်အိတ် ၃၆၀၀၀ ကျပ်၊ လတ်စ တစ်အိတ် ၃၄၅၀၀ ကျပ်ဖြစ်လို့ ယခင်ပတ်ထက် တစ်အိတ်ကို ၅၀၀ ကျပ်ခန့်ဈေးကျလာတာ တွေ့ရပါတယ်။

မြောင်းမြ/ပုသိမ်ပေါ်ဆန်း ဆန်အသစ်ဈေးက ထိပ်စ တစ်အိတ် ၂၇၅၀၀ ကျပ်၊ လတ်စ တစ်အိတ် ၂၇၀၀၀ ကျပ်၊ နယ်စုံပေါ်ဆန်းဆန် အသစ်ဈေး ထိပ်စ တစ်အိတ် ၂၆၅၀၀ ကျပ်၊ လတ်စ တစ်အိတ် ၂၅၅၀၀ ကျပ်ဖြစ်ပါတယ်။ ဆန်သစ်များပေါ်ချိန် စားသုံးသူများလက်ခံသုံးစွဲမှု အားကောင်းပြီး၊ အဟောင်းစားသူ လျော့နည်းလာခြင်း၊ အချို့မြို့နယ်များတွင် ဆန်ဟောင်းလက်ကျန်များနေခြင်းတို့ကြောင့် ဆန်ဟောင်းဈေးကျဆင်း ရခြင်းဖြစ်ကြောင်း ကုန်စည်ဒိုင် ဆန်ဈေးကွက်မှ စုံစမ်းသိရှိရပါတယ်။

ဆန်ကြမ်းဖြစ်တဲ့ ဧည့်မထ ဆန်သစ်ဈေး တစ်အိတ် ၂၀၅၀၀ ကျပ်မှ ၂၁၅၀၀ ကျပ်ဖြစ်လို့ ယခင်တစ်ပတ်ထက် တစ်အိတ် ၅၀၀ ကျပ်ခန့် အနည်းငယ်ဈေးတက်လာကာ ကုန်စည်ဒိုင်သို့ အဝင်နည်းပါးကြောင်း၊ ဝယ်လိုအားနည်းပြီး အရောင်းအဝယ်လည်း အနည်းငယ်အေးကြောင်း ကုန်စည်ဒိုင်ဈေးကွက်မှ သိရပါတယ်။

ဒီတစ်ပတ် မူဆယ်ဆန်ဈေးကွက်ရဲ့ နိုဝင်ဘာလ ၂၇ ရက်နေ့ ဈေးနှုန်းများအရ ဧည့်မထ ၅ မှတ် မော်ဘီတစ်အိတ် ၁၃၈-၁၃၉ ယွမ်နဲ့ ၅ မှတ် မနောသုခတစ်အိတ် ၁၃၁-၁၃၂ ယွမ်၊ ဧည့်မထ ၁၀ မှတ် မော်ဘီတစ်အိတ် ၁၃၅-၁၃၇ ယွမ်နဲ့ ၁၀ မှတ် မနောသုခ တစ်အိတ် ၁၂၉-၁၃၀ ယွမ်၊ ဧည့်မထ ၁၅ မှတ် မော်ဘီတစ်အိတ် ၁၃၂-၁၃၄ ယွမ်နဲ့ ၁၅ မှတ် မနောသုခ တစ်အိတ် ၁၂၇-၁၂၈ ယွမ်၊ ဧည့်မထ ၂၅ မှတ် မနောသုခ တစ်အိတ် ၁၂၄-၁၂၆ ယွမ်၊ ငစိန် ၅ မှတ် တစ်အိတ် ၁၃၃-၁၃၆ ယွမ်၊ ငစိန် ၁၅ မှတ် တစ်အိတ် ၁၃၁-၁၃၂ ယွမ်၊ ငစိန် ၂၅ မှတ် တစ်အိတ် ၁၂၇-၁၃၀ ယွမ် အသီးသီးဖြစ်ခဲ့ကြပြီး ယခင်တစ်ပတ်ထက် ဧည့်မထဆန်မှာ ၁ ယွမ်မှ ၃ ယွမ်ခန့် ဈေးကျဆင်းနေပြီး၊ ငစိန်ဆန်မှာတော့ ၁ ယွမ်မှ ၃ ယွမ်ခန့်ထိ ဈေးတက်လာတာ တွေ့ရပါတယ်။

နိုဝင်ဘာလ ၂၇ ရက် ငွေလဲနှုန်းမှာ တစ်ယွမ်ကို ၂၀၂ ဒသမ ၄၃ ကျပ်ဖြစ်လို့ ယခင်တစ်ပတ်ထက် ၁ ဒသမ ၂၂ ကျပ်ခန့် ဈေးတက်လာခဲ့ကြောင်း၊ တရုတ်ယွမ်ငွေတန်ဖိုးမြင့်တက်နေခြင်းကြောင့် မိမိတို့ကုန်သည်များ ဆန်ဈေးအချို့ ကျဆင်းနေပေမယ့် အခက်အခဲများစွာမရှိဘဲ အဆင်ပြေစွာနဲ့ အရောင်းအဝယ်ကောင်းလျက် ရှိတယ်လို့ မူဆယ်ဆန်ဈေးကွက်မှ စုံစမ်းသိရှိရပါတယ်။

ဈေးကွက်သို့ဝင်နေတဲ့အထဲမှ သုံးပုံ နှစ်ပုံကျော်လောက်က ဆန်သစ်များဖြစ်တယ်လို့ သိရပါတယ်။ ပြည်တွင်းနယ်စုံမှ မူဆယ်သို့ နေ့စဉ်ဆန်တန်ချိန် ၃၀၀၀ ကျော်၊ ၄၀၀၀ ကျော်ခန့် ဝင်ရောက်နေပြီး ယခုတစ်ပတ်အတွင်း မူဆယ်သို့ စုစုပေါင်း တန်ချိန် ၂၀၀၃၃ ခန့် ဝင်ရောက်ခဲ့လို့ ယခင်တစ်ပတ်ထက် ဆန်တန်ချိန် ၇၀၇ တန်ခန့် လျော့နည်းပြီး ဝင်ရောက်ခဲ့တယ်လို့ သိရပါတယ်။

မြန်မာ့ဆန် ပြည်ပတင်ပို့မှုမှာ ယခုဘဏ္ဍာနှစ်၊ ဧပြီလ ၁ ရက်မှ နိုဝင်ဘာလ ၂၀ ရက်ထိ တန်ချိန် ၆၁၉၁၁၂ ကျော်၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၂၂၇ သန်းကျော်ဖိုးရှိနေပြီး၊ ယခင်ဘဏ္ဍာနှစ် ကာလတူထက် တန်ချိန် ၁၄၄၄၁၄ ကျော်၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၆၀ သန်းကျော်ဖိုး လျော့နည်းလျက်ရှိပြီး၊ ဆန်ကွဲပြည်ပတင်ပို့မှုမှာ တန်ချိန် ၂၅၃၃၁၈ ကျော်၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၇၈ သန်းကျော်ဖိုးရှိနေပြီး၊ ယခင်ဘဏ္ဍာနှစ် ကာလတူ ထက် တန်ချိန် ၉၀၃၃၈ ကျော်၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၂၇ သန်းကျော်ဖိုး တင်ပို့နိုင်မှုပမာဏနှင့် တန်ဖိုးလျော့နည်းလျက်ရှိကြောင်း သိရပါတယ်။

**MIRT-YGN**

## အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၂၅-၁၁-၂၀၁၅ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀% | ၃၇၇ | ၃၈၀ | △ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၃၆၅ | ၃၆၉ | △ | ၃၇၀ | ၃၇၀ | □ | ၃၄၅ | ၃၄၅ | □ | ၃၁၅ | ၃၂၀ | △ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၂၅% | ၃၅၆ | ၃၆၁ | △ | ၃၅၅ | ၃၅၅ | □ | ၃၂၅ | ၃၂၅ | □ | ၂၉၀ | ၂၉၅ | △ |
| ပေါင်းဆန် | ၃၅၀ | ၃၅၀ | □ | - | - | - | ၃၄၀ | ၃၄၀ | □ | ၄၀၅ | ၄၀၅ | □ |

*Source: oryza.com*

## အမေရိကနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၂၅-၁၁-၂၀၁၅ ဒေါ်လာ/တန်

| | ယူအက်စ် | | | ဥရုဂွေး | | | အာဂျင်တီးနား | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၄%-၇% | ၄၉၀ | ၄၈၅ | ▽ | ၅၃၅ | ၅၃၅ | □ | ၅၃၀ | ၅၃၀ | □ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | ၅၀၀ | ၅၁၅ | △ | - | - | - | - | - | - |

*Source: oryza.com*

## ပြည်တွင်းမြို့ကြီးများ၏ (၂၇-၁၁-၂၀၁၅) ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၄၉၀၀ | □ | ၂၄၀၀၀ | □ | ၇၇၂၈ | □ | ၃၅၀၀၀ | □ |
| ပုသိမ် | ၅၄၂၈ | □ | ၂၅၅၀၀ | △ | ၈၃၂၃ | □ | ၃၈၀၀၀ | □ |
| ပဲခူး | ၅၂၀၀ | □ | ၂၄၀၀၀ | □ | ၈၁၀၀ | □ | ၃၅၀၀၀ | □ |
| ရွှေဘို | ၅၇၀၀ | △ | ၂၃၅၀၀ | □ | ၁၃၅၀၀ | □ | ၄၅၀၀၀ | □ |
| စစ်တွေ | ၅၅၀၀ | ▽ | ၂၃၀၀၀ | ▽ | ၈၇၅၀ | □ | ၃၇၀၀၀ | □ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၆၀၀၀ | □ | ၂၈၀၀၀ | □ | - | - | ၄၆၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၅၃၀၀ | □ | ၂၄၀၀၀ | □ | - | - | ၃၅၀၀၀ | □ |
| မန္တလေး | ၅၅၀၀ | □ | ၂၆၅၀၀ | □ | - | - | ၃၅၀၀၀ | □ |
| မကွေး | ၇၈၀၀ | □ | ၂၈၀၀၀ | △ | - | - | ၄၃၀၀၀ | △ |
| မော်လမြိုင် | ၅၅၀၀ | □ | ၂၃၀၀၀ | □ | ၈၄၀၀ | □ | ၃၅၀၀၀ | □ |
| လွိုင်ကော် | ၇၆၆၀ | □ | ၃၄၀၀၀ | △ | - | - | ၅၂၅၀၀ | □ |
| မြိတ် | ၅၃၀၀ | □ | ၂၆၀၀၀ | □ | - | - | ၄၂၀၀၀ | □ |
| ဘားအံ | ၅၇၀၀ | □ | ၂၅၀၀၀ | □ | - | - | ၃၈၀၀၀ | □ |
| တောင်ကြီး | - | - | ၂၅၅၀၀ | ▽ | - | - | ၅၀၀၀၀ | □ |

မှတ်ချက်။ ။ ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊လွိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စုံအမျိုးအစားဖြစ်ပါသည်။ စပါးသစ်လတ်စ ဆန်သစ်ဈေးများ ဖြစ်ပါသည်။

# ဧရာဝတီတိုင်းဒေသကြီးတစ်တိုင်းလုံးတွင် ဧည့်မထမိုးစပါးသစ်များ ထွက်ပြီ

ဧရာဝတီတိုင်း ဒေသကြီးအတွင်း ရှိမြို့နယ်များတွင် စိုက်ပျိုးထားရှိသော ဧည့်မထမိုးစပါးသစ်များ ဈေးကွက်သို့ ဝင်ရောက်လျက်ရှိကြောင်း သိရပါတယ်။ ဧည့်မထမိုးစပါးသစ်များ ထွက်ရှိချိန် တစ်တိုင်းလုံးအနေဖြင့် ၄၆ ပေါင် ဧည့်မထစပါး တင်း ၁၀၀ ကို ပုသိမ် ၅၃၄၀၀၀ ကျပ်၊ ကန်ကြီးထောင့်၄၈၃၀၀၀ ကျပ်၊ပုတော ၅၀၆၀၀၀ ကျပ်၊ ကျုံပျော် ၅၂၄၀၀၀ ကျပ်၊ ရေကြည် ၅၀၆၀၀၀ ကျပ်၊ ကျောင်းကုန်း ၅၂၄၀၀၀ ကျပ်၊ ဟသ်ာတ ၄၉၀၀၀၀ ကျပ်၊ ဇလွန် ၄၈၅၀၀၀ ကျပ်၊ လေးမျက်နှာ ၄၇၀၀၀၀ ကျပ်၊မြန်အောင် ၄၅၀၀၀၀ကျပ်၊ ကြံခင်း ၄၇၀၀၀၀ ကျပ်၊ အင်္ဂပူ ၄၈၀၀၀၀ ကျပ်၊ မြောင်းမြ ၅၇၀၀၀၀ ကျပ်၊ အိမ်မဲ ၅၄၁၀၀၀ ကျပ်၊ ဝါးခယ်မ ၅၃၄၀၀၀ ကျပ်၊ လပွတ္တာ ၅၃၀၀၀၀ ကျပ်၊ မော်ကျွန်း ၅၃၄၀၀၀ ကျပ်၊ မအူပင် ၄၉၇၀၀၀ ကျပ်၊ ပန်းတနော် ၄၉၀၀၀၀ ကျပ်၊ ညောင်တုန်း ၄၉၇၀၀၀ ကျပ်၊ ဓနုဖြူ ၄၈၈၀၀၀ ကျပ်၊ ဖျာပုံ ၅၃၄၀၀၀ ကျပ်၊ ဘိုကလေး ၅၃၄၀၀၀ ကျပ်၊ ကျိုက်လတ် ၅၂၄၀၀၀ ကျပ်၊ ဒေးဒရဲ ၅၃၄၀၀၀ ကျပ်ဈေးဖြင့် ယခင်နှစ်ထက် ဈေးနှုန်းပို၍ရရှိပြီး ဈေးကွက်တွင် အရောင်းအဝယ် သွက် လျက်ရှိကြောင်း သိရပါတယ်။

စပါးထွက်ရှိရာ မြို့နယ်အလိုက် အရည်အသွေး ဈေးကွက်ပေါ် မူတည်၍ ဈေးနှုန်း အနည်းငယ်ကွာခြားမှုရှိပြီး ဆန်စပါး အရောင်းအဝယ်သွက်တဲ့ မြို့ကြီးများမှာ စပါးတင်း ၁၀၀ ကို ၅၀၀၀၀၀ ကျပ်အထက် ဈေးရရှိပြီး အချို့မြို့နယ်များတွင် ၅၀၀၀၀၀ ကျပ် ဝန်းကျင်ခန့် ဈေးနှုန်းရရှိကြောင်း၊ ထွက်ရှိလာတဲ့ မိုးစပါးများကို ဈေးကွက်တွင် ကြိတ်ခွဲရောင်းချသည့် ဆန်စက်များရှိသလို၊ အချို့ကုန်သည်များကလည်း သိုလှောင်ရန် ဝယ်ယူလျက်ရှိကြောင်း ဆန်စပါးဈေးကွက်မှ သိရှိရပါတယ်။

**မင်းမင်းဦး-ပုသိမ်**

# ကုန်သွယ်ရေးစခန်းများမှ ဆန်တင်ပို့မှုလျော့ကျသော်လည်း ပင်လယ်ရေကြောင်းမှ ပိုမိုတင်ပို့

ကုန်သွယ်ရေးစခန်းများမှ နိုဝင်ဘာလ ၁၄ ရက်မှ ၂၀ ရက်ထိကာလအတွင်းမှာ ကန်ဒေါ်လာ ၁၀ ဒသမ ၁၉၀ သန်းဖိုးရှိ ဆန်တန်ချိန် ၂၇၆၄၅ ကိုတင်ပို့ခဲ့ပါတယ်။ မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်နဲ့ လွယ်ဂျယ်စခန်းမှ တင်ပို့ပြီး မူဆယ်မှငစိန်ဆန် ၁၇၃၉၃ တန်နဲ့ ဧည့်မထဆန် ၇၇၄၂ တန်ကျော် လွယ်ဂျယ်စခန်းမှ ငစိန်ဆန် ၂၅၁၀ တန်တင်ပို့ခဲ့ပါတယ်။ ယခုတစ်ပတ်မှာ ချင်းရွှေဟော်စခန်းမှ တင်ပို့မှုမရှိခဲ့ပါဘူး။ ကုန်သွယ်ရေးစခန်းများမှ တင်ပို့မှုမှာ ယခင်တစ်ပတ်နဲ့ပ နှိုင်းယှဉ်ပါက တန် ၁၆၀၀ ခန့် လျော့နည်းခဲ့ပါတယ်။

ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှာ နိုဝင်ဘာလ ၁၅ ရက်နေ့မှ ၂၁ ရက်နေ့ထိကာလအတွင်း ကန်ဒေါ်လာ သုည ဒသမ ၉၃၂ သန်းဖိုးရှိ ဆန်ဖြူနဲ့ ပေါင်းဆန် ၂၅၂၅ တန် တင်ပို့ခဲ့ပါတယ်။ နိုင်ငံအလိုက် တင်ပို့မှုများမှာ စင်ကာပူနိုင်ငံသို့ ဇီယာဆန် တန် ၁၀၀ နဲ့ ဧည့်မထဆန် တန် ၁၀၀၀၊ တရုတ်နိုင်ငံသို့ ဧည့်မထဆန် တန် ၂၅၀၊ အီးယူနိုင်ငံသို့ ဧည့်မထဆန် တန် ၂၅၀၊ ငစိန်ဆန် တန် ၂၅၀ နဲ့ ပေါင်းဆန် ၆၇၅ တန်ဖြစ်ပါတယ်။ ယခင်တစ်ပတ်တင်ပို့မှုထက် ၁၄၂၅ တန်ပိုမိုတင်ပို့နိုင်ပါတယ်။ ဆန်ကွဲတင်ပို့မှုအနေနဲ့ကတော့ မူဆယ်မှ ကန်ဒေါ်လာ ၁ ဒသမ ၁၇၇ သန်းဖိုးရှိ ဆန်ကွဲ ၃၆၀၈ တန်နဲ့ ပင်လယ်ရေကြောင်းမှ စင်ကာပူနိုင်ငံသို့ သုည ဒသမ ၁၃၅ သန်းဖိုးရှိ ဆန်ကွဲ တန် ၅၀ တင်ပို့နိုင်ခဲ့ပါတယ်။

**ယဉ်ယဉ်အေး**

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၂၇-၁၁-၂၀၁၅ ကျပ်/ပိဿာ

| | ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၂၀/၁၁ | ၂၇/၁၁ | ပြောင်းလဲမှု | ၂၀/၁၁ | ၂၇/၁၁ | ပြောင်းလဲမှု | ၂၀/၁၁ | ၂၇/၁၁ | ပြောင်းလဲမှု | ၂၀/၁၁ | ၂၇/၁၁ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၃၇၁၅ | ၃၇၁၅ | ■ | ၃၅၀၀ | - | - | ၃၆၀၀ | - | - | ၃၅၀၀ | - | - |
| ၂ | ပဲစင်းငုံ | - | - | - | - | - | - | ၂၂၉၀ | - | - | ၂၂၅၀ | ၂၄၀၀ | ▲ |
| ၃ | ပဲတီစိမ်း | ၂၁၀၀ | ၂၀၅၀ | ▼ | ၁၉၉၁ | ၁၉၅၆ | ▼ | ၁၈၆၈ | - | - | ၂၀၃၀ | ၂၀၀၀ | ▼ |
| ၄ | ကုလားပဲရိုးရိုး | ၂၃၅၀ | ၂၃၀၀ | ▼ | - | - | - | - | - | - | ၁၉၂၀ | ၁၈၁၅ | ▼ |
| ၅ | ပဲလွန်းဖြူ | ၁၃၈၀ | ၁၃၆၅ | ▼ | - | - | - | - | - | - | ၁၀၃၀ | ၁၀၈၀ | ▲ |
| ၆ | ထောပတ်ပဲ | ၉၀၀ | ၈၆၅ | ▼ | - | - | - | ၇၇၉ | ၇၆၃ | ▼ | ၆၈၅ | ၆၃၀ | ▼ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## ရန်ကုန် FOB နဲ့ အိန္ဒိယဈေးကွက် ပဲမျိုးစုံဈေးနှုန်း အပြောင်းအလဲ

၂၇-၁၁-၂၀၁၅ ဒေါ်လာ/တန်

| | ပဲအမျိုးအမည် | ရန်ကုန် FOB | | | အိန္ဒိယ မွမ်ဘိုင်း | | | အိန္ဒိယ ဒေလီ | | |
|---|---|---|---|---|---|---|---|---|---|---|
| | | ၁၉/၁၁ | ၂၇/၁၁ | ပြောင်းလဲမှု | ၁၉/၁၁ | ၂၇/၁၁ | ပြောင်းလဲမှု | ၁၉/၁၁ | ၂၇/၁၁ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၁၇၀၀ | ၁၇၅၀ | ▲ | ၁၆၆၄ | ၁၆၇၃ | ▲ | ၁၃၆၁ | - | - |
| ၂ | ပဲစင်းငုံ | ၁၅၇၀ | ၁၃၀၀ | ▼ | ၁၅၈၈ | ၁၆၅၈ | ▲ | ၁၆၁၉ | ၁၅၉၈ | ▼ |
| ၃ | ပဲတီရွှေဝါ | ၁၀၈၀ | ၁၀၈၀ | ■ | ၁၁၃၄ | ၁၁၀၈ | ▼ | ၁၁၆၅ | - | - |
| ၄ | ကုလားပဲဖြူလုံးကြီး | ၇၀၀ | ၇၀၀ | ■ | ၇၉၄ | ၇၆၉ | ▼ | ၈၁၃ | ၇၆၅ | ▼ |

* မှတ်ချက်။ ရန်ကုန် FOB ဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။
ဒေလီဈေးကွက်မှ ဈေးနှုန်းများမှာ အိန္ဒိယပြည်တွင်းပဲတီစိမ်းနှင့် မြန်မာမတ်ပဲ SQ ပေါက်ဈေးများဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် (၁၄.၁၁.၁၅)ထိ | ယခုတစ်ပတ် (၂၁.၁၁.၁၅)ထိ | (၁.၄.၁၅) မှ (၂၁.၁၁.၁၅) ထိ |
| မတ်ပဲ | ၃၉၈ | ၁၄၂၀ | ၃၈၆၅၂၄ |
| ပဲတီစိမ်း | ၂၃၁၃ | ၄၇၄၈ | ၁၁၆၆၁၃ |
| ပဲစင်းငုံ | - | ၂၈ | ၁၁၅၆၈၄ |
| ကုလားပဲ | - | ၁၅ | ၂၃၂၄၇ |
| ပဲလွန်းဖြူ | ၇၂ | ၂၇ | ၁၂၉၆၃ |
| မြေထောက်ပဲ | ၃၇ | ၆၆ | ၁၂၂၉၃ |

## ပြည်ပဲနီပြားလက်ကျန် လက်လီပုံမှန်အဝယ်ရှိ

ပြည်လက်လီ ပဲဈေးကွက်မှာ ပဲသစ်အချို့ဝင်ရာက်လာပေမယ့် တချို့ပဲများကတော့ လက်ကျန်ပဲဟောင်းများဖြင့် ဆက်လက်အရောင်းအဝယ်ဖြစ်ခဲ့ရာ၊ ပဲနီပြားသီးနှံမှာလည်း လက်ကျန်ပဲများဖြင့် လက်လီသမားအချို့ နေ့စဉ် ဝယ်ယူမှုရှိလို့ အိတ် ၂၀ ကျော် ၃၀ အရောင်းအဝယ်ဖြစ်လျက် ရှိပါတယ်။

ပဲဈေးမှာ တစ်တင်း ၂၈၀၀၀ ကျပ်နဲ့ ယခင်တစ်ပတ်ဈေးထက် ၅၀၀ ကျပ်ခန့် ဈေးပိုရရှိခဲ့ပါတယ်။ ပဲနီပြားသီးနှံဟာ လက်လီအရောင်း အဝယ်ဖြစ်တဲ့ ပဲထဲမှာ ထောပတ်ပဲသီးနှံနဲ့နှိုင်းယှဉ်ရင်တော့ ဈေးပိုရခဲ့ပေမယ့် ပဲလွန်းဖြူ ဘိုကိတ်ပဲသီးနှံများထက် ဈေးလျော့နည်းနေခဲ့ပါတယ်။

ယခင်နှစ်ကလည်း တစ်တင်း ကျပ်နှစ်သောင်း တစ်ပတ်လည်သာ ရရှိခဲ့လို့ ယခုနှစ်မှာတော့ ယခင်နှစ်ထက်ဈေးပိုလာတယ် ဆိုသော်လည်း တစ်တင်းကျပ် ခုနစ်ထောင်ခန့်သာ ဈေးပိုရရှိခဲ့တာကို တွေ့ရပါတယ်။

**ခင်ဆွေဝင်း-ပြည်**

# နိုဝင်ဘာလ စတုတ္ထပတ် မန်းဒိုင်မှာအရောင်းအဝယ်ဖြစ်တဲ့ ပဲ၊ ပြောင်း၊ နှမ်း၊ မြေပဲများရဲ့ဈေးနှုန်းနဲ့ဈေးကွက်အခြေအနေ

မန္တလေးကုန်စည်ဒိုင် (ပွဲစား၊ ကုန်သည်၊ စက်ပိုင်များ မဟာကထိန်တော်အသင်း) မှာ ယခုတစ်ပတ် ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ စတုတ္ထပတ်မှာ ကထိန်ရာသီဖြစ်တာကြောင့် သီးနှံစုံအရောင်းအဝယ်အေး လျက်ရှိပါတယ်။ ယခုတစ်ပတ်အရောင်းအဝယ်ဖြစ်တဲ့ ပဲပြောင်းနှမ်းများရဲ့ဈေးနှုန်းများမှာ -

| သီးနှံအမည် | ၁၇. ၁၀. ၂၀၁၅ | | ၁၇. ၁၁. ၂၀၁၅ | |
|---|---|---|---|---|
| | နိမ့် | မြင့် | နိမ့် | မြင့် |
| ပဲတီစိမ်း | ၁၃၃၃ | ၂၂၉၃ | ၂၀၄၄ | ၂၁၃၃ |
| ပဲကြီး | - | ၁၉၀၀ | - | ၁၉၀၀ |
| ပဲပုပ် (ရှမ်း) | ၉၉၅ | ၁၀၉၉ | ၉၇၇ | ၁၀၈၉ |
| ပဲပုပ် (ဗမာ) | ၁၀၅၂ | ၁၀၇၀ | - | ၁၀၁၄ |
| ပဲယင်း | ၉၅၀ | ၉၆၇ | - | ၉၀၀ |
| ထောပတ် | ၉၄၂ | ၁၀၃၁ | ၉၂၄ | ၉၇၈ |
| မတ်ပဲ | - | ၃၈၃၃ | - | ၃၈၃၃ |
| ပြောင်းဖူးစေ့ (ရှမ်း) | - | ၄၂၆ | - | ၄၃၅ |
| ပြောင်းဖူးစေ့ (စီပီ) | ၄၃၅ | ၄၄၄ | ၄၃၅ | ၄၄၄ |
| ထွက်တိုးပြောင်း | - | ၆၁၃ | ၅၈၅ | ၆၀၄ |
| ဆန်ပြောင်း | - | ၅၅၇ | - | ၅၄၀ |
| နှမ်းဖြူ | ၂၂၆၇ | ၂၄၄၄ | ၂၂၂၂ | ၂၅၁၁ |
| နှမ်းညို | ၁၉၃၃ | ၂၀၀၀ | ၁၈၄၄ | ၁၉၁၁ |
| နှမ်းနက် | ၂၇၇၈ | ၃၄၄၄ | ၂၈၈၉ | ၄၀၀၀ |
| နှမ်းနက်(စမုံ) | ၄၃၃၃ | ၄၈၄၄ | ၄၂၂၂ | ၅၀၀၀ |
| ပန်းနှမ်း | - | ၂၆၆၇ | ၁၇၇၈ | ၂၀၀၀ |
| မြေပဲဆန် (S 1 လုံးဆန်) | ၂၆၀၀ | ၂၇၀၀ | ၂၅၀၀ | ၂၅၅၀ |

နိုဝင်ဘာလ စတုတ္ထပတ်မှာ ပဲတီစိမ်းကြီးတစ်ပိဿာ ၂၀၈၀ ကျပ်(တစ်တန် ၁၂၇၃၇၇၁ ကျပ်) နဲ့ အရောင်းအဝယ်ဖြစ်လို့ ယခင်လကာလတူဈေးအထက်မှာ အရောင်းအဝယ်ဖြစ်ပါတယ်။ ပဲကြီးကတော့ ယခင်လကာလတူဈေးနှုန်းနဲ့တူညီနေပြီး တစ်ပိဿာ ၁၉၀၀ ကျပ် (တစ်တန် ၁၁၆၁၅၄၁ ကျပ်)၊ ပဲကြားတစ်ပိဿာ ၉၂၃ ကျပ် (တစ်တန် ၅၆၅၂၃၆ ကျပ်) နဲ့ ယခင်ကာလတူ ဈေးနှုန်းအောက်ရောက်ရှိပြီး၊ ပဲပုပ် (ရှမ်း) တစ်ပိဿာ ၁၀၈၉ ကျပ် (တစ်တန် ၆၆၆၈၉၃ ကျပ်)၊ ပဲပုပ် (ဗမာ) တစ်ပိဿာ ၁၀၁၄ ကျပ် (တစ်တန် ၆၂၀၉၆၃ ကျပ်)၊ ပဲယင်းတစ်ပိဿာ ၈၈၃ ကျပ် (တစ်တန် ၅၄၀၇၄၀ ကျပ်)၊ ထောပတ်ပဲတစ်ပိဿာ ၉၇၈ ကျပ် (တစ်တန် ၅၉၈၉၁၇ ကျပ်)၊ မတ်ပဲတစ်ပိဿာ ၃၈၃၃ ကျပ် (တစ်တန် ၂၃၄၇၂၉၁ ကျပ်) နဲ့ ယခင်လကာလတူ ဈေးနှုန်းညီမျှမှုရှိပြီး ပဲမျိုးစုံမှာ အရောင်းအဝယ်အေးလျက်ရှိပါတယ်။

ပြည်ပ (တရုတ်) တင်ပို့မှုအေးလျက်ရှိတဲ့ ပြောင်းဖူးစေ့ရဲ့ ဈေးနှုန်းများမှာ ပြောင်းဖူးစေ့ (ရှမ်း) တစ်ပိဿာ ၄၄၄ ကျပ် (တစ်တန် ၂၇၁၉၀၁ ကျပ်)၊ ပြောင်းဖူးစေ့ (ဗမာ) တစ်ပိဿာ ၄၁၇ ကျပ်(တစ်တန် ၂၅၅၃၆၇ ကျပ်) ပြောင်းဖူးစေ့ (ယဏ) တစ်ပိဿာ ၄၅၄ ကျပ် (တစ်တန် ၂၇၈၀၂၅ ကျပ်)၊ ထွက်တိုးပြောင်းတစ်ပိဿာ ၆၀၄ ကျပ် (တစ်တန် ၃၆၉၈၈၄ ကျပ်)၊ ဆန်ပြောင်း တစ်ပိဿာ ၅၄၀ ကျပ် (တစ်တန် ၃၃၀၆၉၁ ကျပ်) နဲ့ ပြည်တွင်းတွင်သာ အရောင်းအဝယ်ဖြစ်ကြောင်းသိရပါတယ်။

ဆီထွက်သီးနှံများဖြစ်တဲ့ နှမ်းဖြူတစ်ပိဿာ ၂၄၄၄ ကျပ် (တစ်တန် ၁၄၉၆၆၈၁ ကျပ်)၊ နှမ်းညိုတစ်ပိဿာ ၁၉၀၀ ကျပ် (တစ်တန် ၁၁၆၃၅၄၁ ကျပ်)၊ နှမ်းနက်တစ်ပိဿာ ၃၇၇၈ ကျပ် (တစ်တန် ၂၃၁၃၆၀၉ ကျပ်)၊ နှမ်းနက်(စမုံ)တစ်ပိဿာ ၄၆၆၇ ကျပ် (တစ်တန် ၂၈၅၈၀၂၄ ကျပ်)၊ ပန်းနှမ်း တစ်ပိဿာ ၁၇၇၈ ကျပ် (တစ်တန် ၁၀၈၈၈၂၉ ကျပ်) နဲ့ အရောင်းအဝယ်ဖြစ်လို့ ယခင်လကာလတူဈေးနှုန်းနဲ့ နှိုင်းယှဉ်ပါက ဈေးအေးလျက်ရှိပြီး၊ ထိုနှမ်းငါးမျိုးနေ့စဉ်သုံးတင်းအိတ် ၁၅၀၀ ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိပြီး၊ မြေပဲဆန် (S1 လုံးဆန်) တစ်ပိဿာ ၂၅၂၅ ကျပ် (တစ်တန် ၁၅၄၆၂၈၅ ကျပ်) နဲ့ နေ့စဉ်သုံးတင်းအိတ် ၃၀၀ ခန့် အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။

သီးနှံပေါ်ချိန် စပ်ကူးမတ်ကူးကာလဖြစ်တာက တစ်ကြောင်း၊ ကထိန်ရာသီဖြစ်လို့ အလုပ်များနေတာက တစ်ကြောင်း၊ သီးနှံ အားလုံးနီးပါးလိုလို ဈေးအေးသွားတာက တစ်ကြောင်း၊ ရောင်းလိုအားနည်းနေပြီး ပြည်ပ ဝယ်လိုအားလည်းနည်းတာကြောင့် ကုန်စည်ဒိုင်တစ်ခုလုံးအနေနဲ့ ခြုံကြည့်ပါက အရောင်းအဝယ်အေးလျက် ရှိကြောင်း ကုန်သည်ပွဲစားတစ်ဦးက ပြောကြားကြောင်း သိရပါတယ်။

**စိုးအောင်-မန္တလေး**



## ပဲအထွက်လျှိုင်လာလို့ ပြည်ပဲတီစိမ်းသစ်များ ဝင်ရောက်မှုများလာ

ပြည်ပဲဈေးကွက်သို့ ပဲတီစိမ်းသီးနှံများ ယခုတစ်ပတ်မှာ ဆက်လက်ဝင်ရောက်လာပြီး ပဲအထွက်လှိုင်လာလို့ ဝင်ရောက်မှုပမာဏလည်း များလာပြီဖြစ်ပါတယ်။ ပြည်အနီးတဝိုက်နယ်စုံမှ ပြည်ဈေးကွက်သို့ဝင်ရောက်ခဲ့ခြင်း ဖြစ်ပါတယ်။ ပန်းတောင်းမြို့နယ်မှ အများဆုံးဝင်ရောက်ခဲ့ခြင်းဖြစ်ပြီး ဝယ်လက်ကတော့ မန္တလေးလိုင်းသမား အဆွဲများနေလို့ ဝင်ရောက်လာသလောက် အရောင်းအဝယ်ဖြစ်ခဲ့ကာ တစ်ရက်အိတ် ၈၀၀ ကျော်ထိ အဝယ်ရှိခဲ့ ပါတယ်။ ပဲဈေးမှာတော့ ပဲသစ်ပေါ်စတွင် တစ်တင်း ၄၁၅၀၀ ကျပ် ဈေးဖွင့်ပေမယ့် ယခုတစ်ပတ်မှာတော့ ဈေးအနည်းငယ်လျော့ကာ တစ်တင်း ၄၁၀၀၀ ကျပ်ရရှိနေတယ်လို့သိရပါတယ်။

**ခင်ဆွေဝင်း-ပြည်**

# နိုဝင်ဘာနောက်ဆုံးပတ် ပြည်ပဲဈေးကွက်မှာ ကုလားပဲ၊ ပဲကြီးသီးနှံများ အရောင်းအဝယ်ပုံမှန်ဖြစ်ပြီး မတ်ပဲသီးနှံကို မျိုးပဲအဝယ်ပိုလိုက်နေ

ပဲခူးတိုင်းဒေသကြီး၊ ပြည်ပဲမျိုးစုံဈေးကွက်ရဲ့ နိုဝင်ဘာ စတုတ္ထပတ်အတွင်း အဓိကအရောင်းအဝယ်ဖြစ်ခဲ့တဲ့ မတ်ပဲ၊ ပဲတီစိမ်း၊ ကုလားပဲ၊ ပဲကြီးသီးနှံများအနက် ပဲတီစိမ်းသီးနှံသာ ပြည်ပဝယ်လက်အဝယ်ရှိ သလိုဝင်ရောက်မှုလည်း ပိုများလာလို့ အရောင်းအဝယ်သွက်လျက်ရှိခဲ့ပေမယ့် မတ်ပဲသီးနှံကတော့ ပဲလက်ကျန်လည်း နည်းခဲ့ပြီး ဝယ်ယူမှုအနေဖြင့်လည်း မျိုးပဲများအဝယ်လိုက်နေတယ်လို့ သိရပါတယ်။

မတ်ပဲသီးနှံမှာ ယခုအချိန်တွင် မိုးစပါးရိတ်သိမ်းပြီး ဆောင်းပဲသီးနှံအဖြစ် အဓိကထား စိုက်ပျိုးကြတာကြောင့် ယခုလအတွင်းမှာ မျိုးပဲကသာ ပိုအရောင်းအဝယ်ဖြစ်ပြီး ပဲဈေးနှုန်းကတော့ ယခုနှစ်အတွင်း ဘယ်တုန်းကမှ အခုလိုဈေးကောင်းမရရှိခဲ့ဘဲ ယခုနှစ်ဈေးကတော့ ပဲဈေးကွက်အတွင်းမှာရော၊ နှစ်အလိုက်ပဲဈေးနှုန်းအရရော ဈေးကွက်မှာ စံချိန်တင် မြင့်တက်လာခဲ့ပါတယ်။ စက်တင်ဘာလကုန်မှစ၍ ပဲဈေးမှာ တစ်တင်းကျပ်ခြောက်သောင်းကျော်အထိ ဈေးမြင့်တက်ခဲ့ကာ နိုဝင်ဘာလလယ်မှာတော့ ပဲဈေးက ကျပ်ခုနစ်သောင်းကျော်မှ ရှစ်သောင်းအထိ ထပ်မံမြင့်တက်ခဲ့ပါတယ်။

မျိုးပဲလည်း အဝယ်လိုက်ချိန်ဖြစ်ခဲ့လို့ ပဲလက်ကျန်လည်း ရှားလာတဲ့အတွက် ပဲဈေးနှုန်းက ဈေးအမြင့်ဆုံးအထိ ရရှိလာခဲ့ပါတယ်။ ယခုတစ်ပတ်အတွင်း မှာတော့ လက်ကားဈေး တစ်တင်း ၇၂၀၀၀ ကျပ်ဖြင့်အဝယ်ရှိသလို မျိုးပဲ ဈေးကတော့ တစ်တင်း ၇၄၀၀၀ ကျပ် ဖြင့် ပြည်အနီးတစ်ဝိုက်မြို့နယ်များဖြစ်သော ပန်းတောင်း၊ ပေါက်ခေါင်း၊ ကံမ၊ ပေါင်းတလည်မြို့နယ်များမှ နေ့စဉ်ဝယ်ယူမှုရှိခဲ့တယ်လို့ သိရပါတယ်။

ပြည်တွင်းဝယ်လက် ပဲဖြစ်တဲ့ ကုလားပဲသီးနှံမှာ ပဲလက်ကျန်ရှိလို့ ပဲခွဲစက်သမားများက တစ်ရက်ကို အိတ် ၂၅၀ ကျော် ပုံမှန်ဝယ်ယူနေသလို မျိုးပဲများလည်း အဝယ်လိုက်နေပြီး အိတ် ၃၀ ကျော်အထိ ရောင်းချခဲ့ကြရတယ်လို့ သိရပါ တယ်။

ပဲခွဲစက်သမားအဝယ်ရှိတဲ့ ဈေးမှာ တစ်တင်း ၃၈၅၀၀ ကျပ်ဖြင့် ဈေးအမြင့်နဲ့ ဆက်လက်ရပ်တည်နေပြီး မျိုးပဲဈေးမှာ တစ် တင်း ၃၉၅၀၀ ကျပ်မှ ၄၀၀၀၀ ကျပ်အထိ အရည်အသွေးအလိုက် ကွာခြားမှုရှိခဲ့ပါတယ်။

ပဲကြီးသီးနှံမှာလည်း ကုလားပဲသီးနှံကဲ့သို့ ဈေးငြိမ်နေလျက်ရှိပေမယ့် (ရွှေကျွန်း) ပဲမှာ အရောင်းအဝယ် သိပ်မဖြစ်ခဲ့ဘဲ (ကမ်းနား)ပဲသာ တစ်ရက်အိတ် ၃၀၀ ကျော်အထိ ပဲကြော်ဖိုသမားများ ဝယ်ယူခဲ့ကြပါတယ်။ မျိုးပဲကတော့ အဝယ်ပါးသွားပြီလို့ သိရပါတယ်။ ယခုတစ်ပတ်အတွင်း ဖြစ်ပေါ်ခဲ့တဲ့ ပဲကြီးဈေးနှုန်းများကတော့ (ရွှေကျွန်း) တစ်တင်း ၃၄၅၀၀ ကျပ်၊ (ကမ်းနား) တစ်တင်း ၃၂၀၀၀ ကျပ်ဖြင့် ကုလားပဲသီးနှံဈေးထက်တော့ ဈေးလျော့နည်းနေသေးကြောင်း တွေ့ရပါတယ်။

အခြားလက်လီအရောင်းအဝယ်ဖြစ်ခဲ့သော ပဲများ အနက် ထောပတ်ပဲ၊ ပဲပုပ်၊ စားတော်ပဲသီးနှံများမှာ ဈေးငြိမ်လျက်ရှိကာ ယခင်တစ်ပတ်က ဈေးအတိုင်း ထောပတ်ပဲတစ် တင်း ၁၇၀၀၀ ကျပ်၊ ပဲပုပ်တစ်တင်း ၁၉၀၀၀ ကျပ်၊ စားတော်ပဲ တစ်တင်း ၃၇၀၀၀ ကျပ်ဖြင့် လက်လီသမားအချို့နဲ့ အိတ်အနည်းငယ် အရောင်းအဝယ် ဖြစ်ခဲ့ကြပါတယ်။ ဘိုကိတ်ပဲမှာ ပဲသစ်များ လလယ်မှစ၍ ဝင်ရောက်လာသလို ယခုတစ်ပတ်မှာလည်း ဆက်လက်ဝင်ရောက်လာပြီး ပန်းတောင်း၊ ကံမ၊ ပြည်၊ အောင်လံကြား မြို့နယ်များမှ အိတ် ၃၀ ကျော်ထိ အဝင်ရှိကာ ပဲဈေးတစ်တင်း ၂၉၀၀၀ ကျပ်ရရှိနေကြောင်း သိရပါတယ်။

**ခင်ဆွေဝင်း-ပြည်**

# ပုသိမ်ဆန်စပါးဈေးကွက် မိုးစပါးသစ်များ ဈေးကွက်ဝင်ရောက်ချိန် တောင်သူများ ယခင်နှစ်ထက် ဈေးနှုန်းမြင့်ရပြီး အရောင်းအဝယ်သွက်

ပုသိမ်မြို့နယ်မှာ အောက်တိုဘာလလယ်ပိုင်းမှ စတင်ထွက်ရှိတဲ့ ကောက်စောစပါးများ နိုဝင်ဘာလတွင် ဈေးကွက်သို့ပုံမှန်ဝင်ရောက်လျက် ရှိပါတယ်။ ဒီဇင်ဘာလ သက်ကြီးစပါး မီးကောက်၊ ဧရာမင်း၊ ပေါ်ဆန်း ဘေးကြား၊ ဧရာဝတီပေါ်ဆန်းစပါးများ ထွက်ရှိချိန် ဈေးကွက်မှာ စပါးများလှိုင်လှိုင်ပေါ်လာမှာဖြစ်ကြောင်း သိရပါတယ်။

လက်ရှိဆန်စပါးဈေးကွက်တွင် ယခင်မိုးစပါးအဟောင်းများမှာ တောင်သူများထံတွင်မရှိတော့ဘဲ စက်ပိုင်ကုန်သည်များနဲ့ဈေးကွက်တွင်ရှိသော ဧရာဝတီပေါ်ဆန်းတစ်အိတ်ကို ၄၀၀၀၀ ကျပ်၊ ၄၁၀၀၀ ကျပ်၊ ပေါ်ဆန်းရင်တစ်အိတ် ၃၉၀၀၀ ကျပ်၊ ၄၀၀၀၀ ကျပ်နဲ့ ရွှေသွယ်ဆန်အဟောင်းတစ်အိတ် ၂၈၀၀၀ ကျပ်၊ ၃၀၀၀၀ ကျပ်၊ မနောသုခ၊ မျိုးပွား၊ ဆင်းသုခအဟောင်းတစ်အိတ် ၂၆၀၀၀ ကျပ်နဲ့ ရောင်းဝယ်လျက်ရှိကြောင်း သိရပါတယ်။

ယခင်နှစ် မိုးကောက်စောစပါးများထွက်ရှိချိန် မနောသုခ၊ မျိုးပွား၊ ဆင်းသုခ၊ စပါးပေါင် ၁၀၀၊ တင်း ၁၀၀ ကို ၄၂၀၀၀၀ ကျပ်ဈေးသာရှိသော်လည်း ယခုနှစ်အဖွင့်ဈေးမှာပင် မနောသုခ၊ မျိုးပွား၊ ဆင်းသုခ ပေါင် ၁၀၀၊ တင်း ၁၀၀ ကို တောဈေး ၅၈၀၀၀၀ ကျပ်၊ မြို့ဈေး ၆၀၀၀၀၀ ကျပ်၊ ဆန်တစ်အိတ် ၂၁၀၀၀ ကျပ်၊ ယခင်နှစ်ပေါ်ဆန်းရင်စပါးတင်း ၁၀၀ လျှင် ၇၀၀၀၀၀ ကျပ်မှ ယခုနှစ် ၇၅၀၀၀၀ ကျပ်၊ ပေါ်ဆန်းရင် ဆန်သစ်တစ်အိတ်ကို ယခုလက်ရှိ ၂၇၀၀၀ ကျပ်၊ ၂၈၀၀၀ ကျပ်ဖြင့် အရောင်းအဝယ်သွက်လျက်ရှိကြောင်း၊ မနောသုခ၊ မျိုးပွား၊ ဆင်းသုခစပါးဈေးမှာ ယခင်နှစ်ပေါက်ဈေးထက် ၁၀၀၀၀၀ ကျပ်ခန့်ဈေးပိုရပြီး၊ ပေါ်ဆန်းရင်စပါး ဈေးနှုန်းမှာ ယခင်နှစ်ထက် ကျပ် ၅၀၀၀၀ ကျပ်ဈေးနှုန်းပိုရကြောင်း ဆန်စပါးအသိုင်းအဝိုင်းမှသိရပါတယ်။ လက်ရှိဆန်ဈေးကွက်တွင် တိုင်းအတွင်းနဲ့ရန်ကုန်၊ ပြည်၊ အညာဒေသများမှ ဆန်ဟောင်းဆန်သစ်များ အဝယ်လိုက်လျက်ရှိကြောင်း၊ ပုသိမ်မြို့နယ်မှာ ယခုနှစ်ရေကြီးထိခိုက်မှုနည်းပါးပြီး၊ တောင်သူများ အထွက်နှုန်းကောင်း ဈေးကောင်းရလျက်ရှိကြောင်း၊ အထွက်နှုန်းကောင်းပြီး ဈေးမကောင်းလျှင်လည်း တောင်သူများတွက်ခြေကိုက်မှုနည်းပါးမှာဖြစ်ကြောင်း၊ လက်ရှိဈေးကွက်တွင် ဆန်ဈေးကွက်နဲ့အတူ ရာသီကုန်ဖြစ်တဲ့ ကောက်ညှင်းဈေးကွက်မှာ အောက်တိုဘာ၊ နိုဝင်ဘာ၊ ဒီဇင်ဘာလများတွင်သာ အရောင်းအဝယ်သွက်လျက် နယ်ဝယ်လက်များမှာ လျော့ကုန်အဖြစ်ထားရှိပြီး၊ နှစ်ပတ်လည်ရောင်းချလျက်ရှိကြောင်း၊ လက်ရှိကောက်ညှင်း အဖြူအသွယ်တစ်အိတ်လျှင် ၃၅၀၀၀ ကျပ်၊ ကောက်ညှင်းအဖြူအပွတစ်အိတ် ၃၃၀၀၀ ကျပ်၊ ကောက်ညှင်းငချိပ် အသွယ် ၂၈၀၀၀ ကျပ်၊ ကောက်ညှင်းငချိန်အပွ ၂၅၀၀၀ ကျပ်ဈေးဖြင့် အရောင်းအဝယ်သွက်လျက်ရှိပြီး၊ ကောက်ညှင်းစိုက်တောင်သူများမှာ ယခင်နှစ်ထက် တစ်အိတ်ကို ၅၀၀၀ ကျပ်ခန့် ဈေးနှုန်းမြင့်ပြီးရရှိကြောင်း ဆန်စပါးဈေးကွက်မှ သိရပါတယ်။

**မင်းမင်းဦး-ပုသိမ်**



# EU အကြိုက် ကုန်သည်- တောင်သူလိုက်

EU နိုင်ငံများမှ လွန်ခဲ့သော နှစ်အနည်းငယ်ခန့်မှစတင်၍ မြန်မာနိုင်ငံမှထွက်ရှိသော ပဲတီစိမ်းများကို နှစ်စဉ်စမ်းသပ်ဝယ်ခဲ့ကြရာ အထူးသဖြင့် ခရမ်း- သုံးခွမြို့များမှ ပဲတီစိမ်းအရည်အသွေးကို နှစ်သက်ကြပါတယ်။ ယခုနှစ်တွင်လည်း ထပ်မံဝယ်ယူရန် ကမ်းလှမ်းနေကြပါတယ်။ သို့သော်လည်း ဥရောပမျိုးစေ့ စိစစ်ရေးအဖွဲ့ရဲ့ ထောက်ခံချက်ရှိမှသာ ဥရောပသို့ပဲတီစိမ်းများတင်ပို့ရောင်းချခွင့်ရှိမှာဖြစ်ပါတယ်။ ထိုစိစ်ဆေးရေးအဖွဲ့ဟာ မြန်မာနိုင်ငံကို လာရောက်စစ်ဆေးခဲ့ကြပါတယ်။

မြန်မာနိုင်ငံမှ ကုန်သည်များနဲ့ တောင်သူများရဲ့ စိုက်ပျိုးထုတ်လုပ်မှု အလေ့အကျင့်ကောင်းများအတွက် လိုအပ်ချက်များကို တွေ့ရှိခဲ့ပါတယ်။ စိုက်ပျိုးထုတ်လုပ်မှု အလေ့အကျင့်ကောင်းများနဲ့ ပိုးသတ်ဆေးစနစ်တကျသုံးစွဲခြင်းကို ကုန်သည်များနဲ့တောင်သူများအား သင်တန်းပို့ချခြင်း၊ နည်းပညာပို့ချခြင်းများရှိမှသာ ဥရောပကိုတင်ပို့ရောင်းချခွင့်ပြုမှာဖြစ်ပြီး၊ ဥရောပဈေးကွက်ကို ရရှိမှာဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင် ခရမ်း- သုံးခွမြို့နယ်များတွင် ဥရောပမျိုးစေ့ စိစစ်ရေးအဖွဲ့ထောက်ခံချက် ရရှိနိုင်စေရန် သုံးခွမြို့နယ်၌ နိုဝင်ဘာ ၁၆ ရက်တွင် တောင်သူဦးရေ ၃၀၀ ခန့် နဲ့ ခရမ်းမြို့နယ်၌ နိုဝင်ဘာလ ၁၇ ရက်က တောင်သူဦးရေ ၂၀၀ ခန့်ကို သင်တန်းပို့ချပေးခဲ့ပါတယ်။ သင်တန်းမှာ ဥရောပနိုင်ငံများသို့ ပဲတီစိမ်းများ တင်ပို့ရောင်းချနိုင်ရေးအတွက် တောင်သူများအား စိုက်ပျိုးထုတ်လုပ်မှု အလေ့အကျင့်ကောင်းများရရှိ ရန်နဲ့ ပိုးသတ်ဆေးသုံးစွဲနည်းစနစ်တကျသုံးစွဲနိုင်ရေးအတွက် စိုက်ပျိုးရေး၌ာနရဲ့ ကျွမ်းကျင်ပညာရှင်များက GHP & GAP နည်းစဉ်များအတိုင်း စိုက်ပျိုးနိုင်ရန် ရည်ရွယ်၍ လေ့ကျင့်ပို့ချပေးပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ သနပ်ပင်မြို့နယ်များမှာလည်း ဆက်လက်ပို့ချဆောင်ရွက်လျက်ရှိကြောင်း သိရပါတယ်။

**သိန်းမြင့်-သန်လျင်**

# ကိုးလလွယ်-ဆယ်လဖွားတော့မယ့် ကျေးလက်ရဲ့ရတနာငုံနီ

မုံရွာခရိုင်တစ်ဝိုက် ပြီးခဲ့တဲ့မိုးဦးကျကစိုက်ခဲ့ကြတဲ့ ပဲစင်းငုံပင်တွေ အခုချိန်မှာ အားလုံးနီးပါး အပွင့်စုံနေပြီး၊ တချို့အပင်တွေ အသီးဝင်နေတာတွေ့ရပါတယ်။ ပဲစင်းငုံက တခြားပဲတွေလို ၃၊ ၄ လနဲ့ မခူးဆွတ်နိုင်ဘဲ လူသားအမျိုးသမီးမိခင်တွေလို ကိုးလလွယ် ဆယ်လမှဖွားရတဲ့အလား အခုလိုသက်တမ်း ခုနစ်လ၊ ရှစ်လမှာ အပွင့်စုံအသီးဝင်ပြီး စိုက်ပြီး ၁၀ လနီးပါးကြာမှ ခူးဆွတ်ကာ ဈေးကွက်ဝင်နိုင်မှာဖြစ်ပါတယ်။

ဘိုးဘွားတောင်သူတွေလက်ထက်ကတော့ ဈေးကွက်အမြင်ထက် ငုံနီကို ရင်းနှီးစိုက်ပျိုးစရိတ်သက်သာခြင်း၊ သွင်းအားစုဖိုးမကုန်ခြင်း၊ စိုက်ပျိုးရလွယ်ကူခြင်း၊ ကျေးလက်သုံးလောင်စာထင်းရရှိခြင်းဆိုတဲ့ အားသာချက်တွေနဲ့ စိုက်ခဲ့ကြပါတယ်။ ဆက်သွယ်ရေးနည်းပညာတွေ ကျေးလက်အရောက် ဖွံ့ဖြိုးလာတဲ့ ဒီနေ့အချိန်အခါမှာတော့ မူလအားသာချက်တွေအပြင် ပြည်ပဈေးကွက်အလားအလာကြောင့် မြင့်မားလာမယ့် ငုံနီဈေးကို ကြိုတင်မှန်းဆပြီး စိုက်ဧကတွေ တိုးချဲ့လာခဲ့ကြတာ မြင်တွေ့ရပါတယ်။ ငုံနီဟာ စိုက်ပျိုးချိန်ကာလရှည်ကြာတာနဲ့အမျှ နွေ၊ မိုး၊ ဆောင်းဥတုသုံးမျိုးနဲ့ထိတွေ့ရတဲ့ သီးနှံဖြစ်ပါတယ်။ ဒီနှစ်မှာ မုံရွာနယ်တစ်ဝိုက် နှစ်တိုင်းထက် မိုးရွာသွန်းမှုပိုခဲ့ပေမယ့် သဘာဝနေအပူကလည်း နှစ်တိုင်းထက်လွန်ကဲလာတဲ့အတွက် ယာမြေအများစုက အခုချိန်မှာ အစို ဓာတ်ခန်းနေကြပြီလို့ ဒေသခံတောင်သူတွေကဆိုပါတယ်။

မုံရွာမြို့နယ်ထဲမှာတင် မြေအမျိုးအစားနဲ့ မိုးရရှိမှုဟာ ဒေသတစ်ခုနဲ့တစ်ခု မတူကြသလို အခုလိုပွင့်ချိန်၊ သီးကင်းဝင်ချိန်မှာ ရေလိုအပ်ခြင်းဟာလည်း တောင်သူတစ်ဦးနဲ့တစ်ဦး မတူညီနိုင်ပေမယ့် စိုက်သမျှသီးပြီး အထွက် စိတ်ချရအောင် နောက်မိုးသိမ်းဖို့ လိုသေးတယ်လို့ဆိုပါတယ် တန်ဖိုးဖြတ်လို့ မရနိုင်တဲ့ လူတစ်ယောက်ဖြစ်လာဖို့ သန္ဓေတည်ချိန်ကနေ မွေးဖွားချိန်အထိ အရိပ်တကြည့်ကြည့်နဲ့ ပြုစုယုယခဲ့ရသလို ပဲစင်းငုံတောင်သူတွေ အနေနဲ့လည်း တန်ဖိုးဖြတ်လို့ရတဲ့ သီးနှံရတနာရဖို့ စိုက်ပျိုးစကနေ ခုလိုအချိန်အထိ မိမိစိုက်ခင်းကို အရိပ် တကြည့်ကြည့်ပြုစု ယုယနေကြရပါတယ်။

ငုံနီဈေးကွက်ရာဇဝင်မှာ ဘယ်နှစ်ကမှ မှတ်တမ်းမတင်နိုင်တဲ့ပေါက်ဈေးဟာ အခုတစ်တင်းနှစ်တင်းပေါ်စ အချိန်မှာ တောင် တစ်တင်း ၄၅၀၀၀ ကျပ်ဆိုတော့ တစ်ဧကစိုက်တဲ့ တောင်သူတစ်ဦးရဲ့ဝင်ငွေဟာ တစ်ဧကပျမ်းမျှ ရှစ်တင်းနှုန်းနဲ့တွက်ရင် ၃ ဒသမ ၆ သိန်းရနိုင်တဲ့အတွက် ငုံနီတောင်သူတွေ ရင်ခုန်သံမြန်နေကြတာ မျှဝေခံစားချင်စရာ ကောင်းပါဘိ။

တောင်သူတစ်ဦးချင်းရဲ့ ငုံနီစိုက်ပျိုးခြင်းကြောင့်ရရှိမယ့် အကျိုးခံစားခွင့်ကို ပီတိဖြစ်ရသလို မုံရွာတစ်မြို့နယ် လုံးမှာစိုက်ခဲ့ကြတဲ့ ငုံနီစိုက်ဧက ၁၇၀၀၀ နီးပါးအတွက် ပျမ်းမျှ ရှစ်တင်းနှုန်းနဲ့တွက်ရင် ငုံနီတင်း ၁ ဒသမ ၃၆ သိန်း ထွက်ပြီး၊ တစ်မြို့နယ်လုံးရဲ့ ငုံနီအပေါ်ကရမယ့်ဝင်ငွေဟာ ကျပ်ဘီလီယံ ၆၂၀၀ နီးပါးရရှိမှာဖြစ်လို့ ကျေးလက်ဒေသရဲ့ လူမှုစီးပွားဘဝတွေ ဖွံ့ဖြိုးတိုးတက်လာ စေမှာဖြစ်ပါတယ်။

ထိုနည်းတူ မုံရွာကုန်စည်ဒိုင်ရဲ့ ပွဲစားကုန်သည်တွေကတစ်ဆင့် ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်နဲ့ Exporter တွေကနေ မြန်မာ့သီးနှံပြည်ပပို့ကုန်အဖြစ် စီးဆင်းသွားပြီး၊ နိုင်ငံရဲ့အကျိုးစီးပွားကိုပါ ဖြည့်ဆည်းပေးရာရောက်စေလို့ ပဲစင်းငုံစိုက်ပျိုးထုတ်လုပ်တဲ့တောင်သူတွေရဲ့ အနာဂတ်တွေ ရေရာလှပနိုင်ရန် ဝိုင်းဝန်းချိတ်ဆက်ပံ့ပိုးဖို့ အချိန်အခါ ကောင်း ရောက်ရှိနေပြီဖြစ်ပါကြောင်း . . . . ။

**ထွန်းလှိုင်-မုံရွာ**

## နနွင်း



### နနွင်း တန်ချိန် ၃၄၀ ကျော်တင်ပို့

နိုဝင်ဘာ ၁၅ ရက်မှ ၂၁ ရက် သီတင်းပတ်အတွင်း နနွင်း ၃၄၁ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ်မှာ ကန်ဒေါ်လာ ၂၀၅၉၂၀ တန်ဖိုးရှိ နနွင်း ၂၈၈ တန်ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ လည်းကောင်း၊ ကန်ဒေါ်လာ ၁၄၂၀၀ တန်ဖိုး ရှိ နနွင်း ၂၀ တန်ကို မလေးရှားနိုင်ငံသို့လည်းကောင်း၊ ကန်ဒေါ်လာ ၁၂၇၈၀ တန်ဖိုးရှိ နနွင်း ၁၈ တန်ကို စင်ကာပူနိုင်ငံသို့လည်းကောင်း တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် နနွင်းတင်ပို့နိုင်မှုမှာ တန်ချိန် ၂၉ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ် နနွင်းတင်ပို့မှုနဲ့ယှဉ်ရင် တန်ချိန် ၃၁၀ကျော် တင်ပို့မှုပို ခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**

### ဟိုပုံးနနွင်းဈေးကွက်မှာ မူဆယ်ဝယ်လက်နဲ့ ရန်ကုန်ဝယ်လက် အဆွဲသွက်

ရှမ်းနနွင်းမှာတော့ အောင်ပန်းနနွင်းထက် ဟိုပုံးနနွင်းကပိုပြီး အရောင်းအဝယ်ဖြစ်နေပါတယ်။ ဈေးကွက်မှာ အဝင်မရှိတဲ့အတွက် လက်ကျန်နနွင်းတွေကိုသာ ရောင်းနေရတယ်လို့လည်း သိရပါတယ်။ လွန်ခဲ့တဲ့ နှစ်နှစ်၊ သုံးနှစ်က လက်ကျန်နနွင်းတွေကို ဒီနှစ်မှာပေါင်းပြီးရောင်းနေရလို့ အဝင်မရှိပေမယ့် လက်ကျန်တော့ရှိနေပါသေးတယ်။ နနွင်းအသစ်တွေကတော့ မတ်လကုန်မှသာစပြီး ဈေးကွက်ကိုရောက်လာတော့မှာလို့လည်း သိရပါတယ်။

ဒီတစ်ပတ် ဟိုပုံးနနွင်းကို မူဆယ်ဝယ်လက်တွေအပြင် ရန်ကုန်ဝယ်လက်တွေကပါ ဝယ်ယူနေတယ်လို့ ဆိုပါတယ်။ ရန်ကုန်ကတစ်ဆင့် ပင်လယ်ရေကြောင်းနဲ့ ပြည်ပတင်ပို့ဖို့အတွက် ဝယ်ယူနေတာလို့လည်းဆိုပါတယ်။ ဟိုပုံးနနွင်းဈေးကွက်က အရောင်းအဝယ်ဖြစ်နေတာကြောင့် အောင်ပန်းဈေးကွက်မှာရှိတဲ့ အောင်ပန်း (ထိပ်စ) တွေပါ ဟိုပုံးဈေးကွက်ကို ပြန်ပြီးပို့နေရတယ်လို့လည်း ဈေးကွက်က သိရပါတယ်။

ဟိုပုံးနနွင်းကိုတော့ တစ်ပတ်အတွင်းမှာ မူဆယ်နဲ့ရန်ကုန်ဝယ်လက်တွေက ဝယ်ယူသွားတာ ပိဿာချိန် သုံးသောင်းခန့်ရှိတယ်လို့လည်း သိရပါတယ်။ ဟိုပုံးနနွင်းက တစ်ပိဿာကို ၁၇၀၀ ကျပ်ဈေးပေါက်နေပါတယ်။ အောင်ပန်းနနွင်းတွေကတော့ အနိမ့်ဆုံး ၁၀၀၀ ကျပ်မှ အမြင့်ဆုံး ၁၅၀၀ ကျပ်ဈေးရှိပြီး၊ ဆင်တောင်နနွင်းက ၁၇၀၀ ကျပ်၊ ၁၈၀၀ ကျပ်ဈေး ရှိတယ်လို့သိရပါတယ်။

**ဇေခိုင်-တောင်ကြီး**

## ဆီးဆံ

### မူဆယ်မှ ဆီးဆံ တန် ၇၀ ကျော် တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ နိုဝင်ဘာလ ၁၄ ရက်မှ ၂၀ ရက်ထိ သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၂၈၄၀၀၀ တန်ဖိုးရှိ ဆီးဆံ ၇၃ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။

ယခင်သီတင်းပတ်က ကန်ဒေါ်လာ ၂၃၅၀၀၀ တန်ဖိုးရှိ ဆီးဆံ တန် ၆၀ ကျော် တင်ပို့ခဲ့တာကြောင့် ယခုသီတင်းပတ်မှာ ၁၃ တန် ပိုမိုခဲ့တယ်လို့ သိရပါတယ်။

စစ်တွေကုန်သွယ်ရေးစခန်းကတော့ ယခုသီတင်းပတ်မှာ ဆီးဆံတင်ပို့မှု မရှိသော်လည်း ဆီးဖတ်တန် ၂၀၊ တန်ဖိုးကန်ဒေါ်လာ ၂၅၃၀ ဖိုးတင်ပို့နိုင်ခဲ့တယ်လို့သိရပါတယ်။

**တင်တင်ထွန်း**

## ချင်း

### ပြည်ချင်းဈေးကွက် အဝင်များပြီး အရောင်းအဝယ်ကောင်း

ယခုတစ်ပတ်တွင် ပြည်ချင်းဈေးကွက်အတွင်းရှိ ပွဲရုံများမှာ တန်ဆောင်တိုင်အခါကာလအတွက် ချင်းစားလှီးသမားများ အဝယ်လိုက်နေပြီး အရောင်းအဝယ်သွက်နေပါတယ်။ ပွဲရုံများသို့ ချင်းတက်အသစ်များ ပိဿာ ၃၀ ဝင်အိတ် ၃၀၀ ခန့်အဝင်ရှိပြီး ယခင်တစ်ပတ်များထက် အဝင်များလာပါတယ်။

ချင်းတက်အသစ်များ ကြာရှည်အထားခံသည့်အတွက် မှာယူတင်သွင်းမှုပိုမိုများပြားလာပါတယ်။ ဈေးနှုန်းမှာ ယခင်တစ်ပတ်အတိုင်း မပြောင်းလဲဘဲ ချင်းတစ်ပိဿာ ကျပ် ၉၀၀-၁၂၀၀ ကျပ်ရှိပြီး၊ ချင်းစားလှီးသမားများ လက်လီလက်ကားရောင်းဝယ်နေသူများနဲ့ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်တို့သို့ တင်ပို့မှုအပါအဝင်ပွဲရုံများ၌ ပိဿာချိန် ၅၀၀ ခန့် အရောင်းအဝယ်ဖြစ်ပြီး ယခင်ကာလများထက် အရောင်းအဝယ်သွက်လျက်ရှိကြောင်း သိရပါတယ်။

**ဝင်းဝင်းခိုင်-ပြည်**

### ကထိန်အလှူကာလ ချင်းထိုးသမားများကြောင့် ချင်းအရောင်းသွက်

ဒီတစ်ပတ်တော့ ရှမ်းပြည်နယ်မှာ ပွဲလမ်းတွေနဲ့ ကထိန်အလှူပွဲတွေများနေတာကြောင့်၊ တောင်သူတွေ ရော၊ ပွဲရုံတွေရော၊ ကုန်သည်တွေပါ အလုပ်နားနေလို့ သီးနှံတွေ အရောင်းအဝယ်အေး၊ အဝင်နည်းနေပါတယ်။ အောင်ပန်းဈေးကွက်မှာလည်း ချင်း၊ နနွင်း၊ ချင်းခြောက်စတဲ့သီးနှံတွေကလည်း အရောင်းအဝယ်အေးနေတယ်လို့ သိရပါတယ်။ ဒီနှစ်မှာလည်း ချင်းကို ပြည်ပဝယ်လက်တွေကသိပ်ပြီး မဝယ်ကြသေးပါဘူး။ ဈေးပတ်သမားတွေလောက်သာ အဝယ်ရှိပေမယ့် ဒီလမှာ ကထိန်အလှူပွဲများတာကြောင့် ဒေသအစုံက ချင်းထိုးသမား တွေက အဝယ်များနေပါတယ်။ တစ်လအတွင်းမှာ ချင်းပိဿာချိန်ပေါင်း ၂ ဒသမ ၅ သိန်းခန့် အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့လည်းသိရပါတယ်။ အောင်ပန်းဈေးကွက်မှာ ဒီတစ်ပတ်ချင်း (သစ်)ပေါက်ဈေးက တစ်ပိဿာကို ၅၀၀ ကျပ်မှ ၅၅၀ ကျပ်ဈေးရှိပါတယ်။

ဟိုပုံးဈေးကွက်မှာတော့ ချင်းအသစ်က အဝင်မရှိသေးလို့ အရောင်းမရှိ၊ အဝယ်မရှိဘူးလို့ သိရပါတယ်။ ချင်းသစ်တွေက ဒီဇင်ဘာလကုန်မှသာ ထွက်နိုင်တယ်လို့လည်း ဒေသခံကုန်သည်တွေထံက သိရပါတယ်။ ချင်းခြောက်ကတော့ လက်ကျန်မရှိတော့ပါဘူး။ ဟိုပုံးချင်းခြောက်က တစ်ပိဿာကို ၃၀၀၀ ကျပ်၊ ၃၅၀၀ ကျပ်နဲ့ ဈေးပိတ်သွားတယ်လို့သိရပါတယ်။

**ဇေခိုင်-တောင်ကြီး**

## သီဟိုဠ်

### မူဆယ်နဲ့ မြဝတီ ကုန်သွယ်ရေးဇုန်တို့မှ သီဟိုဠ်စေ့ တန် ၃၀ ကျော်တင်ပို့

မူဆယ်နဲ့ မြဝတီ ကုန်သွယ်ရေးဇုန်တို့မှ နိုဝင်ဘာ ၁၄ ရက်မှ ၂၀ ရက်အတွင်း သီဟိုဠ်စေ့ ၃၅ တန်ခန့် တင်ပို့နိုင်တဲ့အတွက် ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက ၄ တန်ကျော် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်ကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ သုည ဒသမ ၁၉၁ သန်းတန်ဖိုးရှိ သီဟိုဠ်စေ့ ၃၁ တန် တင်ပို့နိုင်တဲ့အတွက် ယခင်သီတင်းပတ်နဲ့နှိုင်းယှဉ်ပါက ၁ တန်ကျော် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ သုည ဒသမ ၀၂၄ သန်းတန်ဖိုးရှိ သီဟိုဠ်စေ့ ၃ တန်ကျော် တင်ပို့နိုင်တဲ့အတွက် ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက ၃ တန်ကျော် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ ကော့သောင်း ကုန်သွယ်ရေးစခန်းက ယခုသီတင်းပတ်တွင် တင်ပို့နိုင်ခြင်း မရှိသလို ယခင်သီတင်းပတ်ကလည်း တင်ပို့နိုင်ခြင်း မရှိခဲ့ဘူးလို့ သိရှိရပါတယ်။

**ခင်မြနွယ်**

## ကြက်သွန်



### နယ်စပ် ကြက်သွန်နီတင်ပို့မှု ပိုမိုမြင့်တက်

နိုဝင်ဘာလ တတိယပတ်မှာ မြန်မာ-ထိုင်းနယ်စပ်ရှိမြဝတီကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ ၃၆၄၈၀ တန်ဖိုးရှိ ကြက်သွန်နီ ၇၆ တန် တင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းပတ်က မြဝတီမှ ကြက်သွန်နီ ၃၂ တန်သာတင်ပို့ခဲ့လို့ ယခုတစ်ပတ် ကြက်သွန်နီတင်ပို့မှု ၄၄ တန်ပိုမိုလာပါတယ်။ တာချီလိတ် ကုန်သွယ်ရေးစခန်းကတော့ ကန်ဒေါ်လာ ၇၀၄၉၆ တန်ဖိုးရှိကြက်သွန်ဖြူ တန် ၅၀ တင်ပို့ခဲ့တာ တွေ့ရပါတယ်။ တစ်ရှိန်ထိုးမြင့်တက်နေတဲ့ ကြက်သွန်နီ ဈေးများ နိုဝင်ဘာလအတွင်း တစ်ပိဿာကို ၃၅၀၀ ကျပ်ထိ ထပ်မံမြင့်တက်လာခဲ့ရာ သုံးစွဲ သူတွေကလည်း ချင့်ချိန်သုံးစွဲကြတာမို့ ကြက်သွန်နီဝယ်ယူမှုနှုန်းလည်း ကျဆင်းလာခဲ့တယ်လို့ ပွဲရုံတွေကတစ်ဆင့်သိရပါတယ်။

ကြက်သွန်ပွဲရုံအများစုမှာလည်း လတ်တလောတွင် ပစ္စည်းပြတ်လပ်နေကြောင်း၊ မိုးတွင်းက ရေကြီးနစ်မြုပ်မှုကြောင့် စိုက်ခင်းတွေ ပျက်စီးခဲ့ပြီး ယခုနှစ်ကြက်သွန်နီအထွက် နောက်ကျကာ ပုံမှန်ကြက်သွန်နီအသစ်ထွက်ရှိမယ့် ဒီဇင်ဘာလမှာလည်း ကြက်သွန်နီ ရှားပါးပြီး ဈေးတွေ ဆက်လက်မြင့်တက်နေမှာကို စားသုံးသူရောရောင်းချသူများကပါ စိုးရိမ်နေကြောင်း ဘုရင့်နောင်ကုန်စည်ဒိုင်မှ သတင်းရရှိပါတယ်။

**မော်မော်အောင်**

### ပြည်ကြက်သွန်နီဈေးကွက်တွင် အသစ်ဝင်ရောက်မှုရှိလို့ ဈေးကျ

ယခုလ စတုတ္ထပတ်တွင် ပြည်ဈေးကွက်သို့ ကြက်သွန်နီအသစ်တွေ ဝင်ရောက်လာတာ တွေ့ရပါ တယ်။ စားဖိုဆောင်ကြက်သွန်နီတွေ ဝင်ရောက်လာတာနဲ့ဈေးနှုန်းလည်းချက်ချင်းဆိုသလို အနည်းငယ်ကျလာတာ တွေ့ရပါတယ်။ အသစ်ပေါ်စကြက်သွန်နီတွေဟာ အဝင်မလှိုင်သေးတာကြောင့် ဈေးလည်းအနည်းငယ်သာ ကျလာခြင်းဖြစ်ပါတယ်။ တရုတ်ကြက်သွန်နီတွေနဲ့စာရင် ဒေသအတွင်းမှထွက်ရှိတဲ့အသစ်ကိုသာ အကြိုက်များကြောင်းတွေ့ရပါတယ်။ ယခုတစ်ပတ်ပွဲရုံပေါက်ဈေး ကြက်သွန်နီတစ်ပိဿာ (ကြီး) ၂၇၀၀ ကျပ် (လတ်) ၂၆၀၀ ကျပ်နှင့် (သေး) ၂၄၀၀ ကျပ်ထိ ဈေးကျလာပါတယ်။ ဒေသတွင်း လက်လီတစ်ပိဿာ ဈေးကတော့ (ကြီး) ၃၀၀၀ကျပ်၊ (လတ်) ၂၉၀၀ ကျပ်နှင့် (သေး)၂၆၀၀ ကျပ်ဖြင့် ရောင်းချလျက်ရှိနေပါတယ်။

ယခုလိုကြက်သွန်နီသစ်တွေ ထွက်လာပြီး ဈေးနှုန်းကျဆင်းခြင်းဟာ ဒေသတွင်းနှင့် အခြားနီးစပ်ရာ မြို့နယ်၊ တိုင်းများအလိုက် ဝင်ရောက်မှုလှိုင်လာပါက ကြက်သွန်နီဈေးဆက်လက်ကျဆင်းလာမှာဖြစ်ပါတယ်။ ဝင်ရောက်လာတဲ့ ကြက်သွန်နီအသစ်တွေ အရောင်းအဝယ်သွက်လို့ တစ်ရက်ကြက်သွန်နီအိတ် ၃၀၀ နီးပါး အရောင်းအဝယ်ဖြစ်ကြောင်းသိရပါတယ်။

**နီနီဝင်း-ပြည်**



# လိုက်ပါစီးမျှောခြင်း

|နေကျော်ဆန်း၊ TPD|

တစ်နေ့ကဖြစ်သည်။ ကျွန်တော်တို့ဌာနခွဲတွင် အရာရှိများ မျက်နှာစုံညီ အစည်းအဝေးကလေး လုပ်ဖြစ်သည်။ မိမိတို့ဌာနခွဲ ရှေ့ဆက်ရမည့် ခရီးတဲ့ . . ။ တို့တစ်တွေ မိခင်ဌာနကြီးနဲ့အတူ ဘယ်လိုလိုက်ပါ စီးမျှောနိုင်မလဲတဲ့။ လိုက်ပါစီးမျှောဖို့ ဆွေးနွေးနေခြင်းဖြစ်ပါသည်။ ဌာနခွဲမှာ ရှိတဲ့ လူအင်အားကလည်း တဖြည်းဖြည်းနည်းလာပြီ။ တစ်ယောက်ပြောသည်။ ခါးဆက်က ပြတ်လာပြီတဲ့။ အောက်ကို ကြည့်ပြန်တော့လည်း ဝန်ထမ်းတွေရဲ့ အသက်ကကြီးနေကြသည်။ အလယ်ပိုင်းကလူတွေကြတော့လည်း အသက်က ငါးဆယ်ကျော်လာပြီ။ ဟန်ချက်ညီထိန်းကျောင်းဖို့ စွမ်းအားသစ်တွေက လိုလာနေပြီတဲ့ . . ။ လူငယ်စွမ်းအားသစ်တွေ ခုမှမွေးမြူနေကြရသည်။ အတွေ့အကြုံက အများကြီး လိုနေပြန်သည်။ ရှေ့ဆက်ရမည့် ခရီးက ခေတ်ပြောင်းစနစ်ပြောင်းတွေနဲ့ လက်တွေ့ကြုံရတော့မည်။ လိုက်ပါမစီးမျှောနိုင်ရင် နောက်မှာကျန်ခဲ့မည်တဲ့ ။ ကဲ . . ဘယ်လို လိုက်ပါစီးမျှောကြမည်နည်း။

မိမိဌာနခွဲကို ပြန်လည်သုံးသပ်ကြည့်တော့လည်း အခြားဌာနခွဲများနည်းတူ နေ့စဉ်အလုပ်များနေသည်။ ပြောရရင် ပိုတောင်ပိုဦးမည်ထင်သည်။တစ်ခုတော့ရှိသည်။ အပိုဆောင်းအလုပ်တွေက ထက်ဝက်ကျော်ခန့်ရှိသည်ဟု ထင်သည်။ ဌာနခွဲ၏ လုပ်ငန်းစဉ်နဲ့ အံဝင်သည်ဖြစ်စေ၊ အံမဝင်သည်ဖြစ်စေ ဝင်စာတွေက ဝင်လာမစဲတသဲသဲဖြစ်နေသည်။ ဒါသည်ပင်လျှင် မိခင်ဌာနကြီးအတွက် တာဝန်ခံ လိုက်ပါစီးမျှောနေခြင်းဖြစ်သည်။ သို့သော် အရှေ့က နည်းနေသေးသည်တဲ့။ တစ်စုံတစ်ခုရည်မှန်းချက်အပေါ် တိုင်းတာနေသော အရှေ့ဟု ထင်သည်။ သူ့အမြင် ကိုယ့်အမြင် မတူကွဲပြားနိုင်သည်။ မိခင်ဌာနကြီးအတွက် တာဝန်ခံဆောင်ရွက်ပေးနေခြင်းသည် အမှန်တော့ လိုက်ပါစီးမျှောနေခြင်းဖြစ်ပါသည်။ ခေတ်တွေစနစ်တွေ ပြောင်းလဲလာခဲ့သည်။ ပြုပြင်ပြောင်းလဲမှုများ ကဏ္ဍပေါင်းစုံ ဆောင်ရွက်နေခဲ့သည်။ သို့သော် ဝန်ထမ်းအဖွဲ့အစည်းအတွင်း ပြောင်းလဲမှုအရှေ့နှင့်အညီ လိုက်ပါနိုင်ခြင်း အားနည်းတာ တွေ့ရသည်။ အရိုးစွဲနေတဲ့ လုပ်ထုံးလုပ်နည်းများနဲ့ နပန်းလုံးနေကြသေးသည်။ ဝန်ထမ်းထုတွင် လူများပြီး ပွဲမစည်သည့် သဘောတွေက ရှိနေသေးသည်။ စဉ်းစားကြည်တော့ ထိုသို့ဖြစ်တည်လာခြင်းသည် အားလုံးလိုက်ပါစီးမျှောခွင့် မရခဲ့ကြလို့ဟု ထင်သည်။ လှော်တက် အချောင်းနှစ်ဆယ်ရှိသော်လည်း သုံးလေးတက်ဖြင့်သာ လှော်ခက်နေခဲ့ကြသည်။ နှစ်ကြာလာတော့ တချို့လှော်တက်တွေ ရေညှိတွေတက်လာကြတော့သည်။ လိုက်ပါစီးမျှောဖို့ ရှောင်ဖယ် နေတာလား၊ လိုက်ပါစီးမျှောဖို့ အခွင့်အရေးမရခဲ့ကြလို့လား စဉ်းစားစရာ ဖြစ်လာတော့သည်။ လိုက်ပါနိုင်ဖို့ စွမ်းအား မရှိကြလို့လား ဒါလည်း ဖြစ်နိုင်သည်။ ထိုသို့ဖြစ်တည်လာခဲ့ရခြင်းသည် အကြောင်းရင်းတစ်ခုခုတော့ရှိခဲ့ပြီ ဟုထင်မြင်မိပါသည်။

ဂျာနယ်တစ်စောင်မှာ ဖတ်ခဲ့ရဖူးသည်။ ကုမ္ပဏီတစ်ခုတွင်ဖြစ်စေ၊ အဖွဲ့အစည်းတစ်ခုတွင်ဖြစ်စေ၊ ဝန်ထမ်းများ လုပ်ငန်း ကျွမ်းကျင်ဖို့ မည်သို့မြေတောင်မြှောက်ပေးမည်။ ပညာရှင် ဝန်ထမ်းတွေကို မည်သို့မွေးမြူမည်။ ရေရှည် ဝန်ထမ်း ဖွံ့ဖြိုးရေးစီမံကိန်းတွေ မည်သို့လုပ်ဆောင်မည် စသည်ဖြင့် အကြောင်းအရာများစွာကို ဖတ်ခဲ့ရသည်။ ရေးထားတာတော့အများကြီးပဲ။ ထိုအထဲမှ ဝန်ထမ်းများ လုပ်ငန်းခွင်အတွင်း ရေရှည်တည်မြဲစေရေးအတွက် အကြောင်းအရာ အချို့ကိုတင်ပြလိုသည်။ လုပ်ငန်းခွင်အတွင်း ပျော်ရွှင်မှုပေးနိုင်ရန် စီမံဆောင်ရွက်ခြင်းသည် ဝန်ထမ်းများ ရေရှည်တည်မြဲစေရေးအတွက် အဓိက အကြောင်းအရင်းဖြစ်ကြောင်းတွေ့ရသည်။ ဝန်ထမ်းများ ပျော်ရွှင်ပါမှ ကျရာအခန်းကဏ္ဍတွင် လိုက်ပါစီးမျှောနိုင်မည်ဖြစ်သည်။ ဝန်ထမ်းများသည် လူသားများပင်ဖြစ်သည်။ မျှော်လင့်ချက်၊ ရည်မှန်းချက် ကိုယ်စီရှိသည်။ သာတူညီမျှ စီမံအုပ်ချုပ်တာ လိုချင်သည်။ ပွင့်လင်းမြင်သာမှု များစွာရယူလိုသည်။ ကိုယ်ချင်းစာနာမှု တရားကို လိုလားသည်။ တကယ့်လက်တွေ့မှာတော့ ကိုယ်ချင်းစာနာစိတ် နည်းနေကြသေးသည်ဟု ထင်သည်။ ပွင့်လင်းမြင်သာမှုဟု ဆိုသော်လည်း မပွင့်လင်းတာတွေက ရှိနေသေးသည်။ အောက်ခြေဝန်ထမ်းကို အပြစ်တင်ဖို့ပဲ စဉ်းစားနေကြသေးသည်။ ပြုပြင်ဖေးမ မြှင့်တင်ပေးရန် စဉ်းစားပေးရမည့် အစား အသုံးမကျဘူးဟုသာ မှတ်ချက်ပြုနေသည်။ ဌာနဆိုင်ရာအဖွဲ့အစည်းများတွင် အခုချိန်အထိ အသေးအဖွဲ့ကအစ အထက်ခွင့်ပြုချက် ရယူနေကြရသေးသည်။ တာဝန်ခံခြင်း၊ တာဝန်ယူခြင်းဆိုတာတွေက ထပ်တလဲလဲ မိန့်ဆိုနေကြသည်။ သို့သော် အနှစ်သာရက လေထဲမှာပျောက်နေသည်။ လွယ်ကူမြန်ဆန်အောင် လုပ်လို့ရသော်လည်း စာအုပ်ကြီးအတိုင်းသွားနေသည်။ အမှန်တော့ ကျွန်တော်တို့အားလုံး ယုံကြည်မှု ပျောက်ဆုံးနေကြသည်။ ကိုယ့်ကိုယ်ကိုယ်တောင် မယုံကြည်တော့သည့်သဘောဖြစ်နေသည်။ အောက်အဆင့်ကလည်း အထက်ကို မယုံကြည်။ ကောင်းစားစရာရှိရင် အနီးကပ်တပည့်တွေကိုပဲ ကြည့်နေသည်ဟု ထင်သည်။ အထက်အဆင့်ကလည်း အောက်ကိုမယုံကြည်။ လုပ်ပိုင်ခွင့်ကို အခွင့်ကောင်းယူ၍ မဟုတ်တာတွေလုပ်မည်ဟု ထင်သည်။ ဒီတော့ ကိုယ့်အနီးနားက တပည့်ကိုပဲ ခိုင်းတော့သည်။ ဒီလိုနဲ့ လုံးချာလည်ရိုက်နေကြတော့သည်။

အခုလည်းကြည့် မိမိဌာနခွဲ ရှေ့ဆက်မည့်ခရီးတွင် ဘယ်လိုလိုက်ပါစီးမျှော ကြမည်နည်းတဲ့။ အဖြေက ရှင်းပါသည်။ လိုက်ပါစီးမျှောခွင့် ဖန်တီးပေးရမည်ဟု ထင်သည်။ အားလုံးကလည်း လိုက်ပါစီးမျှောနိုင်အောင် ကြိုးစားဖို့ လိုလာသည်ဟုထင်ပါသည်။ ပျော်ရွှင်စွာလိုက်ပါစီးမျှော နိုင်ကြပါစေလို့ တင်ပြလိုက်ရပါသည်။

■

## Hughes JUPITER System အား မြန်မာနိုင်ငံ၏ တစ်နိုင်ငံလုံးဆိုင်ရာ ဂြိုဟ်တုဆက်သွယ်ရေးစနစ်အဖြစ် KBZ မှ ရွေးချယ်

မြန်နှုန်းမြင့် ဂြိုဟ်တုဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်းမှ မြန်မာပြည် တစ်ပြည်လုံးတွင်ချိတ်ဆက် အသုံးပြု နိုင်မည့် ဒစ်ဂျစ်တယ်ကွန်ရက်အား ကူညီတပ်ဆင်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

KBZ ကုမ္ပဏီလုပ်ငန်းစု၏ လုပ် ငန်းခွဲတစ်ခုဖြစ်သောKBZ Gateway ကုမ္ပဏီလီမိတက်သည် JUPITER - System အား မြန်မာနိုင်ငံအတွင်းရှိ ဂြိုဟ်တုဆက်သွယ်ရေးကွန်ရက်အား ပိုမိုများပြားကျယ်ပြန့်စွာ အသုံးပြုနိုင်စေရေးအတွက် ရွေးချယ်လိုက်ကြောင်း သိရသည်။

Hughes Network Systems LLC (Hughes)သည် တစ်ကမ္ဘာလုံး ဆိုင်ရာ ဂြိုဟ်တုဆက်သွယ်ရေး ကွန် ရက်တည်ဆောက်ခြင်းနှင့် ဝန်ဆောင် မှုပေးခြင်းလုပ်ငန်းဖြစ်ပြီး ၎င်းတို့မှ ဤ စနစ်အားအကောင်အထည်ဖော်ပေး သွားမည်ဖြစ်ကြောင်းသိရသည်။လက်ရှိ တွင်ဆောက်လုပ်အကောင်အထည် ဖော်နေဆဲဖြစ်သောအဆိုပါစီမံကိန်း တွင် JUPITER မြေပြင်စခန်းမှ Gateways များဖြင့် ထိန်းချုပ်သွားမည်ဖြစ်ပြီး အဝေးသုံး terminal များအား Ku နှင့် C ပတ်လမ်းရှိ ဂြိုလ်တုဆက်သွယ်ရေးများနှင့် ချိတ်ဆက်ကာလုပ်ငန်းစုများ၊ ဝယ်သူများနှင့် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိတယ်လီဖုန်း ဆက်သွယ်ရေးလုပ်ငန်းများသို့ ဆက်သွယ်ချိတ်ဆက်ပေးသွားမည် ဖြစ်သည်။

"ကျွန်တော်တို့ ကုမ္ပဏီနှစ်ခုဟာ မြန်မာနိုင်ငံရဲ့ဒစ်ဂျစ်တယ်ကဏ္ဍမှာချိတ် ဆက်ရေးပိုမိုလွယ်ကူစေဖို့ ပူးပေါင်းလုပ် ဆောင်သွားမှာဖြစ်ပါတယ်"ဟု KBZ Gateway ကုမ္ပဏီလီမိတက်၏ အမှု ဆောင်အရာရှိချုပ်ဖြစ်သူ Stephane Lamoureux က ပြောကြားခဲ့သည်။

"ဒါဟာဝန်ဆောင်မှုအသစ်တစ်ခု ကို ချပြ မိတ်ဆက်ပေးလိုက်ရုံပဲ မဟုတ်ပါဘူး။ မြန်မာ့ တယ်လီဖုန်းဆက်သွယ် ရေးနယ်ပယ်မှာ ပိုမိုအောင်မြင်ပြီး ကျယ်ပြန့်တဲ့ မြန်နှုန်းမြင့် လိုင်းချိတ် ဆက်မှုနဲ့ပင်မဝန်ဆောင်မှုတွေကို နိုင်ငံတစ်ဝန်းလုံးမှာရှိတဲ့ပြည်သူတွေရရှိ ခံစားစေဖို့ ရည်ရွယ်ပါတယ်။ အခုဆိုရင် ဒီ JUPITER System ကနေ ကျွန်တော်တို့ကို ထိရောက်တဲ့ ဖြေရှင်းနည်းတွေ ပေးမှာဖြစ်ပြီး မြန်မာနိုင်ငံအတွင်း ကနေ ချိတ်ဆက်နိုင်မယ့်အရည်အသွေးမြင့်ဂြိုဟ်တုဆက်သွယ်ရေးဝန်ဆောင်မှု တွေက တစ်ဆင့် လုံးဝပြတ်တောက်မှု မရှိတဲ့ ဆက်သွယ်ရေးစနစ်ကိုမကြာမီ မှာ ပေးစွမ်းနိုင်တော့မှာပါ" ဟု ဆက် လက်ပြောကြားခဲ့သည်။

Hughes JUPITER System တွင် လိုက်လျောညီထွေရှိပြီး အားကောင်းသောလည်ပတ်မှုစနစ်ပါရှိ သည့် Gateway တည်ဆောက်ပုံစနစ်များ ပါဝင်ပြီး၊ IPoS ချိတ်ဆက်မှုစနစ်ပါဝင်သော ကြားခံနယ်၏ အပိုင်း အခြားများအား တိုးချဲ့ထားပါသည်။ ထို့ပြင် ပို့လွှတ်မှု ပမာဏမြှင့်ထားသော Terminal များ၊ Operator များ၏ ခံနိုင်ရည်နှင့် ဂြိုလ်တုပတ်လမ်းတွင် တပ်ဆင်ထားသောကိရိယာများ၏ခံနိုင် အားများကိုလည်း တိုးမြှင့်ထားကြောင်း သိရသည်။

မြေအောက်ဆက်သွယ်ရေး နည်းပညာသည် Chip (SoC) အသုံးပြုသည့် အားကောင်းသော JUPITER System ဖြစ်ပါသည်။ ထို့ကြောင့်သီးသန့်ဒီဇိုင်း ဆွဲထားသောသေးငယ်သည့်ကွန်ပျူတာဗဟိုတွက်ချက်မှုအစိတ်အပိုင်းများဖြင့် တပ်ဆင်တည်ဆောက်ထားသည့် ဘက်စုံရ တည်ဆောက်ပုံဖြစ်လာပါသည်။ JUPITER ကွန်ရက်တစ်ခုလုံး၏ ဗဟိုခလုတ်ထိန်းချုပ်ရေးစနစ်တိုင်းအား 100 Mbps ပို့လွှတ်ပေးလျက်ရှိသည်။

"မြန်မာနိုင်ငံဟာ လက်ရှိမှာ တယ်လီဖုန်းဆက်သွယ်ရေးဝန်ဆောင် မှုလုပ်ငန်းဈေးကွက်ကို ပိုမိုအရေးပါလာအောင်တွန်းအားပေးလျက်ရှိပြီး KBZ Gateaway သည်လည်း ဒီလုပ်ဆောင်မှုမှာ ရှေ့တန်းကနေ ဦးဆောင် လျက်ရှိနေပါတယ်"ဟု နိုင်ငံတကာ ရုံးခွဲများကို တာဝန်ယူစီမံခန့်ခွဲနေသည့် Hughes၏ ဥက္ကဋ္ဌဖြစ်သူ Ramesh Ramaswamy က ပြောကြားခဲ့သည်။

AJS

## ခာတ်ဆီ/ဒီဇယ်

# ဒီတစ်ပတ်ခာတ်ဆီရော ဒီဇယ်ပါ ပိုမိုဝင်ရောက်

နိုဝင်ဘာ ၁၅ ရက်မှ ၂၁ ရက် သီတင်းပတ်အတွင်း ကန်ဒေါ်လာ၅၈၉၉၉၁၀ တန်ဖိုးရှိ ဒီဇယ် ၉၇၁၁သမ၅၀ တန်နဲ့ ကန်ဒေါ်လာ ၂၅၇၇၉၆၀ တန်ဖိုးရှိ ခာတ်ဆီ ၄၄ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် ဒီဇယ်အဝင်မှာ၆၆ တန်ရှိခဲ့တာကြောင့် ဒီတစ်ပတ်အဝင်နဲ့ယှဉ်ရင် ၃၁ တန်ကျော်အဝင်ပိုခဲ့သလို ယခင်တစ်ပတ် ခာတ်ဆီအဝင်မှာ၂၅ တန်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်အဝင်နဲ့ယှဉ်ရင် ၄၉ တန်ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ဒီဇယ်ရော ခာတ်ဆီပါ အဝင်ပိုခဲ့တယ်လို့သိရပါတယ်။

ပြည်တွင်းပုဂ္ဂလိက စက်သုံးဆီဆိုင်များမှာ နိုဝင်ဘာ ၂၃ရက်မှ ၂၇ ရက်အတွင်း ရောင်းချနေတဲ့ ခာတ်ဆီ၊ ဒီဇယ်ဈေးများက ရန်ကုန်၊ မော်လမြိုင်နဲ့ တောင်ကြီးမှာဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ပြင်ပမှာ လက်လီရောင်းချနေတဲ့ ဒီဇယ်၊ ခာတ်ဆီပီပါဈေးများမှာလည်း ယခင်တစ်ပတ်ဈေးနှင့် နှိုင်းယှဉ်ကြည့်ရင် ရန်ကုန်မှာ ခာတ်ဆီ၊ ဒီဇယ်ဈေး ဈေးငြိမ်ခဲ့တယ်လို့ သိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ပုဂ္ဂလိက စက်သုံးဆီဆိုင်များမှာ ရောင်းချနေတဲ့ ဒီဇယ်၊ အဆင့်မြင့်ဒီဇယ်၊ ဒီဇယ်၊ အောက်တိန်း (92)နဲ့ အောက်တိန်း(95) မှာ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ဈေးမှာ ဒီဇယ် ၆၁၀ ကျပ်၊ အောက်တိန်း (92) ၆၇၀ကျပ်၊ အောက်တိန်း (95) ၇၇၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် ၆၇ ၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ပီပါဈေးများမှာ နိုဝင်ဘာ ၂၃ ရက် ခာတ်ဆီဝယ်ဈေး ၁၅၃၀၀၀ ကျပ်၊ ရောင်းဈေး ၁၅၅၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံး ဒီဈေးနဲ့ပဲ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ဒီဇယ်ဈေးမှာ နိုဝင်ဘာ ၂၃ ရက်မှာ ဝယ်ဈေး ၁၂၂၀၀၀ ကျပ်၊ ရောင်းဈေး ၁၂၄၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံးဒီဈေးနဲ့ပဲ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့ယှဉ်ရင် ခာတ်ဆီဈေးငြိမ်နေခဲ့သော်လည်း ဒီဇယ်မှာ ဈေးနည်းနည်းကျလာတယ်လို့ သိရပါတယ်။ တစ်ဂါလန် ဝယ်ဈေး၊ ရောင်းဈေးများမှာ ခာတ်ဆီဈေးက တစ်ဂါလန် ၃၅၀၀ ကျပ်၊ ဒီဇယ်တစ်ဂါလန်၃၂၀၀ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ခာတ်ဆီ၊ ဒီဇယ်အရောင်းအဝယ်သမားတစ်ဦးထံမှ စုံစမ်းသိရှိခဲ့ပါတယ်။

**မန္တလေးဈေးကွက်မှာ** ခာတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ရှိနေတယ်။ ပုဂ္ဂလိကဆိုင်များတွင် ရောင်းချနေတဲ့ဈေးမှာ ဒီဇယ်၊ ခာတ်ဆီ၊ အောက်တိန်း၊ အဆင့်မြင့်ဒီဇယ်မှာ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ဈေးမှာ ခာတ်ဆီ တစ်လီတာ ၇၁၀ ကျပ်၊ အောက်တိန်း ၆၇၀ ကျပ်၊ ဒီဇယ် ၆၇၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် ၇၁၀ ကျပ်နဲ့ ရောင်းချနေပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာ နိုဝင်ဘာ ၂၃ ရက်မှာ ဒီဇယ် ဝယ်ဈေး ၁၂၆၀၀၀ ကျပ်၊ ရောင်းဈေး ၁၂၇၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ရာ တစ်ပတ်လုံးဒီဈေးနဲ့ အရောင်းအဝယ်ဖြစ် ခဲ့တယ်လို့ သိရပါတယ်။ ခာတ်ဆီဈေးမှာ နိုဝင်ဘာ ၂၃ ရက်မှာ ဝယ်ဈေး ၁၄၀၀၀၀ ကျပ်၊ ရောင်းဈေး ၁၄၂၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံး ဒီဈေးနဲ့ပဲ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့ယှဉ်ရင် ဒီဇယ်ဈေး နည်းနည်းကျလာသလို ခာတ်ဆီက ဝယ်ဈေး၊ ရောင်းဈေး ၆၀၀၀ ကျပ်ဝန်းကျင် ဈေးကျလာခဲ့တယ်လို့သိရပါတယ်။ ပြင်ပလက်လီဆိုင်များတွင် တစ်ဂါလန်ဈေးမှာ ဒီဇယ် ၃၁၀၀ ကျပ်၊ ခာတ်ဆီ ၃၃၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

တောင်ကြီးဈေးကွက်မှာ ခာတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် စက်သုံးဆီဈေးများမှာ ခာတ်ဆီဈေး နည်းနည်းကျပြီး ဒီဇယ် ဈေးငြိမ်ခဲ့တယ်လို့ သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်ရဲ့ဈေးမှာ ခာတ်ဆီ တစ်ဂါလန် ၃၀၀၀ ကျပ်၊ ဒီဇယ် ၃၃၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရှိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ခာတ်ဆီ ၃၀၀၀ ကျပ်၊ ဒီဇယ် ၃၃၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့သိရပါ တယ်။

**မော်လမြိုင်ဈေးကွက်မှာ** ပုဂ္ဂလိက စက်သုံးဆီဆိုင်ရဲ့ ခာတ်ဆီ၊ ဒီဇယ်၊ အောက်တိန်းဈေးမှာ ငြိမ်နေတယ်လို့သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေတဲ့ဈေးများက ခာတ်ဆီတစ်ဂါလန် ၃၁၅၀ ကျပ်၊ ဒီဇယ် တစ်ဂါလန် ၃၀၆၀ ကျပ်၊ အောက်တိန်း ၃၃၃၀ ကျပ်နဲ့ ရောင်းချတယ်လို့သိရပါတယ်။ပြင်ပလက်လီဆိုင်များမှာ ခာတ်ဆီတစ်ဂါလန် ၃၃၀၀ကျပ်၊ ဒီဇယ် တစ်ဂါလန် ၃၂၀၀ ကျပ်၊ အောက်တိန်း ၃၄၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်နေတယ်လို့ သိရှိရပါတယ်။

**MIRT-DOT**

## Energy NYMEX 27-11-2015

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 42.45 | -0.59 | -1.37 |
| Brent Crude Futr (USD/bbl) | 45.30 | -0.16 | -0.35 |
| Gasoline Rbob Fut (Cent/gal) | 139.33 | -0.28 | -0.20 |
| Natural Gas Futr (USD/MMBtu) | 2.24 | -0.06 | -2.78 |
| Heating Oil Futr (Cent/gal) | 137.09 | -3.18 | -2.27 |

# ပြည်တွင်းငွေလဲနှုန်း ကျပ် ၁၃၀၀ ကျော်အထိ ရောက်ရှိ

ယခုတစ်ပတ်တွင် ပြည်တွင်းငွေလဲနှုန်းမှာ ကျပ် ၁၃၀၀ ကျော်အထိရောက်ရှိခဲ့ကြောင်း ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။ တန်ဆောင်တိုင်ပွဲတော်ကာလဖြစ်သည့်အတွက် ပြည်တွင်းငွေဈေးကွက်တွင် ဒေါ်လာများအဝယ်လိုက်လာသဖြင့် ဈေးများ မြင့်တက်လာရခြင်းဖြစ်ကြောင်း သိရသည်။

"ဈေးကွက်ထဲမှာ ပြီးခဲ့တဲ့ရက်သတ္တပတ်အတွင်းကတည်းက မြင့်တက်ခဲ့တဲ့ ငွေဈေးက ဒီတစ်ပတ်မှာ ဆက်ပြီးမြင့်တက်လာတယ်။ သွင်းကုန်သမားတွေ ပိုပြီး ဝယ်လာကြတယ်။ သူတို့အပြောကတော့ ကြက်သွန်နဲ့တခြားကုန်တွေ ဝယ်ဖို့လို့ ပြောတယ်။ ကြက်သွန်က တော့အဓိကပေါ့။ ကြက်သွန်က ပြည် တွင်းဈေးကွက်မှာ တော်တော်လေးကို နေရာယူလာတယ်။ ဈေးကလည်း ကောင်းနေတော့ ပြည်ပက ကြက်သွန်တွေ အထူးသဖြင့် တရုတ်က ကြက်သွန်တွေ သွင်းလာကြတယ်။ လူသုံးကုန်တွေသာမက အခုလို ပြည်တွင်းသုံးဖို့အတွက် လိုအပ်လာတဲ့ကြက်သွန်ကိုပါ တင်သွင်းနေရတော့ ဒေါ်လာကခါတိုင်းထက်ပိုပြီး အဝယ်လိုက်လာတယ်။ အဝယ်လိုက်လာရင် ဈေးတက်တာက ထုံးစံလိုဖြစ်နေတာပဲ။ ဒေါ်လာဈေးကို ထိန်းထားဖို့တော့လိုနေပြီ။ ဒေါ်လာဈေးတက်ရင် စားသောက်ကုန်တွေက ဈေးတက်နေတော့ ပြည်သူတွေပဲ အထိနာတာ။ ကုန်သည်တွေကတော့ ဒီနေ့ငွေဈေးတက်ရင် ကုန်ပစ္စည်းဈေးနှုန်းကို မြှင့်လိုက်တာပဲ။ သာမန်ပြည်သူတွေအတွက် ဒေါ်လာဈေးကို အတက်အကျ နည်းနိုင်သမျှနည်းအောင် ထိန်းထားဖို့လိုပါတယ်"ဟု သွင်းကုန်လုပ်ငန်းရှင်တစ်ဦးက ပြောကြားခဲ့သည်။

နိုဝင်ဘာ ၂၃ ရက်က ရောင်းဈေး ၁၃၀၂ ကျပ်၊ ဝယ်ဈေး ၁၂၈၉ ကျပ်ရှိခဲ့ရာမှ နိုဝင်ဘာ ၂၄ ရက်တွင် ရောင်းဈေး ၁၃၀၅ ကျပ်၊ ဝယ်ဈေး ၁၃၀၁ကျပ်ရှိခဲ့သည်။ နိုဝင်ဘာ၂၇ ရက်တွင် အနည်းငယ်ပြန်လည်ကျဆင်းလာခဲ့ပြီး ရောင်းဈေး ၁၃၀၂ ကျပ်၊ ဝယ်ဈေး ၁၂၉၈ကျပ်ဖြစ်ခဲ့သည်။

ဗဟိုဘဏ်မှ သတ်မှတ်ထားသည့် ရည်ညွှန်းငွေလဲနှုန်းမှာ နိုဝင်ဘာ ၂၃ ရက်တွင် ၁၂၉၉ကျပ်ရှိခဲ့ပြီး နိုဝင်ဘာ ၂၄ ရက်တွင် ၁၃၀၀ ကျပ်ရှိခဲ့သည်။

**မယ်သီတာ**

# မြန်မာ့ရွှေဈေး အတက်အကျအနည်းငယ်သာရှိနေ

ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်းက ကျဆင်းခဲ့သည့်မြန်မာ့ရွှေဈေးသည် ယခုတစ်ပတ်တွင် အတက်အကျ အနည်းငယ်ဖြင့်သာ ဈေးကွက်အတွင်း ရောင်းဝယ်လျက်ရှိကြောင်း သိရသည်။

ကမ္ဘာ့ရွှေဈေး ကျဆင်းနေသော်လည်းပြည်တွင်းရွှေဈေးမှာ ကျဆင်းလာခြင်းမရှိဘဲ အတက်အကျ အနည်းငယ်သာရှိနေကြောင်း၊ ဈေးအနည်းငယ်ငြိမ်သက်နေသဖြင့် တက်ဈေးကို မျှော်နေသည့်သူများသာ ဈေးကွက်ကိုစောင့်နေကြကြောင်း၊ အရောင်းအဝယ်အနေဖြင့် ပွဲတော်များရှိနေသဖြင့် အထည်များသာ အဝယ်လိုက်နေကြောင်း သိရသည်။

"ဈေးကွက်ထဲမှာ အထည်တွေလောက်ပဲ အဝယ်လိုက်တယ်။ ဈေးက နည်းနည်းချင်းစီ တက်လိုက်ကျလိုက်ဖြစ်နေတော့ ဝယ်ရောင်းသမားတွေအတွက် အလုပ်မဖြစ်ဘူးလေ။ ဈေးတက်မယ်ဆိုတာထက် ဈေးကျဖို့ရှိနေတယ်ဆိုတဲ့ စကားဦးသမ်းထားတာတွေကြောင့် ဝယ်မယ့်သူတွေ လက်တွန့်နေကြတယ်။ ရောင်းမယ့်သူတွေကလည်း ဈေးနည်းနည်းလေး ကျပြီဆိုတာနဲ့ ထုတ်ရောင်းဖို့ လုပ်ကြတာဆိုတော့ ဈေးကွက်ကို လေ့လာနေကြတဲ့သဘောမျိုးဖြစ်နေတယ်။ ပိုဆိုးတာက နောက်လထဲမှာ စတော့ဈေးကွက်ဖွင့်မယ်ဆိုတော့ အဲဒီဘက်ကို ခြေလှမ်းပြင်ကြမယ့်သူတွေက ရွှေကို ကိုင်မထားချင်ကြတော့ဘူး။ အခုအချိန်မှာ ကမ္ဘာ့ရွှေဈေးကကျနေတယ်။ ဒါပေမယ့် ပြည်တွင်းငွေလဲနှုန်းက တက်နေတဲ့အခါကျတော့ ရွှေဈေးက ကျသင့်သလောက် မကျဘူး။ အရင်တုန်းက ဒေါ်လာဈေးတက်ရင် ရွှေဈေးကကျတယ်။ ရွှေနဲ့ဒေါ်လာ ဆန့်ကျင်ဘက်ဖြစ်နေပေမယ့် အခုကတော့ဈေးကွက်ကတစ်မျိုးဖြစ်နေတယ်" ဟု ရွှေဈေးကွက်အတွင်း ဝယ်ရောင်းပြုလုပ်နေသူတစ်ဦးက ပြောကြားခဲ့သည်။

ပြည်တွင်းရွှေဈေးသည် နိုဝင်ဘာ ၂၃ ရက်တွင် ၇၅၂၀၀၀ ကျပ်ရှိခဲ့ရာမှ နိုဝင်ဘာ၂၄ ရက်တွင် ၇၄၉၀၀၀ ကျပ်သို့ အနည်းငယ်ကျဆင်းသွားခဲ့သည်။ သို့သော် နိုဝင်ဘာ ၂၅ ရက်တွင် ကျပ် ၇၅၅၀၀၀ သို့ ပြန်လည်မြင့်တက်ခဲ့ပြီး နိုဝင်ဘာ ၂၇ ရက်တွင် ကျပ် ၇၅၁၀၀၀ သို့ ပြန်လည်ကျဆင်းခဲ့သည်။

ကမ္ဘာ့ရွှေဈေးသည် နိုဝင်ဘာ ၂၃ ရက်တွင် ၁၀၇၀ ဒေါ်လာရှိခဲ့ရာမှ နိုဝင်ဘာ ၂၅ ရက်တွင် ၁၀၇၇ ဒေါ်လာသို့ မြင့်တက်ခဲ့ပြီး နိုဝင်ဘာ ၂၇ ရက်တွင် ၁၀၇၁ ဒေါ်လာသို့ ပြန်လည်ကျဆင်းခဲ့သည်။

**မယ်သီတာ**

## Currency Exchange Rate

November 27, 2015
Base Currency is
United States Dollar - USD

| Currency Unit | | Units per USD |
|---|---|---|
| AUD | Australia Dollars | 1.39 |
| BDT | Bangladesh Taka | 78.14 |
| CAD | Canada Dollars | 1.33 |
| CNY | China Yuan Renminbi | 6.40 |
| EUR | Euro | 0.94 |
| H KD | Hong Kong Dollars | 7.75 |
| I NR | India Rupees | 66.75 |
| I DR | Indonesia Rupiahs | 13766.41 |
| JPY | Japan Yen | 122.40 |
| MYR | Malaysia | 4.24 |
| PKR | Pakistan Rupees | 105.50 |
| PHP | Philippines Pesos | 47.15 |
| RUB | Russia Rubles | 66.25 |
| SGD | Singapore Dollars | 1.41 |
| KRW | South Korea Won | 1154.99 |
| LKR | Sri Lanka Rupe | 143.10 |
| THB | Thailand Baht | 35.80 |
| GBP | United Kingdom Pounds | 0.66 |
| VND | VietnamDon | 22510.00 |

Source : xe.com

## World Gold Price

November, 2015 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 23 | 1069 | 1070 | 1069 |
| 24 | 1069 | 1070 | 1069 |
| 25 | 1076 | 1077 | 1076 |
| 26 | 1065 | 1068 | 1069 |
| 27 | 1066 | 1068 | 1069 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 23-11- 2015 | 749.00 | 748.00 |
| 24-11- 2015 | 749.80 | 749.00 |
| 25-11- 2015 | 754.00 | 753.50 |
| 26-11- 2015 | - | - |
| 27-11- 2015 | 748.00 | 747.00 |

## နယ်စပ်ငွေလဲလှယ်နှုန်း

နိုဝင်ဘာ ၂၀၁၅ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 23 | 6 .40 | 35.84 | 78.09 | 66.34 |
| 24 | 6. 39 | 35.81 | 77.36 | 66.39 |
| 25 | 6 39 | 35.68 | 77.34 | 66.35 |
| 26 | 6 .39 | 35.79 | 78.14 | 66.42 |
| 27 | 6.39 | 35.80 | 78.14 | 66.75 |

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 23- November | 13.99 | 1529.92 | 1474.82 | 4589.31 | 847.00 |
| 24- November | 14.15 | 1592.86 | 1491.62 | 4650.69 | 839.00 |
| 25- November | 14.23 | 1591.97 | 1466.30 | 4739.62 | 844.00 |
| 26- November | 14.13 | 1598.02 | 1511.78 | 4730.66 | 848.00 |
| 27- November | 14.10 | 1598.02 | 1504.16 | 4733.12 | 847.00 |

Source:kitco.com

## ဘိလပ်မြေ

### ဒီတစ်ပတ်ဘိလပ်မြေတန်ချိန် ငါးသောင်းလေးထောင်ကျော်ဝင်



နိုဝင်ဘာ ၁၅ ရက်မှ ၂၁ ရက် သီတင်းပတ်အတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ ကန်ဒေါ်လာ ၄၄၇၀၉၀၅ တန်ဖိုးရှိ ဘိလပ်မြေ ၅၄၃၆၇ ဒသမ ၅၂၈ တန်ကို တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

ဒီတစ်ပတ်မှာ ထိုင်းနိုင်ငံမှ ကန်ဒေါ်လာ ၃၁၈၄၅၀၅ တန်ဖိုးရှိ ဘိလပ်မြေ တန်ချိန် ၃၈၃၆၇ ဒသမ ၅၂၈တန်နဲ့ စင်ကာပူနိုင်ငံမှ ကန်ဒေါ်လာ၁၂၈၆၄၀၀ တန်ဖိုးရှိ ဘိလပ်မြေ ၁၆၀၀၀ တန်ကို တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ စိန်၊ ဆင်၊ TPI နဲ့အတူ အခြား တံဆိပ်များလည်း ဝင်လာခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် ဘိလပ်မြေ အဝင်မှာ တန်ချိန် ၆၇၀၀ ကျော်သာရှိခဲ့တာကြောင့် ဒီတစ်ပတ်အဝင်နဲ့ယှဉ်ရင် တန်ချိန် လေးသောင်းခုနစ်ထောင်ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

### ဘိလပ်မြေဈေးကွက် အရောင်းအဝယ်ကောင်းသော်လည်း ဈေးငြိမ်

နိုဝင်ဘာလ ၁၅ ရက် ၂၁ ရက် သီတင်းပတ်မှာ ပြည်တွင်းကို ရေလမ်းမှဘိလပ်မြေအဝင်မှာ ၅၄၃၆၇ တန်ကျော် ရှိခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် ဘိလပ်မြေအဝင်မှာ ၆၇၁၂ တန်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ဘိလပ်မြေ တန်ချိန် ၄၇၀၀၀ ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ နယ်စပ်လမ်းမှ ဘိလပ်မြေ အဝင်မှာ ၂၃၆၀၂ တန်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ ၁၅၄၈၁ တန်ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၈၁၂၀ ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းရော နယ်စပ်လမ်းမှပါ အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

**တောင်ကြီးဘိလပ်မြေဈေးကွက်မှာ** အရောင်းအဝယ် ပုံမှန်ရှိတယ်လို့ သိရပါတယ်။ဈေးကွက်ထဲမှာ ကျားခေါင်းဘိလပ်မြေက ပစ္စည်းပြတ်နေဆဲဖြစ်တယ်လို့ သိရပါတယ်။ အရောင်းအဝယ် ရှိပေမယ့်လည်း ဈေးကငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်တဲ့ဈေးက ဆင်(ထိုင်း) ၇၁၀၀ကျပ်၊ အပါချီ ၅၁၀၀ ကျပ်၊အေသုံးလုံး ၅၀၀၀ ကျပ်၊ ကမ္ဘောဇ ၄၆၀၀ ကျပ်၊ နဂါး ၅၃၀၀ ကျပ်၊ စိန် ၇၃၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ဘိလပ်မြေက ဒီတစ်ပတ် အရောင်းပုံမှန်ရှိပေမယ့် ဒီတစ်ပတ်မှာ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင်(ထိုင်း) ၅၇၀၀ ကျပ်၊ စိန်(ထိုင်း) ၅၅၀၀ ကျပ်၊ ကြံ့(မြိုင်ကလေး) ၄၉၅၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ သိရှိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ဘိလပ်မြေ အရောင်းအဝယ်ကောင်းတယ်။ ပွင့်လင်းရာသီကြောင့် ဆောက်လုပ်ရေး လုပ်ငန်းတွေ ပြန်လည်လုပ်ကိုင်လာကြသလို ပြုပြင်ရေးလည်းလုပ်ကိုင်လာတာကြောင့် အရောင်းအဝယ် ကောင်းပေမယ့်လည်း ဈေးတွေကငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲမှာ စိန် ၆၀၀၀ ကျပ်၊ ဆင် ၆၁၀၀ ကျပ်၊ ကြံ့နှစ်ကောင် (နီ) ၅၅၀၀ ကျပ်၊ကြံ့နှစ်ကောင် (စိမ်း)၅၂၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဘိလပ်မြေအရောင်းဆိုင်မှ စုံစမ်းသိရှိခဲ့ပါတယ်။

**သီတာဝင်း (DOT) စုစည်းသည်**

## ဓာတ်မြေသြဇာ

### နိုင်ငံစုံမှ မြေသြဇာ တန်ချိန် ခုနစ်ထောင်နီးပါးကျော်ဝင်

နိုဝင်ဘာ ၁၅ ရက်မှ ၂၁ ရက် သီတင်းပတ်အတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ ကန်ဒေါ်လာ ၁၇၈၂၈၆၇ တန်ဖိုးရှိတဲ့ မြေသြဇာ ၆၇၀၄ ဒသမ ၆၀၇ တန်တင်သွင်းခဲ့ပါတယ်။ဒီတစ်ပတ်မှာ တရုတ်နိုင်ငံမှ ၂၈၄၈ ဒသမ ၂၅ တန်၊ အိန္ဒိယ မှ တန် ၂၀၊ ဂျာမနီ မှ တန်ချိန် ၃၀၀၊ မလေးရှားမှ တန်ချိန်၁၀၀ နဲ့ ထိုင်းနိုင်ငံမှ ၃၂၆၇ ဒသမ ၄၇ တန် တင်သွင်းခဲ့တယ်လို့သိရပါတယ်။ ဒီတစ်ပတ်မှာ ဝင်လာတဲ့ မြေဆီအမျိုးအစားများမှာ ကွန်ပေါင်း၊ နိုက်တြိုဂျင် ၊ ယူရီးယား၊အမိုင်နို အက်ဆစ်၊ ပိုတက်ဆီယမ် နိုက်တြိတ်စတဲ့ အမျိုးအစားများ ဝင်လာခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် မြေဆီအဝင်မှာ တန်ချိန် ၈၉၀၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ် အဝင်နဲ့ယှဉ်ရင် တန်ချိန် ၂၂၃၀ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

### မြေသြဇာဈေးကွက် အရောင်းအေး၊ ဈေးငြိမ်နေ

နိုဝင်ဘာ ၁၅ ရက်မှ ၂၁ ရက် သီတင်းပတ်အတွင်း ပြည်တွင်းကို ရေလမ်းမှ မြေသြဇာ ၆၇၀၄ တန်ကျော် အဝင်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ တန်ချိန် ၈၉၃၅ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၂၂၃၀ ကျော် အဝင်လျော့ခဲ့တယ် လို့သိရပါတယ်။ နယ်စပ်လမ်းမှ ယခုတစ်ပတ် မြေသြဇာအဝင်မှာ ၁၉၅၆၀ တန်ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ ၁၅၉၁၈ တန်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၃၆၄၁ ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းမှ အဝင်လျော့ခဲ့ပြီး နယ်စပ်လမ်းမှအဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ဒီတစ်ပတ်မှာလည်း မြေသြဇာ အရောင်းသွက်တယ်လို့ သိရပါတယ်။ တန်ဆောင်တိုင်ပွဲတော်ကြောင့် အရောင်းအဝယ်အေးမယ်ထင်နေပေမယ့် မအေးခဲ့ဘဲ သွက်တယ်လို့ စိုက်ပျိုးရေးဆိုင်မှ တာဝန်ရှိသူတစ်ဦးက ဆိုပါတယ်။ အရောင်းသွက်ပေမယ့် ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ ပုလဲအသေး ၄၆% (ရွှေတုံး၊ ရွှေပျား၊ ရွှေတောင်)(တရုတ်) ၂၁၅၀၀ ကျပ်၊ ကွန်ပေါင်း (အစိမ်း) ၁၅ပတ်လည် (ထိုင်း) ၃၈၅၀၀ ကျပ်၊ ကွန်ပေါင်း (ပန်းရောင်) ၁၅ ပတ်လည် (ထိုင်း) ၃၀၅၀၀ ကျပ်၊ကွန်ပေါင်း ၁၆း၁၆း၈ (မြင်းပျံ -ထိုင်း)၂၈၀၀၀ ကျပ်၊ တီစူပါ ၄၆%(သံကွင်း-တရုတ်) ၂၃၀၀၀ ကျပ်၊တီစူပါ ၁၆% (မြားကမ္ဘာ-တရုတ်) ၁၃၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းရရှိခဲ့ပါတယ်။

**မန္တလေးဈေးကွက်မှာ** မြေဆီတွေအသုံးနည်းနေတာကြောင့် အရောင်းပါးသလို ဈေးလည်းငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်လည်း ဈေးကွက်ထဲ တီစူပါ ၁၆%နဲ့ ၁၂%က ပစ္စည်းပြတ်နေတယ်လို့သိရပါတယ်။ ဈေးကွက်ထဲ အရောင်းဖြစ်တဲ့ဈေးမှာ ယူရီးယား (ရွှေတောင်-တရုတ်) ၁၉၅၀၀ကျပ်၊ ယူရီးယား (ပန်းဖူး-တရုတ်)၂၀၂၀၀ကျပ်၊ တီစူပါ (GTSP ၄၆%တရုတ်) ၁၉၅၀၀ ကျပ်၊ ကွန်ပေါင်း ၁၀း၁၀း၅ ၁၄၁၀၀ ကျပ်ဈေးရှိတယ်လို့ မြေသြဇာအရောင်းဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**မကွေးဈေးကွက်မှာ** မြေသြဇာ အရောင်းအေးသလို ဈေးလည်းငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲအရောင်း အဝယ်ဖြစ်နေတဲ့ဈေးမှာ မြားကမ္ဘာ ၁၂း၁၃ (အပြာ) ၁၆၂၀၀ ကျပ်၊ ဆင် ၁၀း၁၀း၅ ၁၅၇၀၀ ကျပ်၊ အာမို ၁၀း၁၀း၅ ၁၆၆၀၀ ကျပ်၊ အာမို၁၅ ပတ်လည် ၃၈၃၀၀ ကျပ်၊ အာမို ၁၆း၁၆း၈ ၃၄၇၀၀ ကျပ်၊ ယူရီးယား (ပန်းဖူး-တရုတ်)၂၀၇၀၀ကျပ်၊ မြေဆီ ယူရီးယား ၃၉၅၀၀ ကျပ်၊ အောင်ကမ္ဘာ ၁၀း၁၀း၅ ၁၇၂၀၀ကျပ်၊ တီစူပါ ၂၂၀၀၀ ကျပ်၊ တောင်သူမ ၁၅၅၀၀ ကျပ် ၊ မြားကမ္ဘာ ၁၅း၇း၈ ၁၈၅၀၀ ကျပ်၊ ဇာမဏီ ၁၇၀၀၀ ကျပ်၊ သီးစုံ ၁၅၅၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှစုံစမ်း သိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** မြေသြဇာ အရောင်းအဝယ် အေးသလို ဈေးလည်းငြိမ်နေတယ်လို့ သိရပါတယ်။ တောင်ကြီးတန်ဆောင်တိုင်ပွဲနဲ့ ဆင်နွှဲနေကြတာကြောင့် လယ်ယာထဲ ဆင်းတဲ့သူ မရှိသလောက် နည်းနေတာကြောင့် အရောင်းတွေ ပါးနေတယ်လို့သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ယူရီးယား-ပုလဲ (ကမ္ဘာလုံး-တရုတ်) ၂၁၅၀၀ ကျပ်၊ ယူရီးယား-ပုလဲ(ရွှေတောင်-တရုတ်) ၂၁၅၀၀ ကျပ်၊ ယူရီးယား-ပုလဲ(ပန်းဖူး-တရုတ်) ၂၁၅၀၀ ကျပ်၊ တီစူပါ ၁၂% (တရုတ်) ၁၂၅၀၀ ကျပ်၊ တီစူပါ ၁၆% (တရုတ်) ၁၃၀၀၀ ကျပ်၊ တီစူပါ ၁၅ ပတ်လည် (တရုတ်) ၃၆၅၀၀ ကျပ်၊ တီစူပါ ၁၀း၁၀း၅ (တရုတ်)၁၆၅၀၀ကျပ်၊ ဓာတ်ဆား (တရုတ်) ၁၆၅၀၀ ကျပ်၊ ပိုတက်(တရုတ်) ၂၆၅၀၀ကျပ်၊ ယူရီးယား (ယူအေအီး) ၂၀၀၀၀ ကျပ်၊ မြားကမ္ဘာ ၁၇၀၀၀ ကျပ်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရပါတယ်။

## နို့ဆီ/နို့မှုန့်

### နို့ဆီတန်ချိန်၁၃၀ ကျော်နဲ့ နို့မှုန့်တန်ချိန် ငါးရာကျော်ဝင်

သီတင်းတစ်ပတ်ဖြစ်တဲ့ နိုဝင်ဘာ ၁၅ ရက်မှ ၂၁ ရက်သီတင်းပတ်အတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ ကန်ဒေါ်လာ ၅၄၁၆၆၀ တန်ဖိုးရှိ နို့ဆီ ၁၃၈ ဒသမ ၆၄၉ တန် တင်သွင်းခဲ့ပါတယ်။ နှစ်ပတ်ဆက်တိုက် အဝင်ပျောက်ခဲ့တဲ့ နို့ဆီက ယခင်တစ်ပတ်မှာတန်ချိန် ၂၀ ကျော်တင်သွင်းခဲ့ပြီး ဒီတစ်ပတ်မှာတော့ တန်ချိန် ၁၃၀ကျော် ထိတင်သွင်းခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၁၀၀ ကျော် တင်သွင်းမှုပိုခဲ့တယ်လို့ သိရပါတယ်။

နို့မှုန့်က ဒီတစ်ပတ်မှာ နယူးဇီလန်မှ ၅၃၃ ဒသမ ၅၇၅ တန်၊စင်ကာပူမှ ၁ ဒသမ ၅၆၅ တန်၊ ပြင်သစ်မှ ၆ ဒသမ ၆၆၈ တန်နဲ့ဗီယက်နမ်မှ ၂ ဒသမ ၅၇၅ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် နို့မှုန့်အဝင်မှာ တန်ချိန် ၂၄၀ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်အဝင်နဲ့ယှဉ်ရင် တန်ချိန် ၃၀၀ နီးပါး အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုအပတ် တင်သွင်းမှုတန်ချိန် ၁၄/၁၁ မှ ၂၀/၁၁ | ယခင်အပတ် တင်သွင်းမှုတန်ချိန် ၇/၁၁ မှ ၁၃/၁၁ | နှိုင်းယှဉ်ချက် (ပို/လို) +/- |
|---|---|---|---|---|
| ၁။ | မူဆယ် | ၁၀၆၃.၀၀ | ၆၂၆.၀၀ | (+) ၄၃၇.၀၀ |
| ၂။ | လွယ်ဂျယ် | ၆၃၈.၀၀ | ၂၄၂.၀၀ | (+) ၃၉၆.၀၀ |
| ၃။ | ချင်းရွှေဟော် | - | ၃၄.၇၅ | (-) ၃၄.၇၅ |
| ၄။ | ကန်ပိုက်တီး | ၂၆၄၄.၀၀ | ၁၆၄၃.၀၀ | (+) ၁၀၀၁.၀၀ |
| ၅။ | တာချီလိတ် | ၄၅၀၀.၀၀ | ၅၅၀၀.၀၀ | (-) ၁၀၀၀.၀၀ |
| ၆။ | မြဝတီ | ၁၀၇၅.၆၇ | ၂၇၅.၅၀ | (+) ၈၀၀.၁၇ |
| ၇။ | ကော့သောင်း | ၁၃၃၂၂.၀၀ | ၆၉၆၀.၀၀ | (+) ၆၃၆၂.၀၀ |
| ၈။ | မြိတ် | ၃၆၀.၀၀ | ၂၀၀.၀၀ | (+) ၁၆၀.၀၀ |
| ၉။ | မောင်တော | - | - | - |
| | စုစုပေါင်း | ၂၃၆၀၂.၆၇ | ၁၅၄၈၁.၂၅ | (+) ၈၁၂၁.၄၂ |

မြင့်မြင့်မာ MIRT

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေသြဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုအပတ် တင်သွင်းမှုတန်ချိန် ၁၄/၁၁ မှ ၂၀/၁၁ | ယခင်အပတ် တင်သွင်းမှုတန်ချိန် ၇/၁၁ မှ ၁၃/၁၁ | နှိုင်းယှဉ်ချက် (ပို/လို) +/- |
|---|---|---|---|---|
| ၁။ | မူဆယ် | ၁၉၀၁၂.၆၁၁ | ၁၄၉၀၄.၃၀၀ | (+) ၄၁၀၈.၃၃၁ |
| ၂။ | လွယ်ဂျယ် | - | - | - |
| ၃။ | ချင်းရွှေဟော် | - | - | - |
| ၄။ | တာချီလိတ် | ၆၀.၀၀၀ | - | (+) ၆၀.၀၀၀ |
| ၅။ | မြဝတီ | ၂၇၄.၉၀၀ | ၄၅၆.၆၄၆ | (-) ၁၈၁.၇၄၆ |
| ၆။ | ကော့သောင်း | ၂၁၂.၅၀၀ | ၁၈၃.၀၀၀ | (+) ၂၉.၅၀၀ |
| ၇။ | မြိတ် | - | ၁၇၅.၀၀၀ | (-) ၁၇၅.၀၀၀ |
| ၈။ | ရိဒ် | - | ၂၀၀.၀၀ | (-) ၂၀၀.၀၀၀ |
| | စုစုပေါင်း | ၁၉၅၆၀.၀၁၁ | ၁၅၉၁၈.၉၄၆ | (+) ၃၆၄၁.၀၈၅ |

တင်တင်ထွန်း MIRT

## နှမ်း

### ချင်းရွှေဟော်မှ နှမ်းပိုမိုတင်ပို့

နိုဝင်ဘာလတတိယပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ ချင်းရွှေဟော်ကုန်သွယ်ရေးမှ ကန်ဒေါ်လာ ၂ ဒသမ ၃၄၂ သန်းတန်ဖိုးရှိ နှမ်းရောင်စုံ ၁၉၃၁ တန်တင်ပို့နိုင်ခဲ့ပါတယ်။တင်ပို့ခဲ့တဲ့ နှမ်းအမျိုးအစားတွေကတော့ နှမ်းနက် ၁၆၄၉ တန်၊နှမ်းဖြူ ၂၄၆ တန်နဲ့ နှမ်းညို ၃၆ တန်ဖြစ်ပါတယ်။ယခင်သီတင်းပတ်က ချင်းရွှေဟော်မှ နှမ်းရောင်စုံ ၁၃၉၅ တန်သာတင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ် နှမ်းတင်ပို့မှုမှာ ချင်းရွှေဟော်မှ ပိုမိုလာခဲ့တာ တွေ့ရပါတယ်။

မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်ကတော့ ယခင်တစ်ပတ်က နှမ်းဖြူ(အခွံချွတ်)တန် ၂၀ တင်ပို့နိုင်ခဲ့ပြီး ယခုတစ်ပတ်မှာ နှမ်းဖြူ ၁၇ တန်ခွဲသာ တင်ပို့မှုရှိပါတယ်။မူဆယ်ကုန်စည်ဒိုင်မှာ ယခင်သီတင်းပတ်က နှမ်းဖြူတစ်တန် ၁၅၉၃၄၈၇ ကျပ်၊ နှမ်းနက်တစ်တန် ၁၉၉၄၂၈၉ ကျပ်ရှိရာမှ ယခုတစ်ပတ်တွင် နှမ်းဖြူဈေး ၁၅၉၆၆၈၇ ကျပ်နဲ့ နှမ်းနက်ဈေး ၁၉၉၈၂၉၃ ကျပ်သို့ ဈေးမြင့်တက်လာခဲ့ပါတယ်။ မန္တလေး-မူဆယ် ကုန်စည်သယ်ယူခနှုန်းထားမှာ ယခင်တစ်ပတ်က နှမ်းတစ်ပိဿာကို ၆၅-၈၄ ကျပ်ရှိရာမှ ယခုတစ်ပတ်တွင် ၈၉-၉၀ ကျပ်သို့ ကားခများမြင့်တက်နေကြောင်း၊ မူဆယ်ကုန်စည်ဒိုင်သို့ ယခုတစ်ပတ်တွင် နှမ်းကား နှစ်စီးသာအဝင်ရှိကြောင်း သိရပါတယ်။

**မော်မော်အောင်**

### ပြည်ဆီထွက်သီးနှံဈေးကွက် အတက်အကျမမှန်

ပြည်ဈေးကွက်တွင် ဆီထွက်သီးနှံဈေးမှာ တစ်ပတ်နဲ့တစ်ပတ် မတူဘဲ အတက်အကျရှိနေပါတယ်။ ဝယ်လက်အဝယ်များရင် ဈေးပြန်မြင့်ပြီး၊ ဝယ်လက်အဝယ်နည်းသွားရင် ဈေးအနည်းငယ်ပြန်ကျလာတာ တွေ့ရပါတယ်။ ပြည်ဈေးကွက်တွင် အဝင်မရှိဘဲ လှောင်ထားတဲ့ ပစ္စည်းလက်ကျန်များဖြင့်သာ အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ အချို့တောင်သူများမှာ နွေနှမ်းအတွက် မျိုးအဝယ်ရှိနေတာ တွေ့ရပါတယ်။ နှမ်းဈေးမှာ နှမ်းနီတစ်တင်း ၃၁၆၀၀ ကျပ်၊ နှမ်းနက်တစ်တင်း ၄၃၀၀၀ ကျပ်နဲ့ မြေပဲဆီဆန် တစ်ပိဿာ ၂၁၀၀ ကျပ်၊ လုံးဆန်အဖြူ တစ်ပိဿာ ၂၅၀၀ ကျပ်နဲ့ လုံးဆန်အနီ တစ်ပိဿာ ၂၇၀၀ ကျပ်ဖြင့် ဈေးကွက်တွင် အရောင်းအဝယ် ဖြစ်လျက်ရှိပါတယ်။

**ဝေဝေမင်း-ပြည်**

## စားအုန်းဆီ

### ထုတ်လုပ်မှုကျဆင်းမယ့် အလားအလာများကြောင့် တစ်လအတွင်း အနိမ့်ဆုံးကိုရောက်နေတဲ့ စားအုန်းဆီဈေးပြန်လည်ဦးမော့

နိုဝင်ဘာ ၂၅ ရက်နေ့က တစ်လအတွင်း အနိမ့်ဆုံးနှုန်းအထိ ရောက်ရှိခဲ့ပေမယ့် စားအုန်းဆီထုတ်လုပ်မှုကျဆင်းလာတဲ့အတွက် စားအုန်းဆီကြိုရောင်းဈေးက နိုဝင်ဘာ ၂၆ ရက်မှာ ပြန်လည်ဦးမော့လာကြောင်း ဘိဇနက်စတန်းဒတ် သတင်းမှာ ဖော်ပြပါတယ်။ အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းမှာ စားအုန်းဆီ ထုတ်လုပ်သူတို့ တွေ့ဆုံဆွေးနွေးကြမှာဖြစ်တဲ့အတွက် ဒီဆွေးနွေးပွဲရလဒ်ကိုလည်း ရင်းနှီးမြှုပ်နှံသူတွေက အကဲခတ်စောင့်ကြည့်လျက်ရှိပါတယ်။

နိုဝင်ဘာ ၂၅ ရက်နေ့က ဘာဆာမလေးရှားကုန်စည်ဒိုင် (Bursa Malaysia Derivatives Exchange) မှာ ဖေဖော်ဝါရီအတွက် စားအုန်းဆီအခြေခံစံထားဈေးနှုန်းက တစ်လအတွင်း အနိမ့်ဆုံးဖြစ်တဲ့ တစ်တန်ကို ၂၂၆၀ ရင်းဂစ်နှုန်းကိုရောက်ရှိခဲ့ပါတယ်။ ဒါပေမယ့် နိုဝင်ဘာ ၂၆ ရက်မှာ တစ်တန်ကို ၂၃၃၅ ရင်းဂစ်နှုန်းအထိ ရောက်ရှိခဲ့ရာ နိုဝင်ဘာ ၁၆ ရက်နောက်ပိုင်း အမြင့်ဆုံးနှုန်းဖြစ်ခဲ့ပါတယ်။

စားအုန်းဆီဈေးက နေ့လယ်ဈေးပိတ်ချိန်မှာ ၁ ဒသမ ၃ ရာခိုင်နှုန်း မြင့်တက်ပြီး ၊ တစ်တန်ကို ၂၃၂၈ ရင်းဂစ်နှုန်းအထိ ရောက်ရှိခဲ့ပါတယ်။ ယခုလအတွင်း ဈေးနှုန်းကျဆင်းမှုက ၁ ဒသမ ၄ ရာခိုင်နှုန်းရှိပါတယ်။

“ဈေးနှုန်းတွေက အောက်ခြေအထိရောက်ပြီးမှ ပြန်လည်ဦးမော့လာပြီဖြစ်တဲ့အတွက် ဒီဇင်ဘာလထဲမှာ မြင့်တက်လာမယ့်အလားအလာရှိပါတယ်” လို့ကွာလာလမ်ပူအခြေစိုက် ကုန်သည်တစ်ဦးကပြောပါတယ်။ စားအုန်းဆီထုတ်လုပ်မှုက ကျဆင်းနေပြီး ၂၀၁၆ ခုနှစ် ပထမသုံးလပတ်မှာ ပိုဆိုးလာနိုင်ပါတယ်။ ဒါကြောင့်ဈေးနှုန်းတွေက ဒီဇင်ဘာလထဲအထိ ထပ်မံမြင့်တက်လာနိုင်တယ်လို့ဆိုပါတယ်။

နိုဝင်ဘာ ၂၆ ရက်နေ့လယ်ဘက်အထိ ရောင်းချရတဲ့ စားအုန်းဆီပမာဏက ၂၅ တန်ရှိ အတွဲ ၂၀၅၅၉ တွဲရှိတဲ့အတွက် နံနက်ပိုင်းဈေးကွက်မှာ ပုံမှန်ပျမ်းမျှရောင်းနေကျအတွဲ ၁၃၅၀၀ အထက်သာလွန်လျက်ရှိပါတယ်။ နိုဝင်ဘာ ၁ ရက်မှ ၂၅ ရက်ထိ မလေးရှားစားအုန်းဆီ ရောင်းချမှုက တန် ၁ ဒသမ ၂ သန်းဖြင့် မပြောင်းမလဲဘဲ တည်ရှိနေကြောင်း ကုန်စည်စစ်တမ်းကောက်ယူရေးအဖွဲ့ Intertek Testing Service က ပြောပါတယ်။

အရှေ့တောင်အာရှဒေသမှာ မုတ်သုံအဝင်နောက်ကျတဲ့အတွက် ရောင်းလိုအား ကျဆင်းနိုင်ပေမယ့် ဝယ်လိုအားကျဆင်းမှုက ဈေးနှုန်းမြင့်တက်မှုကို အဟန့်အတားဖြစ်စေနိုင်ကြောင်း စားအုန်းဆီကုန်သည်တွေက ပြောပါတယ်။

ယခုသီတင်းပတ်အတွင်း ဘာလီမှာကျင်းပမယ့် “အင်ဒိုနီးရှားစားအုန်းဆီ ကွန်ဖရင့်နဲ့ ၂၀၁၆ ခုနှစ်ဈေးနှုန်း အလားအလာ နှစ်ပတ်လည်အစည်းအဝေး”ကို စားအုန်းဆီရင်းနှီးမြှုပ်နှံသူအများအပြား တက်ရောက်ကြမှာ ဖြစ်ပါတယ်။ ဒီအစည်းအဝေးကို တက်ရောက်လာကြတဲ့လုပ်ငန်းပိုင်းဆိုင်ရာတာဝန်ရှိသူတွေနဲ့ လေ့လာဆန်းစစ်သူ တွေရဲ့ ဆွေးနွေးချက်ပေါ် မူတည်ပြီး ဈေးနှုန်းအလားအလာကို ခန့်မှန်းကြရမှာဖြစ်ပါတယ်။

သိုလှောင်လက်ကျန်မြင့်မားမှု၊ ဈေးနှုန်း ကျဆင်းမှုနဲ့ ဇီဝလောင်စာဆီအတွက် သတ်မှတ်ချက်စတဲ့ကိစ္စတွေက ကိုယ်စားလှယ်တွေ ဆွေးနွေးကြမယ့် အဓိကအကြောင်းအချက်တွေ ဖြစ်ပါတယ်။

ကမ္ဘာ့ထိပ်တန်းထုတ်လုပ်သူဖြစ်တဲ့ အင်ဒိုနီးရှားနိုင်ငံမှာ ဒီဇင်ဘာစားအုန်းဆီကြမ်း ကြိုတင်ရောင်းချမှု အတွက် ကောက်ခံတဲ့ ပို့ကုန်ခွန်က နိုဝင်ဘာကရှိခဲ့တဲ့ သုညရာခိုင်နှုန်းအတိုင်း ဆက်လက်ထားရှိကြောင်း ကုန်သွယ်ရေးဝန်ကြီးဌာနအရာရှိတစ်ဦးက ပြောပါတယ်။

စားအုန်းဆီအမြင့်ဆုံးဈေးက တစ်တန် ၂၃၄၈ ရင်းဂစ်နှုန်းကိုဖောက်ထွက်ပြီး နိုဝင်ဘာလ ၉ ရက်က အမြင့်ဆုံးဖြစ်ခဲ့ဖူးတဲ့ တစ်တန် ၂၃၈၄ ရင်းဂစ်နှုန်းအထိ ရောက်ရှိသွားနိုင်ကြောင်း ရိုက်တာဈေးကွက်လေ့လာ ဆန်းစစ်သူ ဝမ်တာအိုက ပြောပါတယ်။

ယခုရက်သတ္တပတ်စောစောပိုင်းက ဒေါ်လာနဲ့ဖလှယ်ရာမှာ ရင်းဂစ်တန်ဖိုး အပြောင်းအလဲအနည်းငယ် မျှသာရှိပေမယ့် အောက်တိုဘာ ၁၉ ရက်နောက်ပိုင်း အမြင့်ဆုံးအဖြစ်ရောက်ခဲ့ပါတယ်။ ရင်းဂစ်တန်ဖိုးမြင့်တက်လာရင် တခြားနိုင်ငံသုံးငွေကိုကိုင်ဆောင်ထားသူတွေအတွက် စားအုန်းဆီဈေးက ပိုမိုမြင့်တက်လာတတ်တာကြောင့် သာမန်အားဖြင့် စားအုန်းဆီဝယ်လိုအားကို အဟန့်အတားဖြစ်စေပါတယ်။

တရုတ်နိုင်ငံ ဒါလီယံဈေးကွက်မှာ ပဲပုပ်ဆီဈေးက ၂ ဒသမ ၁ ရာခိုင်နှုန်း ပိုမိုမြင့်တက်ခဲ့ပါတယ်။

**ဉာဏ်တင်**

### ပြည်တွင်းဆီဈေးနှုန်းများ (၂၇-၁၁-၂၀၁၅)

ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၄၈၀၀ | ၄၈၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၁၆၀၀ | ၁၆၀၀ | □ |
| ရန်ကုန် | ၅၂၀၀ | ၅၂၀၀ | □ | ၅၀၀၀ | ၅၀၀၀ | □ | ၁၃၃၀ | ၁၃၆၀ | △ |
| မန္တလေး | ၄၀၀၀ | ၄၀၀၀ | □ | ၃၆၀၀ | ၃၆၀၀ | □ | ၁၄၃၀ | ၁၄၅၀ | △ |
| ပဲခူး | ၂၈၀၀ | ၂၈၀၀ | □ | ၄၈၀၀ | ၄၈၀၀ | □ | ၁၄၂၀ | ၁၄၀၀ | ▽ |
| မကွေး | ၄၅၀၀ | ၄၅၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၁၆၀၀ | ၁၆၀၀ | □ |
| မုံရွာ | ၄၅၀၀ | ၄၄၀၀ | ▽ | ၃၉၀၀ | ၃၈၀၀ | ▽ | ၁၄၇၀ | ၁၄၉၀ | △ |
| စစ်တွေ | ၄၀၀၀ | ၄၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၁၉၀၀ | ၁၉၀၀ | □ |

*Source: mirt*




### မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၂၇-၁၁-၂၀၁၅ US$/Ton

| အမျိုးအစား | နိုဝင်ဘာလတတိယပတ် | နိုဝင်ဘာလစတုတ္ထပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၅၂၄.၀၀ | ၅၁၀.၀၀ | ▽ |
| RBD P.Olein | ၅၄၀.၅၀ | ၅၂၄.၅၀ | ▽ |
| RBD P.Strarin | ၄၄၃.၅၀ | ၄၄၄.၅၀ | △ |

*Source: econ.mpob*

### ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၂၇- ၁၁ -၂၀၁၅ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၂၃၂.၀၃ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (1500 x 0.25% x USD)/612 | ၇.၉၇ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၆.၉၀ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၆.၈၀ |
| ဆီကန်သိုလှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.2 x 5%) 612 | ၇၀.၇၄ |
| ဆိပ်ကမ်းခွန် | (50000/ 1000) 612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အခွန်လျာထား | (CIF x 35/-)/ 612 | ၃၇.၁၇ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၆.၃၇ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၃၇၃.၇၈ |

မှတ်ချက်။

၁။ အထက်ပါတွက်ချက်မှုမှာ ၂၇-၁၁-၂၀၁၅ နေ့ (CIF ဈေး Cloud Point 8 ˚C Max ၅၈၀ ဒေါ်လာ၊ FOB ၅၅၅ ဒေါ်လာနှင့် USD ဈေး ၁၃၀၀ ကျပ်) ဖြင့်တွက်ချက်ထားခြင်း ဖြစ်ပါသည်။

၂။ ၂၇ - ၁၁ - ၂၀၁၅ နေ့ ဝယ်ယူပြီးနောက် (၁၀) ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။

၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့် ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။

၄။ ငွေလဲနှုန်းတစ်ဒေါ်လာကို ဒေါ်လာဈေး ၁၃၀၀ ကျပ်ဖြင့် တွက်ချက်ထားပါသည်။

၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ ရာခိုင်နှုန်း ဖြစ်ပါသည်။

၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်း ကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။

၇။ နိုင်ငံခြားစားအုန်းဆီ FOB နှင့် CIF ဈေးနှုန်းများအပါအဝင် ဖော်ပြပါဈေးနှုန်းများသည် အချိန်နှင့်အမျှ အတက်အကျ အပြောင်းအလဲ ရှိနိုင်ပါသည်။

Vol: 15, No.46 Monday November 30 2015



# ဖက်စပ်လုပ်ငန်းများ၏အရေးပါမှု

|ထွန်းသက်ထွန်း|

နိုင်ငံအတော်များများသည် ၎င်းတို့၏ အရင်းအနှီးဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံချက်များ ရေးဆွဲ ဆောင်ရွက်လျက်ရှိသည်ကို တွေ့မြင်ရပြီး အချို့နိုင်ငံများတွင် အကောင် အထည်ဖော်နေကြပြီဖြစ်သည်။ အရင်းအနှီးဈေးကွက်များသည် တိုင်းပြည်စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် အခြေခံအဆောက်အအုံ (Infrastructure) များ တည်ဆောက်ရေးနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများအတွက် လိုအပ်သည့် ငွေကြေးများကို စုစည်းရေးအတွက် အဓိကကျသည့် အခန်းကဏ္ဍမှ ရပ်တည်လျက်ရှိပါသည်။ ကမ္ဘာ့ဘဏ်၏ ခန့်မှန်းချက်အရ ၂၀၀၆ မှ ၂၀၁၀ ခုနှစ်အတွင်း အာရှနှင့် ပစိဖိတ်ဒေသမှာ အခြေခံအဆောက် အအုံများ တည်ဆောက်ရေးအတွက် သုံးစွဲခဲ့သည့်စရိတ်မှာ ဒေါ်လာ ၂၃၀ ဘီလီယံခန့်ရှိမည်ဟုသိရှိရပါသည်။ ယခုလိုကြီးမားလှသည့် ဘဏ္ဍာရေး လိုငွေကို ဖြည့်ဆည်းနိုင်ရန် အတွက်ဆိုလျှင် နိုင်ငံပိုင်-ပုဂ္ဂလိကပိုင် ကဏ္ဍနှစ်ရပ်ပူးပေါင်းဆောင်ရွက်ရန် အရေးတကြီး လိုအပ်လျက်ရှိပါသည်။

ဖက်စပ်ကုမ္ပဏီ (Joint Venture)များ တည်ထောင်ခြင်းသည် ပုဂ္ဂလိက ပိုင်ပြုလုပ်ခြင်းအတွက် နည်းလမ်းသစ် တစ်ခုဖြစ်ပြီး အခြေခံအဆောက်အအုံများကို ပုဂ္ဂလိကလုပ်ငန်းရှင်နှင့် နိုင်ငံပိုင်ကဏ္ဍတို့ တွဲဖက်ပိုင်ဆိုင်ကာ လုပ်ငန်းများကို ဆောင်ရွက်ခြင်းဖြစ်ပါသည်။ ဖက်စပ်လုပ်ငန်း၏ အဓိပ္ပာယ်မှာ နှစ်ဦးသို့မဟုတ်နှစ်ဦးထက်ပိုတဲ့ လူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများ ပေါင်းစပ်ဖွဲ့စည်းကာ တိကျသော လုပ်ငန်းရပ်များအတွက် စွန့်စားလုပ်ကိုင် ခြင်း၊ ဥပဒေတစ်ခုခုအရ ဘောင်ခတ်တားမြစ်ထားတဲ့အချိန်မှာ အခြားအဖွဲ့တစ်ဖွဲ့နဲ့တွဲဖက်ပြီး လုပ်ငန်းအမယ်သစ်ကို ချဲ့ထွင်လုပ်ဆောင်ခြင်းဖြစ်ပါသည်။ ယခုလိုဖက်စပ်လုပ်ငန်း အစီအစဉ် အောက်မှာပင် ပုဂ္ဂလိကနှင့် နိုင်ငံပိုင်လုပ်ငန်းရှင်တို့သည် ကုမ္ပဏီအသစ် တစ်ခုတည်ထောင်ခြင်း သို့မဟုတ် ရှိပြီးသား ကုမ္ပဏီကိုပဲ ပူးတွဲပိုင်ဆိုင်သူ များအဖြစ် မှတ်ယူကာ ပုဂ္ဂလိက ရင်းနှီး မြှုပ်နှံသူများထံသို့ ရှယ်ယာများ ထုတ်ဝေရောင်းချခြင်းဖြစ်ပါသည်။ အဆိုပါ ကုမ္ပဏီသည် နောက်ပိုင်းတွင် စတော့အိတ်ချိန်းတွင် စာရင်းဝင်ကုမ္ပဏီတစ်ခုအဖြစ် ဝင်ရောက်နိုင်မည်ဖြစ်ပါသည်။ ယခုလို ဆောင်ရွက်ခြင်းကြောင့် လိုအပ်သည့် အရင်းအနှီးများရရှိ နိုင်ရုံသာမက နည်းပညာအသစ်များကိုလည်း ရရှိစေမည်ဖြစ်ပါသည်

အဓိကကျသည့် လိုအပ်ချက်တစ်ခုမှာကောင်းမွန်သည့် ကော်ပိုရိတ်စီမံခန့်ခွဲမှုစနစ်တစ်ခုဖြစ်ပေါ် စေရေးပင်ဖြစ်ပါသည်။ တစ်နည်းအားဖြင့်ဆိုရလျှင် အဆိုပါဖက်စပ်ကုမ္ပဏီသည် အစိုးရ၏ စီမံခန့်ခွဲမှုမှလွတ်ကင်းပြီး လွတ်လပ်စွာ ဆောင်ရွက်နိုင်ဖို့ဖြစ်ပါ သည်။ အစိုးရက စီမံခန့်ခွဲမှုလုပ်ငန်းများတွင် ဝင်ရောက်ပတ်သက်နေမည်ဆိုပါက အဆိုပါလုပ်ငန်း တစ်ခုသည် အောင်မြင်သင့်သလောက် အောင်မြင်နိုင်မည်မဟုတ်ပါ။ အဘယ်ကြောင့်ဆိုသော် အစိုးရသည် အဆိုပါလုပ်ငန်း၏ ပိုင်ရှင်တစ်စိတ်တစ်ပိုင်းဖြစ်နေသလို တစ်ဖက်ကစည်းမျဉ်းထိန်းကျောင်းသူတစ်ဦး ဖြစ်နေသည့်အတွက် အစိုးရအရာထမ်းများသည် အဆိုပါကုမ္ပဏီ၏လုပ်ငန်းများကို ဝင်ရောက်ခြယ်လှယ်ကာ နိုင်ငံရေးရည်မှန်းချက် တစ်ခုအတွက် အသုံးချသွားနိုင်သည့်အတွက်ဖြစ်ပါသည်။ သို့သော်လည်း အစိုးရသည် ၎င်း၏ ပိုင်ဆိုင်မှုအနေအထား တစ်ခုတည်းနှင့်ပင်အမြတ်ရရှိရေး၊ ကုမ္ပဏီရေရှည်တိုးတက်ရေးတို့အပြင် နိုင်ငံရေးအကျပ်အတည်းများကို အောင်မြင်အောင် ဖြေရှင်းသွားနိုင်သည့် အစွမ်းရှိပါသည်။ ပုဂ္ဂလိက အစုစပ်ဘက်တွင်လည်း လုပ်ငန်းဆောင်ရွက်မှုအပိုင်းနဲ့ ပတ်သက်ပါက ဒါရိုက်တာအဖွဲ့၏ အခန်းကဏ္ဍသည် ယေဘုယျအားဖြင့် ရှယ်ယာပိုင်ရှင်များအဖြစ် တည်ရှိမှုနှင့် ကျွမ်းကျင်သူများ တည်ရှိမှုအတွက်သာ ဖြစ်သင့်သည်ဟု မှတ်ယူထားလေ့ရှိပါသည်။ အပိုစွက်ဖက်မှုများကို မကြိုက်နှစ်သက်သည့် သဘောဖြစ်ပါသည်။သို့သော်လည်း အစိုးရ၏ ပံ့ပိုးမှုကတော့ လိုအပ်နေဦးမည်ဖြစ်ပါသည်။

ဖက်စပ်ကုမ္ပဏီများသည် ပုံသဏ္ဌာန်အမျိုးမျိုးနှင့် ရပ်တည်လျက် ရှိပါသည်။ ပထမ ပုံသဏ္ဌာန်မှာသာ ညီတူညီမျှထည့်ဝင်သည့် ပုံသဏ္ဌာန် Equity joint venturesဖြစ်ပြီး ပြည်တွင်းအစပ်နဲ့ နိုင်ငံခြားအစုစပ်တို့ ရှယ်ယာကို အညီအမျှ ထည့်ဝင်လုပ်ကိုင်သည့် ပုံစံဖြစ်ပါသည်။ နောက်ပုံစံ တစ်ခုမှာ စုပေါင်းဆောင်ရွက်သည့် ဖက်စပ်လုပ်ငန်း Cooperative joint venturesဖြစ်ပါ သည်။ ဤပုံသဏ္ဌာန်မှာ ပုံစံတစ်ခုဖြစ်ပြီး နှစ်ဦးနှစ်ဖက် ပါဝင်သူများ အနေနှင့်အကန့်အသတ်မရှိသည့် ပေးရန်တာဝန်များ၊ ကြွေးမြီ များကို ထမ်းဆောင်ရသည့် သဘာဝရှိပါသည်။ နောက်တစ်ခုမှာ လုပ်ငန်း အားလုံးကို နိုင်ငံခြားမှ ပိုင်ဆိုင်သော လုပ်ငန်း Wholly Foreign Owned Enterprises ဖြစ်ပါ သည်။ အဆိုပါ ပုံစံမှာ နိုင်ငံခြား လုပ်ငန်းရှင်များက ပြည်တွင်းရှိ အစိုးရအာဏာပိုင်များ ထံမှ မြေ၊ အဆောက်အအုံနှင့် ဝန် ဆောင်မှု လုပ်ငန်းများကို ရာနှုန်းပြည့် ငှားရမ်းဆောင်ရွက်ခြင်းဖြစ်ပါသည်။ နောက်တစ်ခုမှာ နိုင်ငံခြားရှယ်ယာ ပါဝင်မှုကို အကန့်အသတ်နှင့် ပါဝင်ခွင့်ပြုသည့်ပုံစံ (Foreign Investment Companies Limited By Shares) ဖြစ်ပါသည်။ အဆိုပါ ပုံစံမှာ မိမိတို့ အစုစပ်တစ်ခုချင်း ထည့်ဝင်သည့် ပိုင်ဆိုင်မှု အနေအထားအလိုက် ရှယ်ယာအရေ အတွက်ကို ပိုင်ဆိုင်ခွင့်ပြုသည့် ပုံစံဖြစ်ပါသည်။ ယင်းမှာ ပေးရန်တာဝန်ကို ကန့်သတ်ထားသည့် ပုံစံဖြစ်ပါသည်။ နောက်ဆုံးပုံစံမှာ နိုင်ငံခြားရင်နှီးမြှုပ်နှံမှု ရန်ပုံငွေအဖွဲ့ (Investment Fund)က တိုက် ရိုက်ဝင်ရောက်သည့်ပုံစံ Investment Companies by Foreign Investors ဖြစ်ပါသည်။ ယင်းပုံစံ မှာ နိုင်ငံခြားရင်နှီး မြှုပ်နှံမှုရန်ပုံငွေအဖွဲ့များမှ ပြည်တွင်း အစုစပ်များနှင့် လာရောက် ပေါင်းစည်းဆောင် ရွက်သည့် ပုံစံ ဖြစ်ပါသည်။ ပေးရန် တာဝန် ကို ကန့်သတ်ထားပါသည်။

ဖက်စပ်လုပ်ငန်းများ၏ ပုံသဏ္ဌာန်သည် အပိုဆောင်း စာချုပ် (အထူးအခွင့်အရေး သို့မဟုတ် လုပ်ငန်းဆောင်ရွက်မှု သဘောတူညီချက်) များထပ်မံ ချုပ်ဆိုကာ ကုမ္ပဏီ၏ ရည်မှန်းချက်များကို အောင်မြင်စေရန် ဆောင်ရွက်ကြသည့် ပုံစံဖြစ်ပါသည်။

ဖက်စပ်လုပ်ငန်းများ ဆောင် ရွက်ခြင်း မပြုလုပ်မီ ကြိုတင်ပြင်ဆင်သည့် ကာလတွင် အခွင့်အလမ်းများနှင့် တာဝန်များကို အချိန်အတိုင်းအတာတစ်ခုအထိ ဆွေးနွေးညှိနှိုင်းကြခြင်း ဖြစ်ရာလုပ်ငန်းများ နှောင့်နှေးတတ်ပါသည်။ နောက်ပိုင်းတွင် ဖက်စပ်လုပ်ငန်းဖွဲ့စည်းမှုပုံစံအရ ပုဂ္ဂလိကနဲ့ အစိုး အစုစပ်များသည် ဆုံးရှုံးနိုင်ခြေရှိမှု (Risk)များကို အတူတကွခွဲဝေခံစားကြကာ လုပ်ငန်းများစတင်လုပ်ဆောင်ကြပါသည်။

ဖက်စပ်လုပ်ငန်းများ တည်ထောင်ကြရာတွင် အားသာချက်များရှိသလို အားနည်းချက်များကိုလည်း တွေ့မြင်ကြရမည် ဖြစ်ပါသည်။

**အားသာချက်များမှာ-**

- ကုမ္ပဏီများအတွက်စွမ်းဆောင်ရည်နှင့် ကျွမ်းကျင်မှုများမြင့်တင်နိုင်စေရေးအတွက် အခွင့်အလမ်းသစ်များ ဖန်တီးပေးခြင်း၊
- ကုမ္ပဏီများနှင့် ဆက်နွယ်နေသော စီးပွားရေးလုပ်ငန်း များ၊ ပထဝီအနေအထားအရ လုပ်ငန်းချဲ့ထွင်မှုများအတွက် အခွင့်အလမ်းသစ်များ ဖြစ်ပေါ် စေခြင်း
- အထူးကျွမ်းကျင်ပုဂ္ဂိုလ်များနှင့် နည်းပညာသစ်များ စသည့်ကြီးမားသော အရင်းအမြစ်များ ရရှိနိုင်ခြင်း။
- အရင်းအနှီး စွန့်စားထည့်ဝင်သော အစုစပ်များနှင့်အတူ ဆုံးရှုံးနိုင်ခြေရှိမှုများကို ခွဲဝေခံစားနိုင်ခြင်း၊
- ဖက်စပ်လုပ်ငန်းများသည် ပြောင်းလွယ်ပြင်လွယ်ရှိခြင်း။ ဥပမာအားဖြင့် ၎င်းတွင် ကန့်သတ်ထားသောသက်တမ်းတစ်ခုရှိခြင်း၊ ၎င်းတို့လုပ်ဆောင်မည့် လုပ်ငန်းသဘာဝအရ သက်တမ်းတစ်ခု သတ်မှတ်ထားခြင်း၊ သို့အတွက် ၎င်း၏အာမခံချက်နှင့် ကတိကဝတ်များ၊ လုပ်ငန်း ပုံစံများကို ကန့်သတ်ထားနိုင် ခြင်း၊
- ဩဇာအာဏာ အခွင့်အရေးများကို လျှော့ချကာ စုပေါင်းဆောင်ရွက်နေသည့် အချိန်ကာလဖြစ်သည့် အားလျော်စွာ ဖက်စပ်လုပ်ငန်းများသည် တီထွင်ဖန်တီးနိုင်မှု အခွင့်အလမ်းများ ၊ အဓိကလုပ်ငန်းများမှ ခွဲထွက်သောလုပ်ငန်း (Non-core business)များကိုဆောင်ရွက်နိုင်ခြင်း၊
- ဖက်စပ်ကုမ္ပဏီအနေနှင့် လုပ်ငန်းများကို တဖြည်းဖြည်းချင်း ခွဲထွက်သွားကာ အဆုံးတွင် ၎င်း၏ မိခင်ကုမ္ပဏီထံသို့ တစ်စိတ်တစ်ပိုင်း ပြန်လည်ရောင်းချနိုင်ခြင်း။ အကြမ်းအားဖြင့် အစုစပ်တစ်ဦးသည် မိမိဖက်စပ်လုပ်ငန်း၏၈၀ ရာခိုင်နှုန်းအား မိခင်ကုမ္ပဏီထံပြန်လည်ရောင်းချနိုင်ခြင်း စသည်တို့ ဖြစ်ပါသည်

**အားနည်းချက်များမှာ-**

- အခြားသော စီးပွားရေးလုပ်ငန်းများနှင့် မှန်ကန်သည့် ဆက်ဆံရေးနှင့် အစုစပ်ကောင်းရရှိ ဖို့ အချိန်နှင့် ကြိုးစားအားထုတ်မှုများစွာ ကုန်ဆုံးစေပါသည်။
- အကယ်၍ ဖက်စပ်လုပ်ကိုင်မည့် လုပ်ငန်း တစ်ခုသည် ရာနှုန်းပြည့် ရှင်းလင်းပြတ်သားမှု မရှိလျှင် သို့မဟုတ် ပါဝင်ပတ်သူများပြားစွာနှင့် ဆက်ဆံနေရခြင်း (ဆရာများခြင်း)တို့ကြောင့် ပြဿနာများ ပေါ်ပေါက်နိုင်ပါသည်။ ဖက်စပ်လုပ်ကိုင်ဖို့ အတွက် အစုစပ်များမှ ထည့်ဝင်ရမည့် ကျွမ်းကျင်သူ၊ ငွေကြေး၊ ပိုင်ဆိုင် ပစ္စည်းများ ညီမျှ မှုမရှိခြင်းကြောင့်လည်း ပြဿနာများ ပေါ်ပေါက်နိုင်ပါသည်။
- ယဉ်ကျေးမှု၊ စီမံခန့်ခွဲမှုစနစ်များ မတူညီခြင်း နှင့် စုစည်းမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများအား နည်းခြင်းကြောင့်လည်း ပြဿနာများ ပေါ်ပေါက်နိုင်ပါ သည်။
- အစုစပ်တစ်ယောက်သည် ကနဦးအဆင့်တွင် လုံလောက်သည့် ပံ့ပိုးမှု များ၊ ခေါင်းဆောင်မှု များကိုမပေး နိုင်ခြင်းကြောင့်လည်း ပြဿနာများ ပေါ်ပေါက် နိုင်ပါသည်။
- မိမိတို့ဖက်စပ်လုပ်ငန်း၏ အောင်မြင်မှုသည် သုတေသနနှင့် ပိုင်းခြားစိစစ်မှုများ မည်မျှလုပ်ဆောင်နိုင်သနည်း ဆိုသည့် အချက် အပေါ်မူတည်ပါသည်။

# International Construction Power & Mining Myanmar 2015 ကုန်စည်ပြပွဲကျင်းပ

တတိယအကြိမ်မြောက် နိုင်ငံတကာဆောက်လုပ်ရေး စွမ်းအင်နှင့် ဓာတ်သတ္တုတူးဖော်ရေး ကုန်စည်ပြပွဲ (International Construction Power & Mining Myanmar 2015) ကုန်စည်ပြပွဲအခမ်းအနားကို ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ Myanmar Convention Center (MCC) တွင် ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၂၆ ရက်နေ့ နံနက် ၉း၃၀ နာရီ၌ ကျင်းပခဲ့သည်။




အခမ်းအနားသို့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားစီမံကိန်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဝင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၊ ဥက္ကဋ္ဌ ဦးဝင်းအောင်နှင့် ဇဟိုအလုပ်အမှုဆောင်များ၊ Bangkok Exhibition Services (BES) မှ မန်နေဂျာ Mr. Justin Pau, Mutual Growth & Cooperation Department (KEPCO) မှ Vice President Mr.Kim, Information Matrix Co.,Ltd နှင့် NMT Ltd တို့မှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြပါသည်။

အဆိုပါပြပွဲတွင် ဂျာမနီ၊ ကိုရီးယား၊ ဩစတြေးလျ၊ နယူးဇီလန်၊ တရုတ်၊ စင်ကာပူနိုင်ငံတို့မှ တိုက်တာအဆောက်အအုံနှင့် ဆောက်လုပ်ရေးလုပ်ငန်းများ၊ လျှပ်စစ်စွမ်းအင်နှင့် ပြန်လည် အသုံးပြုနိုင်သော လောင်စာစွမ်းအင်သုံးပစ္စည်းများ၊ ဓါတ်သတ္တုတူးဖော်ရေးနှင့် သဘာဝတွင်းထွက်ပစ္စည်း တူးဖော်ထိန်းသိမ်းရေးဆိုင်ရာ ပစ္စည်းများ၊ စုံစမ်းလေ့လာ ဖော်ထုတ်ရေးနှင့် ကျောက်မိုင်းတူးဖော်ရေး ပစ္စည်းများ၊ စွမ်းအင် ဖြန့်ဖြူးခြင်း၊ စွမ်းအင်ထုတ်လုပ်ခြင်းလုပ်ငန်းများအား ပါဝင်ပြသခဲ့ပါသည်။

ယင်းပြပွဲ၌ နိုင်ငံတကာကုမ္ပဏီ ၁၆ ခုမှ ပြခန်းပေါင်း ၁၂၈ ခန်းကျော်ဖြင့် ခင်းကျင်းပြသခဲ့ကြပါသည်။ ကုန်စည်ပြပွဲသည် စီးပွားရေးမိတ်ဖက် ရှာဖွေရာတွင် ပိုမိုအဆင်ပြေချောမွေ့စေရန်နှင့်ရှိပြီးသား စီးပွားရေးမိတ်ဖက်များနှင့် ဆက်ဆံရေး ပိုမိုကောင်းမွန်စေရန် စက်ပစ္စည်းကိရိယာများ တစ်နေရာတည်း၌ လေ့လာရွေးချယ်နိုင်ရန်၊ မိမိတို့၏ သက်ဆိုင်ရာလုပ်ငန်းများအား ပြောင်းလဲတိုးတက် မြှင့်တင်နိုင်မည့် အခွင့်အရေးကောင်းများ ရရှိလာစေရန် ရည်ရွယ်၍ ပြသခြင်းဖြစ်ကြောင်း သိရှိရပါ သည်။

အဆိုပါပြပွဲကို နိုဝင်ဘာလ ၂၆ ရက်မှ ၂၈ ရက်နေ့အထိသုံးရက်တိုင်တိုင် ကျင်းပပြုလုပ်ခဲ့ရာ ကဏ္ဍစုံမှလုပ်ငန်းရှင်များ၊ အဆောက်အအုံနှင့် ဆောက်လုပ်ရေး၊ လျှပ်စစ်စွမ်းအင်နှင့်ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် သတ္တုတွင်းလုပ်ငန်းတို့မှ ကျွမ်းကျင်သူများ၊ စီးပွားရေးဆိုင်ရာကျွမ်းကျင်သူများနှင့် အများပြည်သူများ လာရောက်ကြည့်ရှုခဲ့ကြကြောင်း သိရှိရပါသည်။

**KMT**

# ဓာတ်မြေဩဇာ၊ မျိုးစေ့၊ ပိုးသတ်ဆေးနဲ့ဆေးရုံသုံး ကိရိယာများကို နိုင်ငံခြားဖက်စပ်ကုမ္ပဏီများအား ကုန်သွယ်ခွင့်ပြု

ဓာတ်မြေဩဇာမျိုးစေ့ ပိုးသတ်ဆေးနဲ့ ဆေးရုံသုံးကိရိယာများကို ယခင်က နိုင်ငံခြားသား ကုမ္ပဏီများအား ကုန်သွယ်ခွင့်မပြုဘဲ ဝန်ဆောင်မှုလုပ်ငန်းများကိုသာ ခွင့်ပြုပေးခဲ့ပါတယ်။ ယခုအခါ ကုန် သွယ်မှုနဲ့ ပတ်သက်တဲ့ နိုင်ငံတကာ လုပ်ထုံးလုပ်နည်းများ၊ ကမ္ဘာ့ကုန် သွယ်ရေးအဖွဲ့ရဲ့ စည်းမျဉ်းများအရ လည်းကောင်း၊ လက်ရှိပြောင်းလဲလာတဲ့ စီးပွားရေးအခြေအနေများအရ နိုင်ငံခြားမှ လာရောက်ရင်းနှီးမြှုပ်နှံလိုသူများ၊ စီးပွားရေးလုပ်ငန်း လာရောက် လုပ်ကိုင်လိုသူများ များပြားလာမှုအရလည်းကောင်း၊ ပြည်တွင်းလိုအပ်ချက်ကို အခြေခံ၍ ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ပြီး နိုင်ငံရဲ့ စိုက်ပျိုးရေးနဲ့ ပြည်သူများရဲ့ ကျန်းမာရေးကဏ္ဍအတွက် အရေးကြီးပြီး ဈေးကွက်လိုအပ်ချက်ရှိတဲ့ ဓါတ်မြေဩဇာ၊ မျိုးစေ့၊ ပိုးသတ်ဆေးနဲ့ ဆေးရုံးသုံး ကိရိယာများအား နိုင်ငံခြားသားဖက်စပ်ကုမ္ပဏီများကို နိုဝင်ဘာ လ ၁၁ ရက်နေ့မှစ၍ ကုန်သွယ်ခွင့်ပြုလိုက်ပြီဖြစ်ပါတယ်။

အဆိုပါ ကုန်စည်များကိုမြန်မာကုမ္ပဏီများနဲ့ ဖက်စပ်လုပ်ငန်းဆောင်ရွက်တဲ့ နိုင်ငံခြားကုမ္ပဏီများသာ တင်သွင်းခွင့်ရရှိမှာဖြစ်ပြီး ဖက်စပ်လုပ်ငန်းဆောင်ရွက်တဲ့ နိုင်ငံခြားငွေပမာဏအတိုင်း ကုန်သွယ်မှုပြုလုပ်ရမှာဖြစ်ပါတယ်။ ယခုခွင့်ပြုထားတဲ့ ကုန်ပစ္စည်းများကို ကုန်သွယ်မှုလုပ်ငန်းဆောင်ရွက်ရာမှာ လက်ရှိ ပြည်တွင်း ကုမ္ပဏီများကို သတ်မှတ်ခွင့်ပြုထားတဲ့ လုပ်ထုံးလုပ်နည်းများအတိုင်း ခွင့်ပြုဆောင်ရွက်သွားမှာဖြစ်ပါတယ်။

နိုင်ငံခြား ဖက်စပ်ကုမ္ပဏီများအား ကုန်သွယ်ခွင့်ပြုတဲ့ ကုန်ပစ္စည်းများစာရင်းကို ပြည်တွင်းလိုအပ်ချက်၊ ဈေးကွက် အနေအထား၊ ပြည်တွင်း စီးပွားရေးလုပ်ငန်းအခြေအနေတို့အပေါ် မူတည်ပြီး ပြောင်းလဲပြင်ဆင်သွားမယ်လို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနက နိုဝင်ဘာလ ၁၁ ရက် ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၉၆/၂၀၁၅ နဲ့ ထုတ်ပြန်ထားပြီးဖြစ်ပါတယ်။ **MIRT**

# တင်သွင်းလာတဲ့ သွားတိုက်ဆေး/ ခံတွင်းသန့်စင်ရည်များအတွက် ကျန်းမာရေးထောက်ခံချက် ထုတ်ပေးခြင်းကို ဖြေလျှော့ပေးတော့မည်

အစားအသောက်နဲ့ ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသည် အာဆီယံ အလှကုန်ပစ္စည်းဆိုင်ရာ ပြဋ္ဌာန်းချက် (ASEAN Cosmetic Directive ACD)နဲ့လိုက်လျောညီထွေဖြစ်တဲ့ ကျန်းမာရေးဝန်ကြီးဌာနရဲ့ အလှကုန်ပစ္စည်းဆိုင်ရာအမိန့် ၁/၂၀၁၀ အရ အလှကုန်ပစ္စည်းကြီးကြပ်ကွပ်ကဲရေးလုပ်ငန်းများကို ဆောင်ရွက်နေတာဖြစ်ပါတယ်။

ACD ရဲ့ Cosmetic Product Category အရ သွားတိုက်ဆေး/ ခံတွင်းသန့်စင်ရည်များသည် "Products for care of the teeth & the mouth" အလှကုန်အမျိုးအစားတွင်ပါဝင်သဖြင့် အခြား အာဆီယံနိုင်ငံများနည်းတူ အလှကုန်ပစ္စည်း မှတ်တမ်းတင်ခြင်းနဲ့ Post Market Surveillance (PMS) ပြုလုပ်ခြင်းကိုသာ အစားအသောက်နဲ့ ဆေးဝါးကွပ်ကဲရေးဦးစီးဌာနက ဆောင်ရွက်မှာဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်နေ့မှစ၍ သွားတိုက်ဆေး/ခံတွင်းသန့်စင်ရည်များအတွက် အစားအသောက်နဲ့ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ကျန်းမာရေးထောက်ခံချက် (Import Health Certificate)ထုတ်ပေးခြင်းများကို ဖြေလျှော့ပေးတော့မည်ဖြစ်ကြောင်း သိရပါတယ်။ **MIRT**

# မွန်ပြည်နယ် မော်လမြိုင်မြို့နဲ့ သထုံမြို့များတွင် ကုန်သွယ်မှု လုပ်ထုံးလုပ်နည်းဆိုင်ရာ ရှင်းလင်းဆွေးနွေးပွဲကျင်းပ



မွန်ပြည်နယ် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာ ဦးစီးဌာနမှ ကြီးမှူးကျင်းပတဲ့ ကုန်သွယ်မှုလုပ်ထုံးလုပ်နည်းဆိုင်ရာ ရှင်းလင်းဆွေးနွေးပွဲအား နိုဝင်ဘာ ၂၀ ရက်နေ့က မော်လမြိုင် ကုန်စည်ဒိုင်ခန်းမတွင် ကျင်းပခဲ့ပါတယ်။

ဆွေးနွေးပွဲတွင် ပြည်နယ်ဦးစီးမှူး ဦးစိုးသန်းအေးက ဆွေးနွေး ပွဲပြုလုပ်ရခြင်းရဲ့ ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားပြီးနောက် အခမ်းအနားကို စတင်ခဲ့ပါတယ်။ ထို့နောက် ကုန်သွယ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးတင်လတ်က လက်ရှိကျင့်သုံးနေတဲ့ စီးပွားရေးမူဝါဒများ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးစစ်နိုင်က သွင်းကုန်၊ ထုတ်ကုန်မှတ်ပုံတင်ခြင်း၊ ကုန်သွယ်မှုနှင့် သက်ဆိုင်သည့် ဥပဒေများနှင့် Safeguard Law အကြောင်း ရှင်းလင်းဆွေးနွေးခဲ့ပါတယ်။

ဆွေးနွေးပွဲသို့ တက်ရောက်လာတဲ့ လုပ်ငန်းရှင်များက ကုန်သွယ်မှုနဲ့ပတ်သက်တဲ့ သိရှိလိုတာများကို အပြန်အလှန် မေးမြန်းဆွေးနွေးခဲ့ကြပါတယ်။ ဆွေးနွေးပွဲကို လုပ်ငန်းရှင်ကုန်သည် စုစုပေါင်း ၇၀ ဦးခန့် တက်ရောက်ခဲ့ပါတယ်။

သထုံမြို့ သုဝဏ္ဏခန်းမတွင်လည်း အလားတူဆွေးနွေးပွဲအား နိုဝင်ဘာလ ၂၁ ရက်နေ့တွင်ကျင်းပခဲ့ရာ လုပ်ငန်းရှင်၊ ကုန်သည်များ စုစုပေါင်း ၆၀ ဦးခန့် တက်ရောက်ခဲ့ကြောင်း သိရပါတယ်။

**ခင်ဇော်- မော်လမြိုင်**

# ကုန်စည်ဒိုင်အသီးသီး၏ လက်ရှိအရောင်းအဝယ်ဖြစ်နေသော ဈေးနှုန်းများနှင့် ဈေးကွက်အခြေအနေ (၃၀-၁၁-၂၀၁၅)

ခင်မောင်မောင်အုန်း



## ဘုရင့်နောင်ဈေးကွက်မှာ မတ်ပဲပစ္စည်းလက်ကျန် နည်းနေသလို အရောင်းအဝယ်လည်းအေးနေ

ဘုရင့်နောင်ဈေးကွက်မှာ ဒီတစ်ပတ် မတ်ပဲအနေဖြင့် ကုန်သည်လက်ဝယ်မှာ ပစ္စည်းလက်ကျန်ပါးနေပြီး ကုန်စည်ဒိုင်သို့ ပဲအရောင်းအဝယ်ပြုလုပ်လိုသော ကုန်သည်ကြီးများ လာရောက်မှုလည်း နည်းခဲ့ကြောင်း သိရပါတယ်။ ပြည်ပဝယ်လက်တွေကတော့ တစ်တန်ကို ၂၃ သိန်းဝန်းကျင်ဖြင့် ဈေးဖွင့်ဝယ်ပေမယ့် ရောင်းသူကုန်သည်များက အမြင့်ဈေး မှန်းနေတာကြောင့် အရောင်းနည်းခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## ဟသ်ာတဈေးကွက်မှာ မတ်ပဲအရောင်းအဝယ် အေးပြီး ပြောင်းသီးနှံသာ ရန်ကုန်ဝယ်လိုအားရှိနေ

ဟသ်ာတဈေးကွက်မှာ ဒီတစ်ပတ် မတ်ပဲအနေဖြင့် ကုန်သည်လက်ဝယ်မှာ ပစ္စည်းလက်ကျန်နည်းနေပြီး ပဲအရောင်းအဝယ်လည်း မရှိသလောက်ဖြစ်နေကြောင်း သိရပါတယ်။ ဒေသထွက် ပြောင်းသီးနှံကိုတော့ ရန်ကုန်လက်ဝယ်က တစ်ပိဿာကို ၄၂၅ ကျပ်ဈေးဖြင့် ဝယ်လိုအားအနည်းငယ်ရှိခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။

××××××××××××××××

## ပခုက္ကူဈေးကွက်မှာ ကုလားပဲဖြူလုံးကြီးကို ပဲခွဲစက်များ ဝယ်လိုအားပုံမှန်ရှိ

ပခုက္ကူဈေးကွက်မှာ ဒီတစ်ပတ် ကုလားပဲဖြူလုံးကြီးကို ပဲခွဲစက်များက ဝယ်လိုအားပုံမှန်ရှိပေမယ့် ယခင်တစ်ပတ်ဖြင့် နှိုင်းယှဉ်ပါက ဈေးအနည်းငယ်ကျလာကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာကို ၉၀၀ ကျပ်(တစ်တန်ကို ၁၁၆၃၅၄၁ ကျပ်)ဈေးဖြင့် နေ့စဉ်အိတ် ၂၀၀ ခန့်ဖြစ်ကြောင်း သိရပါတယ်။

××××××××××××××××

## မုံရွာဈေးကွက်မှာ ပဲလက်ကျန်အနည်းငယ်ရှိတဲ့ ပဲတွေသာ အရောင်းအဝယ်ဖြစ်

မုံရွာဈေးကွက်မှာ ဒီတစ်ပတ် ပဲလက်ကျန်အနည်းငယ်ရှိတဲ့ ပဲတီစိမ်းနှင့် ကုလားပဲသာ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲတီစိမ်းကြီးကနယ်စုံမှ ဝင်ရောက်မှုနည်းလာသလို မန္တလေးဝယ်လက်ကလည်း ပဲရဲ့ အရည်အသွေးအပေါ် မူတည်ပြီး စိစစ်ဝယ်ယူမှုတွေရှိနေကြောင်း အရောင်းအဝယ်ဖြစ်မှု ပမာဏ နည်းခဲ့ကြောင်း သိရပါတယ်။ ကုလားပဲဖြူလုံးကြီးနှင့် ကုလားပဲ(ထိုင်ဝမ်)ကို ပဲခွဲစက်၊ အမှုန့် ကြိတ်စက်နှင့် ကြာဇံစက် များက ဝယ်လိုအားပုံမှန်ရှိပေမယ့် ရောင်းသူကုန်သည်တွေထံမှာ ပစ္စည်းလက်ကျန်နည်းနေကြောင်း သိရပါတယ်။ အရောင်းအဝယ် အနေဖြင့် ကုလားပဲဖြူလုံးကြီး တစ်ပိဿာ ၁၈၆၈ ကျပ် (တစ်တန် ကို ၁၁၄၃၉၄၄ ကျပ်) ကုလားပဲ(ထိုင်ဝမ်)တစ်ပိဿာ ၁၉၀၀ ကျပ် (တစ်တန်ကို ၁၁၆၃၅၄၁ ကျပ်)ဈေးဖြင့် နှစ်မျိုးပေါင်း တစ်ရက်ကို အိတ် ၄၀၀ ခန့်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## မကွေးဈေးကွက်မှာ ပဲတီစိမ်းနှင့် ကုလားပဲ အရောင်းအဝယ် အနည်းငယ်သာရှိ

မကွေးဈေးကွက်မှာ ဒီတစ်ပတ်ပဲတီစိမ်းကြီးကို မန္တလေးဝယ်လက်က ဝယ်လိုအား လျော့သွားတာကြောင့် ပဲအရောင်းအဝယ်ဖြစ်မှု ပမာဏလည်း လျော့ကျလာကြောင်း အရောင်းအဝယ်အနေဖြင့် တစ်ပိဿာကို ၂၀၃၀ ကျပ် (တစ်တန်ကို ၁၂၄၃၁၅၁ ကျပ်)ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ကုလားပဲ(ထိုင်ဝမ်)ကို ပဲခွဲစက်များက ဝယ်လိုအား အသင့်အတင့်သာ ရှိခဲ့သလို ကုန်သည်လက်ဝယ်မှာလည်း ပဲလက်ကျန်နည်းနေကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။ နှမ်းမျိုးစုံကိုတော့ မန္တလေးဝယ်လက်နှင့် ဆီစက်တွေက ဝယ်လိုအားများခဲ့ကြောင်း နှမ်းနီတစ်ပိဿာ ၂၂၉၀ ကျပ်၊ နှမ်းဖြူတစ်ပိဿာ ၂၄၀၀ ကျပ်၊ နှမ်းနက်စမုံ တစ်ပိဿာ ၄၈၄၅ ကျပ်နှင့် နှမ်းမျိုးစုံတစ်ရက်ကို အိတ် ၄၀၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## အောင်လံဈေးကွက်မှာ ပဲတီစိမ်းပုံမှန် အရောင်းအဝယ်ဖြစ်

အောင်လံဈေးကွက်မှာ ဒီတစ်ပတ်ပဲတီစိမ်းကြီးကို မန္တလေးဝယ်လက်က ပဲရဲ့အရည်အသွေးအပေါ် မူတည်ပြီး ဈေးပေးအဝယ်ရှိသလို ဝယ်လိုအားပါများခဲ့ကြောင်း အရောင်းအဝယ်အနေဖြင့် တစ်ပိဿာကို ၂၀၀၀ ကျပ် (တစ်တန်ကို ၁၂၂၄၇၈၀ ကျပ်)ဈေးဖြင့် နေ့စဉ်အိတ် ၁၅၀၀ ခန့်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ကုလားပဲ(ထိုင်ဝမ်)ကိုတော့ ပဲခွဲစက်များက တစ်ပိဿာကို ၁၈၅၀ ကျပ် (တစ်တန်ကို ၁၁၃၂၉၂၁ ကျပ်)ဈေးဖြင့် ဝယ်လိုအား ပုံမှန်ရှိပေမယ့် ကုန်သည်လက်ဝယ်မှာတော့ ပစ္စည်းလက်ကျန် နည်းနေကြောင်း သိရပါတယ်။

××××××××××××××××

## ရေစကြိုဈေးကွက်မှာ ကုလားပဲကို ပဲခွဲစက်တွေ ဝယ်လိုအားပုံမှန်ရှိ

ရေစကြိုဈေးကွက်မှာ ဒီတစ်ပတ် ကုလားပဲ(ထိုင်ဝမ်)ကို ပဲခွဲစက်တွေက ဝယ်လိုအားပုံမှန်ရှိခဲ့ကြောင်း အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၁၈၇၀ ကျပ် ဈေးဖြင့် နေ့စဉ်အိတ် ၂၀၀ ခန့်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## ပြည်ဈေးကွက်မှာ ပဲတီစိမ်း(သစ်)ဝင်ရောက်

ပြည်ဈေးကွက်မှာ ဒီတစ်ပတ် ပဲတီစိမ်း(သစ်)တွေ နယ်စုံမှ ဝင်ရောက်လာပြီး တစ်ပိဿာကို ၂၀၀၀ ကျပ် (တစ်တန်ကို ၁၂၂၄၇၈၀ ကျပ်)ဈေးဖြင့် ဈေးဖွင့်အရောင်းရှိခဲ့သလို မန္တလေးဝယ်လက်ကလည်း ဝင်သလောက် ဝယ်လိုအားရှိခဲ့ကြောင်း သိရပါတယ်။ မတ်ပဲကတော့ ကုန်သည်လက်ဝယ်မှာ ပဲလက်ကျန် အနည်းငယ်သာရှိပြီး မျိုးအတွက် ဝယ်ယူသူများကတော့ တစ်ပိဿာကို ၃၆၀၀ ကျပ် (တစ်တန်ကို ၂၂၀၄၆၀၄ ကျပ်)ဈေးဖြင့် တစ်ရက်ကို အိတ် ၅၀ ခန့် အဝယ်ရှိခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## မန္တလေးဈေးကွက်မှာ ပဲတီစိမ်းကြီးကို တရုတ်ဝယ်လိုအားလျော့၊ မတ်ပဲ လက်ကျန်နည်း

မန္တလေးဈေးကွက်မှာ ဒီတစ်ပတ်ကထိန်ပွဲတော်နှင့် တိုက်ဆိုင်နေတာကြောင့် ပဲအရောင်းအဝယ် အထိုက်အလျောက်သာ ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲတီစိမ်းကြီးအနေဖြင့် ကုန်သည်လက်ဝယ်မှာ ပစ္စည်းလက်ကျန် နည်းနေသလို တရုတ်ဘက်ကလည်း ဝယ်လိုအားလျော့သွားကြောင်း အရောင်းအဝယ်အနေဖြင့် တစ်ပိဿာကို ၂၁၃၃ ကျပ် (တစ်တန်ကို ၁၃၀၆၂၂၇ ကျပ်) ဈေးဖြင့် အရောင်းအဝယ်ဖြစ်မှုနည်းခဲ့ကြောင်း သိရပါတယ်။ မတ်ပဲအနေဖြင့် အရင်လတွေက ပြည်ပအတွက် ဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်ဝယ်လိုအား ကောင်းခဲ့ပေမယ့် ဒီတစ်ပတ်မှာတော့ ပြည်ပအဝယ်ပါးသွားသလို ပဲလက်ကျန်လည်း နည်းနေတာကြောင့် အရောင်းရော အဝယ်ပါ အေးနေကြောင်း သိရပါတယ်။

××××××××××××××××

## တောင်ကြီးဈေးကွက်မှာ ပြောင်းအဝင်ပုံမှန်ရှိသလို ရန်ကုန်၊ မန္တလေး ဝယ်လက်ကလည်း ဝယ်လိုအား ပုံမှန်ရှိနေ

တောင်ကြီးဈေးကွက်မှာ ဒီတစ်ပတ်နယ်စုံမှ ပြောင်းသီးနှံတွေ ပုံမှန်ဝင်ရောက်လာသလို ရန်ကုန်-မန္တလေးဝယ်လက်နှင့် အစာစပ်လုပ်ငန်းရှင်များကလည်း ဝယ်လိုအားဆက်တိုက်ရှိခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာကို ၄၂၀ ကျပ်ဈေးဖြင့် တစ်ပတ်အတွင်း ပိဿာချိန် သုံးသိန်းခန့်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## လားရှိုးဈေးကွက်မှာ ပြောင်းအဝင်လျှိုင် တရုတ်အဆွဲသွက်

လားရှိုးဈေးကွက်မှာဒီတစ်ပတ်ပြောင်းသီးနှံအဝင်လျှိုင်လာသလို တရုတ်ဘက်ကလည်း တစ်ပိဿာကို ၄၃၀ ကျပ်ဈေးဖြင့် ဝယ်လိုအားများခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။ ဒီအချိန်မှာ ပြောင်းသီးနှံအနေဖြင့် ဝယ်လိုအားထက် ရောင်းလိုအားက များနေတာကြောင့် ထိုက်သင့်တဲ့ဈေးမရသေးကြောင်း လားရှိုးအခြေစိုက် ပြောင်းကုန်သည်တစ်ဦးက သုံးသပ်ပြောကြားကြောင်း သိရပါတယ်။

××××××××××××××××

## မူဆယ်ဈေးကွက်မှာ ပြောင်းဝင်ရောက်မှုများလာ

မူဆယ်ဈေးကွက်မှာ ဒီတစ်ပတ်ပြောင်းဝင်ရောက်မှုက တစ်ပတ်အတွင်း တန်ချိန် လေးသောင်းဝန်းကျင် ဝင်ရောက်ခဲ့တာကြောင့် ယခင်တစ်ပတ်ထက် နှိုင်းယှဉ်ပါက အဝင်ပိုများလာကြောင်း သိရပါတယ်။ အဝင်ရှိသလောက်လည်း တရုတ်ဘက်က ဝယ်လိုအား ကောင်းနေကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် ၅၀ ကီလိုတစ်အိတ်ကို အနိမ့်ဆုံး ယွမ် ၈၀ မှ အမြင့်ဆုံး ၈၂ ယွမ်အတွင်း အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။



# ဧရာဝတီတိုင်းဒေသကြီး၊ သာပေါင်းမြို့ လေ့ကြီးတက်ကျေးရွာ အ•ထ•က(ခွဲ)တွင် စားသုံးသူအကာအကွယ်ပေးရေးအကြောင်း အသိပညာပေး ဟောပြောပွဲကျင်းပ

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန၊ ဧရာဝတီတိုင်းဒေသကြီး၊တိုင်းဦးစီးမှူးရုံးမှ ညွှန်ကြားရေးမှူး ဦးစိုးအောင်နှင့်တာဝန်ရှိဝန်ထမ်းများသည် နိုဝင်ဘာလ ၂၃ ရက်နေ့ နေ့လည်ပိုင်းတွင် သာပေါင်းမြို့၊ လေ့ကြီးတက်ကျေးရွာ အ. ထ. က(ခွဲ)တွင် စားသုံးသူအကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာအသိပညာပေးဟောပြောပွဲ ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါဟောပြောပွဲသို့ တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ညွှန်ကြားရေးမှူး ဦးစိုးအောင်က နေ့စဉ် စားသောက်နေသော အစားအစာများ ဘေးအန္တရာယ်ကင်းရှင်းရန် လိုအပ်ကြောင်း၊ အစားအသောက်များ စားသောက်မည်ဆိုပါက အမြဲသံသယစိတ် (Ever Suspect) နဲ့ စစ်ဆေးပြီး စားရမယ်၊ သတင်းအချက်အလက်နဲ့ အကျိုးအမြတ်တွေကြည့်ရမယ်၊FDA ထောက်ခံချက်နဲ့ ကုန်ဆုံးရက်ကျော်လွန်နေပြီလားဆိုတာကို စစ်ဆေးရန်နှင့် စင်ကာပူနိုင်ငံ၏ လူနေမှုဘဝမြင့်မားတိုးတက်မှုများကို ပရိုဂျက်တာနှင့် ရှင်းလင်းပြောကြားခဲ့ပါသည်။

ဒုတိယတိုင်းဦးစီးမှူး ဦးစောမိုက်ကယ်က စားသုံးရန်မသင့်သောအစားအသောက်များနှင့် ဘေးအန္တရာယ် ဆိုးကျိုးများ၊ ခွင့်မပြုဆိုးဆေးနှင့်ဓါတုဆိုးဆေးများ၊ယင်မနားဆေး(Trichorfon)နှင့် ကြာရှည်အထားခံဆေး (Formalin ) များအကြောင်းကိုလည်းကောင်း၊ရှေ့ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို လည်းကောင်း၊ ပရိုဂျက်တာဖြင့် အကျယ်တဝင့်ရှင်းလင်းဟောကြားခဲ့ပါသည်။ဆက်လက်၍ ဒုတိယဦးစီးမှူး ဒေါ်ဌေးဌေးက စားသုံးသူ အကာအကွယ်ပေးရေးဥပဒေနှင့်ပတ်သက်၍ ရည်ရွယ်ချက်များ၊ စားသုံးသူအခွင့်အရေးနှင့် တာဝန်၊ စီးပွားရေးလုပ်ငန်းရှင်၏ အခွင့်အရေးနှင့်တာဝန်၊တားမြစ်ချက်များ၊ပြစ်မှုပြစ်ဒဏ်များကို ရှင်းလင်းပြောကြားခဲ့ပါသည်၊ ဟောပြောပွဲသို့ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ/ဆရာမများ၊ ကျောင်းသား/ ကျောင်းသူများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ ရပ်မိရပ်ဖများ၊စုစုပေါင်း ၃၂၂ ဦးတက်ရောက်ခဲ့ပြီး စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေစာအုပ်များနှင့်လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သတင်း ရရှိပါသည်။

**မြင့်အောင်၊ပုသိမ်**

# မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ဆိပ်ဖြူမြို့မှာ “စားသုံးသူအကာအကွယ်ပေးရေးနဲ့ ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ” ကျင်းပ

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ဆိပ်ဖြူမြို့မှာ နိုဝင်ဘာလ ၂၄ ရက်နေ့ နံနက်က “ စားသုံးသူ အကာအကွယ်ပေးရေးနှင့် ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ” ကျင်းပပြုလုပ်ခဲ့ရာ ၎င်းအလုပ်ရုံဆွေးနွေးပွဲသို့ တိုင်းအဆင့် ဌာနဆိုင်ရာ ၊ ခရိုင်အဆင့် ဌာနဆိုင်ရာ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနဲ့ ဒေသခံပြည်သူလူထုစုစုပေါင်း ၁၈၀ ဦးခန့် တက်ရောက်ခဲ့ပါတယ်။

မကွေးတိုင်းဒေသကြီး ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယတိုင်းဦးစီးမှူး ဦးစိုးအောင်က အဖွင့်အမှာစကားပြောကြားပြီး တက်ရောက်လာကြတဲ့ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များနှင့် ပညာရှင်များက အစု ၄ ခုဖွဲ့၍ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ မျိုးရိုးဗီဇနှင့် အပင်ပိုးမွှားများကြောင့် စားသုံးသူများကို ထိခိုက်မှုမရှိစေရန် အကာအကွယ်ပေးခြင်း၊ အစားအသောက်နဲ့ ဆေးဝါးများကြောင့် စားသုံးသူများကို ထိခိုက်မှုမရှိစေရန် အကာအကွယ်ပေးခြင်း၊ တိရစ္ဆာန်နဲ့ တိရစ္ဆာန်ထွက် ပစ္စည်းများကြောင့် စားသုံးသူများကို ထိခိုက်မှုမရှိစေရန် ကာကွယ်ပေးခြင်း၊ စံချိန်စံညွှန်းမမီသည့် လူသုံး၊အိမ်သုံး၊ စက်မှုသုံးပစ္စည်းများကြောင့် စားသုံးသူများကို ထိခိုက်မှုမရှိစေရန် ကာကွယ်ပေးခြင်း၊ ဝန်ဆောင်မှု များကြောင့် စားသုံးသူများကို ထိခိုက်မှုမရှိစေရန် အကာအကွယ်ပေးခြင်းများကို ခေါင်းစဉ်အလိုက် ညှိနှိုင်းဆွေးနွေးကြပါတယ်။

ဒေသတွင်းရှိ စားသုံးသူများကို မည်သို့ အကာအကွယ်ပေးရမည်ကို အပြန်အလှန် ဆွေးနွေးတင်ပြမှုများရဲ့ အနှစ်ချုပ်မှာ စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းက အရေးကြီး အဓိကကျနေပြီဖြစ်၍ စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်းကို ယခုထက်ကျယ်ကျယ်ပြန့်ပြန့် တိုင်းအဆင့်၊ ခရိုင်အဆင့်မှသည် မြို့နယ်အဆင့်အထိ ဆောင်ရွက်သွားစေ လိုကြောင်း၊ ကျောင်းသားမှသည် မိဘဆီသို့ဆိုတဲ့ ဦးတည်ချက်ကို မြို့မှသည် ကျေးရွာများအထိ အသိပညာပေးဆောင်ရွက်သွားဖို့ လိုအပ်ကြောင်း၊ သက်ဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများနဲ့ ပေါင်းစပ်ပြီး ဆောင်ရွက်သွားကြစေလိုကြောင်း မြန်မြန် အကောင်အထည်ဖော်ဖို့လိုအပ်ကြောင်း စသည်ဖြင့် ဆွေးနွေးခဲ့ကြပါတယ်။

**မြင့်ဦး၊ပခုက္ကူ**

# မုဒုံမြို့နယ် အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်းတွင် စားသုံးသူအကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများ ဟောပြောဆွေးနွေး



မွန်ပြည်နယ်၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာနသည် အစားအသောက်များ ဘေးဥပဒ်အန္တရာယ်ကင်းရှင်းရေးနှင့် စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေးဆောင်ရွက်ခြင်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ ပြည်နယ်ဦးစီးမှူးရုံးမှ ပြည်နယ်ဦးစီးမှူး ဦးစိုးသန်းအေး ဦးဆောင်သော ဝန်ထမ်းအဖွဲ့များနှင့် မြို့နယ်တာဝန်ခံ ဦးလှအောင်တို့သည် မုဒုံမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းသို့ နိုဝင်ဘာလ ၂၄ ရက်နေ့တွင်သွားရောက်ခဲ့ပြီး စားသုံးသူ အကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများ လက်ကမ်းစာစောင်များဝေငှခြင်းနှင့် ဟောပြော ဆွေးနွေးခြင်းတို့ကို ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါ ဟောပြောဆွေးနွေးပွဲတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်လှသန်းက အဖွင့်အမှာစကား ပြောကြားပြီး ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးစိုးသန်းအေးက ဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် ပတ်သက်တဲ့ အကြောင်းအရာများအား လည်းကောင်း၊ စားသုံးသူရေးရာဌာနခွဲ တာဝန်ခံ ဒုတိယဦးစီးမှူး ဦးအောင်ကျော်မိုးက တားမြစ်ကုန်စည်များ၏ ဘေးဥပဒ် အန္တရာယ်များအကြောင်း၊ စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ သိကောင်းစရာများနှင့် ဥပဒေအကြောင်းကိုလည်းကောင်း၊ ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာဌာနခွဲတာဝန်ခံ ဦးနေဇင်သက်က ထုတ်ကုန်များလုံခြုံစိတ်ချရမှုနှင့် ပတ်သက်သော သိကောင်းစရာ အကြောင်းများအား Projector ဖြင့် ရှင်းလင်းဟောပြောဆွေးနွေးခဲ့ပါသည်။

ယင်းဆွေးနွေးပွဲသို့ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမ ၂၀ ဦး၊ ကျောင်းသား၊ ကျောင်းသူ ၆၂၅ ဦးတို့တက်ရောက်ခဲ့ကြကြောင်းနှင့် စာသင်ကျောင်းရှိ မုန့်ဈေးတန်းတွင် စားသုံးရန်မသင့် တားမြစ်ထားသော အစားအသောက်များ ရောင်းချခြင်းရှိမရှိ စစ်ဆေးခြင်းများကို ဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိပါတယ်။

**Consumer (Mon)**

# တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့ အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်းတွင် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကျင်းပပြုလုပ်

ထားဝယ်မြို့၊ ကြက်စားပြင်ရပ်၊ အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်း၊ နဝရတ်ခန်းမ၌ ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာနမှ ဦးစီး၍ ပညာရေးဦးစီးဌာန၊ ဥပဒေရုံး၊ စည်ပင်သာယာရေးအဖွဲ့နှင့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနတို့ ပူးပေါင်းပြီး စားသုံးသူကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာလ ၂၅ ရက်နေ့၊ နံနက် ၁၀ နာရီအချိန်တွင် ကျင်းပပြုလုပ်ခဲ့တယ်လို့သိရပါသည်။

အဆိုပါ ဟောပြောဆွေးနွေးပွဲတွင် တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်စန်းရီက အဖွင့်အမှာစကားပြောကြားပါတယ်။ ကုန်သွယ်မှုမြှင့်တင်ရေး နှင့် စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယတိုင်းဒေသကြီး ဦးစီးမှူး ဦးကျော်စိုးရီက စားသုံးသူ အကာအကွယ်ပေးရေး ပေါ်ပေါက်လာပုံ၊ အခြေခံသဘောတရားများ၊ စားသုံးရန်မသင့်ဟု ကြေညာထားသည့် အစားအသောက်များ၊ လုံခြုံစိတ်ချမှုရှိသော အစားအသောက်များကို စားသုံးသူများ ရွေးချယ်ဝယ်ယူစားသုံးတတ်စေရန်နှင့် အစားအသောက်များတွင် သုံးစွဲသော ခွင့်မပြု ဓာတုဆိုးဆေးနှင့် နောက်ဆက်တွဲ ရောဂါများအကြောင်းကိုလည်းကောင်း၊ တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူး ဦးကြည်စိုးက ကျောင်းမုန့်ဈေးတန်းတွင် ရောင်းချနေသော အစားအသောက်များ သန့်ရှင်းရေးနှင့် ပတ်ဝန်းကျင်ကောင်းဖြစ်စေရေးကိုလည်းကောင်း၊ တိုင်းဒေသကြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာတင်ဌေးက အေးခဲအသားများ၊ လတ်ဆတ်သန့်ရှင်းသောအသားငါးများ ရွေးချယ်စားသောက်ရေး၊ သန့်ရှင်းစွာ ကိုင်တွယ်ချက်ပြုတ်ရေး၊ တစ်ကိုယ်ရည်သန့်ရှင်းမှု ရှိစေရေးနှင့် နေထိုင်ပုံအကြောင်းတို့ကိုလည်းကောင်း၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ ကျောင်းသား၊ ကျောင်းသူများ အစားအစာ၊ ဘေးအန္တရာယ်ကင်းရှင်းရေး သိကောင်းစရာ ဗီဒီယိုမှတ်တမ်းပြသခြင်းနှင့် လက်ကမ်းစာစောင်ဖြန့်ဝေခြင်းများ၊ ဟောပြောဆောင်ရွက်ခဲ့ပြီး ကျောင်းအုပ်ဆရာကြီး ဦးမောင်ညိုက ကျေးဇူးတင်စကားပြောကြားခဲ့ပါသည်။

ဟောပြောပွဲအခမ်းအနားသို့ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူ စုစုပေါင်းအင်အား ၄၈၀ ခန့် တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**ဇော်မင်းလတ်-ထားဝယ်**

# ရှောင်ကွင်းလမ်းမှာ စုပုံထားတဲ့ သစ်တောထွက်ကုန်နဲ့ ပရိဘောဂပစ္စည်းများ ဖမ်းဆီးရမိ

နောင်ချို မိုဘိုင်းအဖွဲ့ စစ်ဆေးရေးစခန်း ရှောင်ကွင်းလမ်းဖြစ်တဲ့ နောင်ချိုမြို့အထွက် ရထားသံလမ်းကူးအကြား စခန်းရှောင်ကွင်းလမ်းဘေးမှာ ပစ္စည်းများစုပုံထားတယ်လို့ သတင်းရရှိတဲ့အတွက် နောင်ချိုမိုဘိုင်းအဖွဲ့က သွားရောက် စစ်ဆေးရာ လမ်းဘေးမှာ စုပုံထားတဲ့ ကျွန်းတံခါးချပ်ကြီး အချပ် ၂၀နဲ့ သစ်ခွပန်းရိုးခြောက် လေးအိတ်ကို စစ်ဆေးတွေ့ရှိခဲ့ရပါတယ်။ မိုဘိုင်းအဖွဲ့အနေနဲ့ အကောက်ခွန်လုပ်ထုံးလုပ်နည်းနဲ့အညီ အကောက်ခွန်အမှုတွဲဖွင့်လှစ်ပြီး နောင်ချိုသစ်တောဦးစီးဌာနသို့ စနစ်တကျလွှဲပြောင်းအပ်နှံထားပြီးဖြစ်တယ်လို့ သတင်းရရှိပါတယ်။

**MIRT**

# ကျောက်စိမ်းလို့ယူဆရတဲ့ ကျောက်တုံးများ အေးရှားဝေါလ်တိုးဂိတ်မှာ စစ်ဆေးတွေ့ရှိ

နိုဝင်ဘာလ ၂၁ ရက် ညနေ ၃ နာရီ မိနစ် ၄၀ ချိန်ခန့်မှာ နောင်ချို အေးရှားဝေါလ် တိုးဂိတ်အနီး ယာယီ အခြေပြုမိုဘိုင်း လရ-၁အဖွဲ့သို့ ဝင်ရောက် စစ်ဆေးခံတဲ့ မူဆယ်သို့ ဦးတည်မောင်းနှင်တဲ့ Toyota Primer ယာဉ်ပေါ်မှ ကျောက်စိမ်းလို့ယူဆရတဲ့ ကျောက်တုံး နှစ်တုံးနဲ့ အမဲသားခြောက် ရှစ်အိတ်ကို စစ်ဆေးတွေ့ရှိခဲ့တဲ့အတွက် အကောက်ခွန် လုပ်ထုံးလုပ်နည်းနဲ့အညီ အကောက်ခွန် အမှုတွဲဖွင့်ထားတယ်လို့ သတင်းရရှိပါတယ်။

အလားတူ ၂၀ ရက်နေ့ နေ့လယ် ၂နာရီ ၁၀မိနစ် အချိန်မှာလည်း လရ-၂ အဖွဲ့သို့ ဝင်ရောက်စစ်ဆေးခံတဲ့ ကင်တာ ခြောက်ဘီးယာဉ်ပေါ်မှ ကြက်အသည်းအမြစ် တစ်ဖာကိုလည်း သိမ်းဆည်း ရမိခဲ့ပါတယ်။ လရ-၁အဖွဲ့ အနေနဲ့ စစ်ဆေးတွေ့ရှိသော ကုန်စည်များထဲတွင် ကျောက်စိမ်းဟု ယူဆရသော ကျောက်တုံးများ အများအပြားပါရှိပါတယ်။

**MIRT**

# ခြောက်ဘီးယာဉ်ပေါ်မှ ပိတောက်သစ်နဲ့ တမလန်းသစ်များကို မန္တလေးလူပ်ရှားအဖွဲ့က စစ်ဆေးတွေ့ရှိ

မိုးကုတ်-မတ္တရာ-မန္တလေး ကုန်းလမ်းကြောင်း မတ္တရာမြို့အဝင် လမ်းဆုံတွင် နိုဝင်ဘာလ ၂၂ ရက်နေ့က မန္တလေး လှုပ်ရှားအဖွဲ့တာဝန်ထမ်းဆောင်နေစဉ် မတ္တရာမြို့ရှောင်ကွင်းလမ်းဥယျာဉ်တော်ကျေးရွာအနီး သစ်များ တရားမဝင်သယ်ဆောင်နေကြောင်း သတင်းရရှိသဖြင့် ခြောက်ဘီးယာဉ်အား တားဆီးစဉ် ယာဉ်နှင့်ယာဉ်နောက်လိုက်တို့မှာ ထွက်ပြေးတိမ်းရှောင်သွားတယ်လို့ သိရပါတယ်။ အဆိုပါယာဉ်ပေါ်မှ တရားမဝင် ပိတောက် သစ်ခွဲသားဆိုဒ်စုံ ၄၁၇ ချောင်း၊ တမလန်း ခွဲစားရွေ့ဆိုဒ်စုံ ၄၉ တုံးကို စစ်ဆေးတွေ့ရှိသိမ်းဆည်းနိုင်ခဲ့ပါတယ်။

အဆိုပါ တရားမဝင်သစ်များရဲ့ ခန့်မှန်းတန်ဖိုးမှာ ကျပ်သန်းပေါင်း ၂၁ ဒသမ ၉၀၉ ခန့်ဖြစ်ပြီး လုပ်ထုံးလုပ်နည်းနဲ့အညီ အကောက်ခွန်အမှုတွဲဖွင့်လှစ် သိမ်းဆည်းပြီးဖြစ်ပါတယ်။

**MIRT**

# တရားမဝင် အေးခဲအသားများ ရောင်းချနေမှုအား ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များမှ သိမ်းဆည်းဖျက်ဆီး

ကျန်းမာရေးနှင့် ညီညွတ်တဲ့ စားသောက်ဖွယ်ရာများ ရောင်းချစေရေးအတွက် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီက ဆောင်ရွက်လျက် ရှိရာ မြို့တော်အတွင်းပြည်သူများအတွက် စားသုံးရန် မသင့်တဲ့ အစားအစာများ ရောင်းချခြင်းရှိမရှိ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာနနဲ့ ပူးပေါင်းပြီးဈေးများ၊ ဈေးဆိုင်များ၊ စူပါမားကက်များမှာ စစ်ဆေးကြပ်မတ်လျက်ရှိပါတယ်။

ထိုသို့စစ်ဆေးရာတွင် နိုဝင်ဘာလ ၁၉ ရက်နေ့က ပြည်သူများ စားသုံးရန် မသင့်တဲ့ အေးခဲအသားများ ရောင်းချလျက်ရှိတဲ့ မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပတ်ကုန်းပျော်ဘွယ်ရပ်ကွက်၊ ၆၇လမ်း၊ ၃၀×၃၁ လမ်းကြားရှိ ပင်လယ်စာရောင်းဝယ်ရေးလုပ်ငန်းတွင် တစ်ဖက်နိုင်ငံမှ တရားမဝင်လမ်းကြောင်းဖြင့် တင်သွင်းလာသော တစ်ဖက်နိုင်ငံဘာသာစကားနဲ့ အမှတ်တံဆိပ်ပါ အေးခဲအသားများ ရောင်းချနေမှုအား စစ်ဆေးတွေ့ရှိ သိမ်းဆည်းခဲ့ပါတယ်။

နိုဝင်ဘာလ ၂၀ ရက်နေ့ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးရုံး အပါအဝင် အခြား ဆက်စပ်အဖွဲ့အစည်းများမှလည်း ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြပြီး သိမ်းဆည်းရမိသောအေးခဲအသားတွေကို မီးရှို့ဖျက်ဆီးခဲ့တယ်လို့ သိရှိရပါတယ်။ ယင်းပင်လယ်စာရောင်းဝယ်ရေးလုပ်ငန်းပိုင်ရှင်အား မြို့တော်စည်ပင်ရုံးသို့ ခေါ်ယူ၍ ဒဏ်ငွေကျပ် ၅၀၀၀၀ ပေးဆောင်စေပြီး နောက်နောင် ဆက်လက်မရောင်းချစေရန် ဝန်ခံကတိ လက်မှတ် ရေးထိုးစေခြင်းနှင့် ဝယ်ယူရောင်းချသော လုပ်ငန်း အရင်းအမြစ်များကိုလည်း ဆက်လက် ဖော်ထုတ် အရေးယူဆောင်ရွက်သွားမယ်လို့ သတင်းရရှိခဲ့ပါတယ်။

သိမ်းဆည်းဖျက်ဆီးခဲ့မှု အမျိုးအစား၊ အရေအတွက်တွေကတော့ အေးခဲကြက်သား ၆၈ ထုပ်၊ အေးခဲကြက်ဆီဘူး ၁၃၀ ထုပ်၊ အေးခဲကြက်မြစ်ကြက်သည်း ၂ထုပ်၊ အေးခဲဘဲတစ်ကောင်ထုပ် ၃၀ ထုပ်၊ စုစုပေါင်း ခန့်မှန်းတန်ဖိုး ကျပ်၄၉၇၅၀၀ လို့ သိရပါတယ်။

**မျိုးထွန်း**
**စားသုံးသူရေးရာ (မန္တလေး)**

# သကြားအိတ်များ ထပ်မံသိမ်းဆည်းရမိ

အကောက်ခွန်မဲ့ သယ်ဆောင်လာတဲ့ ခန့်မှန်းတန်ဖိုး ကျပ် ၆၇၂၀၀၀ရှိ သကြား ၂၁ အိတ်အား ပဲခူးတိုင်း ဒေသကြီး ဝေါမြို့နယ် ညောင်ခါးရှည် ယာယီအခြေပြုမိုဘိုင်း လှုပ်ရှား-၂ အဖွဲ့က နိုဝင်ဘာလ ၁၃ ရက်မှ ၁၉ ရက်ထိ ကာလအတွင်း ထပ်မံသိမ်းဆည်းရမိပြီး အကောက်ခွန်အမှုတွဲဖွင့်ထားတယ်လို့ သတင်းရရှိပါတယ်။(Reexport)စနစ်နဲ့ သကြားများ တင်သွင်းခွင့်ပြုထားတဲ့အတွက် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိဘဲ သယ်ဆောင်မှုများရှိနေတဲ့အတွက် တရားမဝင်သကြားအိတ်များကို လရအဖွဲ့များက မကြာခဏ ဖမ်းဆီးရမိနေခြင်းဖြစ်ပါတယ်။

**MIRT**

# တစ်ဦးချင်းကုန်သွယ်မှုလုပ်ငန်းရှင် မှတ်ပုံတင်လက်မှတ်ဖြင့် ကုန်သွယ်မှု ကျပ်သန်းပေါင်း ၄၀၀၀ ကျော်ဆောင်ရွက်

ကုန်သွယ်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရန်၊ အသေးစား၊ အလတ်စား တစ်ပိုင်တစ်နိုင် ကုန်သွယ်နိုင်ရန် ရည်ရွယ်ပြီး တစ်ဦးတည်းပိုင် ကုန်သွယ်မှု လုပ်ငန်းရှင် မှတ်ပုံတင်လက်မှတ် ITC ကတ်နဲ့ ကုန်သွယ်မှုဆောင်ရွက်ခြင်းအား ၂၀၁၂ ခုနှစ် နိုဝင်ဘာလမှစတင်ပြီး တမူး၊ မူဆယ် (၁၀၅)မိုင်ကုန်သွယ်ရေးဇုန်နဲ့ မြဝတီ ကုန်သွယ်ရေးဇုန်တို့တွင် စတင်ပြီး ဆောင်ရွက်ခွင့်ပြုခဲ့ပါတယ်။

ထို့နောက် လွယ်ဂျယ်၊ စစ်တွေ၊ မောင်တော၊ ချင်းရွှေဟော်၊ ကန်ပိုက်တီး၊ လွယ်ဂျယ်၊ ရိဒ်၊ မြိတ်၊ ကော့သောင်း၊ထန်တလန်၊ မောတောင်၊ ထီးခီး၊ မန္တလေး၊ကျိုင်းတုံ၊မြစ်ကြီးနား၊ ကျိုင်းလတ်၊ မယ်စဲ့စခန်းများတွင် ITC ကတ်နဲ့ ခွင့်ပြုဆောင်ရွက်နိုင်ခဲ့ပါတယ်။ ၂၀၁၅ ဧပြီလ ၁ ရက် မှ နိုဝင်ဘာလ ၆ ရက်နေ့ထိ ITC နဲ့ ဆောင်ရွက်နိုင်မှုမှာ ပို့ကုန် ကျပ်သန်းပေါင်း ၁၈၃၇ ဒသမ ၂၁၄ ၊ သွင်းကုန် ကျပ်သန်းပေါင်း ၂၂၉၂ ဒသမ ၃၅၉ နဲ့ကုန်သွယ်မှုပမာဏ ကျပ်သန်းပေါင်း ၄၁၂၉ ဒသမ ၅၇၃ ခန့်ကို ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ITC နဲ့ ကုန်သွယ်မှုဆောင်ရွက်တဲ့ စခန်းတွေကတော့ မူဆယ်၊တမူး၊ မြဝတီ၊တာချီလိတ်၊လွယ်ဂျယ်၊ ချင်းရွှေဟော်၊ ကန်ပိုက်တီး၊ ရိဒ်၊ မောတောင်နဲ့ ကျိုင်းတုံစခန်းများ ဖြစ်ပါတယ်။

**ခင်မိုးသူ**

# မူဆယ်နဲ့ ချင်းရွှေဟော်မှ ရေထွက်ကုန်ပိုမိုတင်ပို့

နိုဝင်ဘာလ ၁၄ ရက်မှ ၂၀ ရက်နေ့ထိ သီတင်းတစ်ပတ်အတွင်းမှာ မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်နဲ့ ချင်းရွှေဟော်စခန်းမှ ကန်ဒေါ်လာ ၂ ဒသမ ၄၉၈ သန်းဖိုးရှိ ရေထွက်ကုန် ၁၄၉၈ တန်တင်ပို့ခဲ့ပါတယ်။ မူဆယ် (၁၀၅) မိုင်မှ တင်ပို့တဲ့ ရေထွက်ကုန်တွေကတော့ ကဏန်း ၂၁၂ တန်ကျော်၊ ငါးရှဉ့် ၇၈ တန်ကျော်၊ ရေခဲငါး ၂၄၇ တန်၊ ငါးမှုန့် ၂၂၂ တန်ခန့်၊ ငါးလေးခြောက် ၄၆၈ တန်၊ ငါးဆားနယ် ၄၅ တန်၊ ငါးကြွင်းစီဖောင်းနဲ့ ငါးမြစ်ချင်းစီဖောင်း ၄ တန်ခန့်၊ ရေခဲပုစွန်တန် ၈၀ နီးပါး၊ ပုစွန်ခြောက် ၂၆ တန်ကျော်၊ ငါးလိပ်ကျောက်ရေခွံခြောက် ၈ တန်ကျော်နဲ့ ကင်းမွန်ခြောက် ၇၄ တန်ကျော် တင်ပို့ခဲ့တာဖြစ်ပါတယ်။ ယခင်တစ်ပတ်တင်ပို့မှုထက် တန် ၃၇၀ ပိုမိုခဲ့ပါတယ်။ ယခုတစ်ပတ်မှာ ချင်းရွှေဟော်စခန်းမှ ကန်ဒေါ်လာ သုည ဒသမ ၁၁၄ သန်းဖိုးရှိ ငါးရှဉ့် ၂၇ တန်ကျော်တင်ပို့ခဲ့ပြီး ယခင်တစ်ပတ်ကတော့ တင်ပို့မှုမရှိခဲ့ပါဘူး။

မူဆယ်ကုန်စည်ဒိုင်မှာ ယခု သီတင်းပတ်၌ ငါးရှဉ့်ဈေးတက်ပြီး ကဏန်းဈေးကျနေတယ်လို့ သိရပါတယ်။ ငါးရှဉ့်ဈေးမှာ ယခင်တစ်ပတ်က တစ်တန်ကို ၅၄၅၄၀၀၀ ကျပ်မှ ယခုတစ်ပတ်မှာ ၆၈၆၈၀၀၀ ကျပ်သို့ ဈေးတက်လာပြီး ကဏန်းဈေးမှာ ၈၃၁၅၇၃၄ ကျပ်မှ ၇၉၉၅၇၆၆ ကျပ်သို့ ဈေးကျလာပါတယ်။

**ယဉ်ယဉ်အေး**

# တရုတ်ပြည်သို့ ပီလောပီနံ အမှုန့်များ တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ နိုဝင်ဘာလ ၁ ရက်မှ ၂၀ ရက်အတွင်း ကန်ဒေါ်လာ ၁၅၀၈၃ တန်ဖိုးရှိ ပီလောပီနံဥအမှုန့် ၆၈ တန်ကျော်ကို တရုတ်ပြည်သို့ တင်ပို့ခဲ့ပါတယ်။

ကချင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားများ အလုပ်အကိုင်ရရှိရန် ဘိန်းအစားထိုးသီးနှံအဖြစ် ပီလောပီနံများစိုက်ပျိုးခဲ့ကြပြီး တရုတ်နိုင်ငံမှ စက္ကူ အထူ/အပါးများကို ကပ်တဲ့ကော်လုပ်တဲ့နေရာမှာ သုံးတဲ့ကုန်ကြမ်းအဖြစ်လည်းကောင်း၊ မုန့်လုပ်ငန်းမှာစားတဲ့ ကော်မှုန့် အဖြစ်လည်းကောင်း အသုံးပြုကြတယ်လို့ သိရပါတယ်။

**မော်မော်အောင်**

# အမျိုးသားပို့ကုန် မဟာဗျူဟာကို အားဖြည့်ပေးမယ့် ကယားပြည်နယ်မှ ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းများ

ယနေ့ ကယားပြည်နယ် လွိုင်ကော်မြို့ သင်္ဂဟဟိုတယ်မှာ ကျင်းပပြုလုပ်တဲ့ ဟိုတယ်ဝန်ဆောင်မှု သင်တန်းအမှတ်စဉ် ၁/၂၀၁၅ သင်တန်းဆင်းပွဲမှာ စကားပြောခွင့်ရတဲ့အတွက် အလွန် အင်မတန်မှ ဂုဏ်ယူပြီး ကျေးဇူးလည်း အထူးတင်ရှိကြောင်း ပဏာမ ပြောကြားလိုပါတယ်။ ကျွန်တော်တို့ ကယားပြည်နယ်ဟာ ၂၀၁၂ ခုနှစ်၊ မတ်လမှ သက်ဆိုင်ရာအဖွဲ့အစည်းတွေနဲ့ ငြိမ်းချမ်းရေးစကား ပြောပြီးတာနဲ့ နှစ်ဦးနှစ်ဖက်ပူးပေါင်းပြီး ပြည်နယ်တိုးတက်ရေး အတွက် လုပ်ဆောင်ခဲ့ကြတာ မရောက်တာကြာတဲ့သူဆိုရင် ကယား ပြည်နယ်ကို မှတ်မိစရာတောင်မရှိပါဘူး။

အိမ်ကသာယာလာပြီဆိုတော့ ပြည်တွင်းက ဧည့်သည်တွေ တင်မကပါဘူး၊ ပြည်ပက ဧည့်သည်များကလည်း အနှစ်နှစ်အလလက ဝင်ထွက်သွားလာခွင့်မရတဲ့ မမြင်ဘူး၊ မတွေ့ဘူး၊ မလည်ဘူးသေး တဲ့ဒေသမို့ စိတ်ဝင်စားမှုများ လှပါတယ်။ ဝင်လည်းဝင်လာနေ ကြပါတယ်။ သူတို့ကိုကျတော့ ဧည့်ရိပ်သာတို့၊ ဘုန်းကြီးကျောင်းတို့မှာ ပို့ထားလို့မရပါဘူး။ အဆင့်မီဟိုတယ်၊ မိုတယ်၊ အင်းတွေ လိုအပ်ပါ တယ်။

အခုလည်း စျေးကွက်သဘောနားလည်တဲ့ လုပ်ငန်းရှင်များက ဟိုတယ်တွေ ဆောက်လာလိုက်ကြတာ လက်ရှိကိုးလုံးအထိရှိနေတာ အများအသိပါပဲ။ အကြံတူနောက်လူသာစမြဲမို့လို့ နောက်ပိုင်းကျလေ စိတ်ကူးအကြံဉာဏ်ကောင်းလေဖြစ်ပြီး ဟိုတယ်အဆင့်အတန်းလည်း အစစအရာရာ သာလွန်ကောင်းမွန်တယ်လို့ ပြောရမှာဖြစ်ပါ တယ်။ ဆောက်လုပ်ဆဲ ဖွင့်လှစ်ရန်တာစူနေတဲ့ ဟိုတယ်သစ်များလည်း ရှိတယ်လို့ သိရပါတယ်။

ဟိုတယ်များပဲ သစ်လွင်တောက်ပနေလို့မရပါဘူး။ ဟိုတယ်ဆို တာ ဧည့်သည်တွေအတွက် ဒုတိယအိမ်ပါပဲ၊ သူတို့ရဲ့ နိစ္စဓူဝစားရေး သောက်ရေး၊ နေထိုင်ရေးအစစအရာရာ အဆင်ပြေချောမွေ့ဖို့၊ ဝန်ဆောင်မှုတွေ ကောင်းဖို့ လိုပါတယ်။ ဒါကြောင့် ဝန်ဆောင်မှုတွေ ကို စနစ်တကျတတ်ကျွမ်းနားလည်စေဖို့ ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာနနဲ့ ဟိုတယ်လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းပြီး ခုလို ဟိုတယ် ဝန်ဆောင်မှုသင်တန်းတွေကို ဖွင့်လှစ်သင်ကြားရခြင်း ဖြစ်ပါ တယ်။

စောစောကလည်း သက်ဆိုင်ရာ ဘာသာရပ်အလိုက် ပထမ၊ ဒုတိယ၊ တတိယ ဆိုတဲ့ ထူးချွန်သင်တန်းသားတွေ ဆုရသွားကြတာ တွေ့ရပါတယ်။ ဆရာကတော့ တစ်ပြေးညီသင်ပေးလိုက်တာပါပဲ။ ဒါပေမဲ့ ခံယူသူများ ဘက်က မိုးရွာစဉ်မိုးရေခံသလိုပါပဲ၊ ခွက်ကို တည့်တည့်ထားရင် အပြည့်အဝရမယ်၊ စောင်းထားရင် စောင်းထား သလောက် ပဲရမယ်၊ မှောက်ထားပိတ်ထားရင် ဘာမျှရမှာမဟုတ်သလို သင်တန်းတွေမှာ စနစ်တကျလိုက်နာမှတ်သားနာယူကြတာတွေ မတူညီကြပါဘူး။

ကယားပြည်နယ်အတွက် အထူးကံကောင်းစေတာက အမျိုး သား ပို့ကုန်မဟာဗျူဟာ NES ရဲ့ အစီအမံအရ နယ်သာလန်နိုင်ငံ CBI နဲ့ NTF ရဲ့ ငွေကြေးအထောက်အပံ့နဲ့ အားလုံးပါဝင်တဲ့ ကယား ပြည်နယ် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး သုံးနှစ်စီမံချက် ဆောင်ရွက်လျက်ရှိပါတယ်။ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှု ဗဟို ဌာန (ITC) ကျွမ်းကျင်ပညာရှင်များက လာရောက်ပြီး လိုအပ်တဲ့ သင်တန်းများ ဖွင့်လှစ်ပို့ချပေးလျက် ရှိပါတယ်။ အဲဒီသင်တန်းတွေ မှာလည်း မပျက်မကွက်စိတ်ပါလက်ပါ အပြည့်အဝတက်ရောက်ပြီး ပူးပေါင်း ဆောင်ရွက်ပေးကြဖို့ အထူးမှာကြားရင်း နိဂုံးချုပ်အပ်ပါတယ်။

အထက်ပါအတိုင်း ဟိုတယ်ဝန်ဆောင်မှု သင်တန်းဆင်းပွဲ အခမ်းအနားနိဂုံးချုပ်စကားပြောကြားနေတာကတော့ ကယားပြည် နယ် ခရီးသွားလာရေး ဖွံ့ဖြိုးတိုးတက်ရေး ကြီးကြပ်မှုကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးမောင်မောင်အေး (လက်ထောက် ညွှန်ကြား ရေးမှူး) ဖြစ်ပါတယ်။ ဒီသင်တန်းကို လွိုင်ကော်မြို့ ရှမ်းစုရပ်ကွက် မှာရှိတဲ့ သင်္ဂဟဟိုတယ်မှာ ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက် နေ့ မှ နိုဝင်ဘာလ ၁ ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့ပြီး သင်တန်းသား ၄၈ ဦးသင်တန်းဆင်းခဲ့ပါတယ်။ သင်ကြားတဲ့ ဘာသာရပ်တွေကတော့ ဧည့်ကြိုသင်တန်းဘာသာရပ် ၂၄ ဦး၊ အိပ်ခန်းဆောင်ထိန်းသိမ်းရေး ၂၄ ဦးတို့ဖြစ်ကြပါတယ်။

လွန်ခဲ့တဲ့ ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၂၀ ရက်နေ့ကလည်း Kayah Resort ဟိုတယ်မှာ ဟိုတယ်ဝန်ဆောင်မှု သင်တန်းအမှတ်စဉ် ၂/၂၀၁၅ ကို ဖွင့်ပွဲကျင်းပပြုလုပ်ခဲ့ပါတယ်။ ဖွင့်ပွဲမှာ ကယားပြည်နယ် အစိုးရအဖွဲ့ဝင် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနဝန်ကြီး ဦးသန်းကျော်စိုး တက်ရောက်ပြီး အဖွင့်အမှာစကားပြောကြားခဲ့ပါတယ်။

ကယားပြည်နယ် ဟိုတယ်/ ခရီးဝန်ကြီးဌာန ပြည်နယ်ဦးစီးမှူး ဦးမြင့်ဟန် (ဒုတိယညွှန်ကြားရေးမှူး) ကလည်း သင်တန်းဖွင့်လှစ်ရတဲ့ အကြောင်းပြောကြားရာမှာ မြန်မာတစ်နိုင်ငံလုံးအနေနဲ့ နိုင်ငံခြား ခရီးသွား ၂၀၁၃ ခုနှစ်မှာ ၂ ဒသမ ၀၄ သန်း၊ ၂၀၁၄ ခုနှစ်မှာ ၃ ဒသမ ၁၀ သန်း နဲ့ ၂၀၁၅ ခုနှစ်မှာ ၄ ဒသမ ၅ သန်းဝင်ရောက်ရန် မျှော်မှန်း ထားကြောင်း၊ ကယားပြည်နယ်ကိုလည်း ၂၀၁၃ ခုနှစ်မှာ ၁၄၉၀ ဦး၊ ၂၀၁၄ ခုနှစ်မှာ ၂၆၆၂ ဦးဝင်ရောက်ခဲ့ပြီး၊ ၂၀၁၅ ခုနှစ်မှာ ၄၀၀၀ ခန့်ဝင်ရောက်ရန် မျှော်မှန်းထားကြောင်း၊ ကယားပြည်နယ်ကို စိတ် ဝင်စားမှုများကြကြောင်း၊ ကယားလူမျိုးစုများရဲ့ ရိုးရာယဉ်ကျေးမှု၊ ဝတ်စားဆင်ယင်မှု၊ ကိုယ်ပိုင်ယဉ်ကျေးမှုများဟာလည်း နိုင်ငံခြားသား ခရီးသည်များကို ဆွဲဆောင်မှုရှိကြောင်း၊ သဘာဝအခြေခံခရီးသွား လုပ်ငန်းဖြစ်တဲ့ Eco Tourism အတွက်လည်း သဘာဝအခြေခံကောင်း များစွာကို ကယားပြည်နယ်က ပိုင်ဆိုင်ထားကြောင်း ရှင်းလင်း ပြောကြားပါတယ်။

ပြည်နယ်ဦးစီးမှူးက ဆက်လက်၍ ကယားပြည်နယ်မှာ လက်ရှိ ဟိုတယ် ကိုးလုံးသာရှိပြီး ခရီးသွားလုပ်ငန်းနဲ့ ဟိုတယ်လုပ်ငန်းများမှာ အဓိကဝန်ဆောင်မှုကို ရောင်းချသည့် လုပ်ငန်းများသာဖြစ်ကြ ကြောင်း၊ ဟိုတယ်တွေ ဘယ်လောက်ပဲ ခမ်းနားခမ်းနား ဘယ်လောက် ပဲကြီးကြီးဟိုတယ်ဝန်ထမ်းတွေရဲ့ နွေးထွေးပျူငှာမှုမရှိရင် ဆားမပါ တဲ့ဟင်းလိုဖြစ်နေမှာဖြစ်ကြောင်း၊ ဒီလိုကျွမ်းကျင်ဖို့ နွေးထွေးစွာ ကြိုဆိုနိုင်ဖို့ ဒီလိုသင်တန်းမျိုးတွေ ဖွင့်လှစ်သင်ကြားရခြင်းဖြစ် ကြောင်း ပြောကြားပါတယ်။

ဆက်လက်ပြီး သင်တန်းသားများအနေနဲ့ မိမိတို့တက်ရောက် တဲ့ ဘာသာရပ်အပေါ် မိမိဘဝအတွက် မိမိအလုပ်အကိုင်အတွက် မိမိတို့ပြည် နယ်အတွက်သာမက မိမိနိုင်ငံအတွက်ပါ တက်ရောက် သင်ကြားနေတယ်လို့ အမြဲနှလုံးသွင်းထားဖို့လိုကြောင်း၊ အင်္ဂလိပ်ဘာ သာစကားကိုလည်း မဖြစ်မနေသင်ယူထားသင့်ကြောင်း၊ စက်ရုံထုတ် ပစ္စည်းတစ်ခု ကောင်းမကောင်းသိရှိဖို့ လွယ်ပေမယ့် ဟိုတယ်ဝန် ဆောင်မှုကောင်းမကောင်းသိရှိရန် မလွယ်ကူကြောင်း၊ ဟိုတယ်ဝန် ထမ်းများအနေနဲ့ အကောင်းဆုံးဖြစ်အောင် စေတနာထားပြီး ဝန်ဆောင်မှု ပေးနေကြရမှာဖြစ်ကြောင်းနဲ့ ဟိုတယ်/ ခရီးသွားကဏ္ဍ ကနေပြီး ကယားပြည်နယ်ရဲ့ အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးရုံသာမက ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အောင်မြင်တဲ့ ကဏ္ဍတစ်ခုဖြစ်အောင် ကြိုးစားသွားကြဖို့ လမ်းညွှန်မှာ ကြားခဲ့ပါတယ်။

ယခုဖွင့်လှစ်တဲ့ ဟိုတယ်ဝန်ဆောင်မှု အမှတ်စဉ် ၂/၂၀၁၅ ကို ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်မှ ဒီဇင်ဘာလ ၁၁ ရက်နေ့အထိ ဖွင့်လှစ်သွားမှာဖြစ်ပြီး စာမေးပွဲများစစ်ဆေးကာ သင်တန်းဆင်း အောင်လက်မှတ်များလည်း ထုတ်ပေးမှာဖြစ်တယ်လို့ သိရပါတယ်။

လူဦးရေနည်းပါးပြီး တောင်ကုန်းတောင်တန်းတွေ ထူထပ်တဲ့ ကယားပြည်နယ်ရဲ့ စိုက်ပျိုးရေး ထွက်ကုန်တွေမှာ အခြားတိုင်းဒေသ ကြီးပြည်နယ်များကို မမီပေမယ့် သူရဲ့အားသာချက်ဖြစ်တဲ့ ကမ္ဘာလှည့် ခရီးသွားလုပ်ငန်းမှာ စျေးကွက်ဝင်အောင် ကုန်အမှတ်တံဆိပ်တင် ကျန်ရစ်အောင်၊ ပို့ကုန်မြှင့်တင်နိုင်အောင် ကယားပြည်နယ် ခရီးသွား လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာမှာ ဒေသဆိုင်ရာ ဟိုတယ် နှင့်ခရီးသွားလာရေး ဝန်ကြီးဌာနနဲ့အတူ စီးပွားရေးနှင့်ကူးသန်းရောင်း ဝယ်ရေးဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြလိုက်ရပါတယ်။

**မောင်မောင်အေး - လွိုင်ကော်**

# တလင်းပျောက်စနစ်နဲ့ မိုးကိုအန်တု မာန်ပြုနေပြီ



နိုဝင်ဘာ ပထမပတ်နဲ့ဒုတိယပတ်ကာလမှာ ခရမ်း -သုံးခွမြို့နယ်များတွင် ဘင်္ဂလားပင်လယ် အော်ရှိ လေဖိအားနည်းရပ်ဝန်းကြောင့် မကြာခဏ ဆိုသလို မိုးသည်းထန်စွာ ရွာသွန်းလေ့ရှိပါတယ်။ စပါးရိတ်သိမ်းပြီးပါက ပဲတီစိမ်းစိုက်ပျိုးရန်အတွက် ပြင်ဆင်ဆောင်ရွက်ရမည့် တောင်သူများအနေဖြင့် အခက်ကြုံတွေ့ရသော်လည်း ပုဂ္ဂလိကအခန်းကဏ္ဍ များမှ ရိတ်သိမ်းခြွေလှေ့စက်များဖြင့် တလင်း ပျောက် ကြိတ်ခွဲစက်အရောက် ဆောင်ရွက်နိုင် သည့်အတွက် တောင်သူများအနေဖြင့် မိုးကို အန် တုမာန်ပြုနိုင်သည့်အလား အချိန်နဲ့တစ်ပြေးညီ ဆောင်ရွက်နိုင်ခဲ့ပါတယ်။

ပုဂ္ဂလိကကြိတ်ခွဲစက်များမှလည်း တောင် သူ များမှ ရိတ်သိမ်းခြွေလှေ့စက်ဖြင့် ရရှိလာသော စပါးများကို ဆန်စက်အတွင်းရှိ အခြောက်ခံစက် များ၊ သန့်စင်စက်များမှ တစ်ဆင့် အခြောက်ခံ သန့်စင်ပြီး လိုအပ်သော အရည်အသွေးများကို ပြည်တွင်း/ပြည်ပသို့ ထုတ်လုပ်တင်ပို့ရောင်းချ နိုင်ပြီဖြစ်ပါတယ်။

ပုဂ္ဂလိကလုပ်ငန်းရှင်များကလည်း ဝန်ကြီး ဌာနအနေဖြင့် ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေး အစီ အစဉ်(Trade Development Programme-TDP) လုပ်ငန်းစဉ်များ ဆောင်ရွက်သွားမည်ကို သိရှိပြီး ဖြစ်ကြောင်း၊ TDP အစီအစဉ်တွင် ကုန်သွယ် မှုမူဝါဒနဲ့ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ကိစ္စများ ကုန်သွယ်မှုလွယ်ကူ လျင်မြန် ချောမွေ့စေ ရေးနဲ့ အကောက်ခွန်ဆိုင်ရာ ကိစ္စများ အစား အသောက် ဘေးကင်းလုံခြုံမှု၊ အပင်၊ လူနဲ့ တိရစ္ဆာန်တို့အတွက် ပိုးမွှားကင်းစင်ကျန်းမာသန့် ရှင်းမှုဆိုင်ရာကိစ္စများ၊ အရည်အသွေးဆိုင်ရာ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာကိစ္စများ ပါဝင်အကောင်အထည်ဖော် ဆောင်ရွက်သွားမှာကိုလည်း လေ့လာမှတ်သား ထားကြကြောင်း ပုဂ္ဂလကကဏ္ဍများမှ တစ်ဆင့် သိရပါတယ်။

**သိန်းမြင့် - သန်လျင်**




# ပြည်သူတွေကို တစ်ဖက်လှည့်နဲ့ ခြိမ်းခြောက်လာနေပြီဖြစ်တဲ့ အွန်လိုင်းပေါ်က အန္တရာယ်များ

|မယ်သီတာ|

ခေတ်တွေ စနစ်တွေ တိုးတက်လာတာနဲ့အမျှ ရောင်း၀ယ်ဖောက်ကားမှုတွေမှာလည်း တစ်နေ့တခြား တိုးတက်လို့လာနေပါပြီ။ ကုန်ပစ္စည်းချင်းဖလှယ်ရာကနေ ငွေကြေးနဲ့ရောင်း၀ယ်တဲ့ခေတ်၊ ငွေကြေးနဲ့ ရောင်း၀ယ်တဲ့ခေတ်ကနေ စမတ်ကတ် (Smart Card) လို့ခေါ်တဲ့ အီလက်ထရွန်းနစ်ငွေပေးချေရေးနည်းလမ်းတွေနဲ့ ရောင်း၀ယ်တဲ့ခေတ်ကို ရောက်ရှိနေပါပြီ။ ဗီဇာကတ်၊ မာစတာကတ်စသဖြင့် အီလက်ထရွန်းနစ်တွေကို အသုံးပြုတဲ့ငွေပေးချေရေးနည်းလမ်းတွေကြောင့် မသမာသူတွေရဲ့အန္တရာယ်ကနေလည်း ရှောင်ကွင်းလို့ရနေပါပြီ။

အမျိုးမျိုးသော ငွေပေးချေမှုနည်းလမ်းတွေနဲ့အတူ ပိုပြီးခေတ်စားလာတာကတော့ အွန်လိုင်းမှတစ်ဆင့် ဈေး၀ယ်ခြင်းပါပဲ။ အခုခေတ်ဟာ စီးပွားရေးလုပ်ချင်ပြီး ငွေကြေးအနည်းငယ်သာတတ်နိုင်တဲ့သူတွေအတွက် အွန်လိုင်းပေါ်ကနေ ဈေးရောင်းတာဟာ ခေတ်အမီဆုံးသော စီးပွားရှာခြင်းလို့ပဲ ဆိုချင်ပါတယ်။

မြန်မာနိုင်ငံမှာ မိုဘိုင်းဖုန်းအသုံးပြုသူပေါင်းဟာ ၁၀ သန်းကျော်ရှိနေပြီဖြစ်ပြီး အဲဒီ ၁၀ သန်းကျော်အနက်မှာ အင်တာနက်အသုံးပြုသူပေါင်းဟာ ခုနစ်သန်းနီးပါးခန့်ရှိနေပြီဖြစ်တယ်လို့ ဆိုပါတယ်။ မကြာ ခင်ကာလမှာ မိုဘိုင်းဖုန်းအသုံးပြုသူ အရေအတွက်တိုးတက်လာတာနဲ့အမျှ အင်တာနက်အသုံးပြုသူ အရေအတွက်ဟာလည်း တစ်နေ့တခြား တိုးတက်လာတော့မှာဖြစ်ပါတယ်။

အဲဒီအခြေခံအချက်တွေအရ အွန်လိုင်းပေါ်မှာ စီးပွားရှာသူတွေအတွက် အခွင့်အရေးကောင်းတစ်ခုလို့ပဲ ဆိုချင်ပါတယ်။ ငွေကြေးအနည်းငယ်သာတတ်နိုင်သူတွေအတွက် နေရာမလို၊ ၀န်ထမ်းများများ အသုံးပြုဖို့မလိုတဲ့ စီးပွားရှာမှုနည်းလမ်းဟာ အွန်လိုင်းပေါ်ကနေ စီးပွားရှာတဲ့လုပ်ငန်းတစ်ခုလို့ ဆိုချင်ပါ တယ်။

အထူးသဖြင့် မြန်မာနိုင်ငံအနေနဲ့ အင်တာနက်အသုံးပြုသူအရေအတွက်ထက် လူမှုကွန်ရက်၀က်ဘ်ဆိုက် (Facebook) မှတစ်ဆင့် ဈေးရောင်းဈေး၀ယ်ပြုလုပ်မှုတွေဟာ လူကြီး၊ လူငယ်၊ လူလတ်ပိုင်းအထိ စိမ့်၀င်ပျံ့နှံ့နေပြီဆိုတာ သိသာထင်ရှားလှပါတယ်။ ဘယ်သူ့ကိုမှ ငွေကြေးပေးစရာမလို၊ ဘယ်သူ့ကိုမှ အောက်ကျခံစရာမလို၊ မိမိနေအိမ်ထဲမှာတင်အလုပ်လုပ်လို့ရ စီးပွားရှာလို့ရတဲ့လုပ်ငန်းဟာ ဖေ့စ်ဘုတ်ပေါ်ကနေ ဈေးရောင်းဈေး၀ယ်လုပ်တဲ့ လုပ်ငန်းပဲဖြစ်ပါတယ်။

ဖေ့စ်ဘုတ်ပေါ်မှာ ဈေးရောင်းဈေး၀ယ်လုပ်နေတဲ့သူ အများစုဟာ လူငယ်များပဲဖြစ်ပါတယ်။ လူငယ်တွေဟာ စိတ်ကူးဉာဏ်ရင့်သန်ရင် ရင့်သန်သလို အရောင်းအ၀ယ် လုပ်နေကြတာဖြစ်ပါတယ်။ အ၀တ်အစားတွေ၊ အမျိုးသမီးအသုံးအဆောင်ပစ္စည်းတွေ၊ တစ်ပတ်ရစ်ပစ္စည်းတွေ၊ တိရစ္ဆာန်အရောင်းအ၀ယ်တွေကအစ မိုဘိုင်းဖုန်းနံပါတ်အဆုံး အွန်လိုင်းပေါ်ကနေပဲ အရောင်းအ၀ယ်လုပ်နေကြပါပြီ။

အချိန်ကုန်သက်သာသလို ငွေကုန်ကြေးကျလည်း သက်သာတဲ့အတွက် ရန်ကုန်၊ မန္တလေး၊ နေပြည်တော်လိုမြို့ကြီးတွေသာမကနယ်မြို့ကလေးတွေမှာလည်း အဲဒီလိုအွန်လိုင်းကနေ အရောင်းအ၀ယ်လုပ် တဲ့ ဈေးကွက်ဟာ တစ်နေ့တခြား ကြီးထွားလို့ လာနေတာကို မြင်တွေ့နေရပါပြီ။

ZaytheGyi.com, ZawGyi.com, Shop.com, Motor.com တို့လို ၀က်ဘ်ဆိုက်နေရာတစ်ခု ထူထောင်ပြီး ရောင်းချနေတဲ့ အွန်လိုင်းဈေးသည်တွေရှိနေပေမယ့်လည်း လူမှုကွန်ရက်၀က်ဘ်ဆိုက်ကနေ ဈေးရောင်းဈေး၀ယ်လုပ်ကြတာက ပိုများတယ်လို့ အွန်လိုင်းမားကက်တင်းလုပ်ငန်းလုပ်ကိုင်နေသူတစ်ဦးက ဆိုပါတယ်။

“Shop.com လိုမျိုး ဒေ့ါကွန်းတွေလုပ်ပြီး ဈေးရောင်းတာက ပိုပြီး ခိုင်မာမှုရှိတယ်။ သူတို့တွေက သူတို့ရဲ့ Page မှာလာတင်ထားတဲ့ပစ္စည်း ဘယ်လိုပစ္စည်းမျိုးကိုမဆို တာ၀န်ယူထားရတာဆိုတော့ အဲဒီလို Page တွေမှာ အရောင်းအ၀ယ်လုပ်တာက ပိုပြီးစိတ်ချရပါတယ်။ ဖေ့စ်ဘုတ်တွေမှာ ရောင်းတာကျတော့ စိတ်ချရမှုမရှိပါဘူး။ ဖေ့စ်ဘုတ်ဆိုတာကလည်း သိတဲ့အတိုင်း ဒီနေ့တွေ့နေရပေမယ့် နောက်နေ့ကျ တွေ့ချင်မှတွေ့ရတာမျိုးပါ။ ပိုဆိုးတာက အဲဒီဖေ့စ်ဘုတ်မှာ ကြော်ငြာ၀င်ပြီးရောင်းနေတဲ့ပစ္စည်းတွေက အတုလား အစစ်လားဆိုတာ သေသေချာချာ မသိရတာမျိုးပါ။ ဒါကြောင့် အွန်လိုင်းကနေ ဈေး၀ယ်မယ်ဆိုရင် တကယ် ခိုင်မာမှုရှိတဲ့ ဒေ့ါကွန်းတွေလုပ်ထားတဲ့ Page တွေကနေ၀ယ်ဖို့ တိုက်တွန်းချင်ပါတယ်”လို့ အွန်လိုင်းမားကက်တင်းကို ကျွမ်းကျင်စွာလုပ်ကိုင်နေတဲ့ ကိုသူရက ပြောပါတယ်။

အွန်လိုင်းပေါ်မှာ အထူးသဖြင့် ဖေ့စ်ဘုတ်ပေါ်မှာ ရောင်းချနေတဲ့ပစ္စည်းတွေမှာ ဆေး၀ါးတွေ ပါ၀င်နေတာဟာ မြန်မာပြည်သူတွေအတွက် တကယ်ကို ရင်လေးစရာကောင်းတဲ့ အချက်တစ်ချက်ပဲဖြစ်ပါတယ်။ မြန်မာပြည်က စားသုံးသူတွေဟာ ဖေ့စ်ဘုတ်ပေါ်ကနေ ၀ယ်ယူစားသုံးရတာကို တစ်ဆင့်စကား တစ်ဆင့်နားနဲ့ ခုံမင်နှစ်ခြိုက်နေကြပါပြီ။ အချိန်ကုန်သက်သာသလို ပင်ပန်းမှုလည်းမရှိတဲ့အတွက် ဖေ့စ်ဘုတ်ပေါ်ကတစ်ဆင့် ဈေး၀ယ်ရတာဟာ လူငယ်တွေအတွက်ရော လူကြီးတွေအတွက်ပါ ပိုမိုအဆင်ပြေစေတယ်လို့ ဖေ့စ်ဘုတ်ကနေတစ်ဆင့် ဈေး၀ယ်ဖူးသူတစ်ဦးက ပြောကြားပါတယ်။

“ဖေ့စ်ဘုတ်ပေါ်ကနေ ဈေး၀ယ်ရတာ အဆင်ပြေတယ်။ သူတို့ရဲ့အကောင့်ထဲမှာ ဖော်ပြထားတဲ့ ပစ္စည်းတွေထဲက ကိုယ်လိုချင်တဲ့အရာကို မက်ဆေ့ချ်ပို့လိုက်တယ်။ တချို့တော့ ငွေကြိုသွင်းရတယ်။ တချို့ကတော့ ပစ္စည်းရောက်မှ ငွေချေရတယ်။ အမျိုးမျိုးပဲပေ့ါ။ အိမ်တိုင်ရာရောက်၊ ဒါမှမဟုတ် ရုံး/ အလုပ်အထိ လိုက်ပို့တဲ့အတွက် အချိန်ကုန်လည်း သက်သာတယ်။ လူလည်း မပင်ပန်းတော့ဘူး။ ဒါကြောင့် ဖေ့စ်ဘုတ်ကနေ ဈေး၀ယ်ရတာကို ကြိုက်တာပါ”လို့ ဖေ့စ်ဘုတ်ပေါ်ကနေပဲ သူလိုချင်တဲ့အရာတွေကို ရှာဖွေ၀ယ်ယူတတ်တဲ့ ကိုကိုမောင်က ပြောကြားခဲ့တာပါ။

ဒါပေမယ့်လည်း လောကကြီးမှာ အကောင်းအဆိုးဆိုတာ အမြဲတမ်း ဒွန်တွဲနေတတ်တာကြောင့် ဖေ့စ်ဘုတ်ပေါ်က ရောင်း၀ယ်မှုမှာလည်း ၀ိသမသမား လောဘသားတွေ ကျင်လည်ကျက်စားနေကြတာကိုလည်း မြင်တွေ့နေရပြန်ပါတယ်။

ဖေ့စ်ဘုတ်ပေါ်မှာရောင်းချနေတဲ့အ၀တ်အထည်၊ လူသုံးကုန်ပစ္စည်းတွေက စားသုံးသူတွေရဲ့အသက် အန္တရာယ်ကို ဒုက္ခမပေးနိုင်ပေမယ့် ဆေး၀ါးအမျိုးမျိုးနဲ့ အလှကုန်ပစ္စည်းတွေကိုပါ ရောင်းချနေတဲ့အတွက် ဒါတွေဟာ စားသုံးသူတွေရဲ့ အသက်အန္တရာယ်ကို ခြိမ်းခြောက်စေနိုင်တဲ့အရာတွေပဲဖြစ်ပါတယ်။

ဆေး၀ါးအမျိုးမျိုးလို့ဆိုရာမှာလည်း ပိန်ဆေး၊ ၀ဆေး၊ အသားဖြူဆေး၊ အရပ်ရှည်ဆေးစတဲ့ဆေး တွေအပြင် သုံးမိနစ်အတွင်း အသားအရည်ကို ဖြူ၀င်းသွားစေနိုင်တယ်ဆိုတဲ့ အလှကုန်ပစ္စည်းတွေ၊ ဒါတွေကို အွန်လိုင်းပေါ်မှာတင်ပြီး ရောင်းချနေကြတာကို နေ့စဉ်လိုလို တွေ့မြင်နေရပါတယ်။

မိတ်ဆွေတစ်ယောက်ညွှန်လို့ စာရေးသူ အွန်လိုင်းပေါ်မှာ ရောင်းချနေတဲ့ အထက်ပါဆေးတွေအနက်က ပိန်ဆေးနဲ့ အသားဖြူဆေးရောင်းတဲ့သူတွေကို မေးကြည့်ဖူးပါတယ်။ သူတို့ကတော့ သူတို့ပစ္စည်းတွေဟာ ဂျပန်နိုင်ငံက ထုတ်လုပ်တဲ့ပစ္စည်းပါ။ ပစ္စည်းရဲ့အရည်အသွေးက ကောင်းပါတယ်။ စိတ်ချပြီး သောက်နိုင်ပါတယ်။ ဘေးထွက်ဆိုးကျိုး (Side Effect) လည်းမရှိပါဘူး။ ပိန်ဆေးဆိုရင် တစ်ပတ်ကို အနည်းဆုံး ငါးပေါင်ကျပြီး တစ်လလောက်သောက်လိုက်ရင် ပေါင် ၂၀ လောက် အနည်းဆုံးကျပါတယ်။ အသားဖြူဆေးဆိုရင် ဒီဆေးကို သောက်လိုက်တာနဲ့ အသားအရည်တွေ ဖြူ၀င်းလာပြီး ချောမော လှပသွားနိုင်ပါတယ်စသဖြင့် အညွှန်းကောင်းကောင်းနဲ့ ညွှန်းနေတာကို သိခဲ့ရပါတယ်။

အဲဒီတော့ စာရေးသူတစ်ခွန်းလောက် ပြန်မေးလိုက်ပါတယ်။ မြန်မာနိုင်ငံအစားအသောက်နဲ့ဆေး ၀ါးကွပ်ကဲရေးဌာန (FDA) ရဲ့ ခွင့်ပြုချက်ရထားပြီးပါပြီလားလို့ တစ်ခွန်းတည်းပါပဲ။ အဲဒီလို မေးလိုက်တဲ့ အချိန်မှာ ဘာလုပ်သွားတယ်လို့ ထင်ပါသလဲ။ စာရေးသူကို ဘလော့လုပ်သွားတာပါပဲ။

တချို့ကတော့ ကျွန်မတို့ပစ္စည်းဟာ Good Manufacturing Product ပါ။ အဲဒါကြောင့် အက်ဖ်ဒီအေယူဖို့မလိုပါဘူးလို့ ပြောပါသေးတယ်။ ဒီလိုပြောတဲ့အတွက် သူတို့တွေ ဖေ့စ်ဘုတ်ပေါ်မှာ တင်ပြီး ရောင်းချနေတဲ့ ပစ္စည်းတွေဟာ တရားမ၀င်တင်သွင်းလာတဲ့ပစ္စည်းတွေဖြစ်တယ်လို့ပဲ ဆိုပါရစေ။

အလှကုန်ပစ္စည်းတွေဆိုရင်လည်း ထိုင်းနိုင်ငံကနေ တရားမ၀င် တင်သွင်းလာတဲ့ ကုန်ပစ္စည်းတွေပဲဖြစ်ပါတယ်။ တစ်ဖက်နိုင်ငံရဲ့အိမ်တွင်းစက်မှုလုပ်ငန်းငယ်လေးတွေကနေ ထုတ်လုပ်ထားတဲ့ အလှကုန်ပစ္စည်းတွေကို သူတို့နိုင်ငံမှာလည်း စမ်းသပ်ကုန်ပစ္စည်းအနေနဲ့ ဖေ့စ်ဘုတ်ပေါ်မှာပဲ တင်ပြီးရောင်းချကြတာပါ။ တရား၀င်ရောင်းချနေတဲ့ကုန်ပစ္စည်းတွေ မဟုတ်ပါဘူး။

ပိုပြီးဆိုးတာက အဲဒီလို ဖေ့စ်ဘုတ်ပေါ်ကနေ တရားမ၀င်ရောင်း ချနေတဲ့ကုန်ပစ္စည်းတွေရဲ့ ဈေးနှုန်းပါပဲ။ ဈေးနှုန်းတွေဟာ အနည်းဆုံး သောင်းဂဏန်းကနေ အများဆုံးသိန်းဂဏန်းအထိရှိပါတယ်။ ဒါပေမယ့်လည်း အဲဒီပစ္စည်းတွေရဲ့မူရင်းဈေးနှုန်းဟာ ဈေးအကြီးဆုံးပစ္စည်းဆိုရင်တောင် နှစ်သောင်းထက်မပိုပါဘူး။ မြန်မာပြည်ရဲ့အွန်လိုင်းပေါ် အထူးသဖြင့် ဖေ့စ်ဘုတ်ပေါ်က စီးပွားရှာသူတွေဟာ မြန်မာပြည်သူတွေကို ဂုတ်သွေးစုတ်အမြတ်ကြီးစားပြီး ဈေးနှုန်းကို အဆမတန်တင်ထားသလို ကုန်ပစ္စည်းရဲ့အရည်အသွေးကိုလည်း လိမ်ညာလှည့်ဖျားပြီး ရောင်းချနေကြတာကို သိရှိနေရပါပြီ။

မြန်မာပြည်သူတွေ အထူးသဖြင့် အလှကြိုက်တဲ့ကိုကို မမတွေ၊ မောင်လေး ညီမလေးတွေအတွက်ကတော့ မြေပြင်က မျက်မြင်ကြုံတွေ့နေရတဲ့ အစားအသောက်မှာပါတဲ့ ဓာတုဓာတ်ကြွင်းတွေ၊ ဆိုးဆေးတွေရဲ့ အန္တရာယ်ထက် မမြင်ရမသိရှိရတဲ့ ဖေ့စ်ဘုတ်ပေါ်က အလှကုန်နဲ့ဆေး၀ါးတွေရဲ့အန္တရာယ်အချက် ပေးခေါင်းလောင်းသံကပိုပြီး ကျယ်လောင်လို့လာနေပါပြီ။

စားသုံးသူအကာအကွယ်ပေးရေးဥပဒေအရ စားသုံးသူတွေ အန္တရာယ်ဖြစ်လာပြီဆိုရင် တိုင်ကြားနိုင်ပါတယ်ဆိုပေမယ့် အခုလိုမျိုး အွန်လိုင်းပေါ်ကနေ ရောင်းတယ်၊ စားသုံးသူတွေကလည်း ၀ယ်ယူသုံးစွဲကြတယ်၊ ချက်ချင်းလက်ငင်း အသက်အန္တရာယ်မဖြစ်နိုင်ပေမယ့် ရေရှည်မှာဖြစ်လာနိုင်မယ့်အန္တရာယ်တွေအတွက် ဘယ်သူ့ကို အရေးယူရမည်နည်း။ စဉ်းစားကြဖို့ လိုနေပါပြီ။

ဂလိုဘယ်လိုက်ဇေးရှင်းခေတ် အင်တာနက်ခေတ်ကြီးမှာ အယုံလွယ်တဲ့သူတွေ၊ မသိနားမလည်တဲ့သူ တွေ၊ ခေတ်ရှေ့ပြေးချင်တဲ့သူတွေအတွက် ဖေ့စ်ဘုတ်ပေါ်ကနေ အလွယ်တကူ၀ယ်ယူလို့ရနေတဲ့ ဆေး၀ါးတွေ၊ အလှကုန်ပစ္စည်းတွေရဲ့ ဆိုးကျိုးတွေ၊ ဖြစ်ပေါ်လာနိုင်မယ့်အန္တရာယ်တွေကို ပြည်သူအများသိရှိအောင် လုပ်ဆောင်ကြရမှာဖြစ်ပါတယ်။

မြန်မာနိုင်ငံစားသုံးသူအကာအကွယ်ပေးရေးအသင်း၊ မြန်မာနိုင်ငံစားသုံးသူများသမဂ္ဂ၊ ကုန်သွယ်မှု မြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနတို့ဟာ စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်းတွေကို လုပ်ဆောင်နေတယ်ဆိုပေမယ့်လည်း စတင်လုပ်ဆောင်စဉ်ကတည်းက အခုအချိန်အထိ ပညာပေးရေးလုပ်ငန်းတွေကိုပဲ လုပ်ဆောင်နေပါသေးတယ်။ ထိထိရောက်ရောက် အရေးယူမှုတွေကို လုပ်ဆောင်ရမယ့်အချိန်ကို ရောက်နေပါပြီ။ မြေပြင်ပေါ်က စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းတွေကို လုပ်ဆောင်တာနဲ့အတူ အွန်လိုင်းပေါ်က စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းတွေကိုလည်း ထိထိရောက်ရောက် လုပ်ဆောင်ကြဖို့ လိုအပ်နေပြီဖြစ်ပါကြောင်း . . . . . . . ။




# မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ဆုပေါင်း ၇ သောင်းပါဝင်သည့် "ပျော်ရွှင်ကံထူးနှစ်သစ်ကူး" အထူးကံစမ်းမဲအစီအစဉ်ကိုစတင်

|AJS|

မြန်မာနိုင်ငံ၏ ဦးဆောင်ဆက်သွယ်ရေး အော်ပရေတာဖြစ်သော မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း (MPT)က သုံးစွဲသူမိတ်ဆွေပြည်သူများအား အထူးကံစမ်းမဲ ဆုမဲပေါင်း ခုနစ်သောင်းပါဝင်သော "ပျော်ရွှင်ကံထူးနှစ်သစ်ကူး" အကြီးကျယ်အခမ်းနားဆုံး ကံထူးရှင် ရွေးချယ်ပွဲအစီအစဉ်ကြီးကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၂၆ ရက်နေ့မှ ၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၉ ရက်နေ့အထိ ကျင်းပပြုလုပ်သွားမည်ဖြစ်သည်။

၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၅ ရက် နေ့မှ စတင်၍ ၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၂ ရက်နေ့အထိ အပတ်စဉ် စနေနေ့ တိုင်းတွင် ဆုမဲတစ်သောင်းစီကို ရွေးချယ်ပေးသွားမည်ဖြစ်ပါသည်။ ဆုမဲ ပေါင်း နှစ်သောင်းပါဝင်သည့် နောက်ဆုံး ကံထူးရှင်ရွေးချယ်ပွဲကြီးကို ၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၉ ရက်နေ့တွင် ပြုလုပ်မည်ဖြစ်သည်။

အဆိုပါ ကံထူးရှင်ရွေးချယ်ပွဲ အစီအစဉ် တစ်လျှောက်လုံးအတွက်MPT မှ ချီးမြှင့်မည့် ဆုပေါင်း ၇၀၀၀၀ အနက် တိုယိုတာလင့်ခရူဇာကား တစ်စီး၊ တိုယိုတာကိုရိုလာကား ငါးစီး (တစ်ပတ်လျှင်တစ်စီး)၊ အိုင်ဖုန်း 6S အလုံး ၂၀၊ iPad air 2 အလုံး ၂၀၊ ၄၀ လက်မ Sony တီဗီ ၂၅လုံး၊ တစ်ကျပ်သားရွှေဆွဲကြိုးအကုံး ၂၀ နှင့် ငါးထောင်ကျပ်တန် MPT ငွေဖြည့် ကတ်ပေါင်း ၆၉၉၀၉ခုကို ထည့်သွင်း ကံစမ်းပေးသွားမည်ဖြစ်သည်။

ဤ ကံထူးရှင်ရွေးချယ်ပွဲကြီးတွင် လက်ရှိအသုံးပြုနေသော မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ GSM/WCDMA သို့မဟုတ် CDMA သုံးစွဲသူတိုင်း ပါဝင်ဆင်နွှဲနိုင်မည်ဖြစ်သည်။ ကံစမ်းမဲအစီအစဉ်တွင် ပါဝင်နိုင်ရန်အတွက် အနည်းဆုံး ကံစမ်းမဲလက်မှတ် တစ်စောင်ရရှိထားရမည်ဖြစ်ပြီး လက်မှတ်များကို နည်းလမ်းသုံးမျိုးဖြင့် ရရှိနိုင်ကြောင်း သိရသည်။

MPT ငွေဖြည့်ကတ်အသုံးပြုသူများမှ ကျပ် ၃၀၀၀ ထက်ပိုသော ငွေ ဖြည့်ကတ်ဝယ်ယူဖြည့်သွင်းခြင်း သို့မဟုတ် e top-up စနစ်ဖြင့် ဖြည့်သွင်းခြင်း၊ ငွေဖြည့်ကတ်များ ဖြည့်သွင်းခြင်းဖြင့် လက်မှတ်များများရရှိပြီး ကံထူးရှင်ဖြစ်ရန် အခွင့်အလမ်းပိုမိုရရှိမည်ဖြစ်သည်။

ငွေဖြည့်ကတ်ပမာဏ ကျပ်၃၀၀၀ ဖြည့်သွင်းလျှင် ရရှိမည့် လက်မှတ် အစောင် ၃၀၊ ကျပ် ၅၀၀၀ဖြည့်သွင်းလျှင် လက်မှတ် အစောင် ၅၀၊ ကျပ် ၁၀၀၀၀ဖြည့်သွင်းလျှင် အစောင် ၁၀၀၊ ကျပ် ၂၀၀၀၀ဖြည့်သွင်းလျှင် အစောင် ၂၀၀၊ ကျပ် ၃၀၀၀၀ဖြည့်သွင်းလျှင် အစောင် ၃၀၀ ရရှိမည်ဖြစ်သည်။

ထို့ပြင် ဖုန်းပြောချိန် ၂ ဒသမ ၁ မိနစ်ထက်ကျော်သော MPT ဖုန်းအချင်းချင်း ခေါ်ဆိုမှုအတွက် လက်မှတ်တစ်စောင်ရရှိမည်ဖြစ်သည်။ MPT ဖုန်း အချင်းချင်း ဖုန်းခေါ်ဆိုမှု များများပြုလုပ်ခြင်းဖြင့်လက်မှတ်များများရရှိကာ ကံထူးရှင်ဖြစ်ရန် အခွင့်အလမ်း ပိုမိုရရှိနိုင်ပါသည်။

MPT မိုဘိုင်းအသုံးပြုသူမှအခြား MPT မိုဘိုင်းသို့ခေါ်ဆိုချိန်ရရှိမည့် လက်မှတ်အရေအတွက်မှာ ၁ မိနစ်မှ ၁ မိနစ် ၅၉ စက္ကန့်အတွင်း တစ်စောင်၊ ၂ မိနစ်မှ ၂ မိနစ် ၅၉ စက္ကန့်အတွင်း နှစ်စောင်၊ ၃ မိနစ်မှ ၃ မိနစ် ၅၉ စက္ကန့်အတွင်း သုံးစောင်၊ ၄ မိနစ်မှ ၄ မိနစ် ၅၉ စက္ကန့်လေးစောင်၊ ၅ မိနစ်မှ ၅ မိနစ် ၅၉ စက္ကန့်အတွင်း ငါးစောင်ရရှိမည်ဖြစ်ပြီး ထပ်ဆောင်းမိနစ်များ အတွက် ကံစမ်းခွင့်လက်မှတ်အပြင် တစ်စောင်ထပ်မံရရှိမည်ဖြစ်သည်။

ထို့ပြင် MPT၏ ဆင်းမ်ကတ်အသစ်များကို ဝယ်ယူ၍ စတင်အသုံးပြုခြင်းဖြင့်လည်း ကံစမ်းနိုင်ပါသည်။ MPT ဆင်းမ်ကတ်အသစ်ကို ဝယ်ယူအသုံးပြုပါက MPT၏ ဝန်ဆောင်မှုကို အသုံးပြုခြင်းအတွက် ကြိုဆိုသည့်အနေဖြင့် လက်မှတ် အစောင် ၃၀ ရရှိမည်ဖြစ်သည်။

MPT မိုဘိုင်းဖုန်း အသုံးပြုသူတိုင်း အနည်းဆုံး လက်မှတ်တစ်စောင်ရရှိသူတိုင်း ဆုများကို ရရှိနိုင်မည်ဖြစ်ပြီး MPT မိုဘိုင်းဖုန်းအသုံးပြုသူများအနေဖြင့် လက်မှတ်တွေပိုပြီး များများရှိလေ ဆုရရှိသူစာရင်းတွင် ရွေးချယ်ခံရရန်အတွက် အခွင့်အလမ်းပိုများလေဖြစ်မည်။

သုံးစွဲသူများအနေနှင့် အဆိုပါ အပတ်စဉ် ကံစမ်းအစီအစဉ်တွင် ကံမထူးခဲ့ပါကလည်း နောက်ဆုံးကံထူးရှင် ရွေးချယ်သည့် အစီအစဉ်တွင် ပါဝင်ကံစမ်းခွင့်ရရှိမည်ဖြစ်သည်။ ကံစမ်းမဲကာလတစ်လျှောက်လုံးတွင် ရရှိခဲ့သော လက်မှတ်များ အားလုံးကို ဇန်နဝါရီလ ၉ ရက်နေ့တွင်ပြုလုပ်မည့် ဆုပေါင်း ၂၀,၀၀၀ အနက် တိုယိုတာလင့်ခရူဇာ ကားတစ်စီးအပါအဝင် အခြားအဓိက ဆုမဲကြီး ၄၀ ပါဝင်သည့် နောက်ဆုံး ကံထူးရှင်ရွေးချယ်သည့် အစီအစဉ်တွင် ပါဝင်ကံစမ်းနိုင်မည်ဖြစ်သည်။

ကံစမ်းမဲအစီအစဉ် စတင်သည့်အချိန်မှစတင်၍ အပတ်စဉ်တိုင်းတွင် ရက်သတ္တပတ်တစ်ခု၏ သောကြာနေ့မှ ဆုရွေးချယ်သည့် နောက်ရက်သတ္တပတ်၏ ကြာသပတေးနေ့အထိ သုံးစွဲသူတစ်ဦးချင်းစီတွင် ရရှိထားသော လက်မှတ်များအပေါ် (ဥပမာ။ ဒီဇင်ဘာ ၁၂ရက် စနေနေ့တွင်ပြုလုပ်မည့် အပတ်စဉ် ကံစမ်းမဲအစီအစဉ်တွင် ကံထူးရှင် ၁၀၀၀၀ ကို ရွေးချယ်ရာမှာ ဒီဇင်ဘာ ၄ ရက် သောကြာနေ့မှ ဒီဇင်ဘာ ၁၀ ရက် ကြာသပတေးနေ့အတွက် အသုံး ပြုထားသောပမာဏ) အခြေခံ၍ အပတ်စဉ် စနေနေ့တိုင်းတွင် ကံထူးရှင်များကို ရွေးချယ်ကြေညာသွားမည်ဖြစ်ပြီး တစ်ပတ်လျှင်တစ်ကြိမ်သာ ကံထူးခွင့်ရှိသလို နောက်အပတ်များတွင်ကျင်းပမည့် အပတ်စဉ်ကံစမ်းမဲ အစီအစဉ်တွင်လည်း ဆက်လက်၍ ကံစမ်းရန်ပါဝင်နိုင်သည်။

အပတ်စဉ် စနေနေ့တိုင်း နံနက် ၁၀ နာရီတွင် တစ်ပတ်စာ ကံစမ်းမဲများ ထဲမှ ဆုကြီးပေါက်သော ကံထူးရှင်များကို ရွေးချယ်ကာဆုရရှိသူများအား MPT မှ ဖုန်းဆက်ခြင်းနှင့် စာတိုပေးပို့ခြင်းများပြုလုပ်၍ ချက်ချင်းဆက်သွယ် အကြောင်းကြားပေးမည်ဖြစ်ပြီး ၎င်းတို့၏ ဖုန်းနံပါတ်များကို (နောက် ဆုံး ၃ လုံးကိုမဖော်ပြဘဲ) MPT Facebook စာမျက်နှာနှင့် LINE application ရှိ MPT တရားဝင်အကောင့်များမှ ကြေညာပေးသွားမည် ဖြစ်သကဲ့သို့ ဆက်သွယ်၍ရသော ကံထူးရှင်များ၏ အမည်နှင့်နေရပ်လိပ်စာများကိုပါ ထပ်မံကြေညာပေးသွားမည်ဖြစ်သည်။ အဆိုပါနေ့တွင် ဆက်သွယ်၍မရသော ကံထူးရှင်များအား နောက်ထပ် ၃ ရက် (အင်္ဂါနေ့ နေ့လယ် ၁နာရီအထိ) ဆက်လက်ကြိုးစား ဆက်သွယ်သွားမည်ဖြစ်ပြီး ဆက်သွယ်၍ မရပါက ထိုကံထူးရှင်သည် ဆုမဲကိုဆုံး ရှုံးမည်ဖြစ်သည်။ သို့သော် ထိုကဲ့သို့ ဆက်သွယ်၍မရသော ဆုမဲများအား နောက်ဆုံးကံထူးရှင်ရွေးချယ်ပွဲကြီးတွင် ပြန်လည်ထည့်သွင်း ကံစမ်းပေးသွားမည်ဖြစ်သည်။

ဆုရရှိသူများ ကြေညာခြင်းကို စနေနေ့တိုင်း ည ၇နာရီ ၁၅မိနစ် မှ ၇နာရီ ၂၀မိနစ်အတွင်းတွင် MRTV-4 မှ ပြသသည့် Let's Talk အစီအစဉ်တွင်လည်း ပြန်လည်ကြေညာပေးသွားမည်ဖြစ်သည်။ ငွေဖြည့်ကတ်ရရှိသူ ကံထူးရှင်များကိုလည်း စနေနေ့မှ စတင်ပြီး SMS ပေးပို့ကာ အကြောင်း ကြားပေးသွားမည်ဖြစ်သည်။

နောက်ဆုံး ကံစမ်းမဲရက်ဖြစ်သည့် ဇန်နဝါရီလ ၉ရက်နေ့တွင် အဆိုပါ ကံစမ်းမဲကာလတစ်လျှောက်လုံးမှ လက်မှတ်များအားလုံးကို ထည့်သွင်းရေတွက်သွားမည်ဖြစ်ပြီး ဆုပေါင်း ၂၀,၀၀၀ ကို ကံထူးမည့် ကံထူးရှင်များ ကြေညာခြင်းကို ရုပ်မြင်သံကြားမှ တိုက်ရိုက်ထုတ်လွှင့်မည်ဖြစ်သည်။ အဆိုပါ အထူး ကံစမ်းမဲအစီစဉ်နှင့်ပတ်သက်ပြီး အသေး စိတ်အချက်အလက်များနှင့် စည်းကမ်း ချက်များကိုလည်း MPT မှ ထုတ်ပြန် ကြေညာပေးသွားမည် ဖြစ်သည်။

"ကျွန်တော်တို့ရဲ့ ဝန်ဆောင်မှုကို အသုံးပြုနေတဲ့ အားပေးကြသူမိတ်ဆွေပြည် သူတွေကို ကျေးဇူးတုံ့ပြန်ချင်ပါတယ်။ ဒါကြောင့်လည်း အခုလိုထူးခြားတဲ့ ကံထူးရှင်ရွေးချယ်ပွဲကြီးကို စီစဉ်ကျင်းပပြီး ဆုမဲတွေအများကြီး ဖောက်ပေးမယ့် ပျော်စရာစိတ်ကူးကို အကောင်အထည်ဖော်ဖြစ်တာပါ။ ကျွန်တော်တို့အနေနဲ့ ကျွန်တော်တို့ရဲ့ ဝန်ဆောင်မှုအရည်အသွေးကို ကောင်းအောင်ကြိုးစားနေတာနဲ့အမျှ သုံးစွဲသူတွေ ပျော်ရွှင်ဖို့ကလည်း ကျွန်တော်တို့ရဲ့ အဓိကရည်မှန်းချက်ဖြစ်ပါတယ်"ဟု MPT-KSGM Joint Operation ၏ Chief Commercial Officer ဖြစ်သူ Mr.Koichi Kawase က ပြောသည်။

MPT GSM/ WCDMA အသုံးပြုသူများအနေဖြင့် ကံထူးရှင်ရွေးချယ်ပွဲအစီအစဉ်တစ်လျှောက် ၎င်းတို့ ရရှိထားသော ကံစမ်းမဲလက်မှတ်များကို စစ်ဆေးလိုပါက SMS နံပါတ် ၃၀၀၀ သို့ "lucky" ဟုစာတိုပေးပို့ကာ စစ်ဆေးနိုင်ပြီး CDMA အသုံးပြုသူများအနေဖြင့် SMS နံပါတ် ၃၀၀၁ သို့ "lucky" ဟုစာတိုပေးပို့ကာ စစ်ဆေးနိုင်မည်ဖြစ်သည်။

MPT မှ Win Thin Associates အဖွဲ့ကို အဆိုပါ အထူးကံစမ်းမဲအစီအစဉ်တွင် ကြီးကြပ်စစ်ဆေးသူအဖြစ် ထားရှိသွားမည်ဖြစ်သည်။



## ပြောင်း

### မူဆယ်နယ်စပ်မှ ပြောင်း တန်ချိန် လေးသောင်းကျော်တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ နိုဝင်ဘာလ တတိယပတ်တွင် ကန်ဒေါ်လာ ၁၀ ဒသမ ၄၇၄ သန်းတန်ဖိုးရှိ ပြောင်းဖူးစေ့ ၄၃၃၉၂ တန်၊ ချင်းရွှေဟော်မှ ကန်ဒေါ်လာ သုည ဒသမ ၁၇၅ သန်းဖိုးရှိ ပြောင်း ၇၂၃ တန်၊ ကန်ပိုက်တီးမှ ကန်ဒေါ်လာ သုည ဒသမ ၀၈၅ သန်းဖိုးရှိ ပြောင်းတန်ချိန် ၂၈၂ တန်ခွဲ တင်ပို့ခဲ့ပါတယ်။

ယခင်သီတင်းပတ်က မူဆယ်၊ လွယ်ဂျယ်၊ချင်းရွှေဟော်နဲ့ ကန်ပိုက်တီးစခန်း စုံကနေ တန်ချိန် ၃၉၀၇၅ တန်သာတင်ပို့ခဲ့တာမို့ ယခုတစ်ပတ်ပြောင်းတင်ပို့မှု ၅၃၂၂ တန်ခွဲပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။မူဆယ်ကုန်စည်ဒိုင်မှာ ယခင်တစ်ပတ်က ပြောင်းတစ် တန်ဈေး ၃၁၀၉၂၂ ကျပ်ရှိရာမှ ယခုတစ်ပတ်တွင် ၃၁၁၅၄၆ ကျပ်သို့ ဈေးအနည်းငယ် မြင့်တက်ခဲ့ပါတယ်။ ယခုတစ်ပတ်နယ်စုံမှ ပြောင်းတွေအဝင်လှိုင် သလို တရုတ်ဘက် ကလည်း ဝယ်လိုအားပုံမှန်ရှိတယ်လို့ သိရပါတယ်။

**မော်မော်အောင်**

## ဝဥ

### မူဆယ်ကုန်သွယ်ရေးဇုန်မှ ဝဥခြောက်တန်ချိန် ၇၀ နီးပါးတင်ပို့

နိုဝင်ဘာလ တတိယပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ သုည ဒသမ ၁၂၈ သန်းတန်ဖိုးရှိ ဝဥခြောက် ၆၉ တန် တင်ပို့ခဲ့ပါတယ်။ ယခင်ရက်သတ္တပတ်က ၅၃ တန်ခွဲတင်ပို့ခဲ့လို့ ယခုတစ်ပတ် ဝဥခြောက်တင်ပို့မှု ၁၅ တန်ခွဲ ပိုလာပါတယ်။

ဝဥ အစိုကို သေချာကျနစွာလှီးပြီး နေပူ ၂ ရက်လှန်း၍လည်းကောင်း၊ အချို့က ပေါင်းခံပြီး အခြောက်ပြုလုပ်၍လည်းကောင်း ဈေးကွက်မှာ ရောင်းချကြပါတယ်။ “တရုတ်နိုင်ငံကတော့ ဝဥဆိုပြီးရောဝယ်တယ်၊ ဂျပန်နိုင်ငံ ဝယ်လက်ကမရဘူး၊ သန့်ရှင်းသပ်ရပ်ပြီး အရည်အသွေးမီမှဝယ်တယ်”ဟု ယောနယ်ဒေသခံတစ်ဦးက ပြောပါတယ်။

**မော်မော်အောင်**

## သကြား

### မူဆယ်စခန်းမှ သကြားဖြူများတင်ပို့

မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်မှ နိုဝင်ဘာလ ၁၄ ရက်မှ ၂၀ ရက်တာ သီတင်းပတ်အတွင်း တစ်ဖက်တရုတ်နိုင်ငံသို့ ကန်ဒေါ်လာ ၇ ဒသမ၃၃၁ သန်းတန်ဖိုးရှိ သကြားဖြူ ၁၂၇၀၃ တန်ကျော် တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်သီတင်းပတ်ထက် သကြားဖြူ ၃၃၄၉ တန် လျော့နည်းခဲ့ပါတယ်။ ကုန်ကြမ်း ရောသကြားရော လက်ကျန်နည်းနေပြီး ဒီဇင်ဘာလလောက်မှာ သကြားကုန်ကြမ်းများ လှိုင်လှိုင်ဝင်လာမယ်လို့ ဘုရင့်နောင်ကုန်စည်ဒိုင်မှ သိရပါတယ်။

**မြင့်မြင့်မာ**

| ၂၃-၁၁-၂၀၁၅ မှ ၂၇-၁၁-၂၀၁၅ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး | | | |
|---|---|---|---|
| Sr.No. | Forms | Copies | Total Value (US$) |
| 1 | Form A | 212 | 13,064,924.880 |
| 2 | Form D | 32 | 1,460,382.830 |
| 3 | Form E | 64 | 1,141,125.080 |
| 4 | Korea GSP | 1 | 9,000.000 |
| 5 | Form AK | 41 | 2,478,049.190 |
| 6 | Form AJ | 5 | 329,618.300 |
| 7 | Form AI | 15 | 1,112,128.490 |
| 8 | Form AANZ | - | - |
| 9 | Form DFTP | - | - |
| Grand Total | | 370 | 19,595,228.770 |

## ရော်ဘာ

### ယခုသီတင်းပတ် ကုန်သွယ်ရေးစခန်းစုံမှ ရော်ဘာတင်ပို့

နိုဝင်ဘာလ ၁၄ ရက်မှ ၂၀ ရက်နေ့ထိကာလအတွင်းမှာ ကုန်သွယ်ရေးစခန်းများမှ ရော်ဘာ ၅၃၁ တန်ကျော်တင်ပို့ခဲ့ပြီး၊ ပို့ကုန်ကြောင့်ရငွေမှာ ကန်ဒေါ်လာ သုည ဒသမ ၅၂၄ သန်းဖြစ်ပါတယ်။ မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ RSS-3 တန် ၁၀၀၊ ချင်းရွှေဟော်စခန်းမှ RSS-3 ၁၈၁ တန်၊ လွယ်ဂျယ်စခန်းမှ RSS-3 တန် ၁၀၀၊ မြန်မာ-ထိုင်းနယ်စပ်ရှိ မြိတ်ကုန်သွယ်ရေးစခန်းက RSS-3 တန် ၁၀၀ နဲ့ MSR-20 တန် ၅၀ ကျော် အသီးသီးတင်ပို့ခဲ့ပါတယ်။ စခန်းစုံမှ ရော်ဘာ တင်ပို့မှုရှိသော်လည်း မူဆယ်မှတင်ပို့မှုမှာ ယခင်တစ်ပတ်ထက် လျော့နည်းခဲ့သဖြင့် ယခုတစ်ပတ် တန် ၃၄၀ ခန့်အပို့လျော့ခဲ့ပါတယ်။

မူဆယ်ကုန်စည်ဒိုင်ရဲ့ ရော်ဘာပေါက်ဈေးကတော့ ယခင်သီတင်းပတ်ထက် အနည်းငယ် မြင့်တက်လာခဲ့ပါတယ်။ ယခင်တစ်ပတ်က RSS-3 တစ်တန်ကို ၁၅၉၃၄၈၇ ကျပ်မှ ယခုတစ်ပတ်မှာ ၁၅၉၆၆၈၇ ကျပ်သို့မြင့်တက် လာကြောင်းသိရှိရပါတယ်။

**ယဉ်ယဉ်အေး**

### ပင်လယ်ရေကြောင်းမှ ရော်ဘာပိုမိုတင်ပို့

ဂျပန်နိုင်ငံ၊ မလေးရှားနိုင်ငံနဲ့ စင်ကာပူနိုင်ငံများသို့ ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ နိုဝင်ဘာ ၁၅ ရက်မှ ၂၁ ရက်ထိ ကာလအတွင်း ရော်ဘာ ၁၀၂၄ တန်ခန့် တင်ပို့နိုင်ခဲ့ပါတယ်။ တင်ပို့မှုရငွေမှာ ကန်ဒေါ်လာ သုည ဒသမ ၉၆၇ သန်းဖြစ်ပါတယ်။ ဂျပန်နိုင်ငံသို့ MSR-20 ၁၉၆ တန်၊ မလေးရှားနိုင်ငံသို့ RSS-3 ၃၈၈ တန်၊ RSS-2 တန် ၄၀၊ MSR-20 တန် ၁၀၀ နဲ့ စင်ကာပူနိုင်ငံသို့ MSR-20 တန် ၃၀၀ ခန့်တင်ပို့ခဲ့တာဖြစ်ပါတယ်။ ယခင်တစ်ပတ်တင်ပို့မှုထက် ၇၈၇ တန်ခန့် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

ယခုတစ်ပတ်မှာ နိုင်ငံတကာရော်ဘာဈေး အတက်အကျ သိပ်မရှိကြောင်း သိရပါတယ်။ မြန်မာ့ရော်ဘာ FOB ဈေးကိုလည်း ယခင်တစ်ပတ်အတိုင်း မပြောင်းလဲဘဲ မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများ အသင်းက ဈေးနှုန်းထုတ်ပြန်ထားပါတယ်-

| | | |
|---|---|---|
| RSS 1 | တစ်တန်လျှင် | ဒေါ်လာ ၁၀၅၀-၁၁၅၀ |
| RSS 2 | တစ်တန်လျှင် | ဒေါ်လာ ၁၀၀၀-၁၁၀၀ |
| RSS 3 | တစ်တန်လျှင် | ဒေါ်လာ ၉၅၀-၁၀၅၀ |
| RSS 4 | တစ်တန်လျှင် | ဒေါ်လာ ၉၀၀-၁၀၀၀ |
| RSS 5 | တစ်တန်လျှင် | ဒေါ်လာ ၈၅၀ - ၉၅၀ |
| MSR 10 | တစ်တန်လျှင် | ဒေါ်လာ ၉၅၀-၁၀၅၀ |
| MSR 20 | တစ်တန်လျှင် | ဒေါ်လာ ၉၀၀-၁၀၀၀ |
| MSR 50 | တစ်တန်လျှင် | ဒေါ်လာ ၈၀၀ -၉၀၀ |
| Crepe Rubber | တစ်တန်လျှင် | ဒေါ်လာ ၇၅၀ - ၈၅၀ |
| Latex 60% DRC | တစ်တန်လျှင် | ဒေါ်လာ ၆၀၀ - ၇၀၀ |

**ယဉ်ယဉ်အေး**

## တစ်သျှူးငှက်ပျော

### တရုတ်ပြည်သို့ တစ်သျှူးငှက်ပျော တင်ပို့

ကချင်ပြည်နယ် မြစ်ကြီးနား ဝိုင်းမော်ဒေသနဲ့ ရှာပါဒါန်ဒေသက ထွက်ရှိတဲ့ တစ်သျှူးငှက်ပျောကို မြန်မာ-တရုတ်နယ်စပ်ရှိ ကန်ပိုက်တီးနယ်စပ်ပေါက်တစ်ခုတည်းမှသာ တင်ပို့လျက်ရှိရာ နိုဝင်ဘာ တတိယပတ်က ကန်ဒေါ်လာ ၅၆၇၂၁၀ တန်ဖိုးရှိ တစ်သျှူးငှက်ပျော ၁၈၂၅ တန်တင်ပို့ခဲ့ပါတယ်။လိုင်စင်ဈေးမှာ တစ်တန်ကို ကျပ် ၄ သိန်းရှိပါတယ်။ အောက်တိုဘာလ နောက်ဆုံးပတ်က ၆၅၅ တန်နောက်ဆုံးတင်ပို့ခဲ့တယ်လို့ သိရပါတယ်။

**မော်မော်အောင်**

### တရုတ်ဆိုင်ကယ်များ ဈေးမြင့်တက်လာသည့်တဲ့အတွက် အိန္ဒိယတစ်ပတ်ရစ်ဆိုင်ကယ်များ အရောင်းသွက်

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ ဆိုင်ကယ်ဈေးကွက်တွင် နိုဝင်ဘာလအတွင်း တရုတ်ဆိုင်ကယ်များ ဈေးမြင့် တက်မှုကြောင့် အိန္ဒိယနိုင်ငံထုတ် FZ တစ်ပတ်ရစ်ဆိုင်ကယ်များ အရောင်းအဝယ်သွက်လျက်ရှိတယ်လို့ ဆိုင်ကယ်ဝယ် ရောင်းလုပ်ကိုင်သူများထံမှ သတင်းရရှိပါတယ်။

လားရှိုးမြို့တွင် ပြီးခဲ့သည့်လများက တရုတ်နိုင်ငံထုတ် ဆိုင်ကယ်များသာ အရောင်းအဝယ် ဖြစ်နေ သော်လည်း တရုတ်ဆိုင်ကယ်ဈေးနှုန်းများ မြင့်တက်လာတဲ့အတွက် အိန္ဒိယနိုင်ငံထုတ် FZ မော်ဒယ်နိမ့် တစ်ပတ်ရစ်ဆိုင်ကယ်များ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရပါတယ်။ FZ ဆိုင်ကယ်အသစ်က ဈေး အရမ်းကြီးတော့ ဝယ်မစီးကြတာလည်း ပါတယ်။ စီးလို့ကောင်းမှန်းမသိတာလည်း ပါတယ်။ အခုတော့ စီးလို့ ကောင်းမှန်းလည်းသိသွားပြီ၊ မန္တလေးတို့ မုံရွာတို့ဘက်က တစ်ပတ်ရစ် ဆိုင်ကယ်တစ်စီးကို ကျပ် ၁၀ သိန်းလောက်နဲ့ လာရောင်းကြလို့ ဝယ်စီးတဲ့သူတွေရှိလာတာပါဟု ဆိုင်ကယ်ဝယ်ရောင်းလုပ်ကိုင်သူတစ်ဦးက ပြောပါတယ်။

တရုတ်နိုင်ငံထုတ်ဆိုင်ကယ်အများစုက ကြာရှည်ခိုင်ခံ့မှုနည်းပါးပြီး ပျက်စီးမှုများကြောင်း အိန္ဒိယနိုင်ငံထုတ်ဆိုင်ကယ်များမှာ ကောင်းမွန်ပြီး ပျက်စီးမှုနည်းပါးကာ အပိုပစ္စည်းများမှာလည်း အလွယ်တကူ ဝယ်လို့ရကြောင်း သိရပါတယ်။

FZ ဆိုင်ကယ်အသစ်များ စတင်ထွက်ရှိစဉ်မှ လက်ရှိမော်ဒယ်လ်မြင့် ဆိုင်ကယ်အသစ်များ ထွက်ရှိလာချိန်ထိ ဈေးနှုန်းမှာ ကျပ်သိန်း ၂၀ ဝန်းကျင်ရှိပြီး လားရှိုးမြို့နေ ဆိုင်ကယ်နားလည်သူ အများစုမှာ ကျပ် ၁၀ သိန်း ၁၂ သိန်းဝန်းကျင်ဖြင့် ရရှိနိုင်သော တစ်ပတ်ရစ် FZ ဆိုင်ကယ်များကိုသာ ရှာဖွေဝယ်ယူစီးနင်းကြကြောင်း သိရပါတယ်။

**ခင်မိုးသူ**

# မြန်မာနိုင်ငံအလယ်ပိုင်းဒေသမှ ဒီဇင်ဘာလကုန်နောက်ပိုင်း ပြည်တွင်းဈေးကွက်သို့ စတင်ဝင်ရောက်လာမည့် ပဲစင်းငုံနီသစ်များနှင့် ရန်ကုန်ပဲစင်းငုံနီဈေး အခြေအနေ

| ကျော်မြင့် |

ပဲစင်းငုံကို မြန်မာနိုင်ငံ အလယ်ပိုင်း မိုးနည်းရပ်ဝန်းဒေသတွင် အဓိကစိုက်ပျိုးကြသည်။ မိုးရာသီကာလ မေ၊ ဇွန်လများတွင် စိုက်ပျိုးကြပြီး ဒီဇင် ဘာလတွင် စတင်ရိတ်သိမ်းကြပြီး ဈေးကွက်သို့ အနည်း ငယ် စတင်ဝင်ရောက်လာသည်။ ဇန်ဝါရီလတွင် ဈေးကွက်သို့ဝင်ရောက်မှု များလာသည်။ အိန္ဒိယနိုင်ငံသည် ပဲစင်းငုံ ကို မေ၊ ဇွန်လများတွင် စိုက်ပျိုးကြပြီး အောက်တိုဘာလ၊ နိုဝင်ဘာလ များတွင် ရိတ်သိမ်းကြသည်။ ဒီဇင်ဘာလတွင် ဈေးကွက်သို့ ဝင်ရောက်မှုများလာသည်။ အိန္ဒိယနိုင်ငံသည် မြန်မာ နိုင်ငံထက် အချိန်နှစ်လစော၍ ပဲစင်းငုံအသစ် ထွက်ရှိသည်ဆိုသော အချက်ဖြစ်ပါသည်။ ပုံ-၁ ကိုကြည့်ရှုရန် ဖြစ်ပါသည်။

**ပုံ-၁။ မြန်မာနိုင်ငံအထက်ပိုင်းဒေသနှင့် အိန္ဒိယနိုင်ငံတွင် ပဲစင်းငုံနီစိုက်ချိန်နှင့် ရိတ်သိမ်းချိန် နှိုင်းယှဉ်မှု**

| May | J | J | A | S | O | N | D | J | F |
|---|---|---|---|---|---|---|---|---|---|
| Pigeon pea (Upper Myanmar) | | | | | | | | | |
| S | S | G | G | G | G | G | H | H | |
| India ** | | | | | | | | | |
| S | S | G | G | G | H(Oct-Nov) | | | | |

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ပြည်ပပို့ကုန် ပဲမျိုးစုံတင်ပို့မှုစာရင်းများအရ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ပဲမျိုးစုံတန်ချိန် ၁ ဒသမ၄၅၉ သန်းတင် ပို့ ရောင်းချခဲ့ပြီး၊ အမေရိကန်ဒေါ်လာသန်းပေါင်း ၁၁၄၀ သန်း ရရှိခဲ့သည်။ မတ်ပဲ၊ ပဲစင်းငုံအနီ၊ ပဲတီစိမ်းကိုပဲမျိုးစုံတန်ချိန် စုစုပေါင်း ၁ ဒသမ၄၅၉ သန်း၏ ၉၀ ရာခိုင်နှုန်းခန့် တင်ပို့ပြီး၊ အခြားပဲမျိုးစုံကို ၁၀ရာခိုင်နှုန်းသာတင်ပို့ရောင်းချသဖြင့် မတ်ပဲ၊ ပဲစင်းငုံအနီ၊ ပဲတီစိမ်းတို့သည် ပြည်ပပို့ကုန်ပဲမျိုးစုံအတွက် အရေးပါသောပဲများဖြစ်ကြသည်။ မြန်မာနိုင်ငံ ပဲစင်းငုံကို အိန္ဒိယသို့ အဓိကတင်ပို့ ရောင်းချကြ သည်။ ပုံ-၂ ကို ကြည့်ရှုရန် ဖြစ်ပါသည်။

**ပုံ-၂။ ပြည်ပသို့ပဲမျိုးစုံတင်ပို့ရောင်းချမှု(၂၀၁၃-၂၀၁၄)**




၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ် အောက်တိုဘာလထိ ရန်ကုန်ကုန်စည်ဒိုင်မှ ပဲစင်းငုံအနီ၊ မွမ်ဘိုင်းမှ မြန်မာ့ပဲစင်းငုံ လအလိုက်ပျမ်းမျှဈေး ပြောင်းလဲမှုကို ပုံ-၃ တွင် ဖော်ပြထားသည်ကို လေ့လာကြည့်ရှုရန်ဖြစ်ပါသည်။ ရန်ကုန်ကုန်စည်ဒိုင်မှ ၂၀၁၅ ခုနှစ် ဩဂုတ်၊ စက်တင်ဘာ၊ အောက်တိုဘာလများတွင် ပဲစင်းငုံအနီ အရောင်းအဝယ်မဖြစ်ခဲ့ပါ။

မွမ်ဘိုင်းမှ မြန်မာ့ပဲစင်းငုံသည် ၂၀၁၅ ခုနှစ် စက်တင်ဘာ၊ အောက်တိုဘာလများတွင် အရောင်းအဝယ်ဖြစ်ခဲ့သည်။ မွမ်ဘိုင်း မှ မြန်မာ့ပဲစင်းငုံဈေးသည် ၂၀၁၅ ခုနှစ် စက်တင်ဘာ၊ အောက် တိုဘာလများတွင် သိသာစွာ ဈေးမြင့်လာခဲ့သည်။ မွမ်ဘိုင်းမှ မြန်မာ့ပဲစင်းငုံဈေးသည် ၂၀၁၅ ခုနှစ် စက်တင်ဘာလတွင် တစ်တန်ကို အမေရိကန်ဒေါ်လာ ၁၄၅၅ သန်းမှ ၂၀၁၅ ခုနှစ် အောက်တိုဘာလတွင် တစ်တန်ကို အမေရိကန်ဒေါ်လာ၁၉၄၉ သန်းထိ ဖြစ်သွားသဖြင့် ၂၉ ရာခိုင်နှုန်းကျော်ထိ သိသာစွာ ဈေးမြင့်သွားခဲ့သည်။

**ပုံ-၃။ ရန်ကုန်ကုန်စည်ဒိုင်မှ ပဲစင်းငုံအနီ၊ မွမ်ဘိုင်းမှ မြန်မာ့ပဲစင်းငုံ လအလိုက်ပျမ်းမျှဈေးပြောင်းလဲမှု (၂၀၁၁ မှ ၂၀၁၅ စက်တင်ဘာလအထိ)**




၂၀၁၅ ခုနှစ် ဇန်နဝါရီမှ အောက်တိုဘာလကုန်ထိရန်ကုန်ကုန်စည်ဒိုင် မှ ပဲစင်းငုံအနီဈေးသည် ပြီးခဲ့သည့် ၂၀၁၃ ခုနှစ် ၂၀၁၄ ခုနှစ် တစ်နှစ်ပတ်လုံးပျမ်းမျှဈေးထက် ဈေး ပိုမြင့်သဖြင့် ၂၀၁၅ ခုနှစ် ပဲစင်းငုံအနီဈေးသည် ဈေးကောင်းလာသည့် အခြေ အနေတွင်ရှိသည်။ ရန်ကုန် ကုန်စည်ဒိုင်မှ ပဲစင်းငုံအနီနှင့် မွမ်ဘိုင်းမှ မြန်မာ့ပဲစင်းငုံ နှစ်အလိုက်ပျမ်းမျှဈေး ပြောင်းလဲမှု ( ၂၀၁၁ မှ ၂၀၁၅ စက်တင်ဘာလအထိ) ရန်ကုန် ကုန်စည်ဒိုင်မှ ပဲစင်းငုံအနီနှင့် မွမ်ဘိုင်းမှ မြန်မာ့ပဲစင်းငုံ နှစ်အလိုက်ပျမ်းမျှဈေး ပြောင်းလဲမှု (၂၀၁၁မှ၂၀၁၅စက်တင်ဘာလအထိ)ပုံ-၄တွင် ဖော်ပြထားသည်ကို လေ့လာကြည့်ရှုရန်ဖြစ်ပါသည်။

**ပုံ-၄။ ရန်ကုန်ကုန်စည်ဒိုင်မှ ပဲစင်းငုံအနီနှင့် မွမ်ဘိုင်းမှ မြန်မာ့ပဲစင်းငုံနှစ်အလိုက်ပျမ်းမျှဈေးပြောင်းလဲမှု (၂၀၁၁ မှ ၂၀၁၅ စက်တင်ဘာလအထိ)**




ဇစ်မြစ်။ www.etrademyanmar.com

**ပုံ-၅။ ရန်ကုန်ကုန်စည်ဒိုင်မှ ပဲစင်းငုံအနီ၊ မွန်ဘိုင်းမှမြန်မာ့ပဲစင်းငုံလလိုက် ဈေးပြောင်းလဲမှု အတက်အကျရာခိုင်နှုန်း (၂၀၁၀ မှ ၂၀၁၅ ထိ)**




ရန်ကုန်ကုန်စည်ဒိုင်မှ ပဲစင်းငုံအနီ၊ မွမ်ဘိုင်းမှမြန်မာ့ပဲစင်းငုံလအလိုက် ဈေးပြောင်းလဲမှု အတက်အကျရာခိုင်နှုန်းကို Logarithmic price change method ဖြင့်တွက်ချက်ပြီး၊ ပုံ-၅ တွင်ဖော်ပြထားသည်ကို လေ့လာကြည့်ရှုရန်ဖြစ်ပါသည်။

၂၀၁၁ ခုနှစ်တွင် မွမ်ဘိုင်းမှ မြန်မာ့ပဲစင်းငုံဈေးသည် ၂၀ ရာခိုင်နှုန်းအထက်ဈေးမြင့်ခြင်း၊ ၂၀ ရာခိုင်နှုန်း ဈေးကျခြင်းများဖြစ်ပေါ်ခဲ့သည်။ ၂၀၁၅ ခုနှစ်ဇန်နဝါရီလမှ ဇူလိုင်လထိ ရန်ကုန်ကုန်စည်ဒိုင်မှ ပဲစင်းငုံအနီဈေးသည် ၁၀ ရာခိုင်နှုန်းနှင့်အထက် ဈေးမြင့်လာခဲ့သည်။ ရန်ကုန်ကုန်စည်ဒိုင်မှ ၂၀၁၅ ခုနှစ် ဩဂုတ်၊ စက်တင်ဘာ၊ အောက်တိုဘာလများတွင် ပဲစင်းငုံအနီ အရောင်းအဝယ်မဖြစ်ခဲ့ပါ။

အိန္ဒိယနိုင်ငံတွင်ပြည်တွင်း ပဲလိုအပ်ချက်နှင့် ဖြည့်တင်းပေးနိုင်မှု ကွာဟချက်အား ဖြည့်ဆည်းပေးနိုင်ရေး ဈေးနှုန်းကို ထိန်းမတ်ပေးနိုင်ရေးအတွက် ယခုဘဏ္ဍာနှစ်တွင် ပဲတန်ချိန် ၁၀ သန်း တင်သွင်းရဖွယ်ရှိကြောင်း အိန္ဒိယကုန်သည်ကြီးများအသင်း(Assocham) က ပြောကြောင်း သတင်းများအရသိရှိရသည်။

ပဲသိုလှောင်မှုကန့်သတ်ချက် ကင်းလွတ်ခွင့်ပေးရေးကို ပဲသွင်းကုန်သည်များက တောင်းဆိုကြောင်းလည်း သတင်းများက ဖော်ပြကြသည်။ ၂၀၁၄-၂၀၁၅ ခုနှစ် က ပဲတန်ချိန်၄ဒသမ၄ သန်း တင်သွင်းခဲ့ရ သည်။ ၂၀၁၅-၂၀၁၆ မှာ မိုးအရနည်းသည်။ ပဲအထွက် လျော့နည်းနိုင်သည်။ ၂၀၁၄-၂၀၁၅ မှာ ၁၇ ဒသမ ၂သန်းထွက်ခဲ့ပေမယ့် ဒီနှစ်မှာတော့ အထွက်နှုန်းနည်းပြီး ၁၇ သန်းသာ ထွက်နိုင်ပါလိမ့်မယ်ဟု ယင်းအဖွဲ့က မှတ်ချက်ပြုထားသည်။

ကောမတ်စ်ဂျာနယ် ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၉ရက် နေ့ထုတ် အတွဲ-၁၅၊ အမှတ်၄၃အရ မုံရွာကုန်စည်ဒိုင် ပဲစင်းငုံနီဈေးကွက်မှာ နိုဝင်ဘာ ပထမပတ်အတွင်း တစ်တင်း ၃၅၀၀၀ ကျပ်နဲ့ ဈေးသာ ဖွင့်နိုင်ခဲ့ပြီး ပဲလက်ကျန် မရှိသလောက်နည်းနေသဖြင့် ရောင်းလက်မရှိသလို အရောင်းအဝယ်လည်း မဖြစ်သလောက်သာရှိသည်ဟု သိရသည်။

ပဲစင်းငုံနီ လက်ငင်းအရောင်းအဝယ်ဈေးကွက် ပြီးဆုံးသလောက်ရှိသော်လည်း ဒေသတွင်း စိုက်ပျိုးဖြစ်ထွန်းနေတဲ့ ပဲစင်းငုံတွေ အပွင့်ဝင်စ ယခုရက်သတ္တပတ်မှာ တစ်တင်း ၅၀၀၀၀ ကျပ်နှုန်း၊ ၁၀ ရာခိုင်နှုန်း ကြိုတင်ငွေချေစနစ်နဲ့ ရန်ကုန်ဝယ်လက်အချို့ ဈေးမြှင့်ဝယ်ခဲ့ကြပေမယ့် ဒေသခံကုန်သည်တွေ မရောင်းရဲကြကြောင်း သတင်းများအရ သိရှိရသည်။

လက်ရှိအခြေအနေအရ အိန္ဒိယနိုင်ငံတွင် ပဲတန်ချိန် ၁၀ သန်း တင်သွင်းရဖွယ်ရှိကြောင်းသိရှိရသဖြင့် မြန်မာ ပဲစင်းငုံဈေး မြင့်လာနိုင်ဖွယ်ရာရှိပါသည်။ သို့သော်ပဲစင်းငုံကို အာဖရိကနိုင်ငံများမှလည်း အိန္ဒိယနိုင်ငံသို့ တင်ပို့ရောင်းချကြသဖြင့် မြန်မာနိုင်ငံအနေဖြင့် ပဲစင်းငုံ ကိုအာဖရိကနိုင်ငံများနှင့်အပြိုင် အိန္ဒိယဈေးကွက်သို့ တင်ပို့တရောင်းချရမည့် အခြေအနေဖြစ်ပါသည်။ သင့်တင့်မျှတသော ပဲစင်းငုံအရည်အသွေးနှင့် ဈေးနှုန်းယှဉ်ပြိုင်ရောင်းချနိုင်ရေးသည် အရေးပါလာပြန်ပါသည်။

ရန်ကုန်မှ အိန္ဒိယသို့ ပဲစင်းငုံတင်ပို့ရောင်းချမည့်သူများသည် အိန္ဒိယဈေးကွက်တွင် ပဲစင်းငုံဈေးမြင့်လာမည် ခန့်မှန်းချက်ဖြင့် ဝယ်ယူကြမည်ဖြစ်ပါသည်။

အိန္ဒိယဈေးကွက်တွင်နေ့စဉ်ဖြစ်ပေါ် သော ဈေးကွက်သတင်းအချက်အလက် (Up-to-date market information) ပေါ် အခြေခံပြီး ရောင်းဝယ်သိုလှောင်မှု၊ တင်ပို့ ရောင်းချမှုဆုံးဖြတ်ချက် (temporal arbitrage and spatial arbitrage) ကို ဆောင်ရွက်ရန်လိုအပ်လာပါကြောင်း စိစစ်သုံးသပ်ဖော်ပြအပ်ပါသည်။

■

# မြန်မာနိုင်ငံမှ တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တော်သို့ VietJet ဖြင့် ခရီးသွားလာနိုင်ပြီ

မြန်မာနိုင်ငံမှ ခရီးသွားများအနေဖြင့် တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တော်သို့ VietJet ဖြင့် ခရီးသွားလာနိုင်ပြီဖြစ်ကြောင်း VietJet ၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

VietJet သည် ၎င်း၏ရန်ကုန်- ဟိုချီမင်းခရီးစဉ်ကို အောက်တိုဘာလတွင် စတင်ခဲ့ပြီးနောက် နိုင်ငံတကာခရီးစဉ်သစ်တစ်ခုအဖြစ် ဟိုချီမင်း-ဆိုးလ်ခရီးစဉ်သစ်ကို စတင်ခဲ့ပြီး မြန်မာနိုင်ငံမှ ခရီးသွားများအနေဖြင့် VietJet လေကြောင်းလိုင်းဖြင့် တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တော်သို့ အဆင်ပြေလွယ်ကူစွာ သွားလာနိုင်တော့မည်ဖြစ်သည်။

အဆိုပါခရီးစဉ်သစ်ကို စတင်ပျံသန်းပြေးဆွဲလိုက်ခြင်းကြောင့် မြန်မာနိုင်ငံသူ နိုင်ငံသားများအနေဖြင့် အရှေ့တောင်အာရှဒေသတွင်းသို့ အလုပ်ကိစ္စဖြင့်ဖြစ်စေ၊ အပန်းဖြေရန်အတွက်ဖြစ်စေ သက်သာသည့်နှုန်းထားများဖြင့် ခရီးသွားလာတော့မည်ဖြစ်သည်။

အဆိုပါခရီးစဉ်သစ်ကို နေ့စဉ် ပြေးဆွဲသွားမည်ဖြစ်ပြီး ပျံသန်းချိန် ၅ နာရီ မိနစ် ၂၀ ကြာမြင့်မည်ဖြစ်ကြောင်းသိရသည်။ ဟိုချီမင်းမြို့တော်မှ ဒေသစံတော်ချိန် ည ၁၂ နာရီ ၁၅မိနစ်တွင် စတင်ထွက်ခွာမည်ဖြစ်ပြီး ဆိုးလ်မြို့သို့ နံနက် ၇နာရီ ၂၅ မိနစ်တွင်ရောက်ရှိမည်ဖြစ်သည်။ ထို့ပြင် ဆိုးလ်မြို့မှ နေ့လယ် ၁၁ နာရီ မိနစ် ၂၀ တွင် ပြန်လည်ထွက်ခွာမည်ဖြစ်ပြီး ဟိုချီမင်းမြို့တော်သို့ မွန်းလွဲ ၂နာရီ မိနစ် ၅၀တွင် ပြန်လည်ရောက်ရှိမည်ဖြစ်သည်။

အဆိုပါခရီးစဉ်အတွက် ကြိုတင်စာရင်းပေးသွင်းဝယ်ယူခြင်းကို www. vietjetair.com (စမတ်ဖုန်းများဖြင့် ဝင်ရောက်ဝယ်ယူလိုပါက လက်မှတ်များ www.m.vietjetair.com) နှင့် www.facebook.com^ vietjetmyanmar(“Booking” စာမျက်နှာကိုနှိပ်၍ဝယ်ယူနိုင်သည်။) သို့မဟုတ် Vietjet မြန်မာ၏ ဆက်သွယ်ရန်ဖုန်း ၀၉၉ ၆၀၇၀ ၄၈၁၈ သို့လည်းကောင်း Vietjet ၏ မြန်မာပြည်လက်မှတ်အရောင်းကိုယ်စားလှယ်များနှင့် ပြည်ပရှိလက်မှတ်အရောင်းကိုယ် စားလှယ်များထံတွင် ဝယ်ယူနိုင်မည်ဖြစ်သည်။ ငွေပေးချေမှုကို Visa, Master Card, JCB, American Express အပါအဝင် ဗီယက်နမ်နိုင်ငံတွင် ပြုလုပ်ထားပြီး အင်တာနက်ဘဏ်စနစ်အသုံးပြုနိုင်ရန် မှတ်ပုံတင်ထားသည့် ATM ငွေပေးချေရေးကတ်များဖြင့်လည်း လွယ်ကူစွာပေးချေနိုင်မည်ဖြစ်သည်။ **မယ်သီတာ**

# MyanFood၊ MyanHotel နှင့် Agrilivestock Myanmar 2015 ပြပွဲဖွင့်လှစ်

MyanFood, MyanHotel နှင့် Agrilivestock Myanmar 2015 ပြပွဲကို ရန်ကုန်မြို့၊ ရှင်စောပုလမ်းရှိ Myanmar Event Park တွင် နိုဝင်ဘာ ၂၆ ရက်နေ့မှ ၂၈ ရက်နေ့အထိ ခင်းကျင်းပြသခဲ့ကြောင်းသိရသည်။

အဆိုပါပြပွဲသို့ ရန်ကုန်တိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီး ဦးဌေးအောင်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးသန်းမြင့်နှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့်ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးများနှင့် ဧည့်သည်တော်များသည် အခမ်းအနားအား ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးခဲ့ပြီး ပြခန်းအတွင်းသို့ လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

အဆိုပါပြပွဲသည် ပြပွဲသုံးခုပေါင်း၍ ပြသသည့်ပြပွဲကြီးတစ်ခုဖြစ်ရာ မြန်မာနိုင်ငံတွင် ပထမဦးဆုံးအကြိမ် ပြသသည့်ပြပွဲတစ်ပွဲလည်းဖြစ်ကြောင်းသိရသည်။

MyanFood 2015 ပြပွဲနှင့် MyanHotel 2015 ပြပွဲတွင်နိုင်ငံပေါင်း ၂၃နိုင်ငံမှ ကုန်ပစ္စည်းအမှတ်တံဆိပ်ပေါင်း ၂၅၀ ကျော်တို့ လာရောက်ပြသခဲ့ကြ ကြောင်း သိရသည်။ ထို့ပြင် ပြပွဲတွင် နိုင်ငံတကာဟိုတယ်လုပ်ငန်း၊ အစားအသောက်များနှင့် သက်ဆိုင်ရာ ထုတ်ကုန်သစ်များနှင့်နည်းပညာများကို ပြသထားကြောင်း သိရသည်။ယင်းပြပွဲတွင် စိတ်ဝင်စားဖွယ် အကောင်းဆုံးဖြစ်သည့် မြန်မာကြက်သားဟင်းချက်ပြိုင်ပွဲကိုလည်း ထည့်သွင်းကျင်းပခဲ့ရာ ပြိုင်ပွဲဝင်များ လာရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် မြန်မာနိုင်ငံ၏ အကြီးအကျယ်ဆုံးသော နိုင်ငံတကာစိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာပြပွဲကြီးကိုလည်း ထည့်သွင်းပြသခဲ့ရာ စင်ကာပူ၊ မလေးရှား၊ တရုတ်၊ ကိုရီးယား၊ ဂျပန်၊ ပြင်သစ်၊ ထိုင်း၊ အင်္ဂလန်၊ အမေရိကန်၊ အီတလီ အစရှိသည့် နိုင်ငံပေါင်း ၂၀မှ လုပ်ငန်းပေါင်း ၂၀၅ခု လာရောက်ပြသခဲ့ကြောင်း သိရသည်။

ထို့ပြင် မြန်မာ့တိရစ္ဆာန်အစာနှင့် စီမံထုတ်လုပ်မှုဆိုင်ရာဆွေးနွေးပွဲ၊ မြန်မာ့ကြက်သားထုတ်လုပ်မှုဆိုင်ရာ ဆွေးနွေးပွဲနှင့် မြန်မာ့ဝက်သားထုတ်လုပ်မှုဆိုင်ရာ ဆွေးနွေးပွဲတို့ကိုလည်း ကျင်းပခဲ့ကြောင်း သိရသည်။

**မယ်သီတာ**

## အိမ်ခြံမြေကဏ္ဍ

| စဉ် | အိမ်/အခန်း | တည်နေရာ | အကျယ်အဝန်း | ပါဝင်ပုံ | ဈေးနှုန်း | သီးခြားအချက် | ဆက်သွယ်ရန် |
|---|---|---|---|---|---|---|---|
| ၁။ | တိုက်ခန်း | တောင်ဥက္ကလာပ၊ (၁၄/၂)ရပ်ကွက် | (၁၃.၅×၅၅) | (ပ) ထပ် | ၄၂၀ သိန်း | | ၀၉/၉၇/၆၂၁၁၂၃ |
| ၂။ | မြေ/အိမ် | မြောက်ဒဂုံ၊ (၃၃)တိုးချဲ့ရပ်ကွက် | (၄၀၀×၆၀) | RC (၃) ထပ် | ၃၇၀၀ သိန်း | | ၀၉/၂၅၀/၃၇၆၃၇၉ |
| ၃။ | တိုက်ခန်း | စမ်းချောင်း၊ မအူပင်လမ်း | ၁၂၀၀ စ/ပေ | (၇) လွှာ | ၁၅၀၀ သိန်း | ကြိုပွိုင့်၊ ၅၀% | ၀၉/၅၁/၁၇၂၆၂ |
| ၄။ | တိုက်ခန်း | အင်းစိန်မြို့နယ်၊ ရာကျော်လမ်း | (၁၅×၆၀) ပေ | (ပ)ထပ်၊ ပြင်ဆင်ပြီး | ၄၇၀ သိန်း | အသင့်နေ | ၀၉/၂၅၀/၃၇၆၃၇၉ |
| ၅။ | တိုက်ခန်း | မင်္ဂလာတောင်ညွန့်၊ မန္တလေးလမ်း | ၇၅၀ စ/ပေ | (၇)လွှာ၊ | ၂၅၀ သိန်း | အသင့်နေ | ၀၉/၂၅၀/၃၇၆၃၇၉ |
| ၆။ | တိုက်ခန်း | တာမွေမြို့နယ်၊ စိတ္တသုခလမ်း | (၁၂×၅၀) ပေ | မြေညီ၊ ထပ်ခိုးပါ | ၉၀၀ သိန်း | | ၀၉/၅၁/၁၇၂၆၂ |
| ၇။ | အိမ်/မြေ | တောင်ဥက္ကလာပမြို့နယ်၊ မယ်ညိုလမ်း | ၁၅၀၀ စ/ပေ | BN (၁)ထပ် | ၁၃၅၀ သိန်း | | ၀၉/၅၁/၁၇၂၆၂ |
| ၈။ | တိုက်ခန်း | သက်နန်းကျွန်း၊ ဇဝနလမ်း | (၁၃.၅×၅၅)ပေ | (၁)ထပ်၊ တိုက်သစ် | ၂၃၀ သိန်း | | ၀၉/၂၅၀/၃၇၆၃၇၉ |
| ၉။ | မြေ | ဒဂုံမြို့သစ်(မြောက်ပိုင်း) | (၄၀×၆၀)ပေ | မြေသီးသန့် | ၇၅၀ သိန်း | | ၀၉/၅၁/၁၇၂၆၂ |
| ၁၀။ | မြေ | ပြင်လွင်ဦးမြို့ ညောင်နီရွာ | (၄၀×၆၀)ပေ | မြေသီးသန့် | ၁၈၀ သိန်း | ရွာမြေ | ၀၉/၅၁/၁၇၂၆၂ |

# အထပ်ပေါင်း ၁၂ထပ်ခွဲပါဝင်သည့် ရှင်ရဲထွဋ် စူပါဟိုတယ်အသစ် ဖွင့်လှစ်ပြီ



အထပ်ပေါင်း ၁၂ထပ်ပါဝင်ပြီး အခန်းပေါင်း ၇၆ ခန်းပါဝင်သည့် ရှင်ရဲထွဋ် စူပါဟိုတယ်(Super Hotel)သစ်ဖွင့်လှစ်ပွဲကို အဆိုပါဟိုတယ်တည်ရှိရာ ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ကမ္ဘာအေးဘုရားလမ်း၊ အမှတ် (၅၁-ဒီ)တွင် နိုဝင်ဘာ ၂၆ ရက် နံနက်ပိုင်းက ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ ဦးစိုးမင်းက ရန်ကုန်တိုင်းဒေသကြီးတွင် ဟိုတယ်အလုံးပေါင်း ၃၁၁ လုံး၊ အခန်းပေါင်း ၁၅၃၅၁ ခန်းရှိပါကြောင်း၊ ရန်ကုန်မြို့တော်သို့ နေ့စဉ်နိုင်ငံခြားသားပေါင်း သုံးထောင်ကျော် ဝင်ရောက်လျက်ရှိနေကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအနေနဲ့လည်း ရန်ကုန်တိုင်းဒေသကြီးကို ဥယျာဉ်မြို့တော်ကြီးတစ်ခုဖြစ်အောင် တည်ဆောက်လျက်ရှိပါကြောင်း၊ ရန်ကုန်မြို့တွင် စီးပွားရေးဆိုင်ရာ ဟိုတယ်များ ပေါ်ပေါက်လာသည့်အတွက် များစွာ ဝမ်းမြောက်မိပါကြောင်းဖြင့် ပြောကြားခဲ့သည်။

အဆိုပါ စူပါဟိုတယ်သည် ဂျပန်ပုံစံအတိုင်း တည်ဆောက်ထားသဖြင့် မြန်မာနိုင်ငံသို့ စီးပွားရေးအရဖြစ်စေ၊ လူမှုရေးအရဖြစ်စေ၊ အလည်အပတ်ဖြစ်စေ လာရောက်ကြသည့် ဂျပန်လူမျိုးများအတွက် အဆင်ပြေသည့် ဟိုတယ်တစ်လုံးဖြစ်ကြောင်း သိရသည်။

ဟိုတယ်၏ ကားပါကင်ကိုလည်း ကားပိတ်ဆို့မှုမရှိစေရန် ဂျပန်စတိုင်နှစ်ထပ်ကားပါကင်ဖြင့် ပြုလုပ်ထားကြောင်းသိရသည်။ အဆိုပါဟိုတယ်ကို စတင်ဆောက်လုပ်စဉ်ကပင် ဂျပန်နိုင်ငံမှ ပစ္စည်းများကိုသာ အသုံးပြုထားကြောင်း သိရသည်။

ဂျပန်လူမျိုးများသည် ရေနွေးစိမ်ရသည်ကိုနှစ်သက်ကြသဖြင့် ဂျပန်စတိုင်ရေနွေးစိမ်ကန်ကိုပါ ထည့်သွင်းတည်ဆောက်ထားကြောင်း သိရသည်။

စူပါဟိုတယ်သည် ဂျပန်နိုင်ငံတွင် ထိပ်တန်းအဆင့်ရှိသည့် ဟိုတယ်ပင်ဖြစ်ကြောင်း၊စူပါဟိုတယ်များကို နိုင်ငံပေါင်း ခုနစ်နိုင်ငံတွင် ဖွင့်လှစ်ထားရှိကြောင်း သိရသည်။

အဆိုပါဟိုတယ်တွင် ဂျပန်ဓလေ့ရိုးရာအစားအစာများကို ရောင်းချသည့် ဂျပန်စားသောက်ဆိုင်ကို ဖွင့်လှစ်ထားပြီး ဂျပန်-မြန်မာချစ်ကြည်ရင်းနှီးမှုကို အဓိကထား၍ ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

ယင်းဟိုတယ်သည် မြန်မာနိုင်ငံသို့ လာရောက်ဆက်သွယ်လုပ်ကိုင်ကြမည့် ပြည်ပ စီးပွားရေးလုပ်ငန်းရှင်များနှင့် ဂျပန်နိုင်ငံသား စီးပွားရေးလုပ်ငန်းရှင်များအတွက် အဓိကရည်ရွယ်၍ ဖွင့်လှစ်ပေးခြင်းဖြစ်သည့်အတွက် အခြားကြယ်ငါးပွင့်အဆင့်ရှိ ဟိုတယ်ကြီးများထက် ဈေးနှုန်းသက်သာကြောင်း သိရသည်။

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အက္ခရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | တိုယိုတာ(ဗီလ်ဒါ) (၂၀၁၀) | ယာယီ | ၂၃၀ သိန်း | 1800 စီစီ |
| ၂။ | မတ်(ခ်)တူး (၂၀၀၃) | ယာယီ | ၂၀၀ သိန်း | |
| ၃။ | ခရောင်း (၂၀၀၃) | 9H | ၁၇၅ သိန်း | |
| ၄။ | အေဒီဗင် (၂၀၁၀) | ယာယီ | ၉၃ သိန်း | |
| ၅။ | ဝှရ် (၂၀၀၃) | 3I | ၁၇၅ သိန်း | |
| ၆။ | ဘွန်ဂို (3) (COACH) (ကို့ချ်) (၂၀၀၄) | ယာယီ | ၁၁၅ သိန်း | |
| ၇။ | စတဲရက် (၂၀၀၅) | ယာယီ | ၁၄၅ သိန်း | 1500 စီစီ/ဒီဇယ် |
| ၈။ | ဘွန်ဂို(3)ဘောက်စ် (၂၀၀၅) | ယာယီ | ၁၀၀ သိန်း | |
| ၉။ | ဒီမီယို (၂၀၁၀) | ယာယီ | ၁၀၀ သိန်း | ကားကောင်း |
| ၁၀။ | အပ်ကား(မီနီ) | - | ၆၀ သိန်း | |

# အထည်ချုပ်လုပ်ငန်းအတွက် လုပ်သားဈေးကွက်မဟာဗျူဟာ မူဘောင်တစ်ခုရေးဆွဲဖော်ထုတ်ခြင်းနဲ့ လုပ်သားဈေးကွက်ဆိုင်ရာ အထူးလုပ်ငန်းဖွဲ့စည်းခြင်း အလုပ်ရုံဆွေးနွေးပွဲကျင်းပ

နိုဝင်ဘာလ ၂၃ ရက်နေ့ မွန်းလွဲပိုင်းမှာ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် တော်ဝင်လမ်းရှိ Belmond Governor's Residence ဟိုတယ်မှာ အထည်ချုပ်အလုပ်ရုံ ဆွေးနွေးပွဲကို ကျင်းပခဲ့ပါတယ်။ အဆိုပါအလုပ်ရုံဆွေးနွေးပွဲကို အထည်ချုပ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်အောင်မြင်ရေး၊ ကျွမ်းကျင်အလုပ်သမားများ အလုပ်ခွင်တွင် ရေရှည်လုပ်ကိုင်စေရေးအတွက် ရည်ရွယ်၍ ကျင်းပတာဖြစ်ပါတယ်။

ILO အနေနဲ့ ကဏ္ဍအတော်များများမှာ ပံ့ပိုးကူညီရန် မြန်မာနိုင်ငံသို့ ရောက်ရှိနေသည်မှာ နှစ်နှစ်ခန့်ရှိပြီဖြစ်ကြောင်း၊ မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်းနဲ့ အတူတကွ ပူးတွဲလုပ်ဆောင်နေကြောင်း၊ အထည်ချုပ် လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ၁၀ နှစ်စီမံကိန်းချမှတ် လုပ်ဆောင်နေကြောင်း၊ စီမံကိန်းချမှတ်ရာမှာ အထည်ချုပ်လုပ်ငန်းအတွင်းရှိစက်ရုံများမှ အလုပ်သမားများအား စီမံခန့်ခွဲရန်၊ အရည်အသွေးကောင်း ပစ္စည်းများ ထုတ်လုပ်နိုင်ရန် ပူးတွဲလုပ်ကိုင်နေကြောင်း၊ အထည်ချုပ်လုပ်ငန်းများဟာ မြန်မာနိုင်ငံရဲ့ စီးပွားရေးကိုတိုးတက်စေရန် တစ်ဖက်တစ်လမ်းမှ ကူညီပေးနေကြောင်း၊ အလုပ်အကိုင် အခွင့်အလမ်းများဖန်တီးပေးနေကြောင်း၊ မိမိတို့ လွန်ခဲ့တဲ့ တစ်နှစ်ခွဲခန့်ကတည်းက ရေးဆွဲထားတဲ့ ပရိုဂရမ်များဟာ အထည်ချုပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာ အထောက်အကူပြုပါကြောင်း၊ အလုပ်သမားကောင်းတွေ ရရှိရေး၊ အလုပ်ရှင်ကောင်းဖြစ်အောင် ဆောင်ရွက်ရေး၊ အလုပ်သမားတွေအတွက် ဘယ်လိုအခွင့်အလမ်းတွေ ဘယ်လိုအခြေအနေတွေကို ဖန်တီးပေးပြီး အလုပ်မှာ တည်မြဲအောင် ထိန်းကျောင်းရမယ့် နည်းလမ်းတွေကို အလုပ်ရှင် အလုပ်သမားနှစ်ဦးနှစ်ဘက် ဆွေးနွေးတဲ့နည်းလမ်းနဲ့ အဖြေရှာသွားမှာဖြစ်ကြောင်း၊ မတူညီတဲ့ ကဏ္ဍတွေကလူတွေကို ယခုကဲ့သို့ဖိတ်ကြားပြီး အတွေ့အကြုံများ၊ အတွေးအခေါ်များ၊ အမြင်များကို ဝေမျှပြီး ဆွေးနွေးသွားကြမည်ဖြစ်ကြောင်း၊ အတူတကွ ဝိုင်းဝန်းစဉ်းစားပေးကြစေလိုကြောင်း၊ သက်ဆိုင်တဲ့ ဌာနအသင်းအဖွဲ့နိုင်ငံတကာအဖွဲ့အစည်းအတွေနဲ့ အတူပူးပေါင်းပြီး ဘယ်လိုလုပ်ကြမယ်၊ နောင် ဘယ်လိုစီစဉ် သင့်တယ်ဆိုတာ အကြံဉာဏ်များပေးစေလိုကြောင်း၊ အလုပ်သမားဈေးကွက်နဲ့ ပတ်သက်တာကို အဓိကထား ဆွေးနွေးပေးစေလိုကြောင်း ILO မှကိုယ်စားလှယ်က ပြောကြားခဲ့ပါတယ်။

အလုပ်ရုံဆွေးနွေးပွဲကို "အလုပ်သမားဈေးကွက်ဆိုတာဘာလဲ၊အလုပ်သမားဈေးကွက်နည်းဗျူဟာက ဘာကြောင့်အထည်ချုပ်လုပ်ငန်းမှာ အရေးကြီးသလဲ" "ပြိုင်ဆိုင်နေရသောဈေးကွက်အတွင်းတွင် လုပ်ငန်းရှင်ကောင်းတစ်ယောက်ဖြစ်ဖို့ ဘာတွေလိုအပ်သလဲ"၊"အလုပ်သမားဈေးကွက်အထူးလုပ်ငန်းအဖွဲ့ဆိုတာ ဘာလဲ၊ဘယ်လိုတည်ဆောက်မယ်၊ တာဝန်များ၊ နည်းပညာပိုင်းဆိုင်ရာများ"၊ "အလုပ်သမားဈေးကွက် မဟာဗျူဟာဆီသို့ လမ်းပြမြေပုံ"၊"နောင်တွင် လုပ်ဆောင်မယ့်အဆင့်များနဲ့ ဆက်လက်လုပ်ဆောင်ချက်" ခေါင်းစဉ်များနဲ့ ရှင်းလင်းဆွေးနွေးခြင်း၊ တက်ရောက်သူများကို စားပွဲဝိုင်းအလိုက် အစုအဖွဲ့များဖွဲ့ပေးပြီး အဖွဲ့အလိုက် ဆွေးနွေးခြင်းများကိုလည်း ပြုလုပ်ခဲ့ကြပါတယ်။

အလုပ်ရုံဆွေးနွေးပွဲသို့ ဆက်စပ်ဝန်ကြီးဌာနများ၊ အထည်ချုပ်လုပ်ငန်းရှင်များ ILO၊ အင်္ဂလန်နိုင်ငံအခြေစိုက် Ergon Associates မှ အတိုင်ပင်ခံကျွမ်းကျင်သူများ၊ HamsaHub မှ တာဝန်ရှိပုဂ္ဂိုလ်များတက်ရောက်ခဲ့ကြပါတယ်။

**ပိတောက် (MIRT)**

# ရွှေဘိုခရိုင်တွင် ပဲမျိုးစုံနှင့်ဆီထွက်သီးနှံ စိုက်ပျိုးထုတ်လုပ်သူများ အစုအဖွဲ့ စုဖွဲ့ဆောင်ရွက်

စစ်ကိုင်းတိုင်းဒေသကြီး အနေဖြင့် မြန်မာနိုင်ငံရဲ့ ဒုတိယဆီအိုးကြီးဖြစ်တာနဲ့အညီ အမျိုးသားပို့ကုန် မဟာဗျူဟာရဲ့ ဒုတိယဦးစားပေးပို့ကုန် ပဲမျိုးစုံနဲ့ဆီထွက်သီးနှံကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းဒေသကြီး ဦးစီးမှူး၊ ညွှန်ကြားရေးမှူး ဦးအောင်မောင်းရဲ့ ကြီးကြပ်မှုဖြင့် ရွှေဘိုခရိုင်ရှိ မြို့နယ်တာဝန်ခံများက ပဲမျိုးစုံနဲ့ ဆီထွက်သီးနှံများ စိုက်ပျိုးထွက်ရှိတဲ့ ကျေးရွာဒေသများအရောက် ကွင်းဆင်းသွားရောက်ပြီး တောင်သူအစုအဖွဲ့များ စုဖွဲ့ဆောင်ရွက်လျက်ရှိပါတယ်။

မြို့နယ်တာဝန်ခံများက ပဲမျိုးစုံနဲ့ ဆီထွက်သီးနှံ စိုက်ပျိုးထုတ်လုပ်သူ အစုအဖွဲ့များ ဖွဲ့စည်းရခြင်း ရည်ရွယ်ချက်များ၊ ပဲမျိုးစုံနဲ့ ဆီထွက်သီးနှံဟာ အမျိုးသားပို့ကုန်မဟာဗျူဟာရဲ့ ဒုတိယဦးစားပေးပို့ကုန်ဖြစ်ကြောင်း၊ အီတလီနိုင်ငံနဲ့ ပူးပေါင်းပြီး ဆီထွက်သီးနှံ၊ ပဲမျိုးစုံကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းလုပ်ငန်း လုပ်ဆောင်မှာဖြစ်ကြောင်းတို့ကို ကျေးရွာဒေသခံ တောင်သူများအား ရှင်းလင်းပြောကြားကြပါတယ်။

တောင်သူအစုအဖွဲ့များ ဖွဲ့စည်းပြီးနောက် ဒေသခံပြည်သူများအား စားသုံးသူရေးရာ သိကောင်းစရာများ၊ စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေများ၊ အန္တရာယ်ရှိစားသောက်ကုန်နဲ့ လူသုံးကုန်ပစ္စည်းများ၊ ဝန်ဆောင်မှုများ၊ Entertainment များအကြောင်းတွေကို ပြည်သူများနားလည်လွယ်ကူစေတဲ့နည်းလမ်းများနဲ့ ရှင်းလင်းဟောပြောခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ကို တစ်ဆက်တည်း ဆောင်ရွက်ကြပါတယ်။

နိုဝင်ဘာလတတိယပတ် အထိ ရွှေဘိုခရိုင်အတွင်း ပဲမျိုးစုံနဲ့ ဆီထွက်သီးနှံစိုက်ပျိုး ထုတ်လုပ်သူများ အစုအဖွဲ့များ စုဖွဲ့ဆောင်ရွက်ရာမှာ မြို့နယ်ရှစ်မြို့နယ်၊ ကျေးရွာအုပ်စု ၄၂ အုပ်စု၊ ကျေးရွာခွဲ ၇၁ ရွာတို့မှ တောင်သူပေါင်း ၂၁၄၃ ဦး၊ အစုအဖွဲ့ ၂၂၂ စုနဲ့ မြို့နယ်အသင်းတစ်သင်းတို့ ဖွဲ့စည်းပြီးကြောင်း၊ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံ စိုက်ပျိုး ထုတ်လုပ်လျက်ရှိတဲ့ ကျန်ရှိကျေးရွာ ဒေသများသို့ အစုအဖွဲ့များဆက်လက်စုဖွဲ့ဆောင်ရွက်သွားကြမှာ ဖြစ်ကြောင်း သိရပါတယ်။

**ခင်မောင်ဆွေ - ဝက်လက်**

## သာယာဝတီခရိုင်၊မင်းလှမြို့နယ် အမက (၁၇) ပြည်တော်သာတွင် စားသုံးသူအကာအကွယ်ပေးရေး ဆွေးနွေးဟောပြောပွဲ ကျင်းပ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ သာယာဝတီခရိုင်ဦးစီးမှူး၏ လမ်းညွှန်ချက်ဖြင့် နိုဝင်ဘာလ ၂၃ ရက်နေ့ နံနက်က မင်းလှမြို့၊ ပြည်တော်သာရပ်ကွက်၊ အမှတ် (၁၇)၊ အခြေခံပညာမူလတန်းကျောင်းတွင် စားသုံးသူအကာအကွယ်ပေးရေး ဆိုင်ရာ ဆွေးနွေးပွဲကို ကျင်းပပြုလုပ်ခဲ့ပါသည်။

ဟောပြောပွဲတွင် ကျောင်းအုပ်ဆရာကြီး ဦးကြည်သိန်းက အဖွင့်အမှာစကားပြောကြားပြီး ကုန်သွယ်မှု မြှင့်တင်ရေးနှင့်စားသုံးသူရေးရာ ဦးစီးဌာန၊ မြို့နယ်တာဝန်ခံ ဦးစိန်ဝင်းက စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ ဥပဒေ၊ စားသုံးသူများ၏ အခွင့်အရေးနှင့်တာဝန်များ၊ ထုတ်လုပ်သူများ၏ အခွင့်အရေးနှင့်တာဝန်များ၊ စားသုံးရန် မသင့်သော မုန့်မျိုးစုံနမူနာများပြသ၍အသေးစိတ်ဆွေးနွေးဟောပြောခဲ့ပါသည်။

ဆက်လက်၍ ကျောင်းအုပ်ဆရာကြီးနှင့် ကျောင်းကျန်မာရေးဆရာ/ဆရာမများ၊ကျောင်းအကျိုးတော်ဆောင်များ၊ မြို့နယ်တာဝန်ခံ ဦးစိန်ဝင်းနှင့် ဝန်ထမ်းများက ကျောင်းမုန့်ဈေးတန်းအတွင်းလှည့်လည်စစ်ဆေး၍ အမှည့်လွန်သစ်သီးများ၊ ရက်လွန်နေသော စားသောက်ကုန်များနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော စားသုံးရန် မသင့်သော မုန့်များရောင်းချခြင်းမပြုရန် အသိပညာပေးဆွေးနွေးခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**ခိုင်ခိုင်ရီ၊ မြှင့်တင်/စားသုံး**

## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Trade Promotion and Information Service(TPIS) များ၏ Contact Points များ

| | |
|---|---|
| (၁) ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Fax:081-2121093,Ph:081-2121627 email:m.myintmaungmaung@gmail.com |
| (၉) ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-21005,Ph:083-21005 |
| (၁၅) မွန်ပြည်နယ် | အမှတ်(၄)ကမ်းနားလမ်း၊ ရွှေတောင်ရပ်၊ ဘုရင့်ရုံရှေ့ မော်လမြိုင်မြို့။ Fax:057-24728, Ph:057-24318 |
| (၁၆) စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

Vol: 15, No.46 Monday November 30 2015

# (၇) နေ့ သားသမီးများအတွက်
## စီးပွားရေး အကြံပေး ဟောကိန်း
### ၃၀-၁၁-၂၀၁၅ မှ ၆-၁၂-၂၀၁၅ ရက်နေ့ထိ

ဒေါ်မြတ်မြတ်အေး
(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)



**တနင်္ဂနွေသားသမီးများအတွက်** မိမိနှင့်လုပ်ဖော်ကိုင်ဖက် အပေါင်းအသင်းများ၏ ဆန္ဒသဘောထားညှိနှိုင်းတိုင်ပင်ဆွေးနွေးပြီး လုပ်ကိုင်ဆောင်ရွက်ပါက အမြတ်အစွန်းများရရှိမည့်ကာလဖြစ်သည်။ ဆန်စပါး၊ ပဲ၊ ပြောင်း၊ ဂျုံနှင့်စားသောက်ကုန်ပစ္စည်းများ အကျိုးပေးမည်။ ဝန်ထမ်းဖြစ်လျှင် မိမိ၏အရည်အချင်းနှင့် မိမိ၏ကြိုးစားမှုတို့ကြောင့် ရာထူးတက်ရန် အလားအလာ ရှိနေတတ်ပါသည်။ အချစ်ရေးတွင် စိတ်လှုပ်ရှားမှုမတည်ငြိမ်မှုတို့ကြောင့် မခိုင်မာသော အချစ်ရေး၊ ပူပန်မှုများရောထွေးနေတတ်သည်။ ကျန်းမာရေးအနေဖြင့် သွေးချုပ်လေချုပ် ဗိုက်အောင့်ခြင်း ဝေဒနာများခံစားရတတ်ပါသည်။

ယတြာ။ ။အုန်းထမင်းလှူပါ။



**တနင်္လာသားသမီးများအတွက်** တည်ငြိမ်အေးဆေးသော အမူအရာရှိပြီး လူအထင်ကြီးစေသော ရုပ်လက္ခဏာ ရှိနေတတ်ပါသည်။ နိုင်ငံရပ်ခြား၊ လူမျိုးများနှင့်ဆက်သွယ်၍ လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ခြင်းဖြင့် အောင်မြင်မှုရရှိတတ်ပါသည်။ အချစ်ရေးတွင် မေတ္တာစစ်မေတ္တာမှန်နှင့်ချစ်တတ်သော ချစ်သူနှင့်ကြုံရတတ်ပါသည်။ ကျန်းမာရေး တွင် အစာမကြေရောဂါ၊ အဆုတ်အားနည်းခြင်းရောဂါတို့ သတိပြုသင့်ပါသည်။

ယတြာ။ ။ပဲထမင်းလှူပါ။



**အင်္ဂါသားသမီးများအတွက်** မိမိဖြစ်ချင်သော လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်နေရင်းမှ စိတ်တိုင်းမကျ ဖြစ်နေတတ်သည်။ ဆောက်လုပ်ရေးလုပ်ငန်း၊ တိုက်ခန်း၊ အိမ်ခန်းရောင်းဝယ်ရေး လုပ်ငန်းအကျိုးပေးနေတတ်ပါသည်။ အချစ်ရေးကောင်းမည်၊ အိမ်ထောင်ဖက်နှင့်သားသမီးများ အတွက် ပျော်ရွှင်သော အေးချမ်းမှုများရောင်နီသန်းလာနေပြီဖြစ်ပါသည်။ ကျန်းမာရေးအနေဖြင့် စိတ်ဖိစီးမှုကြောင့်ဖြစ်သော ရောဂါဝေဒနာများ ခံစားရတတ်သည်ကို သတိပြုသင့်ပါသည်။

ယတြာ။ ။ဘုရားတွင် ထီးခုနစ်လက်လှူပါ။



**ဗုဒ္ဓဟူးသားသမီးများအတွက်** မိမိလုပ်ငန်းအပေါ် ဖိနှိပ်မှုများရှိလာသည်ကို မကျေနပ်ဖြစ်နေတတ်သည်။ စားသောက်ကုန် လုပ်ငန်း၊ မုန့်အမျိုးမျိုးထုတ်လုပ်ဖြန့်ချိရေးလုပ်ငန်း စသည်တို့ အကျိုးပေးတတ်ပါသည်။ အချစ်ရေးတွင် လွှမ်းမိုးချုပ်ခြယ်တတ်သော၊ သဝန်တိုတတ်သည့် ချစ်သူတွေ့ရတတ်သည်။ ကျန်းမာရေးအနေဖြင့် အစားအသောက် အနေအထိုင် အသွားအလာဆင်ခြင်နိုင်လျှင် ကျန်းမာရေးကောင်းမွန်တတ်ပါသည်။

ယတြာ။ ။ဘုရားတွင်ရာဂုဆွမ်းကပ်လှူပါ။



**ကြာသပတေးသားသမီးများအတွက်** စီးပွားရေးလုပ်ကိုင်ဆောင်ရွက်ရာတွင် အနုပညာရပ်ဆိုင်ရာပစ္စည်း၊ အထည်အလိပ်၊ ပိုးထည်၊ ချည်ထည်လုပ်ငန်း၊ အထည်ချုပ်လုပ်ငန်းများအကျိုးပေး ကောင်းလာတတ်ပါသည်။ ဝန်ထမ်းဖြစ်လျှင် နေရာပြောင်းရွှေ့ရခြင်း၊ ရာထူးမြှင့်တင်တိုးမြှင့်ခံရခြင်းတို့ရှိလာတတ်ပါသည်။ အချစ်ရေးတွင် ရွေးချယ်ရခက်နေတတ်သည်။ အချစ်ရေးကံကောင်းတတ်ပါသည်။ ကျန်းမာရေးအနေဖြင့် ထွေထွေထူးထူးမဖြစ်တတ်သော်လည်း ဝမ်းချုပ်ခြင်း၊ ခေါင်းမူး၊ ခေါင်းကိုက်ခြင်းစသည်တို့ ဖြစ်တတ်ပါသည်။

ယတြာ။ ။ဒံပေါက်ထမင်းလှူပါ။



**သောကြာသားသမီးများအတွက်** ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများတိုးချဲ့ရန်အတွက် ရှယ်ယာဝင်များနှင့်ညှိနှိုင်း၍ ဆုံးဖြတ်ရတတ်ပါသည်။ အနုပညာပစ္စည်းများ၊ ဂီတသုံးပစ္စည်းများရောင်းဝယ်ပါက ကံကောင်းမှုများ ကြုံရတတ်ပါသည်။ အချစ်ရေးတွင် ငယ်ချစ်ဟောင်းနှင့်ပြန်လည်တွေ့ဆုံရတတ်ပါသည်။ လက်ထပ်နိုင်ရေးအတွက် တိုင်ပင်ဆွေးနွေးရတတ်ပါသည်။ ကျန်းမာရေးအနေဖြင့် ပြင်းထန်ဆိုးရွားသော ရောဂါမဖြစ်တတ်ပါသည်။

ယတြာ။ ။ ဘုရားတွင် ဆွမ်းဖြူနှင့် သကြားကပ်လှူပါ။



**စနေသားသမီးများအတွက်** အကြံအစည်သစ်များ အကောင်အထည်ဖော်ရတတ်သည်။ ရေရှည်အကျိုးဖြစ်ထွန်းမည့်ကိစ္စများကို အစပျိုးအုတ်မြစ်ချရခြင်းရှိတတ်သည်။ အချစ်ရေးတွင် ပူပန်မှုများနှင့်ရောထွေးနေတတ်သည်။ ကျန်းမာရေးအနေဖြင့် သွားနာ၊ သွားကိုက်၊ သွေးယိုစီးခြင်း၊ သွေးချုပ်လေချုပ်၊ ခါးနာ၊ ခါးကိုက်ဝေဒနာများ ဖြစ်တတ်ပါသည်။

ယတြာ။ ။ ထောပတ်ထမင်းဆွမ်း ကပ်လှူပါ။

# ကင်းမွန်များ ဈေးပြန်ကောင်းလာပြီဖြစ်၍ ပိုမိုတင်ပို့

ကင်းမွန်ရာသီက အောက်တိုဘာလမှ မေလအထိဖြစ်ပြီး နိုဝင်ဘာ ဒီဇင်ဘာလများမှာ ဖမ်းယူရရှိမှုများပါတယ်။ မြိတ်ဒေသမှာ ကင်းမွန်ဖမ်းတဲ့ ငါးဖမ်းလှေစင်းရေ တစ်ထောင်ဝန်းကျင်ခန့်ရှိပါတယ်။ ကင်းမွန်များကို အကောင်အရွယ်စားပေါ်မူတည်ပြီး အဆင့်ခွဲခြားထားပါတယ်။ အဆင့် ၁၊ ၂၊ ၃ ၁၂ပိဿာ တစ်ဗန်းကို ကျပ် ၃၉၀၀၀ ခန့်၊ အဆင့် ၄ တစ်ဗန်းကို ကျပ် ၂၈၀၀၀ ခန့်နဲ့ အဆင့် ၅ တစ်ဗန်းကို ၁၅၀၀၀ ကျပ်ခန့် ဈေးရလျက်ရှိပါတယ်။

အဆိုပါ ကင်းမွန်များကို မြိတ်မြို့ ရေထွက်ကုန်ကုမ္ပဏီများမှာ အအေးခံပြီးနောက် မလေးရှားနဲ့ ထိုင်းနိုင်ငံတို့သို့ တင်ပို့ရောင်းချနေတာဖြစ်ပါတယ်။ ယခင်က ကင်းမွန်ဈေးမှာ အဆင့်၁၊ ၂၊ ၃ -တစ်ဗန်းကို ကျပ် ၄၀၀၀၀ ဝန်းကျင်ခန့်ဈေးပေါက်ခဲ့ပြီး အောက်တိုဘာလမှာ ကျပ် ၂၅၀၀၀ ထိဈေးကျနေရာမှ ယခု နိုဝင်ဘာလမှာ ကျပ် ၃၉၀၀၀ သို့ပြန်တက်လာတယ်လို့ သိရပါတယ်။ ဈေးနှုန်းကျဆင်းတဲ့အတွက် လုပ်ငန်းရှင် အချို့အရှုံးပေါ်ခဲ့ကြရပါတယ်။ ကင်းမွန်ကို အခြောက်ပြုလုပ်ပြီး ပြည်ပသို့လည်း တင်ပို့ကြပါတယ်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဧပြီလမှ အောက်တိုဘာလထိ မြိတ်နဲ့ ကော့သောင်းနယ်စပ်များမှ ကင်းမွန် လအလိုက် တင်ပို့မှုမှာ ကန်ဒေါ်လာ ၁ ဒသမ ၉၈၀ သန်းတန်ဖိုးရှိ ကင်းမွန်တန်ချိန် ၉၀၀ ကျော်ကို တင်ပို့နိုင်ခဲ့တယ်လို့သိရပါတယ်။ ကော့သောင်းမှ တန်ချိန် ၅၉၀ နဲ့ မြိတ်မှ တန်ချိန် ၃၂၀ ကျော်တင်ပို့ခဲ့ပါတယ်။ ဇွန်လနဲ့ အောက်တိုဘာလများမှာ တန်ချိန် ၂၁၀ မှ ၂၅၀ ထိနဲ့ ပမာဏအများဆုံး တင်ပို့နိုင်ခဲ့ပြီး ဇူလိုင်လမှာတော့ အနည်းဆုံးတန်ချိန် ၄၀ နီးပါးတင်ပို့ခဲ့ပါတယ်။

မူဆယ် နယ်စပ်မှ တစ်ဖက်တရုတ်နိုင်ငံသို့ တင်ပို့တဲ့ ရေထွက်ကုန်များမှာ ကင်းမွန်ခြောက်အမယ်လည်း ပါရှိပါတယ်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဧပြီလမှ အောက်တိုဘာလထိ ကာလများအတွင်း ကန်ဒေါ်လာ သုည ဒသမ ၈၀၆ သန်း တန်ဖိုးရှိ ကင်းမွန်ခြောက် ၆၀၉ တန်ကျော် တင်ပို့နိုင်ခဲ့ပါတယ်။ နိုဝင်ဘာလ ၁ရက်မှ ၂၀ ရက်အတွင်းမှာတော့ ၁၄၅ တန်ကျော်တင်ပို့နိုင်ခဲ့တဲ့အတွက် အောက်တိုဘာ တစ်လလုံးတင်ပို့မှုနဲ့ နှိုင်းယှဉ်လျှင် တန် ၁၀၀ ကျော်ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ မိုးတွင်းကာလ ဖြစ်တာရယ် ကင်းမွန်ရာသီမဟုတ်တာရယ်ကြောင့် ဇူလိုင်၊ ဩဂုတ်၊ စက်တင်ဘာလများမှာတော့ ကင်းမွန်ခြောက် တင်ပို့မှုမရှိဘူးလို့ သိရပါတယ်။

**MIRT**

# မြန်မာစားသုံးသူများသမဂ္ဂ၏ သုံးနှစ်ပြည့်နှစ်ပတ်လည်အခမ်းအနား ကျင်းပ



မြန်မာ စားသုံးသူများသမဂ္ဂ (Myanmar Consumer Union) တည်ထောင်ခြင်း သုံးနှစ်ပြည့်နှစ်ပတ်လည်အခမ်းအနားကို ရန်ကုန်မြို့၊ ပြည်လမ်းရှိ ယုဒသန်ရိပ်သာတွင် နိုဝင်ဘာ ၂၁ ရက်က ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားတွင် မြန်မာစားသုံးသူများသမဂ္ဂမှ ဥက္ကဋ္ဌဒေါက်တာဒေါ်မာမာကြည်က အရည်အသွေး ညံ့ဖျင်းသည့်အစားအသောက်များ၊ လုံခြုံစိတ်ချရမှုမရှိသည့် အစားအသောက်များ၊ ညံ့ဖျင်းသည့် ဝန်ဆောင်မှုများကြောင့် စားသုံးသူများသာမက သဘာဝပတ်ဝန်းကျင်ကိုပါ ဆိုးရွားစွာထိခိုက်စေပါကြောင်း၊ အဆိုပါဆိုးရွားမှုဒဏ်ကို ခံစားနေရကြသလို နောင်လာမည့် စားသုံးသူများသည်လည်း ဆက်လက်ခံစားကြရမှာဖြစ်ပါကြောင်း၊ ထို့ကြောင့် မျိုးဆက်သစ် အနာဂတ်လူငယ်များအတွက် ဘယ်လိုစားသောက်နေထိုင်မလဲ၊ ဘယ်လိုကုန်ပစ္စည်းတွေကို ထုတ်လုပ်မလဲ စသည်ဖြင့် စားသုံးသူအသိပညာပေးရေးအစီအစဉ်တွေကို စီးပွားရေးလုပ်ငန်းရှင်များနှင့် သက်ဆိုင်ရာတာဝန်ရှိသူတွေ အားလုံးသိရှိနားလည်ဖို့လိုအပ်ပါကြောင်း၊ ထို့ကြောင့် ၂၀၁၂ ခုနှစ် နိုဝင်ဘာ ၁၈ ရက်မှာ မြန်မာစားသုံးသူသမဂ္ဂကို စတင်ဖွဲ့စည်းတည်ထောင်ခဲ့ပါကြောင်း၊ ပြည်သူလူထုကို အသိပညာပေးရေးကို အဓိကထားပြီး လုပ်ဆောင်သွားမှာ ဖြစ်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

မြန်မာစားသုံးသူများသမဂ္ဂသည် ဘေးအန္တရာယ်ကင်းရှင်းစွာ စားသောက်သုံးစွဲနိုင်ခွင့်၊ တန်ဖိုး၊ ဈေးနှုန်း၊ အမျိုးအစားရွေးချယ်ပိုင်ခွင့်၊ စားသောက်သုံးစွဲရမည့်ပစ္စည်းအကြောင်း အသေးစိတ်ဂယနဏ ပြည့်စုံစွာသိရှိခွင့်၊ စားသုံးသူများ၏ အသံနှင့် မကျေနပ်မှုများကို သက်ဆိုင်ရာ တာဝန်ရှိသူများထံသို့ လွတ်လပ်စွာ အသိပေးထုတ်ဖော်ပြောဆိုခွင့်ဟူသည့် အခြေခံအခွင့်အရေးလေးရပ်ကို စားသုံးသူများ အဓိကခံစားခွင့်ရှိရမည်ဟု ခံယူထားကြောင်း သိရသည်။ အဆိုပါအခွင့်အရေးလေးရပ်ကို ဖော်ဆောင်နိုင်ရန်အတွက် နိုင်ငံတစ်ဝန်းလုံးရှိ ပြည်သူတစ်ရပ်လုံးအား စားသုံးသူဆိုင်ရာ အသိပညာများ ဝေမျှဖလှယ်နိုင်ရန်အတွက် စုစည်းတည်ထောင်ကြခြင်းဖြစ်ပြီး စေတနာနှင့် ဆန္ဒတူညီသူများ အားလုံး မိသားစုစိတ်ဓာတ်ဖြင့် အစွမ်းကုန် ဝိုင်းဝန်းဖော်ဆောင်ရန်အတွက် မြန်မာစားသုံးသူသမဂ္ဂနှင့်ဆက်သွယ်၍လက်တွဲဆောင်ရွက်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။

**မယ်သီတာ**

# ရွှေတင်သွင်းမှုအပေါ် သွင်းကုန်ခွန်စည်းကြပ်မှုအား လျှော့ချသွားရန် အိန္ဒိယဘဏ္ဍာရေးဝန်ကြီးဌာနက စဉ်းစားပေးရန် တောင်းဆို

ပြည်ပမှ ရွှေတင်သွင်းမှုစည်းကြပ်ခွန်အား လျှော့ချပေးမှသာလျှင် အိန္ဒိယမှ ကျောက်မျက်နဲ့ လက်ဝတ်ရတနာများတင်ပို့မှုကို မြှင့်တင်ပေးနိုင်မယ်လို့ ကုန်သွယ်ရေးနဲ့ စက်မှုဝန်ကြီးဌာနဝန်ကြီး နီရာဗာလာစီသာရာမန်က ပြောကြားပါတယ်။ အဓိကအားဖြင့် သွင်းကုန်ခွန် မြှင့်တင်ထားတဲ့အတွက် ကျောက်မျက်နဲ့ လက်ဝတ်ရတနာကဏ္ဍကို ဆိုးဆိုးရွားရွား ထိခိုက်လျက်ရှိရာ ရွှေတင်သွင်းမှုအပေါ် သွင်းကုန်ခွန်စည်းကြပ်ခြင်းမပြုရန် တောင်းဆိုရတာဖြစ်တယ်လို့ဆိုပါတယ်။ ပြည်ပမှ ရွှေတင်သွင်းမှုအပေါ် သွင်းကုန်ခွန် ၁၀ ရာခိုင်နှုန်း စည်းကြပ်နေတဲ့အတွက် ကျောက်မျက်နဲ့ လက်ဝတ်ရတနာကဏ္ဍအနေနဲ့ ကမ္ဘာ့ဈေးကွက်မှာ ယှဉ်ပြိုင်ရန် အခက်အခဲရှိနေတယ်လို့ ၎င်းက ထပ်မံပြောကြားခဲ့ပါတယ်။ ရွှေတင်သွင်းခွန်လျှော့ချပေးရန် တင်ပြထားတဲ့အဆိုကို ဘဏ္ဍာရေးဝန်ကြီးဌာနအနေနဲ့ ဆုံးဖြတ်ချက်မချမီ လက်ရှိဘဏ္ဍာရေးပိုင်ငွေ လိုငွေအခြေအနေကို ကြည့်သင့်ကြောင်း ဖြည့်စွက်ပြောကြားခဲ့ပါတယ်။

အောက်တိုဘာလမှာ ပြည်ပသို့ ကျောက်မျက်နဲ့ လက်ဝတ်ရတနာတင်ပို့မှု ၁၃ ရာခိုင်နှုန်းခန့်ကျဆင်းခဲ့ပြီး ပမာဏအားဖြင့် ကန်ဒေါ်လာ ၃ ဒသမ ၄၈ ဘီလီယံနဲ့ ညီမျှပါတယ်။ ဩဂုတ်လမှာတုန်းက ကန်ဒေါ်လာ ၄ ဒသမ ၉၅ ဘီလီယံထိ ဆောင်ရွက်နိုင်ခဲ့သော်လည်း စက်တင်ဘာ၊ အောက်တိုဘာလများမှာတော့ လျှော့ကျခဲ့တာဖြစ်ပါတယ်။

အိန္ဒိယနိုင်ငံဟာ ကမ္ဘာမှာ ရွှေအများဆုံးတင်သွင်းတဲ့ နိုင်ငံဖြစ်ပြီး အဓိကအားဖြင့် လက်ဝတ်ရတနာလုပ်ငန်းများရဲ့ ဝယ်လိုအားက မြင့်မားနေလျက်ရှိပါတယ်။

**CMK**



## မြို့ကြီးများ၏ ၃၀-၁၁-၂၀၁၅ မှ ၄-၁၂-၂၀၁၅ နေ့အထိ မိုးလေဝသခန့်မှန်းချက်

| မြို့ | တနင်္လာ(၃၀-၁၁-၂၀၁၅) | အင်္ဂါ(၁-၁၂-၂၀၁၅) | ဗုဒ္ဓဟူး(၂-၁၂-၂၀၁၅) | ကြာသပတေး(၃-၁၂-၂၀၁၅) | သောကြာ(၄-၁၂-၂၀၁၅) |
|---|---|---|---|---|---|
| နေပြည်တော် | နေသာ ၃၃°C/၉၁°F | နေသာ ၃၃°C/၉၂°F | နေသာ ၃၃°C/၉၁°F | ၈၀% ၃၁°C/၈၈°F | ၈၀% ၂၉°C/၈၄°F |
| ရန်ကုန်မြို့ | နေသာ ၃၅°C/၉၅°F | နေသာ ၃၄°C/၉၄°F | တိမ်အသင့်အတင့် ၃၄°C/၉၄°F | ၄၀% ၃၃°C/၉၂°F | ၈၀% ၃၂°C/၈၉°F |
| မန္တလေးမြို့ | နေသာ ၃၂°C/၈၉°F | နေသာ ၃၂°C/၉၀°F | တိမ်ထူထပ် ၃၁°C/၈၇°F | ၆၀% ၂၇°C/၈၁°F | ၆၀% ၂၇°C/၈၀°F |
| မြစ်ကြီးနား | နေသာ ၂၉°C/၈၄°F | နေသာ ၂၉°C/၈၄°F | တိမ်အသင့်အတင့် ၂၇°C/၈၁°F | ၆၀% ၂၃°C/၇၄°F | ၆၀% ၂၉°C/၈၅°F |
| လားရှိုး | နေသာ ၂၄°C/၇၆°F | နေသာ ၂၆°C/၇၀°F | ၄၀% ၂၄°C/၇၆°F | ၆၀% ၂၂°C/၇၂°F | ၈၀% ၂၁°C/၇၀°F |
| ကျိုင်းတုံ | တိမ်အသင့်အတင့် ၂၈°C/၈၂°F | နေသာ ၂၉°C/၈၄°F | နေသာ ၂၈°C/၈၂°F | ၅၀% ၂၇°C/၈၁°F | ၈၀% ၂၄°C/၇၆°F |
| လွိုင်ကော် | နေသာ ၂၈°C/၈၃°F | နေသာ ၂၈°C/၈၂°F | နေသာ ၂၇°C/၈၁°F | ၈၀% ၂၇°C/၈၁°F | ၈၀% ၂၄°C/၇၆°F |
| တောင်ကြီး | တိမ်အသင့်အတင့် ၂၂°C/၇၁°F | တိမ်အသင့်အတင့် ၂၁°C/၇၀°F | နေသာ ၂၁°C/၇၀°F | ၈၀% ၂၁°C/၆၉°F | ၈၀% ၁၈°C/၆၅°F |
| မော်လမြိုင် | နေသာ ၃၄°C/၉၄°F | နေသာ ၃၄°C/၉၃°F | ၃၀% ၃၄°C/၉၃°F | ၄၀% ၃၄°C/၉၃°F | ၈၀% ၃၃°C/၉၂°F |
| ဘားအံ | နေသာ ၃၆°C/၉၇°F | နေသာ ၃၄°C/၉၄°F | နေသာ ၃၄°C/၉၄°F | ၈၀% ၃၄°C/၉၃°F | ၈၀% ၃၃°C/၉၁°F |
| တောင်ငူ | နေသာ ၃၂°C/၉၀°F | နေသာ ၃၂°C/၉၀°F | နေသာ ၃၃°C/၉၂°F | ၈၀% ၃၂°C/၉၁°F | ၈၀% ၂၉°C/၈၅°F |
| မုံရွာ | နေသာ ၃၁°C/၈၇°F | နေသာ ၃၁°C/၈၈°F | ၃၀% ၂၈°C/၈၃°F | ၆၀% ၂၄°C/၇၆°F | ၆၀% ၂၇°C/၈၀°F |
| ပုသိမ် | နေသာ ၃၄°C/၉၄°F | နေသာ ၃၃°C/၉၂°F | နေသာ ၃၃°C/၉၂°F | ၈၀% ၃၂°C/၉၀°F | ၈၀% ၃၂°C/၈၉°F |
| မြိတ် | နေသာ ၃၄°C/၉၄°F | ၈၀% ၃၄°C/၉၃°F | ၈၀% ၃၄°C/၉၃°F | ၈၀% ၃၄°C/၉၃°F | ၈၀% ၃၃°C/၉၂°F |
| စစ်တွေ | တိမ်အသင့်အတင့် ၃၁°C/၈၇°F | တိမ်အသင့်အတင့် ၃၁°C/၈၇°F | ၄၀% ၂၉°C/၈၄°F | ၆၀% ၂၈°C/၈၂°F | ၆၀% ၂၇°C/၈၀°F |
| မကွေး | ၆၀% ၃၂°C/၉၀°F | ၈၀% ၃၂°C/၈၉°F | ၈၀% ၃၃°C/၉၁°F | ၅၀% ၃၃°C/၉၁°F | ၄၀% ၃၃°C/၉၁°F |
| ဖလမ်း | နေသာ ၂၁°C/၆၉°F | နေသာ ၂၁°C/၆၉°F | ၇၀% ၁၇°C/၆၃°F | ၆၀% ၁၅°C/၅၉°F | ၆၀% ၁၇°C/၆၂°F |

# ပီရူးနိုင်ငံတွင် အင်အားပြင်း ငလျင် လှုပ်ခတ်၊ ထိခိုက်ပျက်စီးမှုမရှိဟုဆို

ပြီးခဲ့သည့် နိုဝင်ဘာ ၂၄ ရက် နေ့လယ်ပိုင်းက ပီရူးနိုင်ငံ၊ အီဘီရီယာမြို့၏ အနောက်မြောက်ပိုင်း ၁၇၃ကီလိုမီတာကိုဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၇ ဒသမ ၅ အဆင့်ရှိ ငလျင်နှစ်ခုလှုပ်ခတ်ခဲ့ကြောင်း အမေရိကန်ငလျင်တိုင်းတာရေးစခန်း၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

လှုပ်ခတ်ခဲ့သည့် ငလျင်နှစ်ခုစလုံးသည် အင်အားပြင်းငလျင်များဖြစ်သော်လည်း မြေအောက်အနက် ကီလိုမီတာ ၆၀၀ ကိုဗဟိုပြု၍ လှုပ်ခတ်ခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။

ငလျင်လှုပ်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများ မရှိဟု အီရီဘီယာမြို့မှ အာဏာပိုင်များက ထုတ်ဖော်ပြောကြားခဲ့သော်လည်း ပီရူးအမျိုးသားကာကွယ်ရေးသိပ္ပံမှ တာဝန်ရှိသူများကမူ ထိခိုက်မှုအနည်းငယ်ရှိခဲ့ကြောင်း၊ အဆိုပါထိခိုက်မှုများကို စစ်ဆေးလျက်ရှိကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

ပီရူးနိုင်ငံတွင် အင်အားပြင်းငလျင်လှုပ်ခတ်မှုဒဏ်ကို ဘရာဇီး၊ ဘိုလီးဗီးယား၊ ချီလီ၊ ကိုလံဘီယာ၊ အီကွေဒေါနှင့် အာဂျင်တီးနားနိုင်ငံတို့က သိသာစွာခံစားခဲ့ကြရသည်ဟု အဆိုပါနိုင်ငံများ၏မီဒီယာများက ရေးသားဖော်ပြခဲ့သည်။

အမေရိကန်နိုင်ငံ ဘူမိဗေဒတိုင်းတာရေးလုပ်ငန်းကမူ အင်အားပြင်းငလျင်နှစ်ခု လှုပ်ခတ်ခဲ့ပြီးနောက် တစ်နာရီအကြာ အဆိုပါနေရာ၌ပင် အင်အားရစ်ချ်တာစကေး ၅ဒသမ ၉ အဆင့်ရှိအင်အားအသင့်အတင့်ရှိသည့် ငလျင်တစ်ခု လှုပ်ခတ်ခဲ့သေးကြောင်း သတင်းထုတ်ပြန်ခဲ့သည်။

အင်အားပြင်းငလျင်လှုပ်ခတ်မှုကို ဘရာဇီးနိုင်ငံ မန်နေ့ာမြို့၊ အာကာရ်မြို့ နှင့်ပေါ်တိုဗီလ်ဟိုမြို့တို့တွင် နေထိုင်ကြသည့် ပြည်သူများမှာ အထိတ်တလန့်များ ဖြစ်ခဲ့ရပြီး နေအိမ်များပေါ်မှာ ဆင်းပြေး ကြသည်အထိ ခံစားခဲ့ကြရကြောင်း ဘရာဇီးနိုင်ငံထုတ် သတင်းစာတစ်စောင်တွင် ဖော်ပြထားသည်။

ပီရူးနိုင်ငံတွင် ကမ္ဘာလှည့်ခရီးသည်များ အများဆုံးလာရောက်သည့် ကူစ်ကိုမြို့မှ ရဲတပ်ဖွဲ့ဝင်များကမူ မြို့ပေါ်တွင် ထိခိုက်ပျက်စီးမှုများ မရှိခဲ့ကြောင်း၊ သို့သော် ကူစ်ကိုမြို့လေယာဉ်ကွင်းအနီးတွင်မူ ပျက်စီးမှု အနည်းငယ်ရှိခဲ့ကြောင်း ပြောကြားခဲ့သည်။

**မယ်သီတာ**



## ဆော်ဒီအာရေးဗီးယားနိုင်ငံ အနောက်ပိုင်းတွင် ရေလွှမ်းမိုးမှုဖြစ်ပွား၍ လူရှစ်ဦး သေဆုံး

ဆော်ဒီအာရေးဗီးယားနိုင်ငံ အနောက်ပိုင်းဒေသများတွင် ရေလွှမ်းမိုးမှုများ ဖြစ်ပွားခဲ့ရာ အနည်းဆုံး လူရှစ်ဦး သေဆုံးခဲ့ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြထားသည်။

ရေလွှမ်းမိုးရာဒေသသည် အစ္စလာမ်ဘာသာဝင်များ၏အထွတ်အမြတ်ထားရာ မြို့တစ်မြို့ဖြစ်သည့် မီဒီနာမြို့တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အဆိုပါမြို့တွင် နိုဝင်ဘာ ၂၃ ရက်ကတည်းက နှစ်ရက်ဆက်တိုက် မိုးသည်းထန်စွာရွာသွန်းခဲ့သဖြင့် ရေလွှမ်းမိုးမှုများဖြစ်ပွားခဲ့ရခြင်းဖြစ်ကြောင်း ဆော်ဒီနိုင်ငံ ပြည်တွင်းသတင်းစာတစ်စောင်က ဖော်ပြခဲ့သည်။

မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မီဒီနာမြို့နေ ပြည်သူများမှာ နေအိမ်တွင်း၌သာ နေထိုင်ကြရကြောင်း၊ သို့သော် ဂျီဒက်ရှ်မြို့တွင်မူ အဆိုးရွားဆုံးရေလွှမ်းမိုးမှုများဖြစ်ပွားခဲ့သဖြင့် နေအိမ်များ ရေလွှမ်းမိုးခြင်းခံခဲ့ရကြောင်း ရိုက်တာသတင်းဌာနက ရေးသားဖော်ပြခဲ့သည်။

ထို့ပြင်ဂျီဒက်ရှ်မြို့တွင် စာသင်ကျောင်းများ၌ စာသင်ကြားနေစဉ် မိုးသည်းထန်စွာရွာသွန်းလာပြီး ရေလွှမ်းမိုးမှုများဖြစ်ပေါ်ခဲ့သဖြင့် ကျောင်းသားသုံးဦး ရေနှင့်အတူမျောပါခဲ့ပြီး သေဆုံးခဲ့ရကြောင်း၊ ထို့ကြောင့် စာသင်ကျောင်းများကို နိုဝင်ဘာ ၂၇ ရက်အထိ ပိတ်ထားခဲ့ရကြောင်း ပြည်တွင်းသတင်းစာတစ်စောင်က ဖော်ပြထားသည်။

ရေလွှမ်းမိုးမှုများနှင့်ပတ်သက်၍ ဆော်ဒီအာရေးဗီးယားအစိုးရက သတင်းများထိန်ချန်ခဲ့သဖြင့် ဒေသခံပြည်သူများမှာ ဒေါသထွက်လျက်ရှိကြောင်း၊ မီဒီနာမြို့နှင့် ဂျီဒက်ရှ်မြို့တို့အား အစိုးရအနေဖြင့် ရေလွှမ်းမိုးခြင်းမှ ကာကွယ်ပေးရန် လုပ်ဆောင်နိုင်မှု အားနည်းလျက်ရှိသဖြင့် သတင်းမှန်ကို ထုတ်ဖော်ရေးသားရန် တုံ့ဆိုင်းနေခြင်းဖြစ်သည်ဟု ပြည်သူများက ဝေဖန်ပြောကြားခဲ့သည်။

ဆော်ဒီဘုရင် ဆေလ်မန်ဘင် အဗ္ဗဒူလ်အာဇစ်အယ်လ်ဆတ်က နိုင်ငံ၏အနောက်ပိုင်းဒေသတစ်ဝန်းတွင်ရေလွှမ်းမိုးမှုကြောင့်ဖြစ်ပွားခဲ့ရသည့် ယာဉ်မတော်တဆဖြစ်ပွားမှုများကို စုံစမ်းစစ်ဆေးရန် အမိန့်ချမှတ်ခဲ့ကြောင်း GulfNews က ဖော်ပြခဲ့သည်။

ကနဦးစုံစမ်းစစ်ဆေးမှုများအရ ရေလွှမ်းမိုးမှုများပြီးဆုံးသွားသော်လည်း လျှပ်စစ်ဓာတ်အားပြတ်တောက်မှုများ ဖြစ်ပေါ်လျက်ရှိသည်ဟု ဆိုသည်။

မာကက်ရှိဒေသမြို့တော်ဝန် မင်းသားခါလစ်အယ်လ်ဖစ်စ်ရှယ်က "တခြားမြို့တွေမှာလည်း ဒီလိုပဲ ရေကြီးမှုတွေ ဖြစ်ကြတာပဲ။ ဝေဒီရေပေးဝေမှုစနစ်ကိုတော့ ခဏရပ်ဆိုင်းထားတယ်။ ဒါကလည်း သူ့ရဲ့စနစ်ကြောင့်ပါ"ဟု ဘုရင်နှင့်တစ်လေသံတည်း ပြောကြားခဲ့သည်ဟု GulfNews က ရေးသားခဲ့သည်။

**မယ်သီတာ**

Domestic Sport News
Vol: 15, No.46 Monday November 30 2015

# ဧရာဝတီယူနိုက်တက်အသင်းနည်းပြချုပ် မာဂျန်နှင့် ရခိုင်ယူနိုက်တက်အသင်းနည်းပြချုပ် ဦးဝင်းတင်တို့ နုတ်ထွက်

ဧရာဝတီယူနိုက်တက် အသင်းသည် နည်းပြချုပ် မာဂျန်ကိုစာချုပ်သက်တမ်းမတိုးတော့ဘဲ လမ်းခွဲခဲ့ကြောင်း သိရသည်။ နည်းပြချုပ် မာဂျန်သည် ဧရာဝတီယူနိုက်တက် အသင်းကို ဒုတိယအကြိမ် ပြန်လည်တာဝန်ယူခဲ့ခြင်းဖြစ်ပြီး ၂၀၁၅ ခုနှစ်ဘောလုံးရာသီတွင်ရှုံးထွက်အဆင့်၊ ဗိုလ်ချုပ်အောင်ဆန်းဒိုင်းရှုံးထွက်ဖလားချန်ပီယံ၊ မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲတွင် စတုတ္ထအဆင့်သို့ရောက်ရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သူဖြစ်သည်။



ဧရာဝတီယူနိုက်တက်အသင်း နည်းပြချုပ် မာဂျန်

သို့သော် ဧရာဝတီယူနိုက်တက်အသင်းသည် ပြည်တွင်းနည်းပြတစ်ဦးကိုသာ ပြောင်းလဲခန့်အပ်သွားရန်ရှိကြောင်းသိရသည်။ ယခုနှစ်ရာသီအပြီးတွင် ဧရာဝတီယူနိုက်တက်အသင်း အထွေထွေမန်နေဂျာ ဦးဇွဲလှိုင်မိုးနှင့် လမ်းခွဲခဲ့ပြီး ကျော်မင်းဦး၊ နေလင်းထွန်း အစရှိသည့် လက်ရွေးစင်ကစားသမားအများစုကိုပါ လက်လွှတ်ခဲ့ရ၍ နည်းပြချုပ် မာဂျန်နှင့် လမ်းခွဲခဲ့ခြင်းသည် ကြီးမားသော အပြောင်းအလဲတစ်ခု ဖြစ်လာဖွယ်ရှိကြောင်း သိရသည်။

လက်ရှိတွင်လာမည့် ရာသီအတွက် နည်းပြချုပ်အဖြစ် မည်သူ့ကို ခန့်အပ်သွားမည်ဆိုသည်ကို အသင်းမှအတိအကျထုတ်ပြန်ပေးခြင်း မရှိသေးပေ။

ထို့အတူ ရခိုင်ယူနိုက်တက်အသင်းသည် နည်းပြချုပ် ဦးဝင်းတင်နှင့် စာချုပ်သက်တမ်းပြည့်မြောက်ခဲ့၍ လာမည့်နှစ်အတွက် စာချုပ်သစ် ထပ်မံချုပ်ဆိုတော့မည်မဟုတ်ဘဲ နှစ်ဦးသဘောတူ လမ်းခွဲရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

ပြီးခဲ့သည့်ရာသီက ကွင်းအတွင်း စွမ်းဆောင်ရည်များနှင့် အသင်း၏ စွမ်းဆောင်ရည်များအပေါ် အသင်းအဖွဲ့ချုပ်မှ လုံလောက်မှုမရှိဟုယူဆ၍ အသင်းအနေဖြင့် လာမည့်ရာသီတွင် အပြောင်းအလဲ ဖြစ်ပေါ်လာစေရန် လမ်းခွဲခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် ရခိုင်ယူနိုက်တက်အသင်းသည် ၂၀၁၆ ဘောလုံးရာသီအတွက် အသင်းနည်းပြချုပ်အဖြစ် လူငယ်အသင်းနည်းပြချုပ် ဦးအောင်ဇင်မျိုးကို တာဝန်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။



## မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ရာသီသစ်၏ ပွဲစဉ်တစ်ပွဲတွင် ပြည်ပကစားသမားသုံးဦးသာ ကစားခွင့်ပြုရန် ဘောလုံးအဖွဲ့ချုပ်စီစဉ်

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကျင်းပလျက်ရှိသည့် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲများ၏ ၂၀၁၆ဘောလုံးရာသီ မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲတွင် ပွဲစဉ်တစ်ပွဲ၌ ပြည်ပကစားသမားသုံးဦးသာ ကစားခွင့်ပြုမည်ဖြစ်ကြောင်းသိရသည်။

မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲဝင်အသင်းများအား ပြည်ပကစားသမား လေးဦးအထိ ခေါ်ယူခွင့်ပြုထားသော်လည်း ပြိုင်ပွဲများတွင် သုံးဦးသာ ကစားခွင့်ပြုရန်စီစဉ်လျက်ရှိကြောင်း သိရသည်။

ပြည်ပကစားသမား အသုံးပြုခွင့်နှင့် ပတ်သက်၍ နိုဝင်ဘာလကုန်ပိုင်းတွင် ကျင်းပမည့်လိဂ်ကော်မတီအစည်းအဝေးတွင် ဆုံးဖြတ်မည်ဖြစ်ကြောင်း၊ ပြီးခဲ့သည့် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲတွင် အာရှနိုင်ငံသားတစ်ဦး အပါအဝင် ပြည်ပကစားသမားလေးဦးအထိ ထည့်သွင်းကစားခွင့်ပြုခဲ့သော်လည်း လာမည့်ရာသီမှစ၍ ပြည်ပကစားသမားသုံးဦးသာ ကစားခွင့်ပြုရန် စီစဉ်နေခြင်းဖြစ်သည်ဟု မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲကျင်းပရေးကော်မတီမှ သိရသည်။

မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲများကို ၂၀၀၉ခုနှစ်တွင် စတင်ကျင်းပခဲ့ရာ စတင်ကျင်းပချိန်မှ ၂၀၁၁ ခုနှစ်အထိ ပြည်ပကစားသမား ခေါ်ယူသုံးစွဲမှုကို ငါးဦးအထိ ခွင့်ပြုခဲ့ပြီး ၂၀၁၂ မြန်မာနေရှင်နယ်လိဂ်ဘောလုံးရာသီမှစတင်၍ ပြည်ပကစားသမားခေါ်ယူရာ၌ အာရှနိုင်ငံသားတစ်ဦးအပါအဝင် ပြည်ပကစားသမားလေးဦးသာခေါ်ယူခွင့်ပြုခဲ့ပြီး ထည့်သွင်းကစားစေခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အနေဖြင့် ပြည်ပကစားသမား ခေါ်ယူအသုံးပြုခွင့်ကန့်သတ်လိုက်ခြင်းသည် ပြည်တွင်းမှ ကစားသမားများ အခွင့်အရေးရရှိလာစေရန် ရည်ရွယ်ခြင်းဖြစ်နိုင်ကြောင်း၊ သို့သော်အာရှဘောလုံးအဖွဲ့ချုပ်က ကျင်းပသည့်ပြိုင်ပွဲများအား ယှဉ်ပြိုင်ခွင့်ရရှိထားသည့် အသင်းများအတွက်မူ အခက်အခဲများဖြစ်လာနိုင်သည်ဟု ဆို သည်။

အဆိုပါစည်းကမ်းချက်အား အတည်ပြုသတ်မှတ်ခဲ့ပါက ၂၀၁၆ မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲဝင်အသင်းများအနေဖြင့် ပြည်ပကစားသမားလေးဦး ခေါ်ယူခွင့်ရရှိသော်လည်း တစ်ဦးကို အရန်ကစားသမားအဖြစ်သာ အသုံးပြုခွင့်ရရှိမည်ဖြစ်သည်။

## ဂိုးသမား ဖာနန်ဒိုနှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့ တစ်နှစ်သက်တမ်းတိုး စာချုပ် ချုပ်ဆို

ရန်ကုန်ယူနိုက်တက်အသင်းသည် ပြီးခဲ့သည့် ဘောလုံးရာသီအတွင်းက အသင်း၏ ဂိုးပေါက်ကို လက်စွမ်းပြကာကွယ်ပေးခဲ့သည့် ဘရာဇီးဂိုးသမားဖာနန်ဒိုနှင့် တစ်နှစ်သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း သိရသည်။

ရန်ကုန်ယူနိုက်တက်အသင်းသည် အသက် ၂၆ နှစ်အရွယ်ရှိ ဂိုးသမား ဖာနန်ဒိုကို ပြီးခဲ့သည့်၂၀၁၅ဘောလုံးရာသီကတည်းက ခေါ်ယူခဲ့ခြင်းဖြစ်ပြီး လာမည့်ဘောလုံးရာသီအတွက် သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

အရပ် ၆ ပေ ၂လက်မရှိ ဖာနန်ဒို သည် ဘရာဇီးကလပ် Red Bull Clup Brasil တွင် ၂၀၀၈ခုနှစ်မှ ၂၀၁၁ခုနှစ် အတွင်း ပွဲပေါင်း ၁၀၀ ကျော်ကစားခဲ့ကာ အသင်းကို ချန်ပီယံနှစ်ကြိမ်ဖြစ်စေခဲ့သည်။ ဖာနန်ဒိုသည် ဘရာဇီးကလပ်တွင် ကစားခဲ့စဉ်က ၃၁၆ မိနစ်တိတိ ဂိုးမပေးရသည့်စံချိန် တင်ခဲ့ဖူးသူဖြစ်သည်။

ဖာနန်ဒိုသည် ၂၀၀၈ခုနှစ်မှ၂၀၁၄ ခုနှစ်အထိ ဘရာဇီးကလပ်များတွင် ကစားခဲ့ပြီး ၂၀၁၄ဘောလုံးရာသီ၏ ဒုတိယအကျော့တွင်ဆိုက်ပရပ်စ်ဘောလုံးကလပ် ဒိုဆာအသင်းတွင် ကစားခဲ့သည်။

ထို့နောက် ၂၀၁၅ ခုနှစ်တွင် ရန်ကုန်ယူနိုက်တက်အသင်းသို့ရောက်ရှိလာခဲ့ပြီး ချန်ပီယံသရဖူ ဆွတ်ခူးနိုင်အောင် စွမ်းဆောင်ပေးနိုင်ခဲ့သည်။

"စာချုပ်သက်တမ်းထပ်တိုးဖို့ ကမ်းလှမ်းခဲ့တဲ့အတွက် ဂုဏ်ယူပါမိတယ်။ ရန်ကုန်ယူနိုက်တက်အသင်းမှာ ကစားရတာ ဂုဏ်ယူစရာပါ။ နိုင်ငံတကာပြိုင်ပွဲတွေလည်း ကစားရမှာမို့ ကျွန်တော့်အတွက် အခွင့်အရေးကောင်းတွေ ရရှိလာမှာပါ။ ရန်ကုန်အသင်းနဲ့အတူ ဒီနှစ်မှာလည်း ချန်ပီယံသရဖူကို ထပ်မံဆွတ်ခူးဖို့ မျှော်မှန်းထားပါတယ်"ဟု ဖာနန်ဒိုက ပြောကြားခဲ့သည်။



## မနောမြေအသင်းတန်းဆင်းခဲ့ရသော်လည်း ပြည်ပနည်းပြနှင့် ပြည်ပကစားသမားများကို ခေါ်ယူမည်

မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲဝင် မနောမြေအသင်းသည် ၂၀၁၆ခုနှစ် ဘောလုံးရာသီ၌ မြန်မာနေရှင်နယ်လိဂ် ၂ သို့ တန်းဆင်းရမည်ဖြစ်သော်လည်း ပြည်ပနည်းပြသစ်နှင့် ပြည်ပကစားသမားများကို ခေါ်ယူအသုံးပြုမည်ဖြစ်ကြောင်း သိရသည်။

"အသင်းရဲ့ စီအီးအိုက ပြည်ပနည်းပြ တစ်ယောက်ကို ခေါ်ယူဖို့ ညှိနှိုင်းနေပါ တယ်။ အခုအချိန်အထိတော့ အသင်းနဲ့စာချုပ်မချုပ်ရသေးပါဘူး။ ပြည်ပကစားသမားတွေလည်း ခေါ်ယူဖို့ စီစဉ်နေပါ တယ်။ ကျွန်တော်တို့အသင်းအနေနဲ့ လာမယ့်ဘောလုံးရာသီမှာ တန်းပြန်တက်နိုင်အောင် ပြင်ဆင်သွားမှာပါ"ဟု မနောမြေအသင်း၏ အထွေထွေမန်နေဂျာဖြစ်သူ ဦးညီညီအောင်က ပြောကြားခဲ့သည်။

ထို့ပြင် မနောမြေအသင်းသည် ပြည်တွင်းကစားသမားများကိုလည်း ခေါ်ယူနိုင်ရန် စီစဉ်လျက်ရှိရာ နေပြည်တော်အသင်းခေါင်းဆောင် နီမောင်မောင်အောင်နှင့်လည်း စာချုပ်ချုပ်ဆိုနိုင်ရန် ဆွေးနွေးလျက်ရှိကြောင်း သိရသည်။ ထို့ပြင် အသင်းလက်မဲ့ဖြစ်နေသည့် ကစားသမားကောင်းများကိုလည်း ခေါ် ယူသွားမည်ဖြစ်ကြောင်း သိရသည်။ မနောမြေအသင်းသည် ၂၀၁၀ ပြည့်နှစ်တွင် ကချင်ပြည်နယ်ကိုယ်စားပြုဘောလုံးအသင်းအဖြစ် စတင်ဖွဲ့စည်းခဲ့ရာ ၂၀၁၄ခုနှစ်တွင် အအောင်မြင်ဆုံးအဖြစ် အဆင့်ခုနစ်နေရာသို့ရောက်ရှိခဲ့သည်။ သို့သော် ၂၀၁၅ ခုနှစ် ဘောလုံးရာသီတွင်မူ အဆင့် ၁၁ နေရာတွင်သာ ရပ်တည်နိုင်ခဲ့သဖြင့် တန်းဆင်းခဲ့ရခြင်းဖြစ်သည်။



## ဇေယျာရွှေမြေအသင်းနှင့် ပေါ်တူဂီနည်းပြတို့ သဘောတူညီမှုရ

၂၀၁၆ မြန်မာနေရှင်နယ်လိဂ် ဘောလုံးရာသီအတွက် ပြင်ဆင်လျက်ရှိသော ဇေယျာရွှေမြေအသင်းသည် ယခုအခါပေါ်တူဂီနည်းပြဖြင့် တစ်ရာသီ သဘောတူညီမှုရရှိခဲ့ပြီဖြစ်သည်။ Fabiano Jose Flora အမည်ရ ပေါ်တူဂီနည်းပြသည် ပြီးခဲ့သည့် ၂၀၁၅ မြန်မာနေရှင်နယ်လိဂ် ဒုတိယအကျော့တွင် ဇေယျာရွှေမြေအသင်း၏ကြံ့ခိုင်ရေးနည်းပြအဖြစ် တာဝန်ယူခဲ့သူဖြစ်သည်။ ဥရောပထိပ်တန်း အသင်းကြီးများဖြစ်သော ဂျူဗင်တပ်စ်၊ ပဲရစ်စိန့် ဂျာမိန်း၊ မန်ချက်စတာယူနိုက်တက်အသင်းတို့၏ လူငယ်အကယ်ဒမီသင်တန်းများတွင် လုပ်ကိုင်ဖူးခဲ့သော ဖေဘီယာနိုသည် စိတ်ဓာတ်ပြင်းထန်သော နည်းပြတစ်ဦးလည်း ဖြစ်သည်။

သို့ဖြစ်ရာ UEFA နည်းပြလိုင်စင် ရထားသော ဖေဘီယာနိုသည် လာမည့်၂၀၁၆ ရာသီတွင် ဇေယျာရွှေမြေအသင်း၏ နည်းပြချုပ်အဖြစ် တာဝန်ယူသွားမည်ဖြစ်သည်။

နည်းပြချုပ်ဖေဘီယာနိုအနေဖြင့် လက်ရှိအချိန်တွင် ပေါ်တူဂီနိုင်ငံသို့ပြန်ကာ မိသားစုနှင့် အနားယူနေလျက်ရှိပြီး ဒီဇင်ဘာလ ၁ရက်နေ့တွင် အသင်း၌ လာရောက်ပူးပေါင်းကာ နည်းပြချုပ် တာဝန်များကို စတင်ကိုင်တွယ်သွားမည်ဖြစ်သည်။

အသက်အားဖြင့် ၃၁ နှစ်အရွယ်သာ ရှိသေးသောနည်းပြချုပ် ဖေဘီယာနိုသည် ဇေယျာရွှေမြေအသင်းနှင့် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲသမိုင်းတွင် အသက်အငယ်ဆုံးနည်းပြချုပ်အဖြစ် မှတ်တမ်းဝင်မည်ဖြစ်သည်။

# လာမည့်ဘောလုံးရာသီတွင် မန်စီးတီးအသင်းသို့ ပက်ပ်ဂွါဒီယိုလာ ပြောင်းရွှေ့ရန် သေချာ



ဘိုင်ယန်မြူးနစ်အသင်း၏ မန်နေဂျာပက်ပ်ဂွါဒီယိုလာသည် လာမည့်ဘောလုံးရာသီတွင် ပရီးမီးယားလိဂ်ကလပ် မန်စီးတီးအသင်းသို့ ပြောင်းရွှေ့ရန် သေချာသလောက်ရှိနေပြီဖြစ်သည်ဟု မေးလ်အွန်လိုင်းသတင်းတွင် ဖော်ပြထားသည်။

ယခုနှစ် ဘောလုံးရာသီတွင် ဘိုင်ယန်မြူးနစ်အသင်းနှင့် စာချုပ်သက်တမ်း ကုန်ဆုံးတော့မည့် ဂွါဒီယိုလာအနေဖြင့် ဂျာမနီနိုင်ငံမှ အင်္ဂလန်နိုင်ငံသို့ ပြောင်းရွှေ့ရန် စီစဉ်နေခြင်းဖြစ်သည်ဟု စပိန်အားကစားသတင်းစာ တစ်စောင်က ဆိုသည်။

ထို့အတွက်ကြောင့် ဂွါဒီယိုလာသည် ၎င်း၏အနာဂတ်ရွှေ့ရေးအတွက် ဘိုင်ယန်မြူးနစ်အသင်း၏ အမှုဆောင်အရာရှိချုပ်ဖြစ်သူ ကားလ်ဟိန့်ဇ်ရန်မန်ဂီးနှင့်တွေ့ဆုံ၍ ဆုံးဖြတ်မည်ဖြစ်ကြောင်း အဆိုပါသတင်းစာက ဖော်ပြထားသည်။

ထို့ပြင် စပိန်နိုင်ငံ ကာဒီနာကော့ပ်ရေဒီယိုသတင်းဌာနကလည်း ဘာစီလိုနာနည်းပြဟောင်း ဂွါဒီယိုလာသည် အီတီဟတ်ဘောလုံးကွင်းသို့ ပြောင်းရွှေ့ရန်ဆန္ဒရှိနေကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

"ဂွါဒီယိုလာဟာ သူ့ရဲ့အနာဂတ်ဘဝကို ဆုံးဖြတ်ပြီးနေပါပြီ။ သူဟာ လာမယ့် ဇွန် ၃၀ ရက်ဆိုရင် ဘိုင်ယန်မြူးနစ်နဲ့ စာချုပ်သက်တမ်း ကုန်ဆုံးနေပါပြီ။ ဂျာမနီမှာ သူသုံးနှစ်လောက်တာဝန်ထမ်းဆောင်ခဲ့တယ်။ သူ့လက်ထက်မှာ ဘိုင်ယန်အသင်းဟာ အောင်မြင်မှုတွေ ရရှိခဲ့ပါတယ်။ အင်္ဂလန်က အသင်းတစ်သင်းသင်းမှာ နည်းပြလုပ်ဖို့ သူစိတ်အားထက်သန်နေပါတယ်" ဟု အဆိုပါအသံလွှင့်ဌာနကထုတ်ဖော်ပြောကြားခဲ့ခြင်းဖြစ်သည်။

မန်စီးတီးအသင်းအနေဖြင့်လည်း အသင်း မန်နေဂျာ ပယ်လီဂရီနီကို ယခုရာသီကုန်တွင် အသင်းမှထွက်ခွာခွင့်ပြုထားသဖြင့် မန်စီးတီးအသင်းသို့ ဂွါဒီယိုလာ ရောက်ရှိလာရန်မှာသေချာသလောက်ဖြစ်နေကြောင်း စပို့တ်မေးလ်သတင်းတွင် ဖော်ပြထားသည်။

ဘိုင်ယန်မြူးနစ်အသင်း၏ အမှုဆောင်အရာရှိချုပ် ရန်မန်ဂီးက လာမည့် ဒီဇင်ဘာ ၁၉ ရက်တွင် ယှဉ်ပြိုင်ကစားမည့် ဟန်နိုဗာနှင့် ပွဲအပြီးတွင် ဂွါဒီယိုလာနှင့်တွေ့ဆုံ၍ ဆွေးနွေးမည်ဖြစ်ကြောင်း အတည်ပြု ပြောကြားခဲ့သည်။

ဂွါဒီယိုလာသည် ဘိုင်ယန်မြူးနစ်အသင်းသို့ ၂၀၁၃ ခုနှစ်က ရောက်ရှိခဲ့ပြီး ဘိုင်ယန်မြူးနစ်အသင်းအား ယူအီးအက်ဖ်အေစူပါဖလား၊ FIFA Club World Cup၊ ချန်ပီယံရှစ်ဖလား နှစ်ကြိမ်၊ ဂျာမန် ဘွန်ဒက်စ်လီဂါဖလား တစ်ကြိမ်ရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သည်။

# ဦးခေါင်းဖြင့် ထိုးဝှေ့သည့် နည်းစနစ်မှာ ညစ်ပတ်ခြင်းမဟုတ်ဘဲ ပရော်ဖက်ရှင်နယ်ပီသစွာ ထိုးသတ်ခြင်းဖြစ်သည်ဟု ဒီဂီးလ်ပြောကြား




အိုင်ဘီအက်ဖ် စူပါမစ်ဒယ်ဝိတ်တန်းချန်ပီယံ ဂျိမ်းစ်ဒီဂီးလ်က ၎င်း၏ထိုးသတ်နည်းဖြစ်သည့် ဦးခေါင်းဖြင့်ထိုးသတ်နည်းမှာ ညစ်ပတ်ခြင်းမဟုတ်ဘဲ ပရော်ဖက်ရှင်နယ်ပီသစွာ ထိုးသတ်ခြင်းသာဖြစ်ကြောင်း ၎င်း၏လက်ဝှေ့ထိုးသတ်သည့် နည်းစနစ်နှင့်ပတ်သက်၍ ကာကွယ်ပြောကြားခဲ့သည်။

၎င်းသည် ပြိုင်ဘက်ကစားသမားများကိုသာမက ဒိုင်လူကြီးများကိုပါ မျက်စိအမြင် ဝေဝါးအောင်လုပ်သည့်အပြင် ဦးခေါင်းဖြင့် နွှားဝှေ့သည့်ပုံစံမျိုး ထိုးသတ်ခြင်းသည် တရားမဝင်ဟု ၎င်းအားစွပ်စွဲပြောဆိုနေမှုများကို ရပ်တန့်ရန် ပြောကြားခဲ့ခြင်းဖြစ်သည်။

လန်ဒန်မြို့ဖွား ဒီဂီးလ်သည် ပြီးခဲ့သည့် မေလ ၁၅ ရက်နေ့က မက်ဆာချူးဆက်ပြည်နယ်တွင် အမေရိကန်နိုင်ငံသား လက်ဝှေ့ကျော် အန်ဒရေနှင့် ထိုးသတ်ခဲ့စဉ်က အန်ဒရေအား ၎င်း၏ခေါင်းတိုက်ချက်များ၊ ဦးခေါင်းဖြင့် ထိုးဝှေ့မှုများဖြင့် အနိုင်ရရှိခဲ့ကာ စူပါမစ်ဒယ်ဝိတ်တန်းသရဖူကို ကာကွယ်နိုင်ခဲ့သည်။ ဒီဂီးလ်သည် နိုဝင်ဘာလကုန်ပိုင်းတွင် လူစီယန်ဘာရု(တ်)နှင့်ထိုးသတ်မည်ဖြစ်ရာ ဘာရု(တ်)က ဒီဂီးလ်၏ထိုးသတ်နည်းစနစ်နှင့်ပတ်သက်၍ ဝေဖန်ပြောကြားခဲ့ခြင်းဖြစ်သည်။

"လက်ဝှေ့ထိုးသတ်တာကို နည်းစနစ်ကျကျ ထိုးသတ်တာမျိုးမဟုတ်ဘဲ နွှားလိုမျိုး ခေါင်းနဲ့ဝှေ့ပြီး ထိုးသတ်တာဟာ နည်းစနစ်မဟုတ်ပါဘူး။ ဒါညစ်ပတ်တဲ့နည်းနဲ့ ပြိုင်ဘက်ကို အနိုင်ယူဖို့ ကြိုးစားတာပါ"ဟု ဘာရု(တ်)က ပြောကြားခဲ့သည်။

ရိုမေးနီးယန်း ကနေဒီယန်းနိုင်ငံသား ဘာရု(တ်)သည် အပျော်တမ်းလက်ဝှေ့သမားဘဝမှ ကြေးစားလက်ဝှေ့သမားဘဝသို့ ကူးပြောင်းရောက်ရှိလာခြင်းဖြစ်ပြီး ဒီဂီးလ်နှင့် ထိုးသတ်ရန် စီစဉ်နေခြင်းဖြစ်သည်။

ယင်းကဲ့သို့ ဝေဖန်မှုနှင့်ပတ်သက်၍ ဒီဂီးလ်က "ကျွန်တော့်ရဲ့နည်းစနစ်က ညစ်ပတ်တဲ့နည်းစနစ်မဟုတ်ပါဘူး။ ကျွန်တော်က ပရော်ဖက်ရှင်နယ်ပီသတဲ့ လက်ဝှေ့ကစားသမားတစ်ယောက်ပါ။ ဒီလိုထိုးသတ်တာက ပြိုင်ဘက်ကို အံ့အားသင့်သွားအောင် အငိုက်ဖမ်း၊ နည်းစနစ်ပြောင်းပြီး ထိုးသတ်တာပါ။ နောက်ပြီး ဒီလိုထိုးသတ်တဲ့အတွက် ကျွန်တော့်ကို မိန်းမတစ်ယောက်လို့ လှောင်ပြောင်ကြတယ်။ အဲဒီအတွက် ကျွန်တော် စိတ်မကောင်းပါဘူး။ ဒီနည်းဟာ ကျွန်တော့်ကိုယ် ကျွန်တော် ကာကွယ်တဲ့နည်းလည်း ဖြစ်ပါတယ်။ ကျွန်တော့်ဆီကို ရောက်လာမယ့် လက်သီးချက်တွေကို ကျွန်တော် နည်းမျိုးစုံနဲ့ ကာကွယ်ဖို့လိုပါတယ်။ အဲဒီအတွက် ဒီလိုနည်းလမ်းကို အသုံးပြုရတာပါ"ဟု ပြောကြားခဲ့သည်။

ဘာရု(တ်)၏နည်းပြက "ကျွန်တော် ဒီဂီးလ်ရဲ့ ထိုးသတ်ပုံတော်တော်များများကို ကြည့်ပြီးပါပြီ။ သူဟာ သူ့ကိုယ်သူကာကွယ်ဖို့ ပုခုံးကိုတော်တော် အသုံးပြုတယ်"ဟု ပြောကြားခဲ့သည်။

# ၂၀၁၅ ဒေးဗစ်ဖလားတင်းနစ်ပြိုင်ပွဲတွင် ဂရိတ်ဗြိတိန်အသင်းအတွက် အောင်မြင်မှုများ ယူဆောင်ပေးမည်ဟု အန်ဒီမာရေးဆို



၂၀၁၅ ခုနှစ်တွင် ကျင်းပမည့် ဒေးဗစ်ဖလားတင်းနစ်ပြိုင်ပွဲတွင် ဂရိတ်ဗြိတိန်အသင်းအတွက် အောင်မြင်မှုများယူဆောင်ပေးမည်ဟု ဂရိတ်ဗြိတိန်အသင်း၏ အသင်းခေါင်းဆောင် အန်ဒီမာရေးက ပြောကြားလိုက်သည်။

၁၉၃၆ ခုနှစ်ကတည်းက ကျင်းပခဲ့သည့် ဒေးဗစ်ဖလားတင်းနစ်ပြိုင်ပွဲတွင် အောင်မြင်မှုများ မရရှိခဲ့ဖူးသည့် ဂရိတ်ဗြိတိန်အသင်းအတွက် ဆုဖလားရယူပေးရန် မာရေး စိတ်အားထက်သန်နေသည်။

၂၀၁၅ ဒေးဗစ်ဖလားတင်းနစ်ပြိုင်ပွဲတွင် မာရေးနှင့် ကေလီအက်ဒမန်တို့က ဂရိတ်ဗြိတိန်အသင်းအား ဦးဆောင်သွားမည်ဖြစ်သည်။

ဒေးဗစ်ဖလားတင်းနစ်ပြိုင်ပွဲ၏ နောက်ဆုံးဖိုင်နယ်ပွဲစဉ်ကို ဘယ်လ်ဂျီယန်နိုင်ငံ ဂျီယန့်မြို့၌ နိုဝင်ဘာလ ၂၉ ရက်နေ့တွင် ကျင်းပသွားမည်ဖြစ်သည်။ နောက်ဆုံးဖိုင်နယ်ပွဲစဉ်တွင် ဂရိတ်ဗြိတိန်အသင်းနှင့် ဘယ်လ်ဂျီယန်အသင်းတို့ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲကို ၂၀၁၅ ခုနှစ် မတ်လ ၆ ရက်ကတည်းက စတင်ယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်ပြီး အသင်းပေါင်း ၁၆ သင်းဝင်ရောက်ယှဉ်ပြိုင် ကစားခဲ့ရာ ဂရိတ်ဗြိတိန်အသင်းသည် နိုင်ခြေအဆင့် သတ်မှတ်ချက်တွင် အဆင့်သတ်မှတ်ခြင်း မခံရသလို ဘယ်လ်ဂျီယန်အသင်းမှာလည်း နိုင်ခြေအဆင့်သတ်မှတ်ခြင်းမခံရသည့်အသင်းလည်းဖြစ်သည်။

နိုင်ခြေအဆင့်တစ်အဖြစ် သတ်မှတ်ခြင်း ခံရသည့် ပြင်သစ်အသင်းသည် ဂရိတ်ဗြိတိန်အသင်းကို ကွာတားဖိုင်နယ်အဆင့်တွင် ငါးပွဲတစ်ပွဲဖြင့် ရှုံးနိမ့်ခဲ့သည်။ ဂရိတ်ဗြိတိန်အသင်းသည် နှစ်ပေါင်း ၃၇ နှစ်အတွင်း ပထမဦးဆုံးအကြိမ်အဖြစ် ဒေးဗစ်ဖလားဖိုင်နယ်သို့ တက်ရောက်ခွင့်ရရှိခဲ့ခြင်းဖြစ်သည်။




# CME Group Tour Championship ပြိုင်ပွဲတွင် လိုင်ဒါကို ဆုကြေး အမေရိကန်ဒေါ်လာ တစ်သန်းရရှိ

နယူးဇီလန်နိုင်ငံ၏ ဆယ်ကျော်သက်အမျိုးသမီးဂေါက်သီးချန်ပီယံ လိုင်ဒါကိုသည် ပြီးခဲ့သည့် နိုဝင်ဘာ ၂၃ ရက်က ကျင်းပခဲ့သည့် CME Group Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဆုကြေးအမေရိကန်ဒေါ်လာ တစ်သန်းရရှိခဲ့ကြောင်း သိရသည်။

လိုင်ဒါကိုသည် CME Group Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အဆင့်ခုနစ်သို့ ရောက်ရှိခဲ့သည့်အပြင် ရာသီကုန်ရပ်တည်မှုတွင် ထိပ်ဆုံး၌ရှိခဲ့သဖြင့် ယခုကဲ့သို့ ဆုကြေးအမေရိကန်ဒေါ်လာတစ်သန်း ရရှိခဲ့ခြင်းဖြစ်သည်။

လိုင်ဒါကိုသည် အဆိုပါပြိုင်ပွဲ၏ နောက်ဆုံး ၁၈ ကျင်းအရောက်တွင်ပါ ရခဲ့ပြီးနောက် ရာသီကုန်ရပ်တည်မှုတွင် ထိပ်ဆုံး၌ရပ်တည်ခဲ့ခြင်းဖြစ်သည်။

အဆိုပါပြိုင်ပွဲ၏နောက်ဆုံး ၁၈ ကျင်းမြောက်တွင် ၎င်းသည် ဘာဒီနှင့် လွဲခဲ့သော်လည်း ကျင်းစိမ်နေချိန်တွင် ၎င်း၏ရာသီကုန်ရပ်တည်မှုမှာထိပ်ဆုံးတွင် ရှိနေခဲ့သည်။

အီတလီနိုင်ငံ၊ နေပယ်လ်မြို့တွင်ကျင်းပခဲ့သည့် အဆိုပါပြိုင်ပွဲတွင် လိုင်ဒါကိုသည် စုစုပေါင်းရိုက်ချက်၏ ၁၁ ချက်လျော့ရိုက်ကာ အဆင့်ခုနစ်နေရာတွင် ရရှိခဲ့သော်လည်း အသက်အငယ်ဆုံး ဂေါက်သီးချန်ပီယံအဖြစ် ရာသီကုန်ရပ်တည်မှုတွင် ထိပ်ဆုံး၌ ရပ်တည်ခဲ့ကာ အမေရိကန်ဒေါ်လာ တစ်သန်းရရှိခဲ့ခြင်းဖြစ်သည်။

သင့်ကျန်းမာရေး

# မိခင်လောင်းများနဲ့ အာဟာရ

ဒေါက်တာလွင်သန့်

မိခင်လောင်းများနဲ့ အစာအာဟာရဆိုင်ရာ အကြံပေးဖို့ ကြုံလာရင် ရှေးရိုးစွဲယုံကြည်မှုများ၊ အယူသည်းမှုများနားထောင်ပေးပြီး၊ ယင်းအယူအဆများမှာ ကလေး(သန္ဓေသား)ကို ဘယ်လိုထိခိုက်စေနိုင်ကြောင်း ရှင်းလင်းပြောပြဖို့လိုပါတယ်။ ဥပမာ ကိုယ်ဝန်ဆောင်တုန်း၊ ကြက်ပေါင်စားချင်စိတ်၊ ဘဲဥစားချင်စိတ် ရှိရင် အာဟာရပြည့်ဝစေတဲ့အတွက် ခွင့်ပြုလက်ခံရမှာ ဖြစ် တယ်။

**အယူလွဲဖြစ်တဲ့၊ ကိုယ်ဝန်ဆောင်စဉ်** အစာလျှော့စားမှ မွေးရ လွယ်တယ် အဆိုကို " ကိုယ်ဝန်ဆောင်စဉ် နှစ်ယောက်စာ အာဟာရလိုနေချိန်ဖြစ်လို့ လျှော့စားရင် အားပြတ်တယ်။ ပိုစား ပါမှ၊ မွေးကင်းစကလေးအလေးချိန် ပြည့်မယ်။ လိုတာထက် လွန်ကဲအောင်မစားဖို့၊ ကလေးကြီးထွားမှုလွန်ကဲမယ်ဆိုတဲ့အယူမှားကို ပြင်ရမယ်။

**ကိုယ်ဝန်ဆောင်စဉ် အယူမှားဖြစ်တဲ့-** ငါးပိ၊ ငါးခြောက်မစားရ အစား ကိုယ်ဝန်ဆောင်လို့ ဖောခြင်း၊ သွေးတိုးခြင်းမရှိရင် ငါးပိ၊ ငါးခြောက်အသင့်တင့် စားနိုင်တယ်။ ဆားပေါ့ငါးခြောက်၊ ငါးပိ စားနိုင်ပါတယ်။

**ကိုယ်ဝန်ဆောင်စဉ် ချဉ်ရည်ဟင်းနှင့် ဟင်းသီးဟင်းရွက်စားရင်** ကလေးလေနာမယ်ဆိုတဲ့ ယုံကြည်မှုအစား၊ မိခင်ကဟင်းသီး ဟင်းရွက်စားလို့ လေမနာကြောင်း ဟင်းရွက်ဟာ သွေးအား ကောင်းစေခြင်း မျက်စိအမြင်ကောင်းစေခြင်း အရိုးမာစေပြီး၊ မိခင်တိုင်းစားသင့်ကြောင်း ဟင်းရွက်ဟင်းသီးချက်ရင် ရေစင်စင်ဆေးပြီးမှ ချက်ပြုတ်စားသောက်ဖို့လိုတယ်။

**ကိုယ်ဝန်ဆောင်အားဆေးအနေနဲ့ သံဓာတ်ဆေးပြား**ဟာ ကိုယ်ဝန်အားဆေးဖြစ်တဲ့ သွေးအားကောင်းပြီး၊ ကျန်းမာအားရှိစေလို့ နေ့စဉ်မှီဝဲဖို့လိုတယ်။ မိခင်နို့ရည်ကြည်နဲ့ပတ်သက်လို့ မိခင်နို့ရည်ကြည်ဟာကလေးငယ်ကို ရောဂါကာကွယ်နိုင်တယ်။ ရောဂါကာကွယ်နိုင်တဲ့ဓာတ် အများဆုံးပါဝင်ကြောင်း၊ မိခင်နို့ရည်ကြည်ကို မွေးကင်းစကလေးအား အချိန်အစောဆုံး တိုက်သင့်ကြောင်း အကြံဉာဏ်ပေးသင့်တယ်။

**မိခင်များအနေနဲ့ မွေးစကလေးတစ်နာရီအတွင်း** မိခင်နို့စို့စေကာ ဟင်းခါးသောက်ရင် နို့ထွက်သန်တယ် အယူအဆကို မှန်ကန်ကြောင်းပြောဆိုပြီး၊ နို့စို့ကလေးကို အသက်ခြောက်လအထိ ဘာမှမတိုက်ဘဲ၊ မိခင်နို့တစ်မျိုးတည်း တိုက်သင့်ကြောင်း၊ မိခင်နို့လိုက်စေတဲ့ မီးတွင်းသွေးသွန်ခြင်းအန္တရာယ်မှ ကာကွယ်စေတဲ့ နို့စို့အရွယ် ကလေးနို့အတွက် တစ်နေ့မှာ ဟင်းချိုပန်းကန် ခြောက်လုံး ဟင်းခါးရည်သောက်ပေးဖို့လိုပါတယ်။

**မိခင်နို့တိုက်ခြင်းဟာ ကလေးအတွက်** အကောင်းဆုံး အာဟာရဖြစ်ကြောင်း ကလေးခြောက်လသားအရွယ် မိခင်နို့အပြင် ကြေညက်တဲ့ ထမင်းဝါးကျွေးခြင်း၊ ထမင်းဆီဆမ်း၊ အသားငါးပါအောင် ကြေညက်လွယ်တဲ့ ဟင်းသီးဟင်းရွက်ပါအောင်စားဖို့ လိုအပ်ပါတယ်။ စင်ကြယ်အောင် ကျွေးရင်ဗိုက်နာ၊ သန်ထတာ မဖြစ်စေဘူး။

**"ကလေးကာကွယ်ဆေးထိုးရင် အကြောသေမယ်"** အယူအဆအစားကူးစက်ရောဂါ ခြောက်မျိုးကာကွယ်ဆေးထိုးခြင်းနဲ့ ကာကွယ်ပေးနိုင်ခြင်း၊ ဆေးထိုးပြီးဖျားရင် ပါရာစီတမော၊ အားဆေးရည်(သို့)တစ်ခြမ်းတိုက်နိုင်ကြောင်း၊ အကြောသေရောဂါမှ ပိုလီယိုအစက်ချဆေးက ကာကွယ်ပေးနေကြောင်း ရှင်းပြရပါ မယ်။

**ကလေးများငါးကျွေးရင်" သန်ထမယ်" အစား** ကလေးကိုတစ် နှစ်တစ်ခါ သန်ချဆေးကျွေးဖို့၊ ဗိုက်မနာ ဝမ်းမပျက် မအန်ခင် သန်ချဖို့ အိမ်သာသွားပြီးတိုင်း အစားမစားမီ အစာစားပြီးတိုင်း ကိုယ်လက်မျက်နှာသန့်ရှင်းရေး လုပ်ဖို့လိုအပ်ပါတယ်။ ကလေး များအတွက်ငါးအရိုးမထွင်မီ၊ မိခင်လက်ကို ဆပ်ပြာရေနဲ့ စင်အောင်ဆေးရမယ်။ ဝက်သက်ပေါက်ရင် ဘဲဥကျွေး အယူအဆမှာ ကလေးအားရှိစေမှာဖြစ်တဲ့အတွက် အားပေးရမယ်။ စားစေရမယ်။ ဘဲဥကျွေးရင် ဝမ်းပုပ်တယ်။ ပဲဟင်းကျွေးရင် ဝမ်းပျက် တယ်ဆိုတဲ့ အစား ဘဲဥမှာကန့်ဓာတ်ပါလို့ အနံ့ရှိခြင်းပဲရှိမယ်။ သန့်ရှင်းအောင် ကျွေးရင် ဝမ်းမပျက်ကြောင်း၊ အာဟာရပြည့်စေကြောင်းနဲ့ ပဲဟင်းကျွေးတိုင်းပဲများကြေညက်သည်ထိ၊ အဖတ်များများစားရင် ဝမ်းသွားစေ၊ ဝမ်းမှန်စေကြောင်း၊ ထမင်းနဲ့ကျွေးသင့်ကြောင်း၊ သန့်ရှင်းမှုအကြောင်း ဦးစားပေးပြောကာ ကျွေးစေရမယ်။ ထမင်းရည်နှင့် အချိုးတကျ ထန်းလျက်ဖျော်ပြီး တိုက်နိုင်တယ်။ နေမကောင်းတိုင်း ဝမ်းလျှောရင် အစာမကျွေးရ အယူအဆမှားအစား အူရောင်ငန်းဖျားနှင့်အူ ခေါက်၊ အူပိတ်ရောဂါမှအပ ကျွေးဖို့လိုအပ်ကြောင်း ဆွေးနွေးပေးဖို့ လိုအပ်ပါတယ်။




# လူဦးရေအများဆုံး ဝင်ရောက်ယှဉ်ပြိုင်မည့် ၂၀၁၆ ရိုးမ မာရသွန်ပြိုင်ပွဲကို ဇန်နဝါရီလ ၁၇ ရက်နေ့တွင် ကျင်းပမည်

လူဦးရေအများဆုံး ဝင်ရောက်ယှဉ်ပြိုင်မည်ဟု ခန့်မှန်းထားသည့် ၂၀၁၆ ရိုးမမာရသွန်ပြိုင်ပွဲကို လာမည့် ၂၀၁၆ခုနှစ် ဇန်နဝါရီ ၁၇ ရက်တွင် ရန်ကုန်မြို့တော်၌ ကျင်းပမည်ဖြစ်ရာ ယနေ့အချိန်အထိ ဝင်ရောက်ယှဉ်ပြိုင်ရန် စာရင်းပေးသွင်းသူပေါင်း ၃၅၀၀ ကျော်ရှိသွားပြီဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲဝင်များ စာရင်းပေးသွင်းရန်အတွက် နောက်ဆုံးရက်အဖြစ် ဒီဇင်ဘာ ၁၈ ရက်နေ့ကို သတ်မှတ်ထားသဖြင့် တစ်နေ့ထက်တစ်နေ့ စာရင်းပေးသွင်းသူများ များပြားလျက်ရှိရာ မြန်မာနိုင်ငံတွင်ပြုလုပ်ခဲ့သည့် မာရသွန်ပြိုင်ပွဲများအနက် အကြီးဆုံးသော မာရသွန်ပြိုင်ပွဲတစ်ပွဲ ဖြစ်လာနိုင်ကြောင်း သိရသည်။

အဆိုပါမာရသွန်ပြိုင်ပွဲနှင့်ပတ်သက်၍ ပြိုင်ပွဲဝင်သူများအား ကျန်းမာရေး၊ တစ်ကိုယ်ရည်ဘေးကင်းလုံခြုံရေးနှင့် စပ်လျဉ်းပြီး အသိပညာပေးရန်အတွက် ပြိုင်ပွဲစီစဉ်သူများဖြစ်ကြသော Yoma Strategic (YOMA) ၊ First Myanmar Investment (FMI) နှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ (YCDC)တို့သည် နိုဝင်ဘာ ၂၃ ရက် နံနက် ၁၀ နာရီမှ ည ၈ နာရီခွဲအထိ လှည်းတန်းစင်တာ မြေညီထပ်တွင် YYIM 2016 အသိပညာပေး အခမ်းအနားကို ကျင်းပခဲ့ပါသည်။

အဆိုပါအခမ်းအနားသို့ တက်ရောက်လာကြသူများကို လူမှုကူညီ ထောက်ပံ့ရေး ပရဟိတသံတမန်ဖြစ်သူ Lung Sitt Ja Moon (အမွန်း)နှင့် စိုင်းစိုင်းခမ်းလှိုင်တို့ တက်ရောက်အားပေးခဲ့ကြပြီး Move Myanmar Gym ၏ သွေးပူလေ့ကျင့်ခန်းသရုပ်ပြ သင်ကြားမှုအစီအစဉ်များ၊ Shiseido ၏ ကုန်ပစ္စည်းပြသမိတ်ဆက်မှု အစီအစဉ်များနှင့် အသီးသီးတင်ဆက်ပြသခဲ့ကြသည်။

ထို့အပြင် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းမှ မာရသွန်ပြိုင်ပွဲဝင်သူများ ဘေးကင်းလုံခြုံစွာ ပါဝင်ယှဉ်ပြိုင်နိုင်ရန်အတွက် သိသင့်သိထိုက်သော ဗဟုသုတအချက်အလက်များကိုလည်း မျှဝေဆွေးနွေးပေးခဲ့ပါသည်။ ပြိုင်ပွဲဝင်များအနေဖြင့် မာရသွန်ပြိုင်ပွဲနေ့တွင် ကြိုတင်ပြင်ဆင်ထားသင့်သည့် အရာများဖြစ်သည့် ရေများများသောက်သုံးခြင်း၊ သွေးပူလေ့ကျင့်ခန်းပြုလုပ်ကာ အဆင်သင့်ဖြစ်စေပြီး အပြေးပြိုင်ပွဲနှင့်သင့်တော်သည့် အဝတ်အစားများနှင့် ဖိနပ်တို့ကိုသာ ဝတ်ဆင်သင့်ပါသည်။ မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် ယခုနှစ် YYIM 2016 ပြိုင်ပွဲတွင်လည်း ယခင်နှစ်ကကဲ့သို့ပင် ကျန်းမာရေးနှင့် ရှေးဦးသူနာပြုအကူအညီများ ပေးသွားမည်ဖြစ်သည်။

" YYIM 2016 ပြိုင်ပွဲ နီးလာတာနဲ့အမျှ ပြိုင်ပွဲဝင်ဖို့ စာရင်းပေးတဲ့ လူဦးရေဟာလည်း ပိုများလာပါတယ်။ ပြီးခဲ့တဲ့နှစ်တွေက ပြိုင်ပွဲဝင်ဟောင်းတွေရော ဒီနှစ်မှာမှ စပြိုင်မယ့် ပြိုင်ပွဲဝင် အသစ်တွေရောအခုလိုအားတက်သရောနဲ့ တက်တက်ကြွကြွ ပါဝင်လာကြတာကို တွေ့ရတာဟာ ဂုဏ်ယူဝမ်းမြောက်စရာပါပဲ။ ကျွန်တော်တို့ရဲ့ လူမှုရေးအကူအညီအထောက်အပံ့တွေမှသည်ဖျော်ဖြေမှုတွေအပါအဝင် အပြေးလမ်းကြောင်းတွေကို တစ်နှစ်ထက်တစ်နှစ် ပိုပြီးကြီးမားခမ်းနားလာအောင်၊ ပိုပြီးကောင်းမွန်လာအောင် အားထုတ်ထားပါတယ်"ဟု Yoma Strategic Holdings, Ltd ၏ YYIM Project Manager ဦးဉာဏ်မင်းစိုးက ဆိုပါသည်။

Run for Children ဟူသော ရည်ရွယ်ချက်ခေါင်းစဉ်နှင့် လှူဒါန်းမှုအစီအစဉ်တစ်ရပ်ကို ၂၀၁၄ခုနှစ်ကစတင်ခဲ့သည့်အတိုင်း ပြိုင်ပွဲမှရရှိသော ရန်ပုံငွေများကို ဆုတောင်းပြည့်လူငယ် ဖွံ့ဖြိုးရေးကျောင်းနှင့် အောင်ဇေယျလူငယ်ဖွံ့ဖြိုးရေးကျောင်းတို့တွင် ထပ်မံလှူဒါန်းသွားမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲကို အမျိုးအစားလေးမျိုး ခွဲခြားထားပြီး အသက် ၁၂ နှစ်နှင့်အထက် ၁၀ ကီလိုမီတာ စိန်ခေါ်ပြေးပွဲ၊ အသက် ၁၆ နှစ်နှင့်အထက် မာရသွန်တစ်ဝက်(၂၁ကီလိုမီတာ) ပြိုင်ပွဲ၊ အသက် ၁၆နှစ်နှင့်အထက် မာရသွန်ပြိုင်ပွဲ(၄၂ကီလိုမီတာ)၊ အသက်ကန့်သတ်ချက်မရှိသော ငါးကီလိုမီတာ၊ သုံးကီလိုမီတာ အပြေး၊လမ်းလျှောက်ပြိုင်ပွဲများအဖြစ် ခွဲခြားထားကြောင်း သိရသည်။

ပြည်တွင်းမှ ပြိုင်ပွဲဝင်လိုသူများအနေဖြင့် မည်သည့်ပြိုင်ပွဲအမျိုးအစားကိုမဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်ပြီး ပြိုင်ပွဲဝင်ကြေးမှာ ကျပ် ၈၀၀၀ ဖြစ်ကြောင်းသိရသည်။

နိုင်ငံတကာမှ ပြိုင်ပွဲဝင်လိုသူများအနေဖြင့် ပြိုင်ပွဲအမျိုးအစားအလိုက် အမေရိကန်ဒေါ်လာ ၃၀၊ ၄၀၊ ၅၀၊ ၆၀ စသည်ဖြင့် ပေးသွင်းရမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံသား ပြိုင်ပွဲဝင်လိုသူများအနေဖြင့် ရိုးမဘဏ်ခွဲများတွင်လည်းကောင်း၊ FMI စင်တာတွင်လည်းကောင်း ငွေပေးသွင်း၍ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

၂၀၁၅ ခုနှစ်က ကျင်းပခဲ့သည့် ၂၀၁၅ ရိုးမမာရသွန် အပြေးပြိုင်ပွဲတွင် မြန်မာနိုင်ငံသားနှင့်နိုင်ငံတကာ ပြိုင်ပွဲ ဝင် ၄၀၀၀ ကျော်ပါဝင်သော အကြီးဆုံးမာရသွန်ပြေးပွဲကြီးကို စီစဉ်နိုင်ခဲ့ရာ ပူးပေါင်းစီစဉ်သူများ၊ First Myanmar Investment (FMI) နှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ (YCDC) တို့အနေဖြင့် ၂၀၁၆ ခုနှစ်တွင် ပြိုင်ပွဲဝင်ဦးရေ ၅၀၀၀ ကျော် ပါဝင်ယှဉ်ပြိုင်မည်ဟု ရည်မှန်းထားကြောင်း သိရသည်။

**မယ်သီတာ**

# မဲဆောက်မြို့တွင် ပိုမိုဖွံ့ဖြိုးတိုးတက်လာမည့် အရိပ်လက္ခဏာများရှိနေ

ထိုင်းနိုင်ငံ အနောက်ပိုင်းပြည်နယ်ရှိ မဲဆောက်ခရိုင်သည် ဗီယက်နမ်၊ မြန်မာနိုင်ငံတို့နှင့် ဆက်သွယ်ထားသော အရှေ့-အနောက်စီးပွားရေးစင်္ကြံ၏ ဗဟိုတွင် တည်ရှိပြီး မြန်မာနိုင်ငံရှိမြဝတီမြို့နှင့် ညီအစ်မမြို့တော် (sister city) ဖြစ်နေသည့်အတွက် အကျိုးခံစားရလျက်ရှိနေကြောင်း တာ့ခ် (Tack)ပြည်နယ် အုပ်ချုပ်ရေးမှူး မစ္စတာ ဆွမ်ချိုင်းက မကြာသေးခင်က ပြောကြားခဲ့ပါသည်။

အထူးစီးပွားရေးဇုန်များ တည်ဆောက်ရာတွင် မဲဆောက်အပါအဝင် ခရိုင်သုံးခုရှိ မြို့နယ် ၁၄ မြို့နယ် ပါဝင်မည်ဖြစ်ရာ တာ့ခ်ပြည်နယ်၏ အလားအလာသည် မြင့်မားလာမည် ဖြစ်ကြောင်း၊ တရုတ်(တိုင်ပေ)မှ စီးပွားရေးကိုယ်စားလှယ်အဖွဲ့သည် လာမည့်လတွင် မဲဆောက်၏ စီးပွားရေး အခွင့်အလမ်းများကို လာရောက်လေ့လာမည်ဖြစ်ကြောင်း၊ ကိုရီးယားကုမ္ပဏီများသည်လည်း အလှပြုပြင်သည့် စီးပွားရေးလုပ်ငန်းများ၊ ဂေါက်ကွင်းလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားမှုရှိနေကြောင်း မစ္စတာဆွမ်ချိုင်းက ပြောကြားခဲ့ပါသည်။

ရင်းနှီးမြှုပ်နှံမှုများ အဆင်ပြေပြေစီးဝင်မှုများရှိစေရန် မြို့နယ်အဆင့်လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းပြီးဖြစ်ကြောင်း၊ ကျွမ်းကျင် လုပ်သား ရှားပါးမှုပြဿနာကို ဖြေရှင်း ဆောင်ရွက်နိုင်ရန် ထိုင်း-မြန်မာ အလုပ်သမား ဖွံ့ဖြိုးရေးစင်တာတည်ထောင် မည်ဖြစ်ကြောင်း သိရှိရပါသည်။

မဲဆောက်တွင် "နယ်စပ်" ဟူသော ဝေါဟာရသည် တဖြည်းဖြည်း မှေးမှိန်ပျောက်ကွယ်သွားနိုင်ကြောင်း၊ ပြည်ပစီးပွားရေးလုပ်ငန်းများနှင့် ပြည်တွင်းစီးပွားရေးလုပ်ငန်းများဟူ၍ စီးပွားရေး လုပ်ငန်းနှစ်လွှာ ဖြစ်ပေါ်လာနိုင်ကြောင်း Kasikorn bank မှ စီစဉ်ကျင်းပသည့် ဆွေးနွေးပွဲ၌ မစ္စတာဆွမ်ချိုင်းကပြောကြားခဲ့ပါသည်။

ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု အလားအလာများ ရှိနေသော မဲဆောက်ရှိ ပုဂ္ဂလိကကဏ္ဍသည် စိတ်အားတက်ကြွလျက်ရှိကြကြောင်း၊ နယ်စပ်မြို့ဖြစ်သည့် မဲဆောက်တွင် မော်တော်ကားအရောင်းပြခန်းများ HomePro နှင့် မကြာခင်စတင်ဖွင့်လှစ်မည့် Robinson ကဲ့သို့သော လက်လီအရောင်းလုပ်ငန်းများ မြင့်တက်လျက်ရှိကြောင်း၊ ထိုင်းဘဏ်များအားလုံးနီးပါးသည်လည်း ဘဏ်ခွဲများ ဖွင့်ပြီးဖြစ်ကြောင်း သိရှိရပါသည်။

အကောက်ခွန်ဦးစီးဌာန၏ စာရင်းများအရ မြန်မာ-ထိုင်းနယ်စပ်ရှိ အမြဲတမ်း စစ်ဆေးရေးဂိတ်များအနက် မဲဆောက်သည် အလုပ်အများဆုံးဂိတ်ဖြစ်ကြောင်း၊ ယခုနှစ်ပထမရှစ်လအတွင်း မဲဆောက်ဂိတ်မှ မြန်မာနိုင်ငံသို့ တင်ပို့မှုသည် ဘတ် ၄၂ ဘီလီယံရှိခဲ့ကြောင်း၊ စုစုပေါင်း မြန်မာ-ထိုင်းနယ်စပ် ကုန်သွယ်မှု၏ ၆၆ ရာခိုင်နှုန်းခန့်ရှိကြောင်း သိရှိရပါသည်။ ၂၀၁၇ ခုနှစ် နှစ်လယ်ပိုင်းတွင် ဒုတိယမြောက် မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတား ဖွင့်လှစ်ပြီးပါက စီးပွားရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးလာမည်ဟု မျှော်လင့်ထားကြပါသည်။

ကရင်ပြည်နယ်တောင်ပိုင်းရှိ မြဝတီ၊ ကော့ကရိတ်မြို့များသို့ ဆက်သွယ်ထားသော လမ်းကိုတိုးတက်ကောင်းမွန်စေရေးအတွက် ထိုင်းနိုင်ငံဘက်မှ ထောက်ပံ့ပေးလျက်ရှိကြောင်း၊ ထို့ပြင် GMS ၏ အရှေ့-အနောက် စင်္ကြံတွင် လွတ်နေသော အပိုင်းဖြစ်သည့် အိန္ဒူနှင့် ကော့ကရိတ်မြို့များကို ဆက်သွယ်သည့် ၆၆ ကီလိုမီတာ လမ်းပိုင်းအတွက် အာရှဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေအမေရိကန်ဒေါ်လာသန်း ၁၀၀ (ဘတ် ၃ ဒသမ ၆ ထရီလီယံ) ကို ပြီးခဲ့သည့် ရက်သတ္တပတ်က အတည်ပြုပေးခဲ့ကြောင်း သိရှိရပါသည်။

မဲဆောက်ဂိတ်မှတစ်ဆင့် နှစ်နိုင်ငံနယ်စပ်ကုန်သွယ်မှုသည် ယခင်ကထက် ပိုမိုလျင်မြန်စွာ တိုးတက်လာမည် ဖြစ်ကြောင်း၊ ပြီးခဲ့သည့် ငါးနှစ်အတွင်း လေးဆနီးပါးမြင့်တက်ခဲ့ကြောင်း၊ ၂၀၁၁ ဘဏ္ဍာနှစ်တွင် ဘတ် ၁၇ ဒသမ ၄၉ ဘီလီယံရှိခဲ့သော နှစ်နိုင်ငံနယ်စပ်ကုန်သွယ်မှုပမာဏသည် ၂၀၁၅ ဘဏ္ဍာနှစ်တွင် ဘတ် ၆၄ ဒသမ ၂၄ ဘီလီယံထိ မြင့်တက်ခဲ့ကြောင်း၊ မဲဆောက်အကောက်ခွန်ဦးစီးဌာန၏ အကြီးအကဲ မစ္စတာကစ်တီကပြောကြားခဲ့ပါသည်။

ထိုင်းနိုင်ငံ အစိုးရအနေဖြင့် အထူးစီးပွားရေးဇုန် ပေါ်ပေါက်လာသည်နှင့် တစ်ပြိုင်နက် ထိုင်းနိုင်ငံထုတ် ကုန်စည်များ ပိုမိုတင်ပို့နိုင်မည်ဟု မျှော်လင့်ထားကြောင်း၊ ဒေသခံစီးပွားရေးလုပ်ငန်းများသည် ယှဉ်ပြိုင်မှုနှင့်ပတ်သက်၍ စိုးရိမ်လျက်ရှိပြီး အထူးစီးပွားရေးဇုန်သို့ ပြောင်းရွှေ့ရန် သင့်/မသင့် စဉ်းစားလျက်ရှိကြောင်း၊ ထို့ပြင် အလုပ်သမားရှားပါးမှုဖြစ်ပေါ်နိုင်ခြင်းနှင့်ပတ်သက်၍လည်း စိုးရိမ်လျက်ရှိကြကြောင်း၊ မဲဆောက်ရှိ လုပ်သားအင်အား၏ ၅၀ ရာခိုင်နှုန်းသည် မြန်မာနိုင်ငံသားများဖြစ်ကြောင်း သိရှိရပါသည်။

**ရီရီမွန် ၊ စီးပွားရေးသံမှူး၊
မြန်မာသံရုံး၊ ဗန်ကောက်မြို့**

# NESDB မှ ထိုင်းနိုင်ငံ၏ စီးပွားရေးတိုးတက်မှုနှုန်းကို မြှင့်တင်ခန့်မှန်း

ထိုင်းနိုင်ငံ၌ မကြာသေးခင်က ချမှတ်ဆောင်ရွက်ခဲ့သည့် အစိုးရ၏ စီးပွားရေးလှုံ့ဆော်မှု အစီအစဉ်များသည် နိုင်ငံ၏စီးပွားရေးအသက်သွေးကြောကို ဆက်ပေးခဲ့ရာ ယခုနှစ်အတွက် စီးပွားရေးတိုးတက်မှုနှုန်း ခန့်မှန်းချက်သည်လည်း ၂ ဒသမ ၉ ရာခိုင်နှုန်းသို့ မြင့်တက်ခဲ့ကြပါသည်။

အမျိုးသားစီးပွားရေးနှင့်လူမှုရေးဖွံ့ဖြိုးမှုအဖွဲ့ (NESDB) သည် နိုဝင်ဘာ ၁၆ ရက်နေ့၌ စီးပွားရေးတိုးတက်မှုနှုန်း ခန့်မှန်းချက်ကို ၂ ဒသမ ၉ ရာခိုင်နှုန်းရှိမည်ဟု တိုးမြှင့်ပြင်ဆင် ခန့်မှန်းလိုက်ကြောင်း၊ ဩဂုတ်လ၌ ၎င်း၏စီးပွားရေးတိုးတက်မှုနှုန်းခန့်မှန်းချက်သည် ၂ ဒသမ ၇ ရာခိုင်နှုန်းမှ ၃ ဒသမ ၂ ရာခိုင်နှုန်းဖြစ်ခဲ့ကြောင်းသိရှိရပါသည်။ မျှော်လင့်ထားသည်ထက် မြင့်မားခဲ့သော ခရီးသွား ဧည့်သည် ဝင်ရောက်မှု၊ အစိုးရ၏စီးပွားရေးလှုံ့ဆော်မှု အစီအစဉ်များသည် ပြည်ပတင်ပို့မှု ကျဆင်းခြင်းနှင့်လယ်ယာစိုက်ပျိုးရေးဆိုင်ရာ ထုတ်လုပ်မှုကျဆင်းခြင်း စသည်တို့၏ အနုတ်သဘောဆောင်သော အကျိုးသက်ရောက်မှုများကို ကာမိစေမည်ဟု ယူဆထားကြပါသည်။

ယခုနှစ်တွင် ပြည်ပတင်ပို့မှုသည် ငါးရာခိုင်နှုန်းကျဆင်းနိုင်ပြီး ပုဂ္ဂလိကသုံးစွဲမှုနှင့်စုစုပေါင်းရင်းနှီးမြှုပ်နှံမှုသည် နှစ်ရာခိုင်နှုန်းနှင့်၄ ဒသမ ၆ရာခိုင်နှုန်း အသီးသီးမြင့်တက်နိုင်ကြောင်း NESDB မှ ခန့်မှန်းထားပါသည်။

လာမည့်နှစ်တွင် အစိုးရသုံးစွဲမှုနှင့် ရင်းနှီးမြှုပ်နှံမှု အရှိန်မြင့်တက်ခြင်း၊ စီးပွားရေးစေ့ဆော်မှု အစီအစဉ်များ၏ အပြုသဘောဆောင်သော အကျိုးသက်ရောက်မှုများ၊ ကမ္ဘာ့စီးပွားရေး တဖြည်းဖြည်းနာလန်ထူလာခြင်းစသည်တို့ကြောင့် ထိုင်းနိုင်ငံ၏ စီးပွားရေးသည် သုံးရာခိုင်နှုန်းမှ လေးရာခိုင်နှုန်းမြင့်တက်နိုင်သည်ဟုလည်း NESDB မှခန့်မှန်းထားပါသည်။

ဘတ်ငွေတန်ဖိုးကျဆင်းခြင်းသည် ပြည်ပတင်ပို့မှုတန်ဖိုး(ဘတ်ငွေကြေး ဖြင့်) မြင့်တက်ရန် အထောက်အကူဖြစ်စေနိုင်ပြီး ပြည်ပတင်ပို့သူများအတွက် ငွေဖြစ်လွယ်မှုနှင့် ဝင်ငွေကို မြင့်တက်စေနိုင်ကြောင်း၊ ကမ္ဘာ့စီးပွားရေး နာလန်ထူလာခြင်းနှင့်အတူ လယ်ယာထွက်ကုန်ဈေးနှုန်းများ ပြန်လည်ကောင်းမွန်လာနိုင်ကြောင်း သုံးသပ်ကြပါသည်။

တရုတ်နိုင်ငံ၏ စီးပွားရေးတိုးတက်မှု နှေးကွေးနေခြင်း၊ ယွမ်ငွေတန်ဖိုး ကျဆင်းနေခြင်း၊ ထိုင်းနိုင်ငံ၏ အခြားသော အဓိကကုန်သွယ်ဖက်နိုင်ငံများနှင့်ပြိုင်ဘက်နိုင်ငံများ၏ငွေကြေးတန်ဖိုးများကျဆင်းနေခြင်း၊ မိုးခေါင်ခြောက်သွေ့မှု၏ အကျိုးသက်ရောက်မှုစသည်တို့သည် စီးပွားရေး ပြန်လည် နာလန်ထူလာမှုအတွက် အဟန့်အတားများ၊ စွန့်စားရမှုများအဖြစ် ဆက်လက်တည်ရှိ နေဆဲဖြစ်ပါသည်။ ယခုနှစ် တတိယသုံးလပတ်တွင် စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှု တန်ဖိုး (GDP) သည် ပြီးခဲ့သည့်နှစ် အလားတူ ကာလကထက် ၂ ဒသမ ၉ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း သိရှိရပါသည်။

**ရီရီမွန် ၊ စီးပွားရေးသံမှူး၊
မြန်မာသံရုံး၊ ဗန်ကောက်မြို့**

## ရထားလမ်းစီမံကိန်း ပူးပေါင်းဆောင်ရွက်ရေးမူဘောင်ကို ထိုင်းနှင့်တရုတ်နိုင်ငံတို့ အတည်ပြု

ထိုင်းနိုင်ငံအစိုးရအဖွဲ့သည် ထိုင်း-တရုတ်ရထားလမ်း တည်ဆောက်ရေးစီမံကိန်းအတွက် ပူးပေါင်း ဆောင် ရွက်မှုဆိုင်ရာ မူဘောင်မူကြမ်းကို နိုဝင်ဘာ ၁၇ ရက်နေ့တွင် အတည်ပြု ပေးခဲ့ပါသည်။

မူကြမ်းတွင် Nong Khai-Nakhon Ratchasima-Kaeng Khoiနှင့် Bangkok - Kaeng Khoi-Map Ta Phut လမ်းကြောင်းတစ်လျှောက်တွင် ၁ ဒသမ ၄၃၅ မီတာ အကျယ်ရှိသော ရထားလမ်းများ တည်ဆောက်သွားရန် သဘောတူထား ကြောင်း သိရှိရပါသည်။ စုစုပေါင်း ၈၆၇ ကီလိုမီတာရှည်သော လမ်းကြောင်းနှစ် ခုအတွက် ဘတ် ၃၅၀ ဘီလီယံခန့် ကုန် ကျမည်ဖြစ်ပါသည်။

ထိုင်းနှင့်တရုတ်နိုင်ငံတို့သည် မီးရထားစနစ်၊ ရထားပြေးဆွဲခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်း၊ ပြင်ဆင်ခြင်းစသည့် ဝန်ဆောင်မှုများ ဆောင်ရွက်ရန် အထူးကုမ္ပဏီတစ်ခု တည်ထောင်မည်ဖြစ်ပါ သည်။

စီမံကိန်းအတွက် ငွေကြေးကို အစိုးရ၏ ဘဏ္ဍာငွေအသုံးစရိတ်၊ ပြည်တွင်းငွေကြေးအဖွဲ့အစည်းများထံမှ ချေးယူခြင်း၊ အပြည်ပြည်ဆိုင်ရာ ချေးငွေများ အဓိကအားဖြင့် ပြည်တွင်းအတိုးနှုန်း ထက် မပိုသောအတိုးနှုန်းဖြင့် တရုတ်ပို့ ကုန်သွင်းကုန်ဘဏ်ထံမှ ချေးယူခြင်း စသည်တို့မှ ရရှိနိုင်မည်ဖြစ်ကြောင်း သိရှိရပါသည်။

ဥမင်လိုဏ်ခေါင်းများ၊ တံတားများ နှင့် ရထားပြေးဆွဲသည့်စနစ် စသည့် အဆင့်မြင့်နည်းပညာ လိုအပ်သည့် လုပ်ငန်းများကို တရုတ်ဘက်မှ တာဝန်ယူမည်ဖြစ်ပါသည်။ ထိုင်းနိုင်ငံအနေဖြင့် သဘာဝပတ်ဝန်းကျင်အပေါ် အကျိုးသက်ရောက်နိုင်မှုကို အကဲဖြတ်ခြင်း၊ မြေနေရာရယူခြင်း၊ လျှပ်စစ်ဓာတ်အား တည် ဆောက်ရေးအတွက် ပစ္စည်းကိရိယာများ စသည်တို့ကို တာဝန်ယူ ဆောင်ရွက်မည် ဖြစ်ပါသည်။

ရထားပြေးဆွဲခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းကို အဆင့်သုံးဆင့်ခွဲခြားဆောင် ရွက်မည်ဖြစ်ပါသည်။ တည်ဆောက်ပြီး နောက် ပထမသုံးနှစ်တွင် တရုတ်နိုင်ငံမှ အပြည့်အဝတာဝန်ယူဆောင်ရွက်မည် ဖြစ်ပါသည်။ လေးနှစ်မှ ခုနစ်နှစ်အထိ ထိုင်းနိုင်ငံနှင့်တရုတ်နိုင်ငံတို့သည် ညီတူညီမျှ တာဝန်ယူ ဆောင်ရွက်ကြမည် ဖြစ်ပါသည်။ ခုနစ်နှစ်ပြည့်ပြီးနောက် ထိုင်း နိုင်ငံမှ အပြည့်အဝလွှဲပြောင်းယူမည်ဖြစ်ပြီး တရုတ်နိုင်ငံသည် စီမံကိန်းအတွက် အကြံပေးအဖြစ်သာ ဝန်ဆောင်မှုပေးမည်ဖြစ် ကြောင်းသိရှိရပါသည်။

**ရီရီမွန် ၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဗန်ကောက်မြို့**

Organizations News
Vol: 15, No.46 Monday November 30 2015

# ဒဗလျူတီအိုဝင်ခွင့်ရပါက ကာဇက်စတန်ရဲ့ ရင်းနှီးမြှုပ်နှံမှု အခြေအနေကောင်းမွန်နိုင်

ကင်ညာနိုင်ငံ၊ နိုင်ရိုဘီမြို့မှာ ဒီဇင်ဘာ ၁၅ ရက်နဲ့ ၁၆ ရက်မှာ ပြုလုပ်မယ့် (၁၀)ကြိမ်မြောက် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့(ဒဗလျူတီအို) ဝန်ကြီးအဆင့် အစည်းအဝေးမတိုင်မီ ဒဗလျူတီအိုအဖွဲ့အတွင်းသို့ ကာဇက်စတန် ဝင်ရောက်ရေး ရှင်းလင်းပွဲကို နိုင်ငံခြားရေးဝန်ကြီးဌာနမှာ ကျင်းပခဲ့ပါတယ်။ အစည်းအဝေးကို ပေါင်းစည်းရေးဝန်ကြီး ဇာနာအိတ်ဇာနိုဗာနဲ့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး အလက်ဆေးဗိုကော့တို့က သဘာပတိအဖြစ် ဆောင်ရွက်ခဲ့ကြောင်း အက်စ်တနာတိုင်းမ်သတင်းမှာ ဖော်ပြပါတယ်။ ရှင်းလင်းပွဲသို့ ကာဇက်စတန်နိုင်ငံရှိ သံတမန်ကိုယ်စားလှယ်များနဲ့ ကာဇက်စတန်မီဒီယာတွေ တက်ရောက်ခဲ့ကြပါတယ်။

"အဖွဲ့ဝင်အဖြစ် ပါဝင်ခွင့်ရခြင်းအားဖြင့် ကမ္ဘာ့အသိုက်အဝန်းအတွင်းသို့ နက်နက်ရှိုင်းရှိုင်း ပါဝင်ခွင့်ရရှိကာ ကာဇက်စတန်နိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး အတွက် အလားအလာကောင်းတဲ့ စွမ်းအားတွေ ရရှိနိုင်မှာ ဖြစ်ပါတယ်။ ကာဇက်စတန်နိုင်ငံက ကုန်သွယ်မှုနဲ့ ရင်းနှီးမြှုပ်နှံမှုအဆင့်ကို ပြောင်းလဲနိုင်ပြီး အဆင့်သစ်တစ်ခုကို ရောက်ရှိနိုင်တော့မှာဖြစ်ပါတယ်"လို့ ဗိုကော့ကပြောပါတယ်။

ဒဗလျူတီအို အဖွဲ့ဝင်ဖြစ်လာမယ်ဆိုရင် စီးပွားရေးပြုပြင်ပြောင်းလဲမှုတွေကို ဆောင်ရွက်ဖို့ဆုံးဖြတ်ချက်တွေ ချမှတ်တဲ့အခါ တာဝန်သိသိနဲ့ ဆောင်ရွက်ဖို့လိုမှာဖြစ် ပြီး ဒဗလျူတီအို သဘောတူညီချက်ထဲမှာပါတဲ့ ပြဋ္ဌာန်းချက်တွေနဲ့ ကိုက်ညီဖို့လိုအပ်မှာဖြစ်ကြောင်း သူကပြောပါတယ်။ လာမယ့်လမှာ ကာဇက်စတန်မြို့တော် အက်စ်တနာသို့ ဥရောပသမဂ္ဂ (အီးယူ)နိုင်ငံခြားရေးနဲ့ လုံခြုံရေးမူဝါဒရေးရာ အဆင့်မြင့်ကိုယ်စားလှယ် ဖီဒါရီကာမိုဟီရီနီ လာရောက်တဲ့အခါ အီးယူ-ကာဇက်စတန် ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးကြမှာဖြစ်ကြောင်း ဗိုကော့က ပြောပါတယ်။

ဥရောပအာရှ စီးပွားရေးသမဂ္ဂ (Eurasian Economic Union-EAEU) ကလည်း ဥရောပသမဂ္ဂ(အီးယူ)နဲ့ တိုက်ရိုက်ဆွေးနွေးပွဲကျင်းပဖို့ စိတ်ဝင်စားကြောင်း သူကပြောပါတယ်။ အီးယူနဲ့ ပူးပေါင်းဆောင်ရွက်ဖို့အတွက် အဓိကဦးစားပေးဆောင်ရွက်ရမယ့်အထဲမှာ ဗီဇာကင်းလွတ်ခွင့်ပြုရေးကလည်း အချက် တစ်ချက်အဖြစ်ပါဝင်ကြောင်း သူကပြောပါတယ်။

"ကာဇက်စတန်နိုင်ငံက လူဦးရေ ၁၇ သန်းကျော်သာရှိပြီး လူနေမှုအဆင့်အတန်းလည်း အထိုက်အလျောက်မြင့်မားတဲ့အတွက် အီးယူအတွက် လူပြောင်းရွှေ့နေထိုင်မှုလို ခြိမ်းခြောက်မှုမျိုး ဖြစ်ပေါ်စေမှာမဟုတ်ပါဘူး။ ကာဇက်စတန်နိုင်ငံသား တစ်သန်းကျော်ကလည်း နှစ်စဉ်ဥရောပကို သွားရောက်လည်ပတ်လျက်ရှိနေပါတယ်။ ဗီဇာကင်းလွတ်ခွင့် အစီအစဉ်ကို လွယ်ကူချောမွေ့အောင် ပြောင်းလဲပေးဖို့ စိတ်စားမှုရှိပေမယ့် လုံးဝဖျက်သိမ်းပေးမှာတော့ မဟုတ်ပါဘူး"လို့ ဒုတိယဝန်ကြီးက ပြောပါတယ်။

# ဗီယက်နမ်အက်စ်အမ်အီးတို့ ဒေသတွင်း ယှဉ်ပြိုင်မှုနဲ့ ရင်ဆိုင်တွေ့ကြုံနိုင်

ဖွဲ့စည်းလိုက်တဲ့ အာဆီယံစီးပွားရေးအသိုက်အဝန်း (အေအီးစီ)နဲ့ ပတ်သက်ပြီး ဗီယက်နမ်ရှိ အသေးစားနဲ့ အလတ်စားစီးပွားရေးလုပ်ငန်း(အက်စ်အမ်အီး)များက ဂရုစိုက်အလေးထားမှုနည်းပေမယ့် အမျိုးသားကုန်အမှတ်တံဆိပ် ပိုင်ဆိုင်ထားတဲ့ ကုမ္ပဏီကြီးတွေက ဒေသတွင်းပေါင်းစည်းမှုဖြစ်စဉ်မှာ တက်ကြွစွာပါဝင်နိုင်ဖို့ ဆောင်ရွက်လျက်ရှိကြောင်း ဗီယက်နမ်နယူးစ် သတင်းစဉ်မှာ ဖော်ပြပါတယ်။

အေအီးစီကို မဖွဲ့စည်းမီ တစ်လခွဲ အလိုမှာ ဗီယက်နမ်နယူးစ်သတင်းဌာနက ကောက်ယူခဲ့တဲ့ စစ်တမ်းအရ စီးပွားရေးအများစုက အေအီးစီကို စိတ်ဝင်စားမှုနည်းကြောင်း ဗီယက်နမ်ကုန်သည်ကြီးများနဲ့ စက်မှုလုပ်ငန်းရှင်များအသင်း (ဗွီစီစီအိုင်)ရဲ့ စီးပွားရေးလုပ်ငန်းဖွံ့ဖြိုးမှု ဖောင်ဒေးရှင်း ဒုတိယမန်နေဂျာ လေသန်ဟိုင်းက နိုဝင်ဘာလလယ်က ပြောပါတယ်။

ဟိုင်းရဲ့ ပြောကြားချက်က ယခုနှစ် နှစ်ဦးပိုင်းမှာ ပြုလုပ်ခဲ့တဲ့ အွန်လိုင်းဆွေးနွေးပွဲပြုလုပ်စဉ် ဟနွိုင်းမြို့ လူငယ်စွန့်ဦးတီထွင်သူများအသင်း ဥက္ကဋ္ဌ လေဗင်ဆန်းရဲ့ ပြောကြားချက်နဲ့ ကိုက်ညီမှုရှိနေတာကို တွေ့ရပါတယ်။ အသေးစားနဲ့ အလတ်စားစီးပွားလုပ်ငန်း ၈၀ ရာခိုင်နှုန်းလောက်က အေအီးစီ ပေါင်းစည်းမှုအတွက် ထူးထူးခြားခြား စိတ်ဝင်စားမှုမရှိကြဘူးလို့ ဥက္ကဋ္ဌက ပြောပါတယ်။

ပြည်တွင်းစီးပွားရေးလုပ်ငန်းများ ရဲ့ ၆၀ ရာခိုင်နှုန်းလောက်ကသာ အေအီးစီအကြောင်းကို နားလည်သဘောပေါက်ကြောင်း၊ ပညာရပ်ဆိုင်ရာ သုတေသနတစ်ခုကို ကိုးကားပြီး ဗီယက်နမ် အမျိုးသားတက္ကသိုလ်လက်အောက်ရှိ ဘောဂဗေဒနှင့် စီးပွားရေးလုပ်ငန်းများရဲ့ ကျောင်းအုပ်ကြီး ယင်အောင်ဆန် က ပြောပါတယ်။ အေအီးစီကို ကုမ္ပဏီတွေက စိတ်ဝင်စားမှုမရှိရတာကလည်း သူ့အကြောင်းနဲ့သူ ရှိနေတယ်လို့ ဆိုပါတယ်။

# အာဆီယံဥက္ကဋ္ဌတာဝန်ကို မလေးရှားနိုင်ငံက လာအိုနိုင်ငံသို့ လွှဲပြောင်း




အာဆီယံဥက္ကဋ္ဌ တာဝန်အဖြစ် ယခုနှစ်ချမှတ်ပေးထားတဲ့ ဦးစားပေး လုပ်ငန်းရှစ်ခုကို အပြည့်အဝအကောင် အထည် ဖော်ပြီးတဲ့နောက် အာဆီယံ ဥက္ကဋ္ဌတာဝန်ကို မလေးရှားနိုင်ငံက လာအိုနိုင်ငံအား လွှဲပြောင်းပေးခဲ့ကြောင်း စတားအွန်လိုင်းအသင်းမှာ ဖော်ပြထားပါတယ်။

မလေးရှားဝန်ကြီးချုပ် ဒါတွတ်ဆယ်ရီနာဂျစ်တွန်ရာဇတ်က အာဆီယံ အစဉ်အလာနှင့်အညီ ဥက္ကဋ္ဌလက်ကိုင်တူကို လာအိုဝန်ကြီးချုပ် သောင်းဆင်းသမ်မာဗောင်းအား ကွာလာလမ်ပူကွန်ဗင်းရှင်းစင်တာမှာ နိုဝင်ဘာ ၁၁ ရက်က ကျင်းပတဲ့ အစည်းအဝေးမှာ လွှဲပြောင်းပေးအပ်ခဲ့ပါတယ်။

"အာဆီယံဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်စဉ် ကာလအတွင်း အာဆီယံအသိုက်အဝန်းအဖြစ် ဆောင်ရွက်ရမည့် လမ်းပြမြေပုံ (Road Map) ကို အပြည့်အဝ ဖော်ဆောင်ခဲ့ခြင်းနဲ့ ၂၀၁၅ ခုနှစ် ကာလလွန် အာဆီယံ ရည်မှန်းချက် ASEAN Post-2015 Vision ကို ဖော်ဆောင်ခြင်းဆိုတဲ့ တာဝန်နှစ်ရပ်ကို ကျွန်တော်တို့အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ၂၀၁၆ ခုနှစ်မှာ အာဆီယံဥက္ကဋ္ဌအဖြစ် ဆောင်ရွက်မယ့် လာအိုနိုင်ငံကို လည်း ကျွန်တော်တို့က အပြည့်အဝပူးပေါင်းဆောင်ရွက်ပြီး အထောက်အကူပေးသွားမှာဖြစ်ပါ တယ်။ ဒါ့အပြင် ၂၀၁၅ ခုနှစ်လွန်ကာလ အာဆီယံအသိုက်အဝန်း တည်ဆောက်ရေးနဲ့ ပေါင်းစည်းရေး လုပ်ငန်းစဉ်တွေမှာ အရေးပါတဲ့ အခန်းကဏ္ဍကနေ ဆက်လက်ပါဝင်ဆောင်ရွက်သွားမှာဖြစ်ပါတယ်" လို့ သူက ပြောပါတယ်။

နိုင်ငံ ၁၈ နိုင်ငံမှ ခေါင်းဆောင်များနဲ့ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ဘန်ကီမွန်းတို့က လွန်ခဲ့တဲ့ ရက်သတ္တပတ်အတွင်း ကျင်းပခဲ့တဲ့ အစည်းအဝေးတွေကို တက်ရောက်ခဲ့ကြပြီး ဒေသဆိုင်ရာနဲ့ အပြည်ပြည်ဆိုင်ရာ ပြဿနာတွေကို ဆွေးနွေးခဲ့ကြပါတယ်။ နှစ်ရက်အတွင်းမှာ (၂၇)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး၊ အာဆီယံနဲ့ တရုတ်၊ ဂျပန်၊ နယူးဇီလန်၊ တောင်ကိုရီးယားနဲ့ အမေရိကန်ပြည်ထောင်စုနဲ့ ကုလသမဂ္ဂတို့ တစ်ဖွဲ့ချင်းဆွေးနွေးတဲ့ အာဆီယံအစည်းအဝေးများ ၊ (၁၈)ကြိမ်မြောက် အာဆီယံ +၃ ထိပ်သီးအစည်းအဝေးနဲ့ (၁၀) ကြိမ်မြောက် အရှေ့အာရှထိပ်သီးအစည်းအဝေး စတဲ့ အစည်းအဝေးပေါင်း ၁၀ ခု ကို ကျင်းပခဲ့ပါတယ်။

**ညဏ်တင်-စုစည်းတင်ပြသည်**

# အာဆီယံအဖွဲ့ဝင်နိုင်ငံတို့ "၂၀၂၅ အာဆီယံ အသိုက်အဝန်း" ရည်မှန်းချက်ကို သဘောတူ

၂၀၂၅ အာဆီယံရှေ့သို့ဆက်လက်လက်ချင်းဆက် (ASEAN : Forging Ahead Together) ဆိုတဲ့ ခေါင်းစဉ်နဲ့ ကွာလာလမ်ပူကြေညာချက်ကို ထုတ်ပြန်ပြီးနောက် အာဆီယံရဲ့ ၁၀ နှစ်တာ ရည်မှန်းချက်ဖြစ်တဲ့ ၂၀၂၅ ခုနှစ် အာဆီယံ အသိုက်အဝန်း (ASEAN Community 2025) ဆိုတဲ့ ရည်မှန်းချက်ကို အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံတို့က သဘောတူညီခဲ့ကြကြောင်း အင်တာနက်နယူးစ်သတင်းမှာ ဖော်ပြပါတယ်။

၂၀၁၅ ခုနှစ် အာဆီယံ အသိုက်အဝန်း ကြေညာချက်က ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်မှ စတင်အကျိုး သက်ရောက်မှုရှိမယ့် အာဆီယံစီးပွားရေး အသိုက်အဝန်း (ASEAN Economic Community-AEC) ရဲ့ အကျိုးဆက်အဖြစ်အရေးပါတဲ့ အခန်းကဏ္ဍက ပါဝင်လျက်ရှိပါတယ်။ ၂၀၁၅ ခုနှစ် အာဆီယံ အသိုက်အဝန်းက လာမယ့် ၁၀ နှစ်အတွင်း ဆောင်ရွက်ဖို့ အသင်းက ချမှတ်ထားတဲ့ ရည်မှန်းချက် များအနက် တစ်ခုအပါအဝင် ဖြစ်ပါတယ်လို့ အင်ဒိုနီးရှား ကုန်သွယ်ရေးဝန်ကြီး သောမတ်လမ်ဘောင်းရဲ့ သတင်းထုတ်ပြန်ချက်မှာ ဖော်ပြထားပါတယ်။

၂၀၁၅ ခုနှစ် အာဆီယံအသိုက်အဝန်း ထူထောင်ရေး ကွာလာလမ်ပူကြေညာချက်နဲ့ ၂၀၂၅ အာဆီယံ ရှေ့သို့ ဆက်လက် လက်ချင်းဆက်ဆိုတဲ့ ကွာလာလမ်ပူကြေညာချက်နှစ်ခုစလုံးက လာမယ့် ၁၀ နှစ်အတွင်း အာဆီယံဒေသမှာ စီးပွားရေးပေါင်းစည်းမှု ပိုမိုကောင်းမွန်ရေးအတွက် လမ်းညွှန်များအဖြစ် တည်ရှိနေပါတယ်။

၂၀၂၅ ခုနှစ် အာဆီယံအသိုက်အဝန်းမှာ အာဆီယံစီးပွားရေးအသိုက်အဝန်း(အေအီးစီ)၊ အာဆီယံနိုင်ငံရေးလုံခြုံရေး အသိုက်အဝန်း (APCS) နဲ့ အာဆီယံလူမှုရေးယဉ်ကျေးမှု အသိုက်အဝန်း (ASCC) စတဲ့ အချက်တွေပါဝင်ပါတယ်။ အာဆီယံရဲ့ မဏ္ဍိုင်ငါးရပ်ထဲမှာ ၂၀၁၅ အေအီးစီပုံကြမ်း (AEC 2015- Blueprint) တစ်နည်းအားဖြင့် ပေါင်းစည်းထားတဲ့ အာဆီယံစီးပွားရေး၊ ယှဉ်ပြိုင်မှုစွမ်းရည်နဲ့ ထက်မြက်မှုရှိတဲ့ အာဆီယံတိုးတက်ကောင်းမွန်တဲ့ ဆက်သွယ်မှုနဲ့ ကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်ရေး အလုံးစုံပါဝင်ပြီး လူ့အသိုက်အဝန်းအခြေပြု အာဆီယံဂလိုဘယ်စတဲ့ မဏ္ဍိုင်တွေ ပါဝင်ပါတယ်။ ၂၀၂၅ အေအီးစီ တည်ဆောက်ပုံမူကြမ်းကို အကောင်အထည်ဖော်ခြင်းဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံတိုင်း ညီတူမျှတူ ဖွံ့ဖြိုးတိုးတက်မှုရှိလာပြီး ဆင်းရဲမှုကို လျှော့ချနိုင်ပါတယ်။

တစ်ဦးချင်း ဝင်ငွေကို မြှင့်တင်နိုင်ပါမယ်။ အလယ်အလတ်ဝင်ငွေရှိသူတွေ အရေအတွက်ကို တိုးမြှင့်နိုင်မှာဖြစ်ပါတယ်။

# မလေးရှားသစ်နဲ့ သစ်တောထွက်ပစ္စည်း ဥရောပသို့တင်ပို့မှုမြင့်တက်

ကမ္ဘာ့တခြားဒေသများမှ သစ်ဝယ်လိုအားကျဆင်းနေချိန်မှာ ဥရောပဒေသက မလေးရှားသစ် တောထွက်ပစ္စည်းများအတွက် အကြီးမားဆုံးနဲ့ အခိုင်မာဆုံး ဈေးကွက်တွေအဖြစ် ရောက်ရှိလာကြောင်း အင်န်အက်တီ ဝက်ဘ်ဆိုက်သတင်းမှာ ဖော်ပြထားပါတယ်။

ယခုလို အခြေအနေတိုးတက်ကောင်းမွန်လာတဲ့အတွက် ယခုနှစ်ထဲမှာ မလေးရှားကနေ ဥရောပသို့ သစ်တောထွက်ပစ္စည်းတင်ပို့မှုက ၁၅ ရာခိုင်နှုန်းကနေ ၂၀ ရာခိုင်နှုန်းအထိ ဖွံ့ဖြိုးတိုးတက်လာနိုင်ကြောင်း မလေးရှား သစ်လုပ်ငန်းကောင်စီ အမှုဆောင်အရာရှိချုပ် ဒါတွတ်ဒေါက်တာအဗ္ဗဒူရာဟင်နစ်က ပြောပါတယ်။

ယခုအခြေအနေနဲ့ အရှေ့အလယ်ပိုင်းဒေသသို့ မလေးရှားသစ်တောထွက်ပစ္စည်းများ တင်ပို့မှုအခြေအနေကို နှိုင်းယှဉ်ကြည့်ရင် ဆန့်ကျင်ဘက်အနေအထားဖြစ်နေတာကို တွေ့ရပါတယ်။

ရေနံစိမ်းဈေးနှုန်းတွေ ကျဆင်းမှုကြောင့် ဒေသတွင်း စီးပွားရေးလုပ်ငန်းတွေကို ထိခိုက်မှုဖြစ်စေတဲ့အတွက် မလေးရှားသစ်တောထွက်ပစ္စည်းများကို အရှေ့အလယ်ပိုင်းဒေသက ဝယ်ယူမှုကျဆင်းခဲ့ပါတယ်။ အခြားတစ်ဖက်ကိုကြည့်ပါက အိန္ဒိယနိုင်ငံက တစ်စတစ်စကြီးထွားလာတဲ့ ဈေးကွက်တစ်ခုဖြစ်နေပြီး ဂျပန်နိုင်ငံကလည်း မလေးရှား အထပ်သားတွေကို ကြိုက်နှစ်သက်တဲ့အတွက် မလေးရှားက ထုတ်လုပ်တဲ့ အထပ်သားရဲ့ ၅၀ ရာခိုင်နှုန်းကို ဂျပန်နိုင်ငံက ဝယ်ယူလျက်ရှိပါတယ်။

ယခုနှစ် ဇန်နဝါရီမှ ဩဂုတ်လအထိ ကာလအတွင်း မလေးရှားနိုင်ငံရဲ့ သစ်နဲ့ သစ်တောထွက်ပစ္စည်းတင်ပို့မှုက ရင်းဂစ် ၁၄ ဒသမ ၃ ဘီလီယံအထိ ရောက်ရှိခဲ့ရာ ၂၀၁၄ ခုနှစ်ကာလတူနဲ့ နှိုင်းယှဉ်ပါက ၃ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့ကြောင်း အဗ္ဗဒူရာဟင်ကပြောပါတယ်။

သစ်နဲ့ သစ်တောထွက်ပစ္စည်းတွေထဲမှာ ပရိဘောဂ၊ သစ်ပါးလွှာ၊ အထပ်သားနဲ့ မိုပုံစံများပါဝင်ပြီး ၂၀၁၄ ခုနှစ်စာရင်းအရ စားအုန်းဆီနဲ့ ရော်ဘာပြီးလျှင် တတိယအများဆုံးတင်ပို့တဲ့ ကုန်ပစ္စည်းဖြစ်ပါတယ်။

# နိုင်ငံခြားသား ကိုယ်စားလှယ်များအတွက် အထူးစီးပွားရေးဇုန် လေ့လာရေးခရီးစဉ်များကို ထိုင်းနိုင်ငံ စီစဉ်မည်

၂၀၁၆ ခုနှစ်မှာ ထိုင်းစီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအနေဖြင့် ထိုင်းနိုင်ငံဆိုင်ရာ နိုင်ငံတကာမှ သံအမတ်များ၊ ကောင်စစ်ဝန်များ၊ နိုင်ငံခြား ကုန်သည်ကြီးများအသင်းမှ ကိုယ်စားလှယ်များနဲ့ နိုင်ငံခြားစီးပွားရေး လုပ်ငန်းများအတွက် အထူးစီးပွားရေးဇုန် (Special Economic Zone-SEZ) ၁၀ ခု သို့ ကွင်းဆင်းလေ့လာရေးခရီးစဉ်များ သွားရောက်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ထားရာ အဆိုပါခရီးစဉ်မှာ ပင်လယ်ရပ်ခြားဒေသမှ ရင်းနှီးမြှုပ်နှံမှုပိုမိုဆွဲဆောင်ရေး မဟာဗျူဟာအစိတ်အပိုင်းတစ်ရပ်ဖြစ်ကြောင်း နေးရှင်းသတင်းမှာ ဖော်ပြပါတယ်။

အထူးစီးပွားရေးဇုန်တွေမှာ ရင်းနှီးမြှုပ်နှံဖို့ ဆောင်ရွက်နေတဲ့ အစိုးရရဲ့ စီမံကိန်းတစ်ရပ်အဖြစ် နိုင်ငံခြားအစိုးရအရာရှိတွေနဲ့ စီးပွားရေးလုပ်ငန်းရှင်တွေကို ကွင်းဆင်းလေ့လာမှုခရီးစဉ်တွေ ဆောင်ရွက်ပေးပြီး နားလည်မှုတွေ တိုးတက်ရရှိအောင် ဝန်ကြီးဌာနက ဆောင်ရွက်ပေးမှာဖြစ်ကြောင်း နိုင်ငံခြားကုန်သွယ်မှုဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် အဒူချိုတီနီဆာကွန်က ပြောပါတယ်။

စီးပွားရေးဇုန် ၁၀ ခုက ဘယ်နေရာမှာရှိတယ်၊ သူတို့ဘယ်လို အကျိုးကျေးဇူးတွေနဲ့ အခွင့်ထူးတွေ ခံစားနိုင်တယ်။ ဒီစီးပွားရေးဇုန်တွေက အိမ်နီးချင်းနိုင်ငံတွေနဲ့ ဘယ်လိုအချိတ်အဆက်ရှိတယ်ဆိုတာကို နိုင်ငံခြားအစိုးရအရာရှိတွေနဲ့ ရ င်းနှီးမြှုပ်နှံသူတွေ သိနိုင်ဖို့အတွက် လက်ကမ်းစာစောင်တွေနဲ့ လမ်းညွှန်စာအုပ် (Guide book) တွေကို အစိုးရက ထုတ်ဝေပေးသွားမှာဖြစ်ပါ တယ်။

လမ်းညွှန်စာအုပ်တွေကို ရင်းနှီးမြှုပ်နှံသူတွေထံသို့ ဖြန့်ဝေပေးမှာဖြစ်သလို ကမ္ဘာတစ်ဝန်းရှိ ရည်မှန်းထားတဲ့ နိုင်ငံတွေက နိုင်ငံခြားစီးပွားရေးလုပ်ငန်းတွေကို ဖြန့်ဝေပေးနိုင်အောင် ထိုင်းကုန်သွယ်ရေး ကိုယ်စားလှယ်တွေကတစ်ဆင့် စီစဉ်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ကွင်းဆင်းလေ့လာမှု ခရီးစဉ်မှာ ပြည်တွင်းစီးပွားရေး လုပ်ငန်းတွေနဲ့ တစ်ဦးချင်းတွေ့ဆုံဆွေးနွေးမှု (Business Matching) များ ဆွေးနွေးပွဲများကိုလည်း ကျင်းပမှာဖြစ်ပါတယ်။

# ဒေသတွင်းပေါင်းစည်းချိန်မှာ စီးပွားရေးလုပ်ငန်းများအတွက် စင်ကာပူနိုင်ငံက အခြေစိုက်စခန်းဖြစ်လာနိုင်

ဒေသတွင်း ပေါင်းစည်းရေးအတွက် ကြိုးပမ်းဆောင်ရွက်မှုများ မြင့်တက်လာချိန်မှာ အာရှဒေသတွင်းမှာ လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ဖို့ ရှာဖွေနေကြတဲ့ ကုမ္ပဏီများအတွက် စင်ကာပူနိုင်ငံက ယုံကြည်စိတ်ချရတဲ့ အခြေစိုက်စခန်းအဖြစ် အရေးပါတဲ့ အခန်းက ပါဝင်လာနိုင်ဖွယ်ရှိတယ်လို့ စင်ကာပူဘဏ္ဍာရေးဝန်ကြီး ဟန်ဆွီကိတ်ကပြောကြောင်း စီအင်န်အေသတင်းမှာ ဖော်ပြပါတယ်။




ဒေသတွင်းမှာ အစုစပ်လုပ်ငန်းတွေ ထူထောင်ခြင်းအားဖြင့် ကုန်သွယ်မှုနဲ့ ရင်းနှီးမြှုပ်နှံမှုအတွက် အခွင့်အလမ်းတွေ ပိုမိုဖန်တီးနိုင်မှာဖြစ်ကြောင်း နိုဝင်ဘာ ၂၆ ရက်ကကျင်းပတဲ့ ၂၀၁၅ ခုနှစ် အာရှယှဉ်ပြိုင်မှုစွမ်းရည် မြှင့်တင်ရေးသိပ္ပံကွန်ဖရင့် (2015 Asia Competitiveness Institute Conference) မှာ ဝန်ကြီးက ပြောပါတယ်။

အာရှဒေသတွင်း၌လည်းကောင်း၊ အာရှဒေသနဲ့ ကျန်ကမ္ဘာ့ဒေသများနဲ့လည်းကောင်း ဆက်သွယ်ရာမှာ စင်ကာပူနိုင်ငံက ခိုင်မာတဲ့ ဆက်သွယ်ရေးစကြံတစ်ခုဖြစ်ကြောင်းနဲ့ လုပ်ငန်းနယ်ပယ်အချို့နဲ့ ဈေးကွက်နယ်ပယ်အချို့ရဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရာမှာ စင်ကာပူနိုင်ငံက အထောက်အကူပေးနိုင်မှာဖြစ်ကြောင်း ဝန်ကြီးက ပြောပါတယ်။ စီးပွားရေးလုပ်ငန်းများအတွက် အခြေစိုက်စခန်းအဖြစ် စင်ကာပူနိုင်ငံက ဆောင်ရွက်ပေးနိုင်တဲ့အပြင် ဒေသတွင်းရေးရာကိစ္စများကို စီးပွားရေးလုပ်ငန်းများက ပိုမိုနားလည်အောင် ကြိုးပမ်းဆောင်ရွက်တဲ့အခါ သုတေသနလုပ်ငန်းများနဲ့ အသိပညာဖလှယ်ရေး အခြေစိုက်ခန်းတစ်ခုအဖြစ်လည်း ဆောင်ရွက်ပေးနိုင်မှာဖြစ်ပါကြောင်း ဘဏ္ဍာရေးဝန်ကြီးက ပြောပါတယ်။

# ဂျီဒီပီမှာ ပါဝင်မှုမြင့်တက်ဖို့ ဖိလစ်ပိုင်အက်စ်အမ်အီးတို့ကြိုးပမ်း

နိုင်ငံစီးပွားရေးမှာ အသေးစားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်း (အက်စ်အမ်အီး)တွေရဲ့ ပါဝင်မှုအချိုးကို ၂၀၁၆ ခုနှစ်မှာ နောက်ထပ် ငါးရာခိုင်နှုန်း မြှင့်တင်နိုင်ဖို့အတွက် ဖိလစ်ပိုင်နိုင်ငံ ကုန်သွယ်ရေးနဲ့ စက်မှုဝန်ကြီးဌာနက ရည်မှန်းချက်ထားဆောင်ရွက်လျက်ရှိပြီး ရည်မှန်းချက်ပြည့်မီဖို့အတွက် မူဝါဒသစ်များ အကောင်အထည်ဖော်ခြင်းဖြင့် ဒီလုပ်ငန်းငယ်လေးများကို အားပေးအကောင်အထည်ဖော် ဆောင်ရွက်သွားမှာဖြစ်ကြောင်း ဖိလစ်ပင်းစတားသတင်းမှာ ဖော်ပြထားပါတယ်။

စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှု (ဂျီဒီပီ)မှာ အက်စ်အမ်အီးတွေရဲ့ ပါဝင်မှုအချိုးက လက်ရှိနှစ်မှာ ၃၅ ရာခိုင်နှုန်းရှိနေရာမှ ၂၀၁၆ ခုနှစ်မှာ ၄၀ ရာခိုင်နှုန်းအထိ တိုးတက်လာအောင် အစိုးရက ဆောင်ရွက်လျက်ရှိကြောင်း ကုန်သွယ်ရေးအတွင်းဝန် ရာဖေးလီတာ အယ်လ်ဒါကဘာက ပြောပါတယ်။

"ကျွန်တော်တို့ တကယ်တန်းလိုချင်တာက ဂျီဒီပီမှာ အက်စ်အမ်အီးတွေရဲ့ ပါဝင်မှုတိုးတက်မြင့်မားလာဖို့ဖြစ်ပြီး အလုပ်အကိုင်တွေ ဖော်ထုတ်နိုင်ဖို့ဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ အက်စ်အမ်အီးတွေက အနာဂတ်မှာ ကုမ္ပဏီကြီးတွေအဖြစ် ရောက်ရှိလာမှာဖြစ်တဲ့အတွက် သူတို့ကို ကောင်းကောင်း ဂရုစိုက်ရပါမယ်"လို့ အယ်လ်ဒါက ပြောပါတယ်။

အက်စ်အမ်အီးတွေက ဂျီဒီပီမှာ သုံးပုံတစ်ပုံကျော် ပါဝင်နေသလို နိုင်ငံပို့ကုန်ရဲ့ ငါးပုံတစ်ပုံနဲ့ အလုပ်အကိုင်ရရှိမှုရဲ့ သုံးပုံနှစ်ပုံကို အကောင်အထည်ဖော်ပေးလျက်ရှိပါတယ်။

"ဒါပေမယ့် ဖွံ့ဖြိုးဆဲနိုင်ငံတွေရဲ့ အက်စ်အမ်အီးများနည်းတူ ကျွန်မတို့ အက်စ်အမ်အီးတွေကလည်း ကုန်ကြမ်း၊ မတည်ငွေရင်း၊ ကျွမ်းကျင်လုပ်သားနဲ့ နည်းပညာများရရှိရေးအတွက် စိန်ခေါ်မှုတွေနဲ့ ရင်ဆိုင်နေရပါတယ်။ ဒါကြောင့် ကြံ့ခိုင်မှုဆိုပြီး ကမ္ဘာ့အဆင့်မီ ယှဉ်ပြိုင်နိုင်မှု စွမ်းရည်ရှိတဲ့ အက်စ်အမ်အီးတွေဖြစ်လာဖို့ ဒီပြဿနာတွေကို ဖြေရှင်းနိုင်အောင် ကျွန်မတို့ကြိုးစားနေပါတယ်"လို့ ကုန်သွယ်ရေးနဲ့ စက်မှုလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဇနိုက်ဒါမက်ဂလာယာကပြောပါတယ်။

ဥဏ်တင်-စုစည်းတင်ပြသည်

# ရက်သတ္တပတ်အတွင်း စီးပွားရေး သတင်းတိုများ

**စင်ကာပူ**

နိုင်ငံခြားသားများလာရောက်နေထိုင်ရာတွင် စင်ကာပူနိုင်ငံက ကမ္ဘာပေါ်မှာ ကုန်ကျစရိတ် စတုတ္ထအများဆုံးနိုင်ငံဖြစ်ပြီး ဗင်နီဇွဲလားနိုင်ငံရှိ ကရာကပ်မြို့က ကုန်ကျစရိတ်နံပါတ်တစ် အများဆုံးဖြစ်ကြောင်း ၂၀၁၃ ခုနှစ်က ကောက်ခံထားတဲ့ ကိန်းဂဏန်းတွေအပေါ် အခြေခံပြီး တွက်ချက်ဖော်ပြခဲ့တဲ့ အာရှယှဉ်ပြိုင်မှုသိပ္ပံ (Asia Competitiveness Institute-ACI)ရဲ့ နိုဝင်ဘာ ၂၇ ရက်က ထုတ်ပြန်ချက်ကို ကိုးကားပြီး စီအင်န်အေသတင်းမှာ ဖော်ပြပါတယ်။

**ဂျကာတာ**

အင်ဒိုနီးရှားနိုင်ငံရဲ့ ခရီးသွားလုပ်ငန်းက ဈေးနှုန်းအရ ယှဉ်ပြိုင်နိုင်မှုစွမ်းရည် ကောင်းမွန်ပေမယ့် အခြေခံအဆောက်အအုံက ညံ့ဖျင်းနေဆဲဖြစ်ကြောင်း၊ ဒါကြောင့် အင်ဒိုနီးရှားအစိုးရက ဒေသတွင်းမှာ အင်ဒိုနီးရှား ခရီးသွားလုပ်ငန်းရဲ့ ယှဉ်ပြိုင်နိုင်မှု စွမ်းရည်ကို မြှင့်တင်ဖို့ ဆုံးဖြတ်ထားကြောင်း ခရီးသွားလုပ်ငန်းဝန်ကြီး အာရစ်ယာယာရဲ့ နိုဝင်ဘာ ၂၆ ရက်က ပြောကြားချက်ကို ရှင်ဟွာသတင်းမှာ ဖော်ပြပါတယ်။

**မနီလာ**

ဖိလစ်ပိုင်နိုင်ငံအတွင်းရှိ ဘဏ်များရဲ့ ငွေကြေး အခြေအနေမှာ ကောင်းမွန်လျက်ရှိပြီး ဘဏ်များရဲ့ ငွေကြေးလုံလောက်မှုအချိုးမှာ မတ်လအကုန်က ၁၆ ဒသမ ၁၀ ရာခိုင်နှုန်းရှိခဲ့ရာမှ ဇွန်လအကုန် ဒုတိယသုံးလပတ်မှာ ၁၆ဒသမ ၄၂ ရာခိုင်နှုန်းအထိ မြင့်တက်လာကြောင်း ဖိလစ်ပိုင်ဗဟိုဘဏ်က နိုဝင်ဘာ ၂၇ ရက်က ထုတ်ပြန်ချက်ကို ကိုးကားပြီး ဖိလစ်ပင်းစတားသတင်းမှာ ဖော်ပြပါတယ်။

**ဆိုးလ်**

တောင်ကိုရီးယား နိုင်ငံရဲ့ ပြည်ပတင်ပို့မှုက ယခင်နှစ်ကာလတူနဲ့ နှိုင်းယှဉ်ပါက အောက်တိုဘာမှာ ၁၅ ဒသမ ၉ ကျဆင်းတဲ့အတွက် ၁၀ လမြောက်အဖြစ် ဆက်တိုက်ကျဆင်းခဲ့ခြင်းဖြစ်ကြောင်း စီးပွားရေးနဲ့ ဆက်နွယ်နေတဲ့ ဝန်ကြီးများနဲ့ ဆိုးလ်မြို့မှာ တွေ့ဆုံပြီး ကျင်းပတဲ့ အစည်းအဝေးမှာ ဘဏ္ဍာရေးဝန်ကြီး ချွိုင်ကျွန်ဝှမ်က နိုဝင်ဘာ ၂၇ ရက်က ပြောကြားချက်ကို ကိုးကားပြီး ယွန်းဟပ်နယူးစ်သတင်းမှာ ဖော်ပြပါတယ်။

## SOUTH ASIA

# နိုင်ငံပိုင်ဘဏ်များရဲ့ ငွေစာရင်းရှင်းတမ်းများကို ရေးဆွဲထားဖို့ အိန္ဒိယဘဏ္ဍာရေးဝန်ကြီးတိုက်တွန်း

နိုင်ငံတော်ပိုင်ဘဏ်များရဲ့ ငွေစာရင်းရှင်းတမ်းများကို အမြန်ဆုံးရေးဆွဲထားကြဖို့ အိန္ဒိယဘဏ္ဍာရေးဝန်ကြီး အရန်ဂျိတ်တလေက နိုဝင်ဘာ ၂၃ ရက်နေ့က တိုက်တွန်းလိုက်ပြီး၊ ကြွေးမြီပေးဆပ်ရန် ပျက်ကွက်သူတို့အား အရေးယူဖို့ ဘဏ်များမှာ အခွင့်အာဏာနဲ့ ကိုယ်ပိုင်အုပ်ချုပ်ပိုင်ခွင့် ရှိတယ်လို့ ပြောကြားကြောင်း ပီတီအိုင်သတင်းမှာ ဖော်ပြပါတယ်။

ဘဏ္ဍာရေးဝန်ကြီးက အစိုးရဘဏ်များ (Public Sector Banks-PSB) ရဲ့ အကြီးအကဲများနဲ့ တွေ့ဆုံဆွေးနွေးပြီး စက်တင်ဘာလမှာ အိန္ဒိယဗဟိုဘဏ်က အတိုးနှုန်းလျှော့ချပြီးနောက်ပိုင်း ဖြစ်ပေါ်လာတဲ့ အခြေနေတွေကို ပြန်လည်သုံးသပ်ခဲ့ပါတယ်။

ထို့ပြင် ဘဏ်များက အကြွေးဆပ်ရန်ပျက်ကွက်မှုများကို လျှော့ချဖို့ ကြိုးပမ်းရာမှာ အကူအညီပေးနိုင်ဖို့အတွက် ချမှတ်ထားတဲ့ အစီအမံများကိုလည်း ဒုတိယလပတ်စွမ်းဆောင်ရည် သုံးသပ်ပွဲမှာ ပြန်လည်ဆွေးနွေးညှိနှိုင်းခဲ့ပါတယ်။ အစိုးရပိုင်ဘဏ်များမှ ကြွေးဆပ်ရန် ပျက်ကွက်မှု Non-performing Assest (NPA) ပမာဏ မှာ ယခုနှစ် မတ်လက ၅ ဒသမ ၂၀ ရာခိုင်နှုန်းသာရှိခဲ့ရာမှ ဇွန်လအကုန်မှာ ၆ ဒသမ ၃ ရာခိုင်နှုန်းသာအထိ မြင့်တက်ခဲ့ပါတယ်။

ကြွေးဆပ်ရန် ပျက်ကွက်မှုကြောင့် ဖြစ်ရတဲ့ အတိတ်က ဒဏ်ရာဒဏ်ချက်များ ပပျောက်အောင် ဆောင်ရွက်ကြဖို့နဲ့ ဘဏ်များရဲ့ လက်ကျန်ရှင်းတမ်းများကို အမြန်ဆုံးရေးဆွဲထားကြဖို့ သူက တိုက်တွန်းပါတယ်။ ရရန်ပိုင်ခွင့်(အက်ဆက်)များရဲ့ အရည်အသွေးပြည့်ဝမှု ပြဿနာကို အသေးစိတ်ဆွေးနွေးကြပြီး အတိုးနှုန်း မဟုတ်တဲ့ ဘဏ်ဝင်ငွေရရှိရေးအတွက် အဓိကထားတဲ့ အက်ဆက်များရဲ့ အရည်အသွေးပြည့်ဝစေပြီး အကျိုးအမြတ်ရရှိရေးအတွက် ဆောင်ရွက်ထားတဲ့ အစီအမံများကို ဘဏ်များက တင်ပြကြပါတယ်။

ဘဏ်များအတွက် လိုအပ်တဲ့ အထောက်အပံ့အပြည့်အဝ ပေးမှာဖြစ်ကြောင်းနဲ့ လိုအပ်ရင် မူဝါဒအစီအမံများကို အစိုးရက ချမှတ်ဆောင်ရွက်သွားမှာဖြစ်ကြောင်း သူကပြောပါတယ်။

## MIDDLE EAST

# ရေနံတစ်စည်ကို ဒေါ်လာ ၂၀ အထိ ကျနိုင်တဲ့ အခြေအနေရှိနေပေမယ့် အိုပက်က ပုံမှန်အတိုင်း ဆက်လက်ထုတ်လုပ်သွားမည်




မူဝါဒ ရေးဆွဲသူများအတွက် ဘဏ္ဍာရေးအရ ခေါင်းခဲစရာများ ကြုံတွေ့နေရပေမယ့် ရေနံတင်ပို့တဲ့ နိုင်ငံများအဖွဲ့(အိုပက်)က ရေနံထုတ်လုပ်မှုကို ဆက်လက် ထုတ်လုပ်သွားဖို့ ဆုံးဖြတ်ထားတဲ့အတွက် ရေနံတစ်စည်ကို အမေရိကန်ဒေါ်လာ ၂၀ အထိ ကျဆင်းမှာကို စိုးရိမ်နေရတဲ့ အဖွဲ့ဝင်နိုင်ငံများအတွက် အထိတ်တလန့် ဖြစ်စေခဲ့ကြောင်း ရိုက်တာသတင်းမှာ ဖော်ပြပါတယ်။

ထုတ်လုပ်မှုလျှော့ချဖို့ ပေါင်းစပ်ညှိနှိုင်းမှုတွေ ဆောင်ရွက်တဲ့အခါ အထူးသဖြင့် ရုရှားနိုင်ငံကဲ့သို့သော အိုပက်အဖွဲ့ပြင်ပမှ အကြီးစားရေနံထုတ်လုပ်သူများပါဝင်မှသာလျှင် မူဝါဒတစ်ဆစ်ချိုးအလှည့်အပြောင်း ဖြစ်ပေါ်လာနိုင်စရာရှိပါတယ်။ ဒါပေမယ့် လာမယ့် သီတင်းပတ်မှာ ကျင်းပမယ့် ခြောက်လပတ် အစည်းအဝေးမတိုင်မီ ရုရှားနိုင်ငံက အိုပက်ရေနံဝန်ကြီးတွေနဲ့ တွေ့ဆုံဖွယ်ရှိတယ်လို့ ခန့်မှန်းကြပါတယ်။ ဒါပေမယ့် ဈေးနှုန်းကျဆင်းတာကို ထိန်းချုပ်နိုင်မယ့် အလားအလာတွေကတော့ နည်းပါးနေဆဲဖြစ်ပါတယ်။

"အိုပက်အဖွဲ့ဝင်မဟုတ်တဲ့ သူတွေက အကူအညီပေးဖို့ ဆန္ဒမရှိဘူးဆိုရင် ပြောင်းလဲမှုရှိလာမှာမဟုတ်ဘူးလို့ ကျွန်တော်ထင်ပါတယ်။ အိုပက်အဖွဲ့တစ်ခုတည်းကတော့ လျှော့ချမယ့် လက္ခဏာမရှိဘူး"လို့ အိုပက်အဖွဲ့မှ ကိုယ်စားလှယ်တစ်ဦးက ပြောပါတယ်။

ပြိုင်ဖက်တွေရဲ့ တိုးမြှင့်ထုတ်လုပ်မှုကြောင့် ဖြစ်လာမယ့် ဈေးကွက်ပျောက်ဆုံးမှုကို ကာကွယ်ဖို့အတွက် အိုပက်အဖွဲ့ဝင်နိုင်ငံတွေက ရေနံကို တိုးမြှင့် ထုတ်လုပ်ဖို့ ၂၀၁၄ နိုဝင်ဘာမှာ တစ်ကြိမ် ဆုံးဖြတ်ခဲ့ပါတယ်။ ထိုအချိန် ရေနံစိမ်းဈေးနှုန်းကလည်း တစ်စည်ကို အမေရိကန်ဒေါ်လာ ၆၅ အထိ ကျဆင်းခဲ့ပါတယ်။

## EU

# ဂရိနိုင်ငံကိုပေးမယ့် ကယ်တင်မှုချေးငွေကို ယူရိုဇုန်ကအတည်ပြု

ဂရိနိုင်ငံအတွက် ကယ်တင်မှုချေးငွေသဘောတူစာချုပ်မှာ တောင်းဆိုထားတဲ့ တင်းကျပ်တဲ့ ပြုပြင်ပြောင်းလဲရေး ကတိကဝတ်များကို ဂရိအစိုးရက အောင်အောင်မြင်မြင် ဖြည့်ဆည်းပေးပြီးနောက်ပိုင်း ဂရိနိုင်ငံအတွက် ကယ်တင်မှု ချေးငွေ ယူရို ၂ ဘီလီယံ (အမေရိကန်ဒေါ်လာ ၂ ဒသမ၁ ဘီလီယံ)ကို ထုတ်ချေးဖို့ ယူရိုဇုန်ဘဏ္ဍာရေးဝန်ကြီးများက နိုဝင်ဘာ ၂၃ ရက်တွင် အတည်ပြုခဲ့ကြောင်း အေအက်ဖ်ပီသတင်းမှာ ဖော်ပြပါတယ်။

ယခုနှစ် နှစ်ဦးပိုင်း ခြောက်လအတွင်း ဂရိနိုင်ငံကို ယူရိုဇုန်မှ ထုတ်ပယ်ရတော့မလောက်နီးပါး အပြင်းအထန် ညှိနှိုင်းဆွေးနွေးပြီးနောက် လက်ဝဲဝါဒီတို့ ဦးဆောင်တဲ့ ဂရိအစိုးရနဲ့ ဥရောပမြီရှင်တို့ အချင်းချင်းပြေလည်မှုရခဲ့ပြီးဖြစ်တယ်ဆိုတာကို ဤချေးငွေ ထုတ်ပေးခြင်းက အတည်ပြုလိုက်တဲ့ သဘောကို တွေ့ရပါတယ်။

"ယူရိုဇုန်ကယ်တင်ရေး ရန်ပုံငွေမှ ယူရို ၂ ဘီလီယံထုတ်ချေးဖို့ ဒီကနေ့ ဆုံးဖြတ်လိုက်တာကို ကြည့်ခြင်းဖြင့် အရေးကြီးတဲ့ ပြုပြင်ပြောင်းလဲမှုတွေ ကို အကောင်အထည်ဖော်ပေးဖို့ ဂရိအစိုးရက လက်ခံလိုက်ပြီဆိုတဲ့ သဘောကို ပြသနေပါတယ်"လို့ ကယ်တင်ရေးရန်ပုံငွေအဖွဲ့ အကြီးအကဲ လော့စ်ရက်ဂလင်းက ပြောပါတယ်။

ဂရိနိုင်ငံအတွက် ငါးနှစ်အတွင်း တတိယမြောက်အဖြစ် ထုတ်ချေးမယ့် ယူရို ၈၆ ဘီလီယံ (အမေရိကန်ဒေါ်လာ ၉၁ ဘီလီယံ)ကို လက်ခံရရှိနိုင်ရေးအတွက် ဂရိပါလီမန်မှာ မဲခွဲဆုံးဖြတ်ခဲ့ရာ ကယ်တင်မှုချေးငွေအတွက် ပြုပြင်ပြောင်းလဲရေး စီမံချက်များကို မဲအနည်းငယ်အသာဖြင့် ဂရိအစိုးရက ယခင်သီတင်းပတ်က အတည်ပြုပေးခဲ့ပါတယ်။

အတည်ပြုလိုက်တဲ့ အစီအမံတွေကို လစဉ်ကျင်းပတဲ့ ဘရက်ဆဲလ် အစည်းအဝေးမှာ ယူရိုဇုန်ဝန်ကြီးများက ကြိုဆိုလိုက်ပြီး ဒီအစီအမံတွေအရ ဂရိဘဏ်တွေအတွက် မတည်ရင်းနှီးငွေ ဖြည့်ဆည်းပေးဖို့ ယူရို ၁၀ ဘီလီယံ (အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၆ ဘီလီယံ) ရရှိမယ့် အခြေအနေကို ရောက်ရှိခဲ့ပါတယ်။

## EAST ASIA

# တရုတ်နဲ့ တောင်ကိုရီးယားတို့ရဲ့ နည်းပညာကွာဟချက် လျင်မြန်စွာကျဉ်းမြောင်းလာ

တရုတ်နိုင်ငံရဲ့ လျင်မြန်စွာဖွံ့ဖြိုးတိုးတက်မှုကြောင့် လွန်ခဲ့တဲ့နှစ်ပေါင်းများစွာအတွင်း တောင်ကိုရီးယားနဲ့ တရုတ်နိုင်ငံရဲ့ နည်းပညာကွာဟချက် ကျဉ်းမြောင်းလာစေခဲ့တယ်လို့ နိုဝင်ဘာ ၂၃ ရက်က ထုတ်ပြန်ခဲ့တဲ့ အစီရင်ခံစာတစ်စောင်မှာ ဖော်ပြထားကြောင်း တောင်ကိုရီးယားရဲ့ ယွန်းဟပ်သတင်းမှာ ဖော်ပြထားပါတယ်။

ကိုရီးယားစက်မှုစီးပွားရေးနဲ့ ကုန်သွယ်မှုသိပ္ပံ (Korea Institute for Industrial Economics and Trade-KIET) က ထုတ်ပြန်တဲ့ အစီရင်ခံစာအရ တောင်ကိုရီးယားနိုင်ငံရဲ့ ကုန်ချောထုတ်လုပ်သူတွေကို တရုတ်နိုင်ငံရဲ့ကုန်ချောထုတ်လုပ်သူတွေနဲ့ နှိုင်းယှဉ်ရင် တောင်ကိုရီးယားက ပျမ်းမျှ ၃ ဒသမ ၃ ဦးဆောင်နေတယ်လို့ ဆိုပါတယ်။ ၂၀၁၁ ခုနှစ်က ကောက်ယူခဲ့တဲ့ စစ်တမ်းအရ ၃ ဒသမ ၇ နဲ့ ဦးဆောင်နေတဲ့ အနေထားနဲ့နှိုင်းယှဉ်ရင် ယခုအခြေအနေက ကွာဟချက် ကျဉ်းမြောင်းလာတာကို ပြသလျက်ရှိနေပြီး တရုတ်နိုင်ငံက လက်ရှိကွာဟချက်ကို လျင်မြန်တဲ့ အရှိန်အဟုန်နဲ့ ပေါင်းကူးပေးနေတာကို ထင်ဟပ်ပြသပေးနေတာဖြစ်ပါတယ်။

အောက်တိုဘာနဲ့ နိုဝင်ဘာလအတွင်း ပြည်တွင်းကုန်ချောထုတ်လုပ်သူ ၇၀၈ ဦးကို ကောက်ယူထားတဲ့ စစ်တမ်းကို အခြေခံပြီး ယခုအစီရင်ခံစာကို ထုတ်ပြန်တာဖြစ်ပြီး နည်းပညာအဆင့်၊ သုတေသနနဲ့ ဖွံ့ဖြိုးရေးကို အကောင်အထည်ဖော်ဆောင်မှု၊ ယှဉ်ပြိုင်နိုင်မှု စွမ်းဆောင်ရည်ကို မြှင့်တင်ပေးတဲ့ အစီအမံတွေစတဲ့ အချက်တွေကို စစ်ဆေးခဲ့တာဖြစ်ပါတယ်။

ကဏ္ဍအလိုက် ကြည့်မယ်ဆိုရင် တောင်ကိုရီးယားကုမ္ပဏီတွေက အကြီးစားစက်မှုလုပ်ငန်းတွေနဲ့ ရေနံဓာတုထုတ်လုပ်မှုလုပ်ငန်းတွေမှာ ၃ဒသမ၅ နှစ်လောက်က ရှေ့ကပြေးနေပြီး အသေးစားနဲ့ သတင်းအချက်အလက်နည်းပညာ(အိုင်တီ)နယ်ပယ်မှာ ၂ ဒသမ ၉ နဲ့ ၂ ဒသမ ၆ နှစ် အသီးသီး ရှေ့ကပြေးလျက်ရှိနေတာကို တွေ့ရကြောင်း KIET အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။

**ဉာဏ်တင်-စုစည်းတင်ပြသည်**



# မြန်မာ့ကုန်သွယ်ဖက်နိုင်ငံများရဲ့ ငွေကြေး ရက်သတ္တပတ်

နေရာအတော်များများတွင် ဒေါ်လာတန်ဖိုးမြင့်တက်လာခြင်း၊ ဆယ်စုနှစ်တစ်စုအတွင်း ပထမဆုံးအကြိမ်အဖြစ် အမေရိကန်ဗဟိုဘဏ်က အတိုးနှုန်းမြှင့်တင်ပေးတော့မည့် အခြေအနေရှိခြင်းနဲ့ ဥရောပဗဟိုဘဏ်က နောက်ထပ်ငွေကြေးလှုံ့ဆော်တွန်းအားပေး အစီအစဉ်ချမှတ်တော့မယ့် အလားအလာရှိခြင်း စတဲ့ အခြေအနေများ ပေါင်းဆုံမှုကြောင့် နိုဝင်ဘာ ၂၇ ရက်မှာ ထွန်းသစ်စ အာရှငွေကြေးအများစု တန်ဖိုး များ လျော့ကျလာပြီး သီတင်းပတ်အလိုက် နှိုင်းယှဉ်ရင်လည်း တန်ဖိုးကျဆင်းတော့မယ့် အလားအလာတွေကို တွေ့ကြုံနေရပါတယ်။

ကျေးဇူးတော်နေ့ (Thanksgiving Day) နောက်ပိုင်းအရောင်းအဝယ်ပါးတဲ့အတွက် အဓိကငွေကြေးခြောက်ခု အထူးသဖြင့် ယူရိုနဲ့ ဖလှယ်ရာမှာဒေါ်လာတန်ဖိုးမြင့်တက်ပြီး ထွန်းသစ်ငွေကြေးတွေလည်း အခြေယိုင်ခဲ့ပါတယ်။ ဥရောပဗဟိုဘဏ်က လာမယ့် သီတင်းပတ် မူဝါဒအစည်းအဝေးမှာ ငွေကြေးလှုံ့ဆော်တွန်းအားပေး အစီအစဉ်ချမှတ်မယ်လို့ ခန့်မှန်းကြပါတယ်။ ဥရောပဗဟိုဘဏ်က တွန်းအားပေး အစီအစဉ်ကို ဆောင်ရွက်ရင် ရင်းနှီးမြှုပ်နှံသူတွေက အတိုးနှုန်းများများ ရမယ့်စာချုပ်စာတမ်းတွေဝယ်ဖို့ ယူရိုကို သုံးတော့မှာဖြစ်တဲ့အတွက် အကျိုးဆက်အဖြစ် ဒေါ်လာနဲ့ ဖလှယ်ရာမှာ အာရှငွေကြေးတွေရဲ့ တန်ဖိုးကျဆင်းတတ်တယ်လို့ လေ့လာဆန်းစစ်သူတွေက ပြောပါတယ်။

### တရုတ်ယွမ်

တရုတ်ယွမ်ငွေကြေးကို အထူးထုတ်ယူခွင့် (SDR) ငွေကြေးအုပ်စုမှာ ထည့်သွင်းကြောင်း နိုဝင်ဘာ ၃၀ ရက်နေ့မှာ အိုင်အမ်အက်ဖ်က ကြေညာမယ်လို့ ခန့်မှန်းကြပါတယ်။ တရုတ်စီးပွားရေး တိုးတက်နှုန်း နှေးကွေးနေတဲ့အတွက် ဒီလိုပါဝင်ခွင့်ရပြီးနောက်ပိုင်း တရုတ်ယွမ်ငွေကြေးတန်ဖိုး ကျဆင်းမယ်လို့ တချို့ကုန်သည်တွေက ခန့်မှန်းပါတယ်။ တရုတ်နိုင်ငံခြားငွေရောင်းဝယ်ရေးဌာနရဲ့ ထုတ်ပြန်ချက်အရ နိုဝင်ဘာ ၂၇ ရက်နေ့မှာ ယွမ်ငွေကြေးတန်ဖိုးက သုညဒသမ ၁၉ ယွမ်နှုန်း ကျဆင်းပြီး တစ်ဒေါ်လာကို ၆ ဒသမ ၃၉၁၅ ယွမ်နှုန်းရှိခဲ့ပါတယ်။

### အိန္ဒိယရူပီး

အိန္ဒိယသွင်းကုန်လုပ်ငန်းရှင်များက လကုန်ပိုင်းစာရင်းရှင်းရန်အတွက် အမေရိကန်ဒေါ်လာကို ဝယ်ယူလာကြရာ ဘဏ်အချင်းချင်း ငွေကြေးဖလှယ်ရေးဈေးကွက်မှာ နိုဝင်ဘာ ၂၇ ရက်နံနက်ပိုင်းက အမေရိကန်ဒေါ်လာနဲ့ ဖလှယ်ရာမှာ ရူပီးတန်ဖိုးက သုညဒသမ ၂၃ ရူပီးနှုန်း ကျဆင်းပြီး တစ်ဒေါ်လာကို ၆၆ ဒသမ ၈၀ ရူပီးနှုန်းရှိခဲ့ပါတယ်။ ပင်လယ်ရပ်ခြားဒေသမှာ တခြားငွေကြေးတွေနဲ့ ဖလှယ်တဲ့အခါမှာလည်း ဒေါ်လာတန်ဖိုးမြင့်တက်မှုက ရူပီးတန်ဖိုးမြင့်တက်မှုကို အဟန့်အတားဖြစ်စေခဲ့ပါတယ်။ ဒါပေမယ့် ပြည်တွင်းရှယ်ယာဈေးတွေ မြင့်တက်မှုက တန်ဖိုးကျဆင်းမှုကို သက်သာရာ ရစေခဲ့ပါတယ်။

### ဂျပန်ယန်း

ရုရှားစစ်လေယာဉ်ကို တူရကီက ပစ်ချခဲ့တဲ့အတွက် ဖြစ်ပေါ်ခဲ့တဲ့ တင်းမာမှုတွေ လျော့ပါးသွားခဲ့တာကြောင့် ရင်းနှီးမြှုပ်နှံသူတွေက ဂျပန်ယန်း အပါအဝင် ဘေးကင်းလုံခြုံမှုအတွက် နားခိုရာအဖြစ် သဘောထားတဲ့ ထွန်းသစ်စငွေကြေးတို့ကို စွန့်ခွာလာတာကို တွေ့ရပါတယ်။ တိုကျိုဈေးကွက်မှာ နိုဝင်ဘာ ၂၇ ရက်က အမေရိကန်ဒေါ်လာနဲ့ ဂျပန်ငွေကြေးတို့ ဖလှယ်နှုန်းက တစ်ဒေါ်လာကို ၁၂၂ ဒသမ ၅ ယန်း အထက်မှာ ရှိနေပါတယ်။

အမေရိကန်ဒေါ်လာနဲ့ ယန်း ဖလှယ်နှုန်းက နိုဝင်ဘာ ၂၆ ရက် လန်ဒန်မှာ ၁၂၂ ဒသမ ၅၀ ယန်းနဲ့ တိုကျိုမှာ ၁၂၂ ဒသမ ၆၃ ယန်း ရှိခဲ့ရာမှ နောက်တစ်နေ့ နံနက် ၉ နာရီ တိုကျိုဈေးကွက်မှာ တစ်ဒေါ်လာကို ၁၂၂ ဒသမ ၆၃ ယန်နှုန်းသတ်မှတ်ခဲ့ပါတယ်။

ယူရိုငွေကြေးက လန်ဒန်ဈေးကွက်မှာ တစ်ယူရိုကို ၁ ဒသမ ၀၆၁၀ ဒေါ်လာနဲ့ ၁၃၀ ဒသမ ၁၀ ယန်းနှုန်းဖြင့်လည်းကောင်း တိုကျိုဈေးကွက်မှာ ၁ ဒသမ ၀၆၇၀ ဒေါ်လာနဲ့ ၁၃၀ ဒသမ ၀၈ ယန်းနှုန်းဖြင့်လည်းကောင်း ရှိခဲ့ရာမှ နောက်တစ်နေ့ တိုကျိုဈေးကွက်မှာ တစ်ယူရိုကို ၁ ဒသမ ၀၆၀၆ ဒေါ်လာနဲ့ ၁၃၀ ဒသမ ၀၇ ယန်းနှုန်းရှိခဲ့ပါတယ်။

### မလေးရှားရင်းဂစ်

ရင်းနှီးမြှုပ်နှံသူတွေက ရင်းဂစ်ငွေကြေးကို စိတ်ဝင်စားမှု နည်းလာတဲ့အတွက် နိုဝင်ဘာ ၂၇ ရက်က ရင်းဂစ်ငွေကြေးတန်ဖိုး ကျဆင်းခဲ့ကြောင်း ဝယ်ရောင်းသမားတွေက ပြောပါတယ်။

အမေရိကန်ဒေါ်လာနဲ့ ရင်းဂစ် ဖလှယ်နှုန်းက နိုဝင်ဘာ ၂၆ ရက်က တစ်ဒေါ်လာကို ၄ ဒသမ ၂၁၇၀ ရင်းဂစ်နှုန်းရှိရာမှ နောက်တစ်နေ့နံနက် ၉ နာရီမှာ တစ်ဒေါ်လာကို ၄ ဒသမ ၂၂၅၀ ရင်းဂစ်နှုန်းရှိခဲ့ပါတယ်။ တခြားအဓိကငွေကြေးတွေနဲ့ ဖလှယ်ရာမှာလည်း ရင်းဂစ်တန်ဖိုးကျဆင်းပါတယ်။

### တောင်ကိုရီးယားဝမ်

ဈေးကွက်ကို လှုပ်လှုပ်ရှားရှားဖြစ်စေမယ့် သတင်းမရှိတဲ့အတွက် ရင်းနှီးမြှုပ်နှံသူတွေက စောင့်ကြည့်လေ့လာတဲ့နည်းလမ်းကို အသုံးပြုလာမှုကြောင့် နိုဝင်ဘာ ၂၇ ရက်မှာ တောင်ကိုရီးယားစတော့ဈေးကွက်က အတက်အကျမရှိတန့်နေပါတယ်။ ငွေကြေးဈေးကွက်မှာ အမေရိကန်ဒေါ်လာနဲ့ ဝမ်ငွေကြေးတို့ ဖလှယ်နှုန်းက တစ်ဒေါ်လာကို ၁၁၅၃ ဝမ်နှုန်းရှိခဲ့တဲ့အတွက် နိုဝင်ဘာ ၂၆ ရက်နေ့ကနဲ့ နှိုင်းယှဉ်ရင် ၅ ဒသမ ၇ ဝမ်နှုန်း ကျ ဆင်းပါတယ်။

### ထိုင်းဘတ်

ဘတ်ငွေတန်ဖိုးက သီတင်းပတ်အလိုက် နှိုင်းယှဉ်ရင် သုညဒသမ နှစ်ရာခိုင်နှုန်းကျဆင်းပြီး တစ်ဒေါ်လာကို ၃၅ ဒသမ ၇၇ ဘတ်နှုန်းရှိခဲ့ပါတယ်။

ညဏ်တင်-စုစည်းတင်ပြသည်

## အမေရိကန်ဗဟိုဘဏ်အတိုးနှုန်းကို သတိထားပြီး မြှင့်တင်သွားမယ်

အမေရိကန်ဗဟိုဘဏ်ရဲ့ အတိုးနှုန်းတွေကို မြှင့်တင်သွားတဲ့အခါ တစ်ဖြည်းဖြည်းချင်း ဂရုစိုက်၍ တိုးမြှင့်ပေးသွားမှာဖြစ်ကြောင်း အမေရိကန်ပြည်ထောင်စု စားသုံးသူများအရေးကို ဆောင်ရွက်နေသူ ရပ်နေဒါနဲ့ အပြန်အလှန်ပြောကြားရာမှာ ဗဟိုဘဏ်ဥက္ကဋ္ဌဂျနက်ယယ်လင်က နိုဝင်ဘာ ၂၃ ရက်နေ့က ပြောကြားခဲ့ကြောင်း ရိုက်တာသတင်းမှာ ဖော်ပြပါတယ်။

ဗဟိုဘဏ်က အတိုးနှုန်းတွေကို မြှင့်တင်တဲ့အခါ တဖြည်းဖြည်းချင်းသာ မြှင့်တင်သွားမှာဖြစ်ကြောင်း နေဒါကိုပေးတဲ့စာမှာ ဗဟိုဘဏ်ဥက္ကဋ္ဌက ထပ်မံပြောကြားပါတယ်။

"အတိုးနှုန်းတွေကို အဆမတန် မြှင့်တင်ပေးလိုက်မယ်ဆိုရင် စီးပွားရေးတိုးတက်မှုကို အညွှန့်ချိုးသလိုဖြစ်သွားပြီး အတိုးနှုန်းတွေ ပြန်ချရမယ့်အခြေအနေကို ပြန်ရောက်နိုင်ပါတယ်"လို့ ယယ်လင်ရဲ့ ပြန်ကြားစာမှာ ဖော်ပြထားပါတယ်။

ဘဏ်တွေမှာထားတဲ့ ငွေစုရှင်တွေနဲ့ ဗဟိုဘဏ်အတိုးနှုန်း နိမ့်ကျမှုတွေကြောင့် ငွေကြေးဈေးကွက်ထဲက သောကရောက်နေတဲ့ အပ်ငွေပိုင်ရှင်တွေကရဲ့ ကိစ္စကိုလည်း စဉ်းစားဖို့ကောင်းကြောင်း အောက်တိုဘာ ၃၀ ရက်က နေဒါကယယ်လင်ထံပေးပို့တဲ့ အိတ်ဖွင့်ပေးစာမှာ ဖော်ပြထားပါတယ်။

သူမနဲ့တကွ ဗဟိုဘဏ်က အတိုးနှုန်းသတ်မှတ်ရာမှာ တာဝန်ယူနေသူများက ငွေစုသူများရဲ့ သောကကို ကောင်းစွာနားလည်ပါကြောင်း ယခုပြဿနာအတွက် အခြေခံဖြေရှင်းရမယ့် အဖြေက စီးပွားရေးတောင့်တင်းလာအောင် ဆောင်ရွက်ဖို့ဖြစ်ကြောင်း နေဒါကို ပြန်ကြားတဲ့စာမှာ ယယ်လင်က ဖော်ပြထားပါတယ်။

## ယွမ်ကို အပြည်ပြည်ဆိုင်ရာငွေကြေးအဖြစ် အသုံးပြုရန် အိန္ဒိယဗဟိုဘဏ်ကထောက်ခံ



ယွမ်ကြေးကို အပြည်ပြည်ဆိုင်ရာငွေကြေးအဖြစ်ရောက်ရှိအောင်နဲ့ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့(အိုင်အမ်အက်ဖ်)က အရေးပေးတဲ့ငွေကြေးတစ်ခုအဖြစ်ရောက်ရှိအောင် တရုတ်နိုင်ငံရဲ့ ကြိုးပမ်းမှုကို အိန္ဒိယဗဟိုဘဏ်အုပ်ချုပ်ရေးမှူး ရာဟူးရမ်ရာဂျန်က ထောက်ခံကြောင်း တိုင်းမ်အော့ အိန္ဒိယသတင်းမှာ ဖော်ပြပါတယ်။

"အိုင်အမ်အက်ဖ်ရဲ့ လိုအပ်ချက်က ဘယ်လောက်အထိရှိတယ်။ ဒီလိုအပ်ချက်တွေကို တရုတ်နိုင်ငံက ဘယ်လောက်အထိ ဖြည့်ဆည်းပေးနိုင်မယ်ဆိုတာတော့ ကျွန်တော်မသိပါဘူး။ ကမ္ဘာ့ကုန်သွယ်ရေးနဲ့ ဘဏ္ဍာရေးနယ်ပယ်မှာ အနေအထားခိုင်မာမှုရှိတဲ့နိုင်ငံတွေရဲ့ ငွေကြေးတွေကို အိုင်အမ်အက်ဖ်က မဖြစ်မနေ နေရာချထားပြီး အသုံးပြုသွားမှာဖြစ်ပြီး တရုတ်နိုင်ငံကလည်း တိုးတက်မှုရှိအောင် အများကြီးဆောင်ရွက်ထားပြီး ဖြစ်ပါတယ်"လို့ ဟောင်ကောင်အခြေစိုက် သတင်းဌာနတစ်ခုနဲ့ တွေ့ဆုံမေးမြန်းခန်းမှာ သူကပြောပါတယ်။

ယွမ်ငွေကြေးကို အပြည်ပြည်ဆိုင်ရာ ငွေကြေးအဖြစ်ကြိုးပမ်းဆောင်ရွက်ရာမှာ နိုင်ငံကြီးများရဲ့ ထောက်ခံမှုရရှိဖို့ တရုတ်နိုင်ငံက ကြိုးပမ်းလျက်ရှိပြီး အထူးထုတ်ယူခွင့် (Special Drawing Rights-SDR) ငွေကြေးအုပ်စုမှာ ယွမ်ငွေကြေးကိုထည့်သွင်းနိုင်ရေးအတွက် အိုင်အမ်အက်ဖ်က လက်ခံလာအောင် တရုတ်နိုင်ငံက ကြိုးပမ်းလျက်ရှိပါတယ်။

တရုတ်နိုင်ငံက ယွမ်ငွေကြေးတန်ဖိုးကို အပြိုင်ချနေတယ်ဆိုတဲ့ စွပ်စွဲချက်ကိုလည်း မမှန်ကန်ကြောင်း ကာကွယ်ပြောကြားခဲ့ပါတယ်။

# အချပ်ရေ ရှစ်သိန်းကျော်အထိ ရောင်းချခဲ့ရတဲ့ အဒဲလ်ရဲ့ 25

လန်ဒန်မြို့သူ အဒဲလ်ရဲ့ နောက်ဆုံးထုတ်အယ်လ်ဘမ်ဖြစ်တဲ့ 25 ဆိုတဲ့ တေးအယ်လ်ဘမ်ဟာ တစ်ပတ်အတွင်း အယ်လ်ဘမ်ချပ်ရေရှစ်သိန်းကျော်အထိ ရောင်းချခဲ့ရတယ်လို့ ဆိုပါတယ်။ အဒဲလ်ရဲ့ 25 ဆိုတဲ့တေးအယ်လ်ဘမ်ဟာ မထွက်ရှိခင်ကတည်းက ပရိသတ်တွေကြားထဲမှာ ရေပန်းစားနေခဲ့တာ ဖြစ်ပါတယ်။

အဲဒီတေးအယ်လ်ဘမ် ရောင်းချရမှုဟာ ယူနိုက်တက်ကင်းဒမ်းနိုင်ငံတစ်ဝန်းမှာ အုံးအုံးကျွက်ကျွက် ဖြစ်ခဲ့ရတဲ့အထိ စံချိန်တင်ခဲ့တယ်လို့ ဆိုပါတယ်။ တစ်ပတ်အတွင်း ယူကေရဲ့စာရင်းကောက်ယူမှုအရ ဒေါင်းလုပ်ဆွဲပြီး ဝယ်ယူသူပေါင်းက တစ်သိန်းကျော်ရှိခဲ့ပြီး လက်လီဝယ်ယူမှုက ခုနစ်သိန်းကျော်ရှိခဲ့တယ်လို့ ဆိုပါတယ်။

အဲဒီလိုရောင်းချရမှုဟာ အဒဲလ်ရဲ့ ထွက်ရှိသမျှ အယ်လ်ဘမ်တွေအနက် အရောင်းရဆုံးအယ်လ်ဘမ်အဖြစ် စံချိန်တင်ခဲ့တယ်လို့ဆိုပါတယ်။ ၁၉၉၇ ခုနှစ်က ရောင်းအားအကောင်းဆုံးအဖြစ် စံချိန်တင်ခဲ့တဲ့ အိုအေစစ်တီးဝိုင်းအဖွဲ့ရဲ့ Be Here Now ဆိုတဲ့ တေးအယ်လ်ဘမ်ရောင်းချရမှုဟာ တစ်ပတ်အတွင်း အချပ်ရေပေါင်း ၆၉၀၀၀၀ သာရှိခဲ့တာကြောင့် အဒဲလ်ရဲ့တစ်ပတ်အတွင်း အချပ်ရေရှစ်သိန်းဆိုတဲ့ ရောင်းချရမှုဟာ စံချိန်တင်ရောင်းချရမှုဖြစ်တယ်လို့ ယူကေစာရင်းကောက်ယူမှုအဖွဲ့ကပြောကြားခဲ့ပါတယ်။အဒဲလ်ရဲ့ 25အယ်လ်ဘမ်ကြောင့် တခြားသော အဆိုတော်တွေရဲ့အယ်လ်ဘမ်တွေရဲ့ ရောင်းအားဟာ မထင်မှတ်ဘဲ ကျဆင်းခဲ့ရတယ်လို့ ဆိုပါတယ်။



## ဆံပင်ပုံစံအသစ်ကြောင့် မျက်နှာနဲ့လက်တွေမှာ အနာတွေဖြစ်လာခဲ့တဲ့ ဘီပါရှားဘာဆူး




ဘောလိဝုဒ်ရဲ့မင်းသမီးချော ဘီပါရှားဘာဆူးဟာ သူ့ရဲ့ဇာတ်ဝင်ခန်းတစ်ခုအတွက် ဆံပင်ပုံစံကို ပြောင်းလဲလိုက်ရပါတယ်။ အဲဒီဆံပင်ပုံစံအသစ်ကို ပြောင်းလဲလိုက်ပြီးတဲ့နောက် သူ့ရဲ့မျက်နှာနဲ့လက်တို့မှာ မီးလောင်ဖုလိုမျိုး အရည်ကြည်ဖုတွေထွက်ပေါ်လာပြီး မျက်နှာပေါ်မှာ အမည်းစက်တွေထင်ကျန်ရစ် ခဲ့တယ်လို့ ဘီပါရှားဘာဆူးက Contactmusic ကို ပြောကြားခဲ့ပါတယ်။

နိုဝင်ဘာလ ၂၅ ရက်နေ့က ဘီပါရှားဟာ သူပါဝင်သရုပ်ဆောင်ရမယ့် ဇာတ်ဝင်ခန်းတစ်ခန်းအတွက် ဆံပင်ပုံစံကိုပြုပြင်ရာမှာ အလှဖန်တီးရှင်အသုံးပြုတဲ့ဆေးတွေကြောင့် အခုလိုဖြစ်ခဲ့ရတာပါလို့ ဆိုပါတယ်။ သူ့ရဲ့ဆံပင်နဲ့ထိတွေ့သမျှ နေရာတိုင်းမှာ မီးလောင်ဖုလိုမျိုးတွေဖြစ်နေပြီး အမည်းစက်တွေထင်ကျန်ရစ်ခဲ့တာကြောင့် သူ့ရဲ့ရိုက်လက်စဇာတ်ကားရိုက်ကူးမှုကို ခေတ္တရပ်နားထားဦးမယ်လို့ဆိုပါတယ်။

အဲဒီလို ဒဏ်ရာတွေရနေတယ်ဆိုတာကို သူ့ရဲ့ပရိသတ်တွေသိရှိဖို့ အတွက် ဘီပါရှားဟာ သူ့ရဲ့တွစ်တာအကောင့်မှာ ဖော်ပြထားခဲ့ပါတယ်။ အထူးသဖြင့် ဆံပင်နဲ့အများဆုံးထိတွေ့တဲ့နေရာဖြစ်တဲ့ ပါးပြင်နဲ့လက်မောင်း ရှေ့ဘက်တွေမှာ အများဆုံးဖြစ်ခဲ့တယ်လို့ ဘီပါရှားက ပြောကြားခဲ့ပါတယ်။

"ကျွန်မရဲ့ ပထမဆုံးရိုက်ကွင်းမှာပဲ ကျွန်မရဲ့ဆံပင်ပုံစံသစ်က ဒုက္ခပေးတော့တာပဲ။ ပါးပြင်က အမည်းစက်တွေက မြင်လို့တောင်မကောင်းဘူး" လို့ ဘီပါရှားက ပြောကြားခဲ့ပါတယ်။

## ကမ္ဘာ့ခုခံအားကျဆင်းမှု တိုက်ဖျက်ရေးနေ့အတွက် လှုပ်ရှားဆောင်ရွက်သွားမယ့် ဗစ်တိုးရီးယားဘက်ခမ်း



ကမ္ဘာ့ဖက်ရှင်လောကမှာ ထိပ်တန်းကိုရောက်နေတဲ့ ဗစ်တိုးရီးယားဘက်ခမ်းဟာ လာမယ့် ဒီဇင်ဘာလ ၁ ရက်နေ့မှာ ကျရောက်မယ့် ကမ္ဘာ့ခုခံအားကျဆင်းမှု တိုက်ဖျက်ရေးနေ့အတွက် လှုပ်ရှားဆောင်ရွက်သွားမယ်လို့ ဆိုပါတယ်။

ကုလသမဂ္ဂရဲ့ခုခံအားကျဆင်းမှု တိုက်ဖျက်ရေးအဖွဲ့ရဲ့ စေတနာ့ဝန်ထမ်း အထူးသံတမန်ဖြစ်တဲ့ ဗစ်တိုးရီးယားဟာ လာမယ့်ကမ္ဘာ့ခုခံအားကျဆင်းမှု တိုက်ဖျက်ရေးအတွက် တီရှပ်တွေ၊ သော့တွဲတွေ၊ ဖဲကြိုးနီတွေပြုလုပ်ပြီး ခုခံအားကျဆင်းမှုရောဂါတိုက်ဖျက်ရေးအတွက် လှုပ်ရှားဆောင်ရွက်သွားမယ်လို့ ဆိုပါတယ်။

ဗစ်တိုးရီးယားဟာ အဲဒီလှုပ်ရှားမှုအတွက် ပျော်ရွှင်စွာနဲ့လုပ်ဆောင်ပေးသွားမှာဖြစ်တယ်လို့ Contactmusic မှာ ဖော်ပြထားပါတယ်။

"ဒီ ခုခံအားကျဆင်းမှုကူးစက်ရောဂါ တိုက်ဖျက်ရေးအတွက် အားလုံးဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရမှာပါ။ ဒီကပ်ရောဂါဆိုးကြီးဟာ ကမ္ဘာတစ်ဝန်းလုံးမှာရှိတဲ့ ကမ္ဘာသူ ကမ္ဘာသားတွေကို ခြိမ်းခြောက်နေကြဆဲပါ။ အားလုံးဝိုင်းဝန်းတိုက်ဖျက်ကြရင် ဒီရောဂါဆိုးကြီးဟာ မလွဲမသွေ ပပျောက်သွားမယ်လို့ ယုံကြည်မိပါတယ်" လို့ ဗစ်တိုးရီးယားက ပြောကြားခဲ့ပါတယ်။

ဗစ်တိုးရီးယားပြုလုပ်ခဲ့တဲ့ ပစ္စည်းတွေကို အနည်းဆုံး တစ်ပေါင်ကနေ ၁၆၅ ပေါင်အထိ ဈေးနှုန်းရှိပြီး အဲဒါတွေကို ဝယ်ယူလိုတယ်ဆိုရင် ယူကေမှာရှိတဲ့ ဗစ်တိုးရီးယားရဲ့ယူကေစတိုးမှာ ဝယ်ယူရရှိနိုင်သလို သူ့ရဲ့ဝက်ဘ်ဆိုက်မှာလည်း ဝယ်ယူရရှိနိုင်တယ်လို့ ဆိုပါတယ်။

## တရုတ်ဒရာမာဇာတ်လမ်းတွဲမှာ ပါဝင်သရုပ်ဆောင်မယ့် ခရစ္စတယ်လ်



တောင်ကိုရီးယားနိုင်ငံရဲ့ထင်ရှားကျော်ကြားတဲ့ ကေပေါ့ဂီတအဖွဲ့တစ်ဖွဲ့ထဲက f(x)အဖွဲ့ရဲ့ ပင်တိုင်သရုပ်ဆောင်တစ်ဦးဖြစ်တဲ့ ခရစ္စတယ်လ်ဟာ တရုတ်နိုင်ငံက ရိုက်ကူးမယ့် ဒရာမာဇာတ်လမ်းတွဲတွေမှာ ပါဝင်သရုပ်ဆောင်တော့မယ်လို့ soompi မှာ ဖော်ပြထားပါတယ်။

Graduation Season လို့ အမည်ပေးထားတဲ့တရုတ်ရုပ်သံဒရာမာဇာတ်လမ်းတွဲအစီအစဉ်မှာ ခရစ္စတယ်လ် ပါဝင်သရုပ်ဆောင်မယ့်အကြောင်းကို သူ့ရဲ့အေးဂျင့်ဖြစ်တဲ့ SM အင်တာတိန်းမင့်က ထုတ် ဖော်ပြောကြားခဲ့တာဖြစ်ပါတယ်။

အဲဒီ Graduation Season ဆိုတဲ့ ရုပ်သံဇာတ်လမ်းတွဲဟာ တရုတ်နိုင်ငံက ဘွဲ့ရကျောင်းသားတွေဟာ ဖက်ရှင်လောကမှာ ဝင်ရောက်နေရာယူပြီး သူတို့ရဲ့ဘဝအစခက်ခဲပင်ပန်းရပုံတွေကို ရိုက်ကူးတင်ဆက်ထားတဲ့ ရုပ်သံဇာတ်လမ်းတွဲဖြစ်တယ်လို့ ဆိုပါတယ်။

အဲဒီဇာတ်လမ်းတွဲ မိတ်ဆက်ပွဲကို တရုတ်နိုင်ငံ ဝွမ်ဖူးမှာရှိတဲ့ ရှန်ဂရီလာဟိုတယ်မှာ ကျင်းပမှာဖြစ်တယ်လို့ SM အင်တာတိန်းမင့်က ပြောကြားပါတယ်။

ခရစ္စတယ်လ်ဟာ လာမယ့် ၂၀၁၆ ခုနှစ်ဇန်နဝါရီလ ၃၀ ရက်နဲ့ ၃၁ ရက်တို့မှာ ဆိုးလ်မြို့မှာရှိတဲ့ ဆိုးလ်အိုလံပစ်ပန်းခြံမှာ သူ့ရဲ့ဂီတဖျော်ဖြေပွဲကို f(x)အဖွဲ့သားတွေနဲ့အတူ ကျင်းပမှာ ဖြစ်ပါတယ်။


JPM
SERVICES CO.,LTD
မိုးလေကင်းလွတ်ပြီး ဖြေခင်းလက်ခင်း သာယာတဲ့
လတန်ဆောင်တိုင် ဆီမီးထွန်းတဲ့ အချိန်အခါမှာ
ကားသစ်တစ်စီးဝယ်ယူပြီး ပျော်ရွှင်စွာ ခရီးထွက်လည်ပတ်ချင်သူများအတွက်
JPM ကားအရောင်းစင်တာမှ အမျိုးအစားစုံကားကောင်းကားသန့်များကို ဂျပန်နိုင်ငံမှ
တင်သွင်းထားပါသဖြင့် စိတ်တိုင်းကျ လာရောက်ကြည့်ရှုရွေးချယ်ဖို့ ဖိတ်ခေါ်အပ်ပါသည်။
TOYOTA RACTIS
TOYOTA COROLLA FIELDER
HONDA FIT
TOYOTA VITZ
NISSAN WINGROAD
HOT LINE 09 25 300 8800
No (42/A), New University Avenue Road, Bahan Township, Yangon. (5 Movie ရုံးချုပ်အနီး၊ ဆွေထိုင်းစားသောက်ဆိုင်ရှေ့)
Email- jpmautocenter@gmail.com | Web: www.jpmmotors.com


IBS
IDEAL BUSINESS SUCCESS CO.,LTD.
EXPORTER,IMPORTER,GENERAL,TRADING & SERVICES
IBS
Bring the Best
IBS မှ ကားများကို အထူးဈေးနှုန်းချိုသာစွာ ရောင်းချပေးနေပါသည်။
ဂျပန်နိုင်ငံထုတ် ၁၂ ဘီးကုန်တင်ယာဉ်၊ ၆ ဘီးခေါင်း၊ ၁၀ ဘီးခေါင်း၊ Express ကားများ၊ Boswer ကားမျိုးစုံ၊
တရုတ်နိုင်ငံထုတ် Sino A-7 ခေါင်းတွဲယာဉ်ကြီးများ၊ ပေ 20 – ပေ 40 နောက်တွဲ ယာဉ်မျိုးစုံ၊ ယန္တရားတင် Low bed တွဲ၊ ကျောက်တင်တွဲ ကားမျိုးစုံကို
"မှန်ကန်သော ဈေးနှုန်း၊ ကောင်းမွန်သော ဝန်ဆောင်မှု" တို့ဖြင့် ဝယ်ယူသူ၏ စိတ်ကျေနပ်မှု အပြည့်အဝရရှိအောင်ရောင်းချပေးနေပါသည်။
အမှတ်–၁၁၈၊ မဂ္ဂလာမင်းသားကြီး မောင်ပိုးလမ်း၊ စက်မှုဇုန်(၂)၊ လှိုင်သာယာ။
Ph- 09-5014007, 09-5108500, 09-5135808, 09 795917924, 01-684513,01-684683

COMMERCE
INTERNATIONAL

# အာဆီယံအသိုက်အဝန်းကို ဖွဲ့စည်းကြောင်း အာဆီယံခေါင်းဆောင်တို့ကြေညာ

အာဆီယံအဖွဲ့အတွင်း မှီတင်းနေကြတဲ့ပြည်သူ ၆၂၅ သန်းရဲ့ သာယာဝပြောမှုကို ထပ်မံမြှင့်တင်ပေးနိုင်ဖို့အတွက် အာဆီယံ အသိုက်အဝန်း (Asean Community) တစ်ခုကို တည်ထောင်တဲ့ သဘောတူစာချုပ်ကို အာဆီယံခေါင်းဆောင်များက နိုဝင်ဘာ ၂၂ ရက်မှာ လက်မှတ်ရေးထိုးခဲ့ကြောင်း စတားအွန်လိုင်းသတင်းမှာ ဖော်ပြပါတယ်။ အလားတူ လာမယ့် ၁၀ နှစ်အတွင်း အဖွဲ့ဝင် ၁၀ နိုင်ငံ ပိုမိုပေါင်းစည်းနိုင်ရေးအတွက် လမ်းပြမြေပုံ (Road Map) ကိုလည်း နိုင်ငံခေါင်းဆောင်များက လက်မှတ်ရေးထိုးခဲ့ပါတယ်။



ငြိမ်းချမ်းရေးနဲ့ တည်ငြိမ်မှုကြောင့် လွန်ခဲ့တဲ့ဆယ်စုနှစ်များအတွင်း အရှေ့တောင်အာရှဒေသမှာ စည်ပင်ဖွံ့ဖြိုးမှုတွေ တိုးတက်ဖြစ်ထွန်းခဲ့ပါတယ်။ ဒါပေမယ့် ကမ္ဘာ့စီးပွားရေးအားနည်းခြင်းနဲ့ ပထဝီနိုင်ငံရေးအရ ယှဉ်ပြိုင်တိုက်ခိုက်မှုတွေက ဒီအခြေအနေတွေကို လာရောက်ခြိမ်းခြောက်နေချိန်မှာ အာရှအသိုက်အဝန်း ထူထောင်မှုဆိုင်ရာ ကွာလာလမ်ပူ ကြေညာချက်(Kuala Imumpur Declaration on the Establishment of Asean Community) ပေါ်ပေါက်ခဲ့တာ ဖြစ်ပါတယ်။

ကြေညာချက်အရ ယှဉ်ပြိုင်မှုစွမ်းရည် ထက်မြက်မြင့်မားပြီး ပေါင်းစည်းမှုမြင့်မားတဲ့ စီးပွားရေးတွေအဖြစ် ထူထောင်ဖို့နဲ့ တစ်ညီတစ်ညွတ်တည်း ဘုံသွင်ပြင်လက္ခဏာကို ဖော်ဆောင်တဲ့ စိတ်ဓာတ်ကို အခြေခံပြီး အလုံးစုံပါဝင်တဲ့ လူ့အသိုက်အဝန်းတစ်ရပ်ကို တည်ထောင်ဖို့ ရည်မှန်းချက်ထားရှိပါတယ်။

အာဆီယံအဖွဲ့အစည်းက ခရီးအတော်ရောက်ခဲ့ပြီဖြစ်ပေမယ့် ဒီဇင်ဘာ ၁ ရက်နေ့ကစပြီး အာဆီယံအသိုက်အဝန်း (Asean Commounity) ကို တည်ထောင်ပြီးတဲ့ အခါမှာလည်း ဆောင်ရွက်စရာတွေ ရှိနေဦးမှာဖြစ်ကြောင်း စင်ကာပူဝန်ကြီးချုပ် လီရှန်လွန်းက ပြောပါတယ်။

ကုန်သွယ်မှု လုပ်ငန်းတွေကို လွတ်လပ်ခွင့်ပေးဖို့အတွက် အာဆီယံစီးပွားရေးအသိုက်အဝန်း (Asean Economic Community-AEC) မှာ ချမှတ်ထားတဲ့ လုပ်ငန်းစဉ်အများစုကို ဖြည့်ဆည်းထားပြီးဖြစ်ကြောင်း သူက ပြောပါတယ်။ ဒါကြောင့် ဒီဇင်ဘာ ၃၁ ရက်မှာ စတင်အကောင်အထည်ဖော်တဲ့အခါ ပြောင်းလဲမှုက ရုတ်ခြည်းပြောင်းလဲမှုသဘောမျိုး ဖြစ်လာမှာ မဟုတ်ကြောင်းလည်း သူက ပြောပါတယ်။ AEC က ကုန်သွယ်မှုရေးရာ ကိစ္စတစ်ခုတည်းသာမဟုတ်ဘဲ မဟာဗျူဟာရေးရာကိစ္စတစ်ခုလည်း ဖြစ်ကြောင်း သူက ပြောပါတယ်။

UNT

စိုက်ပျိုးရေးသမားများအားထားရာ .........

မာလာမြိုင်

စိုက်ပျိုးရေးသုံးပစ္စည်းအရောင်းစင်တာ

**အရောင်းစင်တာများ**

(၁) ကျွန်းတောလမ်းနှင့်နာနတ်တောလမ်းထောင့်၊ ကမာရွတ်မြို့နယ်၊ ၀၁-၂၃၀၄၂၄၇၊ ၀၁-၅၀၄၆၁၂၊ ၀၉-၇၃၀၇၅၈၂၂

(၂) မြေပဒေသာကျွန်း(ဂျပန်သံရုံးရှေ့)ဗဟန်းမြို့နယ်၊ ၀၁-၅၄၄၆၀၈

(၃) ည(၈၂)ယုဇနလမ်း၊ တရုတ်နောင်ပွဲရုံတန်း၊ မရမ်းကုန်းမြို့နယ်၊ ၀၁-၆၈၃၀၉၇၊ ၀၀၆၈၃၂၀၈

**အရောင်းပြခန်း**

အမှတ် (T2-7) ၊ပုလဲလမ်း၊ ၃၀ x ၃၂ နှင့် ၇၇ x ၇၈ လမ်းကြား၊ချမ်းအေးသာစံမြို့နယ်၊မန္တလေး။ ၀၂-၃၀၇၈၀၊၀၂-၃၀၇၉၀

Japan, Korea,Singapore,Thailand နိုင်ငံများမှ မော်တော်ယာဉ်တင်သွင်းသူများအတွက် အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန်
SINOR LINES RO/RO Services ကားသင်္ဘောရောက်ရှိမှု အချိန်ဇယားများကို အောက်ပါအတိုင်းဖော်ပြအပ်ပါသည်။

SINOR LINES RO/RO Service for Myanmar

Date : 30th November 2015

<< October And November Sailing Schedule >>

* SUBJECT TO CHANGE WITH OR WITHOUT NOTICE

KOREA/JAPAN/MYANMAR

| VESSEL | Height (m) | | | | JAPAN | | | | | | KOREA | | | SINGAPORE | MYANMAR | THAILAND |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | A | B | C | D | KOBE | SAKAI SENBOKU | HAKATA | YOKOSUKA | NAGOYA | YOKOHAMA | MASAN | INCHEON | ULSAN | SINGAPORE | YANGON | LAEM CHABANG |
| MV.CITY OF MUMBAI V.24 | 1.55 | 1.90 | 2.20 | 3.50 | 9.10.2015 | | | | 10.10.2015 | 11.10.2015 | | | | 19.10.2015 | 23.10.2015 | |
| | S/O CUT | | | | 5.10.2015 | | | | 6.10.2015 | 7.10.2015 | | | | | | |
| MV.HOEGH CHENNAI V.18 | 1.55 | 1.90 | 2.20 | 3.50 | | 27.10.2015 | 25.10.2015 | | 28.10.2015 | 29.10.2015 | | | | | 10.11.2015 | |
| | S/O CUT | | | | | 23.10.2015 | 21.10.2015 | | 24.10.2015 | 25.10.2015 | | | | | | |
| MV.CITY OF MUMBAI V.25 | 1.55 | 1.90 | 2.20 | 3.50 | | 8.11.2015 | | | 9.11.2015 | 10.11.2015 | | 4.11.2015 | | | 25.11.2015 | |
| | S/O CUT | | | | | 4.11.2015 | | | 5.11.2015 | 6.11.2015 | | | | | | |
| MV.HOEGH CHENNAI V.19 | 1.55 | 1.90 | 2.20 | 3.50 | 26.11.2015 | | | | 25.11.2015 | 24.11.2015 | | 29.11.2015 | | 8.12.2015 | 12.12.2015 | |
| | S/O CUT | | | | 22.11.2015 | | | | 23.11.2015 | 20.11.2015 | | | | | | |

Yangon (Myanmar)
GOLDEN LAND EXPRESS LIMITED
Dagon Center II, Pyay Road, No. 268, Room 14 (C), 14 th Floor.Sanchaung Township,Yangon, Myanmar.
Tel : +95 1 2305542,2306027,2306028
Mobile : + 95 9 250289802
Fax : + 95 1 2305543
Hot Line : + 95 9 254010441
Email : gleltd.office@gmail.com ( Management ), gleltd.mktg@gmail.com ( Operation ), docs.gle@gmail.com ( Document )
gleltd.marketing@gmail.com ( Marketing ), goldenland.gle@gmail.co m ( Marketing )

Loading address (YOKOHAMA DAIKOKU)
Daikoku T-3/4/5/6/7/8, Public Berth, Yokohama
Loading address (SAKAI SENBOKU)
Shiomi Wharf 5-A/B/C
Business Development Manager : Mr.Aung Myintta (95 9 250724445)
Management Secretary : Ms. Nway Ei Phyu ( 95 9 253036301)
Operation : Mr. Aung Swe Myint (95 9 86 22887)
Documention : Ms. Mar Mar Cho (95 9 421018250)
Marketing:Ms. Aye Kyar Phyu ( 95 9 250724446)
Marketing : Mr. Thiha Thiek ( 95 9 5145801 )
Marketing:Ms. Ja Seng Eain ( 95 9 402794677 )

ဥရောပနိုင်ငံများမှ တင်သွင်းလိုပါက စက်သုံးနိုင်ငံမှတဆင့် ချိတ်ဆက်ဆောင်ရွက်ပေးနေပါသည်။